# မင်္ဂလာတရားတော်

(အရှင်သုန္ဒရ)

၁၂
ရ

# မင်္ဂလာတရားတော်

နှင့်

# မြတ်ဗုဒ္ဓဝင်ပန်းဥယျာဉ်


စီစဉ်သူ

အရှင်သုန္ဒရ (အစိုးရဓမ္မာစရိယ)

အဒလေကောက်ကျောင်းတိုက်၊ ရွာမညရပ်ကွက်၊ ပုသိမ်မြို့။


**အဘိုး ၁၂-ကျပ်**


အုပ်ရေ ၂၀၀၀


မင်္ဂလာစာမေးပွဲ သင်တန်းများအတွက် ၅ အုပ်ထက်မနည်း စုပေါင်း မှာယူပါက တအုပ်လျှင် ၆ိ/နှုန်းနှင့် စရိတ်ငြိမ် တင်ပို့ပေးပါမည်။


ပြည်လုံးကျွတ်ဖြန့်ချီရေး

ဆန်းညွှန့်ဦးစာအုပ်တိုက်

အမှတ် ၁၃၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

A (ဒုတိယအကြိမ်)

# ဤလောကဝယ် လမ်းနှစ်သွယ်

## ဗာလ–လူမိုက်လမ်း

**စိတ်ဖြင့် မကောင်းကြံ**

၁။ သူ့စည်းစိမ်ကို ကိုယ်ပိုင်လိုမှု,
၂။ သူ့သက်ဇီဝေ သေစေချင်ဟု,
၃။ အယူမှောက်မှား ဤသုံးပါး မှတ်သားမနောကံ

**နှုတ်ဖြင့် မမှန်ပြော**

၁။ မုသားဆိုပြော,
၂။ ဂုံးချောရန်တိုက်,
၃။ အမိုက်အမဲ ဆဲဆရေးခြောက်ခြိမ်း,
၄။ အပြိန်းစကား နေ့စဉ်ပွား လေးပါးဝစီကံ

**ကိုယ်ဖြင့် မကောင်းလုပ်**

၁။ သက်သတ်,
၂။ ခိုးမှု,
၃။ ကာမေသု သုံးခုကာယကံ

ဒုစ္စရိတ မကောင်းသောအကျင့်

## မိစ္ဆာမဂ္ဂင် လမ်းမှား

ဒုဂ္ဂတိ = မကောင်းသူတို့သွားရာ

ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်

အပါယ် (၄) ပုံ အောက်ယံသရာလည်လမ်း

လူမိုက်နှင့်လူလိမ္မာ။ လမ်းနှစ်ခွာ "သိ" စေမှု ရှင်းပြသေချာ။
ပါယ်လေးရွာ သွာ လမ်း စဉ် ရှောင်ကြဉ်ဘိုအရေး။

# ရွေးချယ်လျှောက်သွားသင်လူသား

## ပဏ္ဍိတ–လူလိမ္မာလမ်း

| စိတ်ဖြင့် အကောင်းကြံ | နှုတ်ဖြင့် အမှန်ပြော | ကိုယ်ဖြင့် အကောင်းလုပ် |
|---|---|---|
| ၁။ သူ့စည်းစိမ်ကို တည်စေလိုမှု, | ၁။ မုသားဆိုပြော, | ၁။ သက်သတ်, |
| ၂။ သူ့သက်ဇီဝေ ရှည်စေချင်ဟု, | ၂။ ဂုံးချောရန်တိုက်, | ၂။ ခိုးမှု, |
| ၃။ အယူဖြောင့်ခြား ဤသုံးပါး မှတ်သားမခနာကုံ | ၃။ အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း, | ၃။ ကာမသု ရှောင်မှုသုံးတန် ကာယကံ |
| | ၄။ အပြိန်းစကား ဤလေးပါး ရှောင်ကြဉ်းဝစီကံ | |

**သုစရိတ = ကောင်းသောအကျင့်**

**သမ္မာမဂ္ဂင် = လမ်းမှန်**

သုဂတိ = ကောင်းသူတို့သွားရာ

လူ နတ် နိဗ္ဗာန်

အထက်သုံးသရာနှင့် ခေမ အမတနိဗ္ဗာန် သုံးသရာလမ်းဆုံး

သမ္ပဇဉ် ဉာဏ်ယှဉ်တွေးပါလို့ နတ်နှင်လူ မြတ်နိဗ္ဗူခေမာ
ကမ်းကို လှမ်း နိုင်ဖို့လေး ...။

ဘာသာရေးဆိုင်ရာခွင့်ပြုချက် အမှတ် (၇၆၀)

ပထမအကြိမ် ၁၉၇၇ မတ်လ အုပ်ရေ ၂၀၀၀
ဒုတိယအကြိမ် (၁၉၈၀ ဇန္နဝါရီလ (အုပ်ရေ ၂၀၀၀)

## အောင်မြင်မှုတာဝန်

ဤစာအုပ်သည် ဝိုင်-အမ်-ဘီ-အေ အသင်းကြီးမှ ကျင်းပသော မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဝင်သူတိုင်းအား ပဌမဆင့် ဒုတိယဆင့်နှင့် တတိယဆင့် အတွက် ရာနှုန်းပြည့် အောင်မြင်မှုကို တာဝန်ယူပါလိမ့်မည်။

ထုတ်ဝေသူ။ ။ဦးထွန်းဖြူ (၁) ဦးကွန်းဇော်၊
ဇော်စာပေတိုက် (မြဲ-၀၁၀၅၃)
အမှတ် ၂၁၀၊ ၃၂ လမ်း၊ ရန်ကုန်။

ပုံနှိပ်သူ။ ။ဦးလှခင် (မြဲ-၀၁၀၂၀)
ဆန်းညွန့်ဦးပုံနှိပ်တိုက်၊
အမှတ် ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံး ရိုက်။ ။ဆန်းညွန့်ဦးပုံနှိပ်တိုက်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ညောင်ကန်-အရှင်ဣန္ဒကာ၏ မင်္ဂလာစကား | ၁ |
| လေးမောင်-မွန်ပြယ၏ လူငယ်များသို့ပန်ကြားလွှာ | ၉ |
| ပဏာမ | ၁၃ |
| မှိုင်းမြိုင်သော ကျမ်းများ | ၁၆ |
| သင်တန်းအဖွင့်ကဗျာ | ၁၇ |
| ကျမ်းစာသိမြင် တတ်အောင်သင် | ၁၈ |
| ပညာ,ဥစ္စာ,မိတ်ဆွေ ရှာနည်း | ၁၉ |
| သင်တန်းအညွှန်း | ၂၀ |
| ဤလောကဝယ် လမ်းနှစ်သွယ် | (၁) |
| ရွေးချယ်လျှောက်သွား သင့်လူသား ဇယား | (၈) |
| မင်္ဂလသုတ် ပါဠိတော် | ၂၃ |
| နိဒါန်းပြု စကားရပ် ပါဠိမြန်မာပြန် | ၂၅ |
| မင်္ဂလာတရားတော်င်း | ၂၆ |
| သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော် | ၂၇ |
| မင်္ဂလာအကျိုးပြ | ၃၁ |
| မင်္ဂလာကဗျာများ(နိဒါန်းကဗျာ) | ၃၂ |
| အသေဝနာစ ဗာလာနံ ဂါထာ၏ကဗျာ | ၃၃ |
| ပတိရူပ-ဂါထာ၏ကဗျာ | ။ |
| ဗာဟုသစ္စဥ္စ-ဂါထာ၏ကဗျာ | ၃၄ |
| မာတာပိတု-ဂါထာ၏ကဗျာ | ။ |


B

# မာတိကာ

ဒါနဥ္စ-ဂါထာ၏ကဗျာ ၃၅
အာရတီဝိရတီ ဂါထာ၏ကဗျာ ။
ဂါရဝေါစ-ဂါထာ၏ကဗျာ ၃၆
ခန္တီစ-ဂါထာ၏ကဗျာ ။
တပေါစ-ဂါထာ၏ကဗျာ ၃၇
ဖုဋ္ဌဿ-ဂါထာ၏ကဗျာ ။
မင်္ဂလာအကျိုးပြကဗျာ ၃၈
နိဂုံးကဗျာ ။
မင်္ဂလာပါဠိနှင့် မင်္ဂလာကဗျာ ၄၀
မင်္ဂလာစကား ပရိယာယ်များ ၄၄
မင်္ဂလာပရိယာယ်-ဉာဏ်စွမ်းလေ့ကျင့်ခန်း ၅၃
မင်္ဂလာမေးခွန်းနှင့်အဖြေ ၆၃
ကောလာဟလ ငါးမျိုးဟူသည် ။
ယံမင်္ဂလံ ဒွါဒသဟိ စသော နိဒါန်းအမေးအဖြေများ ၆၅
မင်္ဂလာတရားတောင်းပုံအမေးအဖြေများ ၆၆
အသေဝနာစ ဗာလာနံ အမေးအဖြေများ ၆၈
ပဏ္ဍိတာနဉ္စ သေဝနာ-အမေးအဖြေများ ၇၀
ပူဇာစ ပူဇနေယျာနံ အမေးအဖြေများ ၇၂
ပတိရူပ ဒေသဝါသောစ-အမေးအဖြေများ ၇၅
ပုဗ္ဗေစ ကတပုညတာ အမေးအဖြေများ ၇၆
အတ္တသမ္မာ ပဏိဓိစ အမေးအဖြေများ ၇၇
ဗာဟုသစ္စ အမေးအဖြေများ ၇၉
သိပ္ပဥ္စ အမေးအဖြေများ ၈၂
ဝိနယောစ သုသိက္ခိတော အမေးအဖြေများ ၈၃

သိင်္ဂါလောဝါဒသုတ်-လာ ကျင့်ဝတ်များ ၇၄
ဒုစရိုက်တရား ဆယ်ပါး ၇၇
သုဘာသိတာစ ယာဝါစာ အမေးအဖြေများ ၇၉
မာတာပိတု ဥပဋ္ဌာန မင်္ဂလာအမေးအဖြေများ ၉၂
ပုတ္တဒါရဿသင်္ဂဟော အမေးအဖြေများ ၉၇
အနာကုလာစ ကမ္မန္တာ မင်္ဂလာ အမေးအဖြေများ ၉၉
ဒါနဥ္စ မင်္ဂလာ ၁၀၂
ဒါနနှင့်စပ်၍ မှတ်ဖွယ်များ ၁၀၄
သုစရိုက်တရား ၁၀-ပါး ၁၀၇
ဉာတကာနဥ္စသင်္ဂဟော အမေးအဖြေများ ၁၁၀
အနဝဇ္ဇာနိ ကမ္မာနိ အမေးအဖြေများ ၁၁၂
အာရတီ(ပါပါ)မင်္ဂလာအမေးအဖြေများ ၁၁၃
ဝိရတီပါပါ အမေးအဖြေများ ၁၁၄
မဇ္ဇပါနာစ သံယမော မင်္ဂလာ အမေးအဖြေများ ၁၁၇
အပ္ပမာဒေါစ ဓမ္မေသု မင်္ဂလာ အမေးအဖြေများ ၁၁၉
ဂါရဝေါစ မင်္ဂလာ အမေးအဖြေများ ၁၂၂
နိဝါတောစ မင်္ဂလာ အမေးအဖြေများ ၁၂၃
သန္တုဋ္ဌိစ မင်္ဂလာ အမေးအဖြေများ ၁၂၅
ကတညုတာ မင်္ဂလာ အမေးအဖြေများ ၁၂၆
ကာလေန ဓမ္မဿဝနံ မင်္ဂလာ အမေးအဖြေများ ၁၂၉
ခန္တီစ မင်္ဂလာ အမေးအဖြေများ ၁၃၁
သောဝစဿတာ မင်္ဂလာ အမေးအဖြေများ ၁၃၃
သမဏာနဥ္စ ဒဿနံ မင်္ဂလာ အမေးအဖြေများ ၁၃၄
ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာ အမေးအဖြေများ ၁၃၅

| | |
|---|---|
| တပေါစ မင်္ဂလာ အမေး အဖြေများ | ၁၃၆ |
| ဗြဟ္မစရိယဥ္စ မင်္ဂလာ အမေးအဖြေများ | ၁၃၇ |
| အရိယသစ္စာန ဒဿနံ မင်္ဂလာအမေးအဖြေများ | ၁၄၂ |
| နိဗ္ဗာန သစ္ဆိ ကိရိယာစ မင်္ဂလာ အမေးအဖြေများ | ၁၄၄ |
| ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ မင်္ဂလာ အမေးအဖြေများ | ။ |
| အသောကံ မင်္ဂလာ အမေးအဖြေများ | ၁၄၅ |
| ဝိရဇံ မင်္ဂလာနှင့် ခေမံ မင်္ဂလာ အမေးအဖြေများ | ၁၄၆ |
| မှတ်သားဖွယ်ရာ နှစ်ဟောင်းပုစ္ဆာနှင့်အဖြေများ | ၁၅၀ |
| ၁၃၃၅-ခုနှစ် မေးခွန်းနှင့်အဖြေများ | ၁၅၉ |
| ပဌမဆင့် မေးခွန်းနှင့် စံပြအဖြေ | ၁၆၂ |
| ၁၃၃၇-ခု၊ ဒုတိယဆင့်မေးခွန်း၏ အဖြေမှန် | ၁၆၆ |
| ၁၃၃၇-ခု၊ ပဌမဆင့် ဝိုင်-အမ်-ဘီ-အေ မေးခွန်း | ၁၇၀ |
| ၁၃၃၇-ခု၊ ဒုတိယဆင့် ဝိုင်-အမ်-ဘီ-အေ မေးခွန်း | ၁၇၂ |
| ၁၃၃၅-ခု၊ တတိယဆင့် မေးခွန်း | ၁၇၄ |
| မင်္ဂလာ ပန်းကုံး | ၁၇၇ |
| မင်္ဂလာတရားတော် ဘာသာပြန် လင်္ကာကြီး | ၁၇၈ |
| မင်္ဂလသုတ် ပါဠိတော် မြန်မာပြန် ရှစ်လုံးဘွဲ့များ | ၁၈၀ |
| ၃၈-ဖြာ မင်္ဂလာစက်ဝိုင်းပုံ | အချပ်ပို |
| သာသနာ့ယဉ်ကျေးမှုကဏ္ဍ | ၁၈၃ |
| ရတနာသုံးပါး ကန်တော့ရန် | ၁၈၅ |
| ငါးပါးသီလ တောင်းရန်ပါဠိ | ၁၈၆ |
| အာတိုနည်းဘုရားရှိခိုး | ။ |
| သရဏဂုံ ဆောက်တည်ရန် | ၁၈၇ |

ငါးပါးသီလသိက္ခာပုဒ် ၁၈၇
ဩကာသအဖွင့်အဓိပ္ပာယ် ၁၈၉
ကပ်သုံးပါးဟူသည် ။
ရပ်ပြစ်ရှစ်ပါးဟူသည် ၁၉၀
ရန်သူမျိုးငါးပါးဟူသည် ၁၉၁
ဝိပတ္တိတရားလေးပါးဟူသည် ။
ဘုရားဂုဏ်တော် ၉-ပါး ပါဠိတော် ၁၉၂
တရားဂုဏ်တော် ၆-ပါး ပါဠိတော် ။
သံဃဂုဏ်တော် ၉-ပါး ပါဠိတော် ။
အနန္တငါးပါး ဘုရားရှိခိုး ၁၉၃
သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်ပျို ၁၉၅
ဆုတောင်း-အမျှဝေ ၁၉၇
ရုပ်စုံဗုဒ္ဓသာသနာဝင်မှ ကောက်နုတ်ချက်များ ၁၉၉
ဘုရားဆုတောင်း၊ ပစ္စည်းစွန့်၊ ရသေ့ရဟန်းပြု၊ ။
ဗျာဒိတ်ခံယူ၊ ပါရမီဖြည့်၊ ပါရမီ(၁၀)ပါး ၂၀၀
ပါရမီတရားအပြား(၃၀) ၂၀၁
စွန့်ခြင်းကြီး ၅-ပါး၊ စရိယ ၃-ပါး၊ ကြည့်ခြင်း ၅-ပါး ၂၀၂
ဘုရားအလောင်း ပဋိသန္ဓေနေသောနေ့
မယ်တော်အိပ်မက်မြင်ပုံ ၂၀၃
ဘုရားလောင်းမွေးဖွားတော်မူသည့် မြို့နယ်စသည်နှင့်
ဖွားဖက်တော် ခုနစ်ဦး ၂၀၄
နိမိတ်ကြီး(၄)ပါး ဟူသည် ၂၀၅
တောထွက်ချိန်နှင့် မာရ်နတ်တားပုံ၊ ၂၀၆
ဘုရားအလောင်းပြောပုံ၊ အနော်မာမြစ် ။

| | |
|---|---|
| ဆံတော်ပယ်ပြီး အဓိဋ္ဌာန်ပြုပုံ၊ | ၂၀၇ |
| ဘုရားလောင်းရဟန်းနှင့် ဗိမ္ဗိသာရမင်း၊ | ॥ |
| အာဠာရ၊ ဥဒက-ရသေ့ကြီးနှစ်ဦး၊ | |
| ဗုဒ္ဓလောင်းလျှာ ဒုက္ကရစရိယာကျင့်ပုံ | ၂၀၈ |
| ဃနာနို့ဆွမ်းအမ၊ နေ့သန့်စင်၊ ရွှေခွက်မျှောပုံ | ၂၀၉ |
| ဘုရားအဖြစ်သို့ ရောက်တော်မူပုံ | ၂၁၀ |
| တပုဿနှင့်ဘလ္လိကညီနောင် ဒွေဝါစိက သရဏဂုံနှင့် | |
| တရားဦးဟောတော်မူခြင်း | ၂၁၁ |
| ကျွတ်တမ်းဝင်သူများ၊ ပဉ္စဝဂ္ဂီငါးဦး၊ ယသ-သတိုးသား | ၂၁၂ |
| တေဝါစိက သရဏဂုံ၊ ဘဒ္ဒဝဂ္ဂီနောင်ညီ-သုံးကျိပ် | ၂၁၃ |
| သာသနာပြုစေလွှတ်ပုံ | ၂၁၄ |
| အရှင်သာရိပုတ္တရာနှင့် အရှင်အဿဇိ တွေ့ဆုံခြင်း၊ | ॥ |
| ရှင်မောဂ္ဂလာန် သောတာပန်တည်၊ | ၂၁၅ |
| ယသော်ဓရာပြောသောစကား | ॥ |
| ရာဟုလာအား သင်ပေးသောစကား | ၂၁၆ |
| ရာဟုလာအမွေတောင်းပုံ၊ ဗုဒ္ဓအမွေပေးပုံ | ॥ |
| သာကီဝင်မင်းသား ၆-ယောက် | ॥ |
| မင်းသားတို့လျှောက်ပုံ၊ ဘိက္ခုနီသာသနာ၊ | ၂၁၇ |
| ဗုဒ္ဓနှင့်သစ္စကပရိဗ္ဗိုဇ်၊ ဗုဒ္ဓနှင့်ကောသလမင်း | ၂၁၈ |
| ဗုဒ္ဓနှင့် နန္ဒောပနန္ဒ၊ ဗကဗြဟ္မာနှင့် ဗုဒ္ဓ | ၂၁၉ |
| ဂိလာနရဟန်းနှင့်စပ်၍ ဗုဒ္ဓမိန့်ပုံနှင့် အင်္ဂုလိမာလနှင့် ဗုဒ္ဓ | ၂၂၀ |
| အင်္ဂုလိမာလ ပရိတ်ပါဠိနှင့် စိဉ္စမာဏဝိကာနှင့်ဗုဒ္ဓ | ၂၂၁ |
| အဇာတသတ်နှင့် မယ်တော်ဝေဒေဟီ | ၂၂၂ |

ဆင်ထိန်းများအား ဒေဝဒတ်ပြောပုံ၊ နာဠာဂိရိနှင့်ဗုဒ္ဓ
ပါယာသိဘုရင်ခံနှင့် ရှင်ကုမာရကဿပ ၂၂၃
ဗုဒ္ဓပရိနိဗ္ဗာန်စံခဏ်းနှင့်
နောက်ဆုံး ဩဝါဒ၊ ဝါဆိုလ မှတ်စရာ ၂၂၄
ကဆုန်လ မှတ်စရာ ဘုရားရှင်တိုင်း အဆုံးအမ ၂၂၅
ပဌမ- သံဂါယနာတင် ။
ဒုတိယ-သံဂါယနာတင် ၂၂၆
နိဂြောဓသာမဏေနှင့် ဓမ္မာသောကမင်း ။
တတိယ-သံဂါယနာတင်၊ ဒုဋ္ဌဂါမဏိမင်းကြီး၏စကား ၂၂၇
သာသနာပြုစိတ် အမိဋ္ဌာန်၊ စတုတ္ထ သံဂါယနာတင် ၂၂၈
ပဥ္စမ-သံဂါယနာတင် မင်းတုန်းမင်း ၂၂၉
ပဥ္စမ-သံဂါယနာတင်ပွဲတော် ။
ဗုဒ္ဓဝင် ပြန်လှန်ပေါင်းစပ်လေ့လာရန် ။

## ဗုဒ္ဓသာသနာဝင် နောက်ဆက်တွဲ

ဗိမ္ဗိသာရမင်း သူပုန်နှိမ်နင်းရန် စစ်ဗိုလ်များလွှတ်ခြင်း ၂၃၂
ဆွေတော်မျိုးတော်တို့အား တန်ခိုးပြတော်မူခြင်း ၂၃၃
ပေါက္ခရဝဿမိုးရွာချပုံ ။
ဘုရားခြေတော် ယသော်ဓရာ ရှိခိုးခြင်း ၂၃၄
ရှင်မဟာကဿပ အလောင်းအား ဘုရားကြိုဆိုခြင်း ။
ဝေသာလီပြည်၌ အရှင်အာနန္ဒာရတနသုတ်
ပရိတ်ရွတ်ဆိုခြင်း ၂၃၅
အနာထပိဏ်သဌေး ဇေတဝန်ကျောင်းတိုက်လှူဒါန်းခြင်း ၂၃၆

တိတ္ထိဆရာကြီးများ ဘုရားဟုတ်,မဟုတ်
ကောသလမင်း မေးမြန်းခြင်း ၂၃၇
ခေမာ မိဖုရားအား တရားဟောခြင်း ၂၃၈
ကပိလနှင့် ကောလိယ မြို့သားများအား
ငြိမ်းချမ်းရေးတရားဟောခြင်း ၂၃၈
ကိသာဂေါတမီအား တရားဟောခြင်း ၂၃၉
အာဠဝကဘီလူးအား တရားဟောခြင်း ၂၄၀
ဗုဒ္ဓဘာသာဖြစ်စ သီဟစစ်သူကြီး ဆွမ်းကပ်လှူခြင်း ၂၄၁
အဇာတသတ်နှင့်ပေါင်း၍ လာဘ်ပေါရန်
ဒေဝဒတ်ကြံခြင်း ၂၄၂
အဇာတသတ်မင်းက ခမည်းတော်ခြေဖဝါး
ဓားခွဲခိုင်းခြင်း ၂၄၃
အဇာတသတ်မင်း သံဃာတော်နှင့်
မြတ်စွာဘုရား ဖူးမြော်ရန်ထွက်ခြင်း ၂၄၄
အနော်ရထာမင်း ပိဋကတ်တော်များပင့်ခြင်း ၂၄၅
ပုဂံမြို့၊ အာနန္ဒာဘုရား ၂၄၆
ရန်ကုန်မြို့၊ ရွှေတိဂုံစေတီ ၂၄၇
ပဲခူးမြို့၊ ကလျာဏီသိမ် ၂၄၈
ပဒေသာပင်လှည့်ကြခြင်း ၂၄၉
ပညာရှင်များသို့ ပန်ကြားလွှာနှင့် ဆန္ဒမွန် ၂၅၀
ကျေးဇူးဆပ် ၂၅၁

# ညောင်ကန် အရှင်ဇုန္နက၏

## မင်္ဂလာစကား

“အရှင်ဘုရား၊ တပည့်တော်ရဲ့ ကျောင်းမှာ ခေတ်လူငယ်များ၊ ယဉ်ကျေးမှုအတွက် မင်္ဂလာနှင့် ဗုဒ္ဓဝင်သင်တန်း ဖွင့်ချင်ပါတယ်၊ ရန်ကုန်ရောက်ယင် (ဝိုင်၊ အမ်၊ ဘီ၊ အေ) အသင်းနှင့်ဆက်သွယ်ပြီး စာအုပ်များကိုလဲ ရအောင် ဆောင်ရွက်ပေးလိုက်စေချင်ပါတယ်ဘုရား”

ဤသို့ လျှောက်ထားသူမှာ ပုသိမ်မြို့၊ ရာမညရပ်ကွက်၊ အဒလေ့ာက် ကျောင်း၌ သီတင်းသုံးလျက် ကိုရင်ကျောင်းသားများအား စာပေသင်ကြားယင်း ဒကာ- ဒကာမများ အားလည်း မိုးကုတ်ဝိပဿနာ သင်တန်းပေးနေသော ဦးသုန္ဒရ ဖြစ်သည်။

နေရာမှာ ပုသိမ်မြို့၊ အောင်မြေဘုံကျော် သာသနာ့ ရိပ်သာ ကျောင်းကြီးပေါ်ဖြစ်၏။ နေ့မှာ ၁၃၃၃- ခု၊ ဒုတိယ ဝါဆို လဆန်း (၆) ရက်နေ့ဖြစ်သည်။

စာရေးသူသည် ၁၃၃၃-ခု၊ တပေါင်းလဆန်း ၁၄-ရက်နေ့မှ စ၍ ပုသိမ်မြို့ ဤရိပ်သာသို့ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏စေလွှတ်ချီးမြင့်မှုဖြင့် ကြွရောက်၍မဟာသတိပဋ္ဌာန်

ဝိပဿနာ တရားတော်များကို ဟောပြောပြသနေခဲ့၏။ နက်ဖြန် ဒုတိယ ဝါဆိုလဆန်း (၇) ရက်ဆိုလျှင် ဤရိပ်သာမှ ရန်ကုန် သာသနာ့ ရိပ်သာသို့ ပြန်ကြမည်၊ ဤရိပ်သာ၌ ဆရာတော် ဦးဝိစာရက ဆက်လက် သာသနာ ပြုတော်မူပေမည်။

ထို့ကြောင့် စာရေးသူ ပြန်ခါနီး ဦးသုန္ဒရက သူ့ဆန္ဒကို ထုတ်ဖော်ပြီး အကူအညီ တောင်းနေခြင်း ဖြစ်လေသည်။

ဦးသုန္ဒရကား စာရေးသူ ပုသိမ်မြို့၌ နေစဉ် သာသနာ ပြုဖော်ပြုဖက် တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်၏။ သူသည် ဘဝပေး အခြေအနေအရ အရွယ်ငယ်ငယ် သိက္ခာ(၁၀) ဝါ ကျော်ရုံမျှဖြင့် ကျောင်းထိုင် ဘုန်းကြီးလုပ်နေရ၏။ အရွယ် အသက်သိက္ခာမျှသာ ငယ်သည်မဟုတ်သေးပဲ၊ အရပ်အမောင်း ဥပဓိရုပ်ကလည်း ငယ်နေသေး၏၊ ထို့ကြောင့်သူ့အားပြုံးကနဲ တွေ့မြင်ရသူများက ကျောင်းထိုင်ဘုန်းကြီးဟုပင်မသိသဲ 'ကိုရင်' ဟုပင် ထင်မှတ်တတ်ကြလေသည်။ အချို့ သာသနာ့ ဝန်ထမ်း များနှင့် ဒကာကြီးများကဆိုလျှင် အထင်အမြင်လည်း သေးကြ လေသေးသည်။ တခါတခါတွင် မခံချိ ပခံသာ အနှိမ်လည်း ခံရသေးသည်။

သူသည် ထိုအချို့သူတို့ အထင်သေးသလို သာမန်ရဟန်း တော် တပါးတော့ မဟုတ်ပါပေ။ ပရိယတ် ဖက်ကဆိုလျှင် ခေတ်အလျောက် ပါဠိ မထမပြန်စာမေးပွဲတွင် ငယ်-လယ်-ကြီး များကို အောင်မြင်ခဲ့သည့်အပြင်၊ စာချတန်း ဓမ္မာစရိယစာမေး ပွဲကိုလဲ အောင်မြင်ပြီး ဖြစ်၏။ ထို့ကြောင့် "ဦးသုန္ဒရ-သာသန ဓဇ ဓမ္မာစရိယ" ဟူသော ဘွဲ့ကိုလည်း ရရှိတားသူဖြစ်လေသည်။ သူသည် ပဋိပတ္တိဖက်ကလည်း နတ်မောက်မြို့ မဟာစည်ရိပ်သာခဲ့

ဆရာတော် အရှင်လာဘသာမိထံ၌ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတို့ကို အားထုတ်ဘူးလေသည်။ ထို့ပြင် အမရပူရ တောင်မြို့၊ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော် ဘုရားကြီးထံ၌လည်း ဝိပဿနာ တရားကို အားထုတ်လျက် သင်တန်းကိုလည်း တက်ရောက်သင်ကြားခဲ့လေသည်။

ထို့ကြောင့် ဤဦးသုန္ဒရသည် ပရိယတ် ပဋိပတ် ၂- ရပ်လုံးကို သင်ကြားလေ့လာ အားထုတ်ထားသူဖြစ်သည်။

သာသနာ့ ဝန်ထမ်း ရှင်ရဟန်းတို့ မုချလုပ်ဆောင်ရမည့်ဂန္ထဓူရ၊ ဝိပဿနာ ဓူရ နှစ်မျိုးလုံးကို ကျင့်သုံးခဲ့ဘူး၊ ကျင့်သုံးဆဲ ကျင့်သုံးလတံ့ဖြစ်သောဦးသုန္ဒရကို သာမန် ရဟန်းတပါးထက် ထူးခြားသော သာသနာ့ဝန်ထမ်း ရဟန်းတော်တပါးဟု ဆိုရပေမည်။

ထို့ပြင် သူသည် ထိုအဒလောက် ကျောင်းသို့ ရောက်သည့်နေ့မှစ၍၊ ရဟန်း သာမဏေ ကျောင်းသားများအား စာပေသင်ကြားပေးသည်။ အဘိဓမ္မာနှင့် ပါဠိပထမပြန် စာမေးပွဲကိုလည်း သွင်းပေးသည်။ မိုးကုတ်တရားကို စိတ်ဝင်စားသော ရပ်ကွက်သူ ရပ်ကွက်သားများအား မိုးကုတ်ဝိပဿနာ သင်တန်းကိုဝါတွင်းကာလ၌ သင်ကြားပြသပေးသည်။ ပေါက်ပေါက်ရောက်ရောက် ဆက်လက် အားထုတ်လိုသူများအား ဤအောင်မြေဘုံကျော် မဟာစည် ရိပ်သာသို့ ပို့ဆောင်ပေးသည်။ ထို့ကြောင့်လည်း စာရေးသူနှင့် ရင်းနှီးနေရသည်။ ထို့ကြောင့် သူ့ကိုသာသနာ့ပြုပုဂ္ဂိုလ်ဟုလည်း တိုးမြှင့် ခေါ်ရပေမည်။

ထိုမှတဆင့်တက်၍ ဘာသာရေး ယဉ်ကျေးမှု ခေါင်းပါးနေသော ခေတ်လူငယ်များအား သူကိုယ်တိုင် ဦးစီး၍ မင်္ဂလာသင်တန်းနှင့် ဗုဒ္ဓဝင် စာမေးပွဲကိုလည်း သင်ကြားပြသလိုသေးသည်။ ထို့ကြောင့် ရန်ကုန်ပြန်ကြွမည့် စာရေးသူအား ဖော်ပြပါ အတိုင်း မှာကြားနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူကလည်း ရန်ကုန်သို့ ပြန်ရောက်သောအခါ "ကလျာဏယုဝ- ဝိုင်,အမ်,ဘီ,အေ" အသင်းတိုက်သို့ အကြိမ်ကြိမ်သွား၍ ကျိုးကြောင်းဆက်သွယ် ဆောင်ရွက်ပေးခဲ့သည်။ လိုအပ်သော စာအုပ်များကိုလည်း ရအောင် ရှာပေးခဲ့လေသည်။ ထိုနှစ်မှစ၍ ဦးသုန္ဒရကလည်း သူ့ကျောင်း၌ မင်္ဂလာသင်တနးနှင့် ဗုဒ္ဓဝင် စာပေသင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့လေသည်။ စာမေးပွဲကိုလည်း ကျင်းပပေးခဲ့သည်။

သူ၏ အောင်မြင်မှု ဂုဏ်သတင်းသည် ပုသိမ်တမြို့လုံးသို့ ပျံ့သင်းခဲ့၏။ ထို့ကြောင့် သူ့အပေါင်းအသင်း ဓမ္မာစရိယ ပါဠိပါရဂူ ဦးတိလောကတို့လို ရဟန်းတော်များပင် ပါဝင်ဆောင်ရွက် အားပေးကြသည်။ ရပ်ကွက် လူငယ်များမှစ၍ ပူလတန်း, အလယ်တန်း, အထက်တန်း ကျောင်းသား ကျောင်းသူများအပြင်၊ ကောလိပ်ကျောင်းသား ကျောင်းသူ အချို့ပင် သူ့သင်တန်းကို လာရောက် သင်ကြားကြသည်။ စာမေးပွဲလည်း ဝင်ရောက် ဖြေဆိုအောင်မြင်ကြသည်။

ယနေ့အထိ သင်ကြားသူရော အောင်မြင်သူများပါ တိုးတက်စည်ကားလျက် ရှိနေသည်။

ထို့ကြောင့် လူငယ်တို့၏ မိဖလူကြီးများကလည်း အားပေး ကူညီကြသည်။ ထိုအခါ သင်တန်းသုံးရန် မင်္ဂလာနှင့်ဗုဒ္ဓဝင် စာအုပ်များကိုလိုသလောက်မရခဲ့ပေ၊ ထို့ကြောင့် ဤ "မင်္ဂလာ တရားတော်နှင့် မြတ်ဗုဒ္ဓဝင် ပန်းဥယျာဉ်" ကို စာအုပ်ဖြစ်သည် အထိ ကူညီရန်နှင့် အမှာစာကိုပါ ရေးသားချီးမြှင့်ရန် စာရေး သူအား အကူအညီ တောင်းပြန်ပါသည်။

ထို့ကြောင့် စာရေးသူကလည်း မိမိ၏တရားဟော၊ စာရေး ခြင်းအလုပ်များ မအားသည့် ကြားထဲကပင် "ရေငတ်တုန်း ရေတွင်းကျသလို" ဤစာအုပ် ဖြစ်မြောက်ရေးနှင့် ဤအမှာ စာကို ကူညီရေးသားရပါသည်။

အပေါ်ဆုံးက "မင်္ဂလာစကား" ဟူသော ခေါင်းစည်းအရ ဤသို့ ရေးသားခဲ့ပြီးအမှာစာသည်လည်း "မင်္ဂလာစကား" တော့ ဖြစ်နေပါပြီ။

သို့သော် အနည်းငယ်မျှတော့ထပ်၍ "မင်္ဂလာစကားကို" ဆိုပါဦးမည်။

"မင်္ဂလန္တိ မဟန္တိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ"

ဣမေဟိ၊ ဤတရားတို့ဖြင့်၊သတ္တာ-သတ္တဝါတို့သည်၊ မင်္ဂလန္တိ မဟန္တိ၊ တိုးတက်ကြီးပွားကြကုန်၏၊ ဣတိ၊ ထိုသို့ တိုးတက်ကြီး ပွားကြောင်းဖြစ်သောကြောင့်၊မင်္ဂလာနိ၊ မင်္ဂလာတို့မည်ကုန်၏။ ဤသည်ကား သပြေကန် အရှင်ဝါသေဋ္ဌာဘိဝံသ၏ ပရိတ်ကြီး နိဿယသစ် အဆိုတည်း။

"မြဖန်ရောင်ရှိန်၊ဝင်းဝင်းထိန်သည်၊မြတ်ဝတိန်သာ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ မာဃတမန်၊ မောင်နတ်မှန်။

ပြန်၍တွက်ကျူး၊ပေါင်းရုံးကာမူ၊ သုံး,သုံးနှင့်လေး၊ သုံး,လေး,လေးတည့်၊ ငါး,လေး,လေး နောက်၊ လေး ပါးလှော်ကာ၍၊ ရှေ့နောက်တွက်ချဲ့၊ သချာဖွဲ့သော်၊ သုံးဆဲ့ရှစ်ဖြာ၊ မင်္ဂလာကို....။

ကောင်းစွာပြုရ၊ ကျင့်ဆောင်ရမူ၊ ကာလသုံးဖြာ၊ ရှစ်ဖြာအရပ်၊ ရန်ခပ်သိမ်းပင်၊ လွတ်စင်ချမ်းသာ၊ ဘေး မျိုးကွာ၍၊ မဟာသောတ္ထိ၊ မှန်လှဘိ၏၊ သုခိတစစ်၊ ဖြစ်ရခြင်းသည်၊ သုံးမည်ဘုံသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါ အား၊ စီးပွားမှန်လှ၊ ဥတ္တမ မင်္ဂလာ၊ မှတ်လေရာ၏၊ တောဒိသာနိ၊ ပါဠိအရ၊ အင္ဂုတိ သာ၊ စိတ်ဖြာအပြား၊ ဤတရားကို၊ယုံမှားကင်းလွတ်၊စိတ်နေညွတ်လျက်၊ လွန် မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်ဝမန်သည်၊ မှန်မှန်စွဲမှတ် ရှာလေလော့” ဤကားမုံရွေးဆရာတော်၏ မင်္ဂလသုတ်ပျို့ အဆိုပါတည်း။

ဤမျှဆိုလျှင်အဘယ့်ကြောင့်မင်္ဂလာခေါ်သည်၊မင်္ဂလာဘယ် နှစ်ပါးရှိသည်၊ မင်္ဂလာတရားကို ကျင့်ပွားလျှင် ဘယ်သို့သော အကျိုးကျေးဇူးများကို ရရှိခံစားနိုင်သည် ဆိုသည်များကို စာ ဖတ်သူများ ရိပ်စားမိလောက်ပါပြီ။

ဤမင်္ဂလာ တရားတော်နှင့်တကွသော တရားတော် များကို ၄၅-ဝါတိုင်ပတ်လုံး ဟောကြားတော်မူခဲ့သော မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ် ဗုဒ္ဓဝင်ကိုလည်း လူရှင် ရဟန်းအားလုံးသိအပ် ကြည်ညိုအပ်လှကြပါသည်။

ထို့ကြောင့် မင်္ဂလာ တရားတော်များကို သင်ကြားယင်းပင်

ဗုဒ္ဓဝင်ကိုလည်း တွဲဖက် သင်ကြားကြရပေမည်။ ထို့ကြောင့် မင်္ဂလာစာမေးပွဲနှင့် ဗုဒ္ဓဝင်စာမေးပွဲကို တွဲ၍ ကျင်းပရ၏။

ထို့ကြောင့် ဤစာအုပ်တွင်လည်း မင်္ဂလာ တရားတော်နှင့် ဗုဒ္ဓဝင်ကို အလွယ်တကူ သင်ကြားနိုင်ရန် ပူးတွဲ ဖော်ပြထားပါသည်။

ဤအမှာဖြင့်စာရေးသူ၏ "မင်္ဂလာစကား" အမှာစာကိုအဆုံးသတ်သင့်ပါပြီ၊ ဗုဒ္ဓမြတ်စွာ၏မင်္ဂလာတရားတော်သည် ရောဝတီတိုင်း ပုသိမ်မြို့၌သာမကဘဲ၊ တကမ္ဘာလုံး ပျံ့နှံ့ သင်းကြိုင်ပါစေသတည်း၊ ကျင့်သုံးကြသူ ကမ္ဘာသူ ကမ္ဘာသားတို့သည်လည်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေသော်။

ဗုဒ္ဓမြတ်စွာ၊ မင်္ဂလာ၊ ကမ္ဘာနှံ့၍ သင်းပါစေ။

* မင်္ဂလာပန်း၊ မျှားဆင်မြန်း၊ ငြိမ်းချမ်းကြပါစေ။

ညောင်ကန် အရှင်ဣန္ဒက
၁၃၃၈-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက်။
သာသနာတော်နှစ် ၂၅၂၀-ခုနှစ်။

# လူငယ်များသို့ ပန်ကြားလွှာ

မကောင်းမှုကို ဖြတ်တောက်ပယ်စွန့်၍၊ ကောင်းမှုကိုသာ လိုက်နာကျင့်ကြံခြင်းသည် မင်္ဂလာပင်ဖြစ်သည်။ထိုမင်္ဂလာသည် လောကီရတနာထက်၊ လွန်ကဲထူးမြတ်သည့် အနဂ္ဃရတနာ သာလျှင် ဖြစ်ပေသည်။

ထိုမင်္ဂလာရတနာကို၊ နှစ်လိုမြတ်နိုးစွာ ထာဝရ ဆင်မြန်း ထားသူသည်၊ ပီယ-လာဘ စသော သိဒ္ဓိအလုံးစုံကို ပြီးမြောက် စေနိုင်၏၊ အခက်အခဲ ဟူသမျှကို ကျော်လွှားအောင်မြင်နိုင်၏။ သိပ်သည်းပြည့်ဝ၍ အနှစ်သာရရှိသောသူ၏ အဖြစ်ကိုလည်း၊ ခံယူနိုင်ပေသည်။

ဤမျှအထိ နက်ရှိုင်းစွာ အကျိုးအာနိသင်များ ထင်ရှား ကိန်းဝပ်နေသော မင်္ဂလာရတနာကို၊ ဗုဒ္ဓကိုယ်တော်တိုင် သင်တို့အတွက် ဟောမြွက်တော်မူခဲ့၏။

ငုဒ္ဓ-ဓမ္မရာဇ်၊ ထားရစ်ခဲ့သည့်၊ ထိုမင်္ဂလာရတနာကို၊ ဤစာအုပ်တွင် ကဏ္ဍခွဲခြား၍ မှတ်သားဘွယ်ရာ အသေးစိတ် သရုပ်ခွဲပြထားသည်၊ နှစ်လိုစွာ ခြုံရုံဆင်မြန်းနိုင်ရန် ကဗျာလင်္ကာတို့ဖြင့် လှပစွာ သီကုံးနှုန်းဖွဲ့၍ ပေးထားသည်၊ ချောညက်နုညွှံ့သော

စကားပြေတို့ဖြင့် အချောသတ် အမှန်းတင်ထားသည်၊ မင်္ဂလာပန်းလှ နှုတ်တက်ရအောင် အမေးအဖြေတို့ဖြင့် ပုစ္ဆာ ဝိသဇ္ဇနာပြုထားသည်။

ရင့်ကျက်လေးနက်သော အသွင်ဖြင့် နက်ရှိုင်းသော အနှစ်သာရကို ဆောင်ထားသော ဗုဒ္ဓဝင်ခေါ် ဗုဒ္ဓ၏ဖြစ်တော်စဉ်များကိုလည်း လူငယ်တို့ အလွယ်တကူမှတ်မိသိရှိကြည်ညိုနိုင်ရန် ကောက်နှုတ်ချက်များဖြင့် စံနစ်တကျ စီစဉ် တင်ပြထားသည်။

သာသနာဝင်ခေါ် သာသနာတော်၏ထင်ရှားသော သမိုင်းမှတ်တိုင်များကိုလည်း လူငယ်များ သိလွယ်မြင်လွယ်ရန် ခိုင်ခန့်စွာ ထင်ထင်ရှားရှား စိုက်ထူညွှန်ပြထားသည်ကို တွေ့ရသည်။

ဤသည်မှာ လူငယ်များ မကောင်းမှုကို ပယ်စွန့်ဖြတ်တောက်စေလိုသော စေတနာ၏ အကျိုးတရားများဖြစ်၏၊ အနာဂတ်သာသနာအတွက် ကောင်းသောအလားအလာကို ဖော်ဆောင်လိုသော ဆန္ဒချက်၏ နှစ်သက်ဖွယ်သော အသီးအပွင့်များဖြစ်၏။

ဤမင်္ဂလာ အသီးအပွင့်များကို လူငယ်တို့ အလွယ် တကူဆွတ်ချူ စားသုံးသင့်ပေသည်၊ မိဘများကလည်း မိမိ၏ သားသမီးများကို ဆွတ်ချူစားသုံးချင်လာစေရန် သွန်သင် ဆုံးမညွှန်ပြ ဒေပေးသင့်သည်၊ သို့မှသာ စာပြုပုဂ္ဂိုလ်၏ စေတနာကို အသိအမှတ်ပြုရာ ကျပေမည်၊ စာပြုပုဂ္ဂိုလ်ဆန္ဒကို ဖြည့်စွမ်းရာရောက်ပေမည်။

စာပြုပုဂ္ဂိုလ်၏ စေတနာနှင့်ဆန္ဒမှာ အဖိုးအနဂ္ဃ ထိုက်တန်သော်လည်း၊ ခေတ်၏ အမိုက်တိုက်အောက်တွင် အားနည်း

မွေးမြိန်ပျောက်ကွယ်လုလုဖြစ်နေသော မင်္ဂလာရတနာကို ဖော်ထုတ်လိုခြင်းပင် ဖြစ်သည်၊ လူငယ်များကို ယုယ မြတ်နိုးစွာ ဆင်မြန်းပေးလိုခြင်းပင် ဖြစ်သည်။

ထို့ကြောင့်ပင် အားမာန်အပြည့်ဖြင့် တက်တက်ကြွကြွ မင်္ဂလာသင်တန်းများ ပို့ချ၍ မင်္ဂလာစာမေးပွဲများ ကျင်းပခဲ့ခြင်း ဖြစ်သည်၊ ဤသို့ ဖြစ်မြောက်လာရန် မနားမနေ ပင်ပန်းကြီးစွာ အားသစ်ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။

ဤသို့သော စာပြုပုဂ္ဂိုလ်၏ စေတနာနှင့် ဆန္ဒကိုကား လေးစားသင့်၏၊ ကြိုဆိုအားပေးသင့်၏၊ မြောက်စား ချီးမြှင့်သင့်၏၊ သို့မှသာ အနာဂတ်သာသနာ၏ရောင်ခြည်များခေတ်၏ အမိုက်တိုက်အောက်မှ လွန့်တက်ထွန်းလင်းလာနိုင်ပေမည်။

လူငယ်များသည် ဤကျမ်းပြု ပုဂ္ဂိုလ်၏ ဆင်မြန်းပေးသော လောကီရတနာတို့ထက် ထူးကဲမွန်မြတ်သည့် 'မင်္ဂလာရတနာ' ကို ဘဝများစွာမှသည် နောက်ဆုံးဘဝသို့ တိုင်အောင် ဆင်မြန်း ယူဆောင်၍ သွားနိုင်ကြပါစေ။ ။

၅-၉-၇၆

(လေးမောင်၊ ပွန်ပိယ)

လ-ထ-တိုင်း သာသနာရေး ဦးစီးဌာနမှူး

ရောဝတီတိုင်း-ပုသိမ်မြို့။

၄၂၇၂

# ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

ယောဘဂဝါ၊ အကြောင်မြတ်ဘုရားသည်။ သုမေဓာ တာပသကာလေ၊ သုမေဓာမည်တွင် ဈာန်ယာဉ်ပျော်မွေ့ ရှင်ရသေ့ဖြစ်စဉ်အခါ၌ ဒီပင်္ကရပါဒမူလေ၊ ဒီပင်္ကရာ မည်တွင်သာသည့်ထွဋ်ချာသေဋ္ဌနင်း ခြေတော်ရင်း၌။ နိယတ ဗျာကရဏလဒ္ဓံ ၊ နိယတဗျာဒိတ် ပန်းတံဆိပ်ကို။ ပိလန္ဓိတွာ၊ ကြည်ကြည်နူးနူး ဂါရဝအထူးဖြင့် ဆွတ်ခူးပန်ဆင်တော်မူခဲ့ပြီး၍။ နိယတဗျာကရဏလဒ္ဓဿ၊ နိယတဗျာဒိတ် ပန်းတံဆိပ်ကို။ပိလန္ဓနကာလတော၊ကြည်ကြည်နူးနူး ဂါရဝအထူးဖြင့် ဆွတ်ခူးပန်ဆင်တော်မူရာ အခါမှ။ ပဋ္ဌာယ၊ စ၍။ ကပ္ပသတသဟဿာ ဓိကာနိ၊ ကမ္ဘာတွက်ကိန်း ကပ်တသိန်း အလွန်ရှိကုန်သော။ စတ္တာရိ အသင်္ချေယျာနိ၊ လေးအသင်္ချေ ရောထွေပေါင်းစပ် ကမ္ဘာကပ်တို့ ကာလပတ်လုံး။ သမတိံသ ပါရမီယော၊ အမျှသုံးဆ.... အများကျယ်ညီ ပါရမီတော်တို့ကို။ ပူရေတွာစ၊ အယုတ်အလတ် အမြတ်မရွေး ရှာကြံတွေးလျက် လေးစားထောက်ချင့်

အဆင့်ဆင့်ဖြင့် ဖြည့်ကျင့်တော်မူပြီး၍လည်းကောင်း။ ပဉ္စမဟာ ပရိစ္စာဂေ၊ ငါးဖြာသီးသီး စွန့်ခြင်းကြီးတို့ကို။ ပရိစ္စဇိတွာစ၊ မချွတ်မလွဲ အမွန်နွဲ့ဖို့ စွန့်ကြဲတော် မူပြီး၍လည်းကောင်း။ တိဿော စရိယာယော၊ သုံးဖြာမလပ် ဗောဓိသတ်တို့ ကျင့်အပ် ပေတောင်း တရားကောင်းတို့ကို။ စရိတွာစ၊ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပြီး၍လည်းကောင်း။ အန္တိမဘဝေ၊ အဆုံး စွန်ဘဝ ခါသမယ၌။ ဧကူန တိံသ ဝဿာနိ၊ သဲချာတွက်ဖွယ် နှစ်ဆယ်တိုးလစ် ကိုးနှစ်ကာလ ပတ်လုံး။ ရဇ္ဇံသုခံ၊ မန္ဓာတ် ကြာ ကဲ့ပမာသို့ ရာဇာစည်းစိမ် ထီးအရှိန်နှင့် ကြီးအိမ်ရတနာ မြိုက်ချမ်းသာကို။ အနုဘဝိတွာ၊ ယသော်ဓရာ ဖော်ကညာနှင့် ပျော်ကာရွှင်ရွှင် သားတော်မြင်အောင် အစဉ်မငြိုး ခံစား တော်မူပြီး၍။ မဟာဘိနိက္ခမနံ၊ ဘုရားလောင်းမြတ် ဗောဓိ သတ်တို့ သတ်မှတ်မပျက် ရှေးရှုထွက်ရာ တောဝနာသို့။ အဘိ နိက္ခမိတွာ၊ နော်မာရှေးရှု ထွက်တော်မူ၍။ ဝါ၊ နော်မာ သောင်လမ်း တဖက်ကမ်းသို့ ဖြတ်သန်းထွက်ကြွတော်မူပြီး၍။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး၊ ဒုက္ကရစရိယံ၊ ပုဂ္ဂိုလ်သာမန် တို့သည် ပြုနိုင်ခဲလှစွာသော ဒုက္ကရစရိယာအကျင့်ကို။ စရိတွာ၊ အရိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်ဘဲ ကိုယ် တိုင်ကြဲလျက် အားခဲလူလူ ကျင့်တော်မူပြီး၍။ ပဉ္စတိံသ ဝဿဝယေ၊ သုံးဆယ့်ငါးနှစ် အရွယ်၌။ ဗောဓိရုက္ခမူလေ၊ ဗောဓိပင်ရင်း၌။ အရေ၊ ပဉ်သတ္တရိနံ,လက်,နိကို သံကိမြောက် ကာ ထောင့်ငါးရာ များစွာဥဿုံ အလုံးစုံသော ကိလေသာ တို့ကို။ ဟနိတွာ၊ လေးတန်ဉာဏ်မဂ် စိန်သံလျက်ဖြင့် ပယ်ဖျက် ခုတ်ထွင် ငုတ်မထင်အောင် သုမ်သင်တော် မူပြီး၍။ အနုတ္တရံ၊

မည်သည့်တရား မှန်နိုင်းအားသည့် မြစ်ဖျားခေါင်ထိ တုမရှိသော။ သမ္မာသမ္ဗောဓိ ၊ မဖောက်မပြန် အမှန်ကိုယ်တိုင် သိစွမ်းနိုင်သည့် မဏ္ဍိုင်ဉာဏ်ကြွ ဉာဏ်တော်မြတ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်းရှေးရှု သိတော်မူလေပြီ။

အရဟတော၊ တထောင့်ငါးရာ ကိလေသာစက် ရဲမန်မက်ကို လေးချက်မဂ်ရှိန် ဝရဇိန်ဖြင့် ပယ်နှိမ်ခုတ်ဖြတ် သတ်တော်မူတတ်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် ဥေယျမံကို အမှန်ကိုယ်တိုင် သိစွမ်းတော် မူနိုင်သော။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ မေ၊ ငါးပါးခန္ဓာ ရှဲစရာကို လွန်စွာသမုတ် အကျွန်ုပ်၏။ ဝါ၊ · နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်ကို ကိုယ်ဝံယ်ဆင်မြန်း ရဟန်းမှည့်ခေါ် တပည့်တော်၏၊ ဝါ၊ မင်္ဂလာတရားတော်နှင့် မြတ်ဗုဒ္ဓဝင် ပန်းဉယျာဉ်-ကောက်နုတ်ချက်များ စာပေကို လူငယ်တွေ ယဉ်ကျေးအောင် ရေးသားပြုစု ဘိက္ခုသုန္ဒရ နာမတွင်ခေါ် တပည့်တော်၏။ နမော၊ လေးမြတ်ရိုကျိုး ရှိခိုးခြင်းသည်။ အတ္တု၊ မုချမသွေ ဖြစ်ပါစေသတည်း။

မှတ်ချက်။ ။ဤ နမောတဿ-ဘုရားရှိခိုးကို ညောင်ကန်အရှင်ဣန္ဒကာ၏ ဒေသနာကြေးမုံဆောင်ပုဒ်များမှ တဆင့် ဖော်ပြထားပါသည်။

## မိုးငြိမ်းပြုသော ကျမ်းများ

၁။ အခြေပြုမင်္ဂလသုတ် (အရှင်ဇနကာဘိဝံသ)။
၂။ မင်္ဂလသုတ်လက်စွဲ (အရှင်ပဏ္ဍိတ)။
၃။ မင်္ဂလာအမြုတေ (အရှင်စန္ဒဇောတိ)။
၄။ မင်္ဂလာ စာပေသင်တန်း (အရှင်ကေသဝါဘိဝံသ)။
၅။ ရတနာ့ဂုဏ်ရည် (အရှင်ဇနကာဘိဝံသ)။
၆။ မင်္ဂလတ္ထဒီပနီ
၇။ ပါရာဇိကကဏ္ဍ အဋ္ဌကထာ။
၈။ သုတ္တနိပါတ အဋ္ဌကထာ။
၉။ ဣတိဝုတ္တက အဋ္ဌကထာ။
၁၀။ အင်္ဂုတ္တရပါဠိ။
၁၁။ ဇာတက အဋ္ဌကထာ။
၁၂။ မဃဒေဝလင်္ကာ (မန်လည်ဆရာတော်)။
၁၃။ ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ (လယ်တီဆရာတော်)။
၁၄။ ဗုဒ္ဓဘာသာသင်္ချိုင်းစာ (ရန်ကုန် သာသနာ့ ရိပ်သာ ဒီဃနိကာယကောဝိဒ အရှင်ကေလာသ)
၁၅။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မဒေသနာဆောင်ပုဒ်များ။
၁၆။ နတ်မောက်ရိပ်သာ ဆရာတော် ဒေသနာဆောင်ပုဒ်။
၁၇။ ဗုဒ္ဓသာသနာဝင်

# သင်တန်း အဖွင့်ကဗျာ

ကလေးအရွယ် လိမ္မာနှင့်ပါမှ
ကြီးရင့်က လိမ္မာမည်။
မလိမ္မာ ပြည်ထောင်စုကြလျှင်
ကောင်းမှုမတည်။
ကလေ့တို့နေပြည်
တည်နေဘို့ စိတ်စော၊
နံနက် မင်္ဂလာနှင့်
နေ့ကွော ညည့်ပါသုံးလို့ရယ်၊
ပြုံးကြစေသော။

(အရှင်နေကာဘိဝံသ)

# ကျမ်းစာသိမြင် တတ်အောင်သင်

အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊
ကောင်းလှစေချင်၊ ပဲ့ပြင်နိုစွ၊
ကွပ်ဆုံးမသား၊ မိဘဆရာ၊
စကားနာ၍၊ ကျမ်းစာသိမြင်၊
တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊
ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊
ကောင်းအောင်ကြိုး၍၊
ကောင်းကျိုးကိုယ်၌၊ တည်စေပင်း။ ။

(လောကသာရပျို့)

# ပညာ၊ ဥစ္စာ၊ မိတ်ဆွေ ရှာနည်း

* ပညာရှိထံ၊ ရိုကျိုးနွံ၍၊ နည်းခံသင်မှ၊ ပညာရ၏။
* ထကြွဝီရိယ၊ ဥဋ္ဌာနဖြင့်၊ လုံးလရှိမှ၊ ဥစ္စာရ၏။
  မခွန်နှုတ်လျှာ၊ မှန်ကန်စွာလျှင်၊ သစ္စာတည်မှ၊ ကျော်စောရ၏။
* ကိုယ်ကဥစ္စာ၊ စွန့်လွှတ်ကာလျှင်၊ မေတ္တာရှေး၍၊ ပေးကမ်းတတ်မှ၊ မိတ်ဆွေရ၏။ (မဃဒေဝ-၃၂၇)။

# သင်တန်းအညွှန်း

ဤစာအုပ်ကို ပဟုသုတအဖြစ် လေ့လာသူများအဖို့ ဤအညွှန်းသည် အရေးမကြီးလှပြောသော်လည်း (ဝိုင်-အမ်-ဘီ-အေ) စာမေးပွဲနှင့် ဒေသဆိုင်ရာစာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် သူများအတွက်၊ [illegible]အရေးကြီး၍ ကျေးဇူးများပေလိမ့်မည်။

ပဌမဦးဆုံး (၃၈) ဖြာ မင်္ဂလာကို ပါဠိ-မြန်မာ နှစ်ဘာသာ အပြန်အလှန်ရအောင် လေ့လာရပါမည်။

ဥပမာ- ဒါနဉ္စ၊ အလှူပေးခြင်း၊ အလှူပေးခြင်းသည်- ဒါနဉ္စ မင်္ဂလာ။

ဤသို့ အပြန်အလှန်၊ မင်္ဂလာတိုင်းအလွတ်ရ-ရမည်ဟု ဆိုလိုသည်။

နောက်မှ အမှန်းတင် ဂါထာ-ပါဠိမြန်မာ နိဒါန်း ပါဠိ-မြန်မာ မင်္ဂလာတရားတော်၊ ပါဠိ-မြန်မာတို့ကိုတွဲဖက် နှုတ်တက်ရအောင် ကျက်မှတ်ရမည်။

ထိုသို့ ရပြီးသောအခါ၊ ပါဠိတော်သက်သက် ဖတ်ရှုလေ့လာလိုက်က အလွယ်တကူရပြီးဖြစ်သွားပါလိမ့်မည်။ (ဤသင်နည်းကြောင့် ပါဠိစာပေခက်သည်ဟု ငြီးငြူစကား မကြားခဲ့ရ ပါပေ။)

ရင်းနောက် ကဗျာ၊ မင်္ဂလာနှင့် သက်ဆိုင်ရာ ကဗျာပိုဒ်ကို လေ့လာရပါမည်။ ပရိယာယ်စကားများကို ဖတ်စာအဖြစ်ဖတ်၍ ဥာဏ်စမ်း လေ့ကျင့်ခန်းများ လေ့လာကြည့်ရှုနိုင်ပါသည်။ ပုစ္ဆာ-ဝိသဇ္ဇနာ၊ အမေးအဖြေခန်းတွင် မေးခွန်းတခုမှာ အဖြေနှစ်ခု သုံးခု တွေ့ရှိပါက မိမိနှစ်သက်ရာ တခုကိုသာ အပိုင်ဖတ်ထားရမည်။

သာသနာ ယဉ်ကျေးမှုက စသည်။

စာမေးပွဲမှာ မေးခွန်းအနေနှင့် မပါပြားသော်လည်း၊ ဆက်ဆံရေးနားလည်မှု၊ကျွမ်းကျင်မှုရှိရန်လိုအပ်၍ လေ့လာရပါမည်။

နေ့စဉ် ငါးပါးသီလခံယူ၍ အနန္တငါးပါး၊ သုံးလူ့ ရှင်ပင်ပျို့တိုကို၊ (ကျက်ချိန်မရလျှင် စာကြည့်) ဘုရားရှိခိုးသွားလျှင် အလိုလိုရသွားပါလိမ့်မည်။

**ဗုဒ္ဓဝင် ကောက်နုတ်ချက်တွင်၊** ပဌမဆင့်ဖြေမည့် သူသည် အခန်း (၁)မှ (၂၁) အထိနှင့် အခန်း(၅၂)ကို လေ့လာလျှင် လုံလောက်ပါပြီ။

ဒုတိယဆင့်ဖြေမည့်သူသည် အခန်း(၁) မှ (၃၆) **အထိနှင့်** **အခန်း** (၅၂) ကို လေ့လာလျှင် ရင်းအတွင်းမှ အောင်မှတ်ရနိုင်ပါသည်။ စွမ်းနိုင်၍ အကုန်လေ့လာသူအတွက်၊ ပိုမိုကျေးဇူးများပါလိမ့်မည်။

အထူးမှတ်ရန်။ မင်္ဂလာတရားတော် လေ့လာပြီးဆုံးမှ၊ ဗုဒ္ဓဝင်ကို သင်ကြားလေ့လာခြင်း မပြုပဲနှင့်၊ နေ့စဉ် မင်္ဂလာချိန်နှင့် ဗုဒ္ဓဝင်ချိန် နှစ်ချိန်ပိုင်း၍၊ သင်ကြားလေ့လာဖို့ပင် ဖြစ်ပါသည်။ ဤသို့ သင်ကြား လေ့လာခြင်းသည် စိတ်ဝင်စား၍ သင်ခန်းစာတွင်ကျယ်မှု အကျိုးလည်း ရရှိပါသည်။

၁၄၁၅၅

ဤစာအုပ် အမေးအဖြေနောက်ပိုင်းတွင် ဝိုင်–အမ်-ဘီ–အေ အသင်း မေးခွန်းနှင့်အဖြေမှန် အမှတ်ပေးပုံစနစ်များ ထည့်သွင်း ဖော်ပြထားသည်၊ ၎င်းကိုကြည့်၍ မိမိတို့အဘယ်မျှ လေ့လာ ပိုင်နိုင်မှုရှိရမည်ကို မှန်းဆနိုင်ကြပေမည်။

လေ့လာကြသူ အမျိုးကောင်းသား အမျိုးကောင်း သမီးတို့ သည်၊ အသိဉာဏ်မြင့်မား၍ အကျင့်မှန် ဆင့်ပွားနိုင်ကြသဖြင့် သာယာသော လူ့ဘောင် တည်ဆောက်နိုင်ကြ၍၊ လောကီ လောကုတ္တရာ မင်္ဂလာအပေါင်း ခညောင်း ပြည့်စုံကြပါစေကုန် သတည်း။

ဦးသုန္ဒရ (အစိုးရဓမ္မာစရိယ)
အဒလောက်ကျောင်းတိုက်၊
ပုသိမ်မြို့။

# မင်္ဂလသုတ္တ ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

အမွန်းတင် (၂) ဂါထာ

(က) ယံမင်္ဂလံ ဒွါဒသဟိ - စိန္တယိံသု သဒေဝကာ
သောတ္ထာနံ နာဓိဂစ္ဆန္တိ-အဋ္ဌတိံသဉ္စ မင်္ဂလံ။

(ခ) ဒေသိတံ ဒေဝဒေဝေန-သဗ္ဗပါပ ဝိနာသနံ၊
သဗ္ဗလောက ဟိတတ္ထာယ-မင်္ဂလံ တံ ဘဏာမဟေ။

## နိဒါန်းပြ စကားရပ်

(ဂ) ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ၊ အထခေါ
အညတရာ ဒေဝတာ-အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ
ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ၊ ဘဂဝန္တံ
အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ ဧကမန္တံ ဌိတာ ခေါ
သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။ ။

## မင်္ဂလာ တရားတော်

(ဃ) ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခ မာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

## (၃၈)ဖြာ မင်္ဂလာတရားတော်

(၁) အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၂) ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ၊
အတ္တသမ္မာ ပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၃) ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၄) မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၅) ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၆) အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော၊
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

(၇) ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၈) ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၉) တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၁၀) ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၁၁) ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

(မင်္ဂလသုတ္တံ နိဋ္ဌိတံ)။

## ပါဠိ-မြန်မာပြန်

### အမှန်းတင်(၂)ဂါထာ

| ပါဠိ | မြန်မာပြန် |
| --- | --- |
| ယံမင်္ဂလံ ဒွါဒသဟိ<br>စိန္တယိံသု သဒေဝကာ<br>သောတ္တာနံ နာဓိဂစ္ဆန္တိ<br>အဋ္ဌတိံသဉ္စ မင်္ဂလံ | လူနတ်တို့သည် (၁၂)နှစ်တိုင်အောင်<br>ကြံစည်တွေးတောကြသော်လည်း<br>ကြီးပွားချမ်းသာကြောင်း ကောင်း<br>မြတ်သော (၃၈)ပါး မင်္ဂလာကို<br>မသိနိုင်ဖြစ်နေကြ၏။ |
| ဒေသိတံဒေဝ ဒေဝေန<br>သဗ္ဗပါပ ဝိနာသနံ<br>သဗ္ဗလောကဟိတတ္ထာယ<br>မင်္ဂလံ တံဘဏာမဟေ | နတ်တို့ထက်မြတ်သော ဘုရားသခင်<br>သည် မကောင်းမှုအားလုံးကို<br>ပယ်ဖျောက် တတ် သော မင်္ဂလာ<br>တရားကို တလောကလုံး၏ အကျိုး<br>စီးပွား အလို့ငှာ ဟောကြားတော်<br>မူအပ်ပါပြီ၊ အို....အမျိုးကောင်းသား<br>အမျိုးကောင်း သမီး အပေါင်းတို့<br>ထိုမင်္ဂလာ တရားကို ငါတို့ ရွတ်ဆို<br>ပူဇော်ကြပါစို့။ |

### နိဒါန်းပြစကားရပ်

| | |
| --- | --- |
| ဧဝံမေသုတံ | အကျွန်ုပ် အာနန္ဒာသည် ဤမင်္ဂလာ<br>သုတ္တန်ကို ဗုဒ္ဓမြတ်စွာအထံမှ ဤသို့<br>ကြားနာမှတ်သားခဲ့ရပါသည်။ |
| ဧကံ သမယံ | အခါတပါး၌ |

| | |
|---|---|
| ဘဂဝါ | မြတ်စွာဘုရားသည် |
| သာဝတ္ထိယံ | သာဝတ္ထိပြည်ဝယ် |
| (ဝိဟရတိဇေတဝနေ | ဇေတဝန်ခေါ် အနာထပိဏ်သူဌေး၏ |
| အနာထပိဏ္ဍိကဿ | ကျောင်းတိုက်တော်၌ သီတင်းသုံးနေ |
| အာရာမေ) | ထိုင်ပါသည်။ |
| အထခေါ | ထိုအခါ |
| အညတရာဒေဝတာ | အမျိုးအမည် မထင်ရှားသော နတ်သားတယောက်သည် |
| အဘိက္ကန္တာယရတ္တိယာ | ညဉ့်ဦးယံလွန်ပြီးသော သန်းခေါင်ယံ အခါ၌ |
| အဘိက္ကန္တဝဏ္ဏာ | အလွန်နှစ်လိုဘွယ်အဆင်းရှိသည်ဖြစ်၍ |
| ကေဝလကပ္ပံဇေတဝနံ | ဇေတဝန် ကျောင်းတိုက် တရပ်လုံးကို |
| ဩဘာသေတွာ | ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်း စေလျက် |
| ယေနဘဂဝါ | မြတ်စွာဘုရားရှိရာအရပ်သို့ |
| တေနုပသင်္ကမိ | ချဉ်းကပ်၏။ |
| ဥပသင်္ကမိတွာ | ချဉ်းကပ်ပြီး၍ |
| ဘဂဝန္တံအဘိဝါဒေတွာ | မြတ်စွာဘုရားကိုရှိခိုးကာ |
| ဧကမန္တံအဋ္ဌာသိ | သင့်တော်ရာအရပ်၌ နေပါသည် |
| ဧကမန္တံဌိတာခေါ | သင့်တော်ရာအရပ်၌ နေသော |
| သာဒေဝတာ | ထိုနတ်သားသည် |
| ဘဂဝန္တံ | မြတ်စွာဘုရားကို |
| ဂါထာယ အဇ္ဈဘာသိ | (အောက်ပါ ဂါထာဖြင့် လျှောက်ထား၏) |

## မင်္ဂလာတရားတောင်း

| | |
|---|---|
| ဗဟူဒေဝါ မနုဿာစ၊<br>မင်္ဂလာနိ အစိန္တယုံ၊<br>အာကင်္ခမာနာ သောတ္ထာနံ၊<br>ဗြူဟိမင်္ဂလ မုတ္တမံ။ | ဘုန်းတော် ကြီးတော် မူသော မြတ်စွာဘုရား နတ်လူ များစွာ တို့သည် ကြီးပွားချမ်းသာခြင်း ကို လိုလား တောင်းတ ကုန် သည် ဖြစ်၍ မင်္ဂလာ ဟူသည် တို့ကို ကြံစည်ကြပါကုန်၏၊ ရှင် တော်မြတ်ဘုရားသည် ကောင်း မြတ်သော မင်္ဂလာ တရား ကို ဟောကြားတော် မူပါဘုရား။ |

## (၃၈)ဖြာ မင်္ဂလာတရားတော်

| | |
|---|---|
| ဘောဒေဝပုတ္တ | အို နတ်သား၊ |
| ၁။ အသေဝနာစ ဗာလာနံ | လူမိုက် တို့ကို မ ပေါင်း သင်း မဆည်းကပ်ရခြင်း။ |
| ၂။ ပဏ္ဍိတာနဉ္စ သေဝနာ | ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းသင်း ဆည်းကပ်ခြင်း။ |
| ၃။ ပူဇာ စ ပူဇနေယျာနံ<br>ဧတံ မင်္ဂလ မုတ္တမံ | ပူဇော်ထိုက်သူတို့ကိုပူဇော်ခြင်း၊ ဤ တရား (၃) ပါး သည် ကောင်း မြတ် သော မင်္ဂလာ ဖြစ်၏။ |
| ၄။ ပတိရူပ ဒေသဝါသောစ | သင့်တင့် လျောက် ပတ် သော အရပ်၌ နေခြင်း။ |

၅။ ပုဗ္ဗေစ ကတပုညတာ — ရှေးကပြုခဲ့ဘူးသော ကောင်းမှုရှိသူ ဖြစ်ခြင်း။

၆။ အတ္တသမ္မာ ပဏိဓိစ — မိမိကိုယ်ကိုကောင်းစွာဆောက်တည်ခြင်း။

ဧတံ မင်္ဂလ မုတ္တမံ — ဤ တရား (၃) ပါး သည် ကောင်း မြတ် သော မင်္ဂလာ ဖြစ်၏။

၇။ ဗာဟုသစ္စဉ္စ — အကြား အမြင် များသော သူ ဖြစ်ခြင်း။

၈။ သိပ္ပဉ္စ — အပြစ်ကင်းသော စက်မှုလက်မှု ပညာတို့ကို တတ်ရခြင်း။

၉။ ဝိနယောစ သုသိက္ခိတော — ဆိုင် ရာ ဝိနည်း တရား ကို ကောင်းစွာ သင်ခြင်း။

၁၀။ သုဘာသိတာစ ယာဝါစာ — စကားကောင်းကို ပြောဆိုခြင်း။

ဧတ မင်္ဂလာ မုတ္တမံ — ဤ တရား (၃) ပါး သည် ကောင်း မြတ် သော မင်္ဂလာ ဖြစ်၏။

၁၁။ မာတာပိတု ဉပဋ္ဌာနံ — အမိအဖတို့ကို လုပ်ကျွေး မွေးမြူခြင်း။

၁၂။ ပုတ္တဒါရဿ သင်္ဂဟော — သား မ ယား အား သင်္ဂြိုဟ် ထောက်ပံ့ခြင်း။

၁၃။ အနာကုလာစကမ္မန္တာ — အနှောင့် အ ယှက် မရှိသော အမှုတို့ကို ပြုခြင်း။

| | |
|---|---|
| ဧတံ မင်္ဂလ မုတ္တမံ | ဤတရား(၃)ပါးသည် ကောင်း မြတ်သော မင်္ဂလာ ဖြစ်၏။ |
| ၁၄။ ဒါနဉ္စ | အလှူပေးခြင်း၊ |
| ၁၅။ ဓမ္မစရိယာစ | မြတ်သော သုစရိုက် အကျင့်တို့ကို ကျင့်ခြင်း။ |
| ၁၆။ ဉာတကာနဉ္စ သင်္ဂဟော | ဆွေမျိုးတို့အား သင်္ဂြိုဟ် ထောက်ပံ့ခြင်း။ |
| ၁၇။ အနဝဇ္ဇာနိ ကမ္မာနိ | အပြစ်မရှိသောအမှုတို့ကိုပြုရခြင်း။ |
| ဧတံမင်္ဂလမုတ္တမံ | ဤတရား လေး ပါး သည် ကောင်း မြတ်သော မင်္ဂလာ ဖြစ်၏၊ |
| ၁၈။ အာရတီပါပါ | မကောင်းမှုမှ (စိတ်ဖြင့်) ဝေးစွာ ရှောင်ကြဉ်ခြင်း။ |
| ၁၉။ ဝိရတီပါပါ | မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ခြင်း။ |
| ၂၀။ မဇ္ဇပါနာစ သံယမော | ယစ်မျိုး တို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း။ |
| ၂၁။ အပ္ပမာဒေါစ ဓမ္မေသု | ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ ခြင်း။ |
| ဧတံမင်္ဂလမုတ္တမံ | ဤ တရားလေးပါးသည် ကောင်း မြတ်သော မင်္ဂလာဖြစ်၏။ |
| ၂၂။ ဂါရဝေါစ | ရိုသေထိုက်သူတို့ကို ရိုသေခြင်း။ |
| ၂၃။ နိဝါတောစ | မိမိကိုယ်ကို နှိမ့်ချခြင်း။ |
| ၂၄။ သန္တုဋ္ဌိစ | ရသမျှနှင့် မျှတရောင့်ရဲခြင်း။ |
| ၂၅။ ကတညုတာ | သူပြုဘူးသောကျေးဇူးတို့ကိုသိရခြင်း |

| | |
|---|---|
| ၂၆။ ကာလေန ဓမ္မဿဝနံ | လျောက်ပတ်သော အခါ တရားတော်ကို နာရခြင်း။ |
| ဧတံမင်္ဂလမုတ္တမံ | ဤတရား (၅)ပါးသည် ကောင်းမြတ်သောမင်္ဂလာ ဖြစ်၏။ |
| ၂၇။ ခန္တီစ | အရာရာ၌ သည်းခံခြင်း။ |
| ၂၈။ သောဝစဿတာ | ဆိုဆုံးမလွယ်သူ ဖြစ်ခြင်း။ |
| ၂၉။ သမဏာနဉ္စဒဿနံ | မြတ်သောရဟန်းတို့ကိုဖူးမြင်ရခြင်း။ |
| ၃၀။ ကာလေန ဓမ္မသာကစ္ဆာ | လျောက်ပတ်သော အခါ တရားသဘော ဆွေးနွေးခြင်း။ |
| ဧတံမင်္ဂလမုတ္တမံ | ဤတရား လေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။ |
| ၃၁။ တပေါစ | ခြိုးခြံစွာ ကျင့်ခြင်း။ |
| ၃၂။ ဗြဟ္မစရိယဉ္စ | မြတ်သောအကျင့်တို့ကို ကျင့်ရခြင်း |
| ၃၃။ အရိယသစ္စာန ဒဿနံ | အရိယသစ္စာ လေးပါးတရားတို့ကို သိခြင်း။ |
| ၃၄။ နိဗ္ဗာန သစ္ဆိကိရိယာစ | အရဟတ္တဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်း။ |
| ဧတံမင်္ဂလမုတ္တမံ | ဤမင်္ဂလာ တရား (၄)ပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။ |
| ၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ | လောကဓံ တရား (၈)ပါးတို့နှင့် တွေ့ကြုံရသော ရဟန္တာ ပုဂ္ဂိုလ်၏ စိတ်သည် မတုန်လှုပ်ခြင်း။ |
| ၃၆။ အသောကံ | စိုးရိမ်ကြောင့်ကြမရှိခြင်း။ |

၃၇။ ဝိရဇံ- ရမ္မက်ဟူသော ကိလေသာ မြူမရှိခြင်း။

၃၈။ ခေမံ- ဘေးမရှိခြင်း။

ဧတံမင်္ဂလမုတ္တမံ- ဤတရားလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

မင်္ဂလာအကျိုးပြ

ဧတာဒိသာနိကတွာန- ဤမင်္ဂလာတို့ကို ဆောက်တည် ကျင့်သုံးမှု ပြုကြပါလျှင်

သဗ္ဗတ္ထမပရာဇိတာ အတွင်းအပ ရန်သူဟူသမျှ အနိုင်ရ၍

သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ နေရာတိုင်းမှာ ကြီးပွားချမ်းသာနိုင်ကြ၏။

တံတေသံမင်္ဂလမုတ္တမံ ထို (၃၈) ပြားသည် လောကသားတို့ အတွက် ကောင်းမြတ်သော မင်္ဂလာအစစ် ဖြစ်ပေသတည်း။

မင်္ဂလာပါဠိ မြန်မာပြန်ပြီး၏။

# မင်္ဂလာ ကဗျာများ

## နိဒါန်းကဗျာ

(က) (၃၈)ဖြာ မင်္ဂလာတရားကို၊
နတ်လူအများ ကြံစည်ပေ။
ဘယ်သင်းဘယ်ဟာ မင်္ဂလာစစ်ဟု၊
သေချာစစ်မြစ် မသိပေ။
(၁၂)နှစ်တိုင်တိုင် နှုတ်ပြိုင်ငြင်းလို့၊
မင်္ဂလာအခင်း မပြီးပေ။
မင်္ဂလာတရား ဝါဒများ
ကွဲပြား နတ်လူတွေ၊
အဲဒါကြောင့် ကြံကြ စည်ကြ
ကမ္ဘာ့ မင်္ဂလာတွေ။

(ခ) သာဝတ္ထိပြည်ဟုန် ဇေတဝန် ကျောင်းဝယ်၊
ကိန်းအောင်းပျော်မွေ့ မြတ်စိန္တေ။
သန်းခေါင်ယံခါ မထင်ရှားသည့်၊
နတ်သားတယောက် ချဉ်းကပ်လေ။
ချဉ်းကပ်ပြီးသော် မင်္ဂလာသဘောကို၊
ထင်ရှားဟောဘို့ လျှောက်ပန်ချေ။
အသေဝနာတရား အစထား ဟောကြားမိန့်ခဲ့ပေ၊
အဲဒါကြောင့် နာရ, ကြားရ, ကမ္ဘာ့မင်္ဂလာတွေ။

## အသေဝနာစ ဗာလနံ ဂါထာ၏ကဗျာ

၁။ လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊
မမှိဲနှင့် ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆီးကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ‘ဗုဒ္ဓဝါဒ’
ကမ္ဘာ့ မင်္ဂလာတွေ။

## ပတိရူပ

၂။ ကုသိုလ်ပညာ ဥစ္စာရဘို့၊
သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဘူးသည့်၊
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ‘ဗုဒ္ဓဝါဒ’
ကမ္ဘာ့ မင်္ဂလာတွေ။

## ဗဟုဿုတ္စ္စဥ

၃။ တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဘို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ၊
မှန်ကန်ယဉ်ကျေး ချိုသာအေး၊
ဆိုရေးတတ်ပါစေ။
အဲဒါမှ 'ဗုဒ္ဓဝါဒ'
ကမ္ဘာ့ မင်္ဂလာတွေ။

## မာတာပိတု

၄။ မြင့်မိုရ်ရွှေတောင် မိဘကြွေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချကာ သားနှင့်မယား၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး ပြုစုရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ 'ဗုဒ္ဓဝါဒ'
ကမ္ဘာ့ မင်္ဂလာတွေ။

## ဒါနဥ

၅။ သုံးတန်ခုစေတနာ ပြုစင်လန်းယုံ၊
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊
သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုအကျိုး၊
သည်ပိုးရွက်ဆောင်စေ။
အဲဒါမှ 'ဗုဒ္ဓဝါဒ'
ကမ္ဘာ့မင်္ဂလာတွေ။

## အာရတိ ဝိရတိ

၆။ မကောင်းမှုတွေ ဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊
တရားမမေ့စေ။
အဲဒါမှ 'ဗုဒ္ဓဝါဒ'
ကမ္ဘာ့ မင်္ဂလာတွေ။

## ဂါရဝေါ စ

၇။ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား ရိုသေသေ။
မာနတံခွန် ဂုဏ်မကြွန့်၊
ကိုယ့်ကိုနှိမ်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဘူး သူ့ကျေးဇူး၊
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊
နာကြားမပြတ်ပေ။
အဲဒါမှ 'ဗုဒ္ဓဝါဒ'
ကမ္ဘာ့ မင်္ဂလာတွေ။

## ခန္တီစ

၈။ ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်ဝန် ဆုံးမစကားကို၊
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှ၊
မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊
ဆွေးနွေးမပြတ်ပေ။

အဲဒါမှ 'ဗုဒ္ဓဝါဒ'
ကမ္ဘာ့ မင်္ဂလာတွေ။

တပေါ်စ

၉။ လောကီအာရုံ ဇိမ်ယစ်မူးလို့၊
အပျော်မကျူးနဲ့ ခြိုးခြံလေ။
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံး၊
သူမြတ်ကျင့်ထုံး ယှဉ်းမသွေ။
လေးပါးသစ္စာ ဉာဏ်မြင် ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊
အလင်းပေါက်နိုင်စေ။
အဲဒါမှ 'ဗုဒ္ဓဝါဒ'
ကမ္ဘာ့မင်္ဂလာတွေ။

ဖုသသင့်

၁၀။ ဆင်းရဲချမ်းသာ သဘာဝ၊
တွေ့ကြုံနေကျ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တလဲစီလှဲ့ အမြဲနေ။
လောကဓံကြုံ မဖြုန်တမ်းပေါ့၊
မတုန်စမ်းနဲ့ စိတ်ခိုင်စေ။

သောကကိုထိန်း ရမ္မက်သိမ်း၊
အေးငြိမ်း ချမ်းသာနေ။
အဲဒါမှ 'ဗုဒ္ဓဝါဒ'
ကမ္ဘာ့မင်္ဂလာတွေ။

## မင်္ဂလာအကျိုးပြ

၁၁။ (၃၈)ဖြာ မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး ပန်သူတွေ။
ကြီးပွားချမ်းသာကြက်သရေတိုးလို့၊
ကောင်းကျိုးစီပွင့် တဝေဝေ။
ဘေးကင်း ရန်ကွာ ချစ်သူပေါလို့၊
စိတ်ရော ကိုယ်ရော ချမ်းသာမလေ။
ပြောဆိုကြံဆ ဆောင်သမျှ၊
အောင်ရမည်ကိန်းသေ။
အဲဒါကြောင့် ပန်ကြဆင်ကြ၊
မင်္ဂလာ့ ပန်းခိုင်တွေ။

## နိဂုံးကဗျာ

၁၂။ (၃၈)ဖြာ မင်္ဂလာတရားတို့၊
ပျက်ပြားနေကြ ကမ္ဘာမြေ။
ဟိုတိုင်း ဒီပြည် ရန်စစ်ခင်းလို့၊
လူနှင့်လူချင်း သတ်ကာနေ။

ငြိမ်းချမ်းပါစေ အာသီသနဲ့၊
စွမ်းနိုင်ရာက ကူညီသလေ။
၃၈-ပါး မင်္ဂလာတရား၊
ရေးသားဖြန့်ကာဝေ။
အဖိုးတန်တဲ့ 'ဗုဒ္ဓဝါဒ'
ကမ္ဘာက သိပါစေ။

မင်္ဂလာကဗျာပြီး၏။
ဒဂုန်-ဆရာဦးထွန်းမြင့်

# မင်္ဂလာပါဠိနှင့် မင်္ဂလာကဗျာ

| မင်္ဂလာနံပါတ် | မင်္ဂလာပါဠိ | သက်ဆိုင်ရာကဗျာပိုဒ် |
|---|---|---|
| ၁။ | အသေဝနာစ ဗာလာနံ | လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနှင့် ကင်းအောင်နေ။ |
| ၂။ | ပဏ္ဍိတာနဉ္စ သေဝနာ | ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ။ |
| ၃။ | ပူဇာစ ပူဇနေယျာနံ | သုံးပါး ရတနာ မိဘ များ နှင့် ဆရာသမားကို ပူဇော်လေ။ |
| ၄။ | ပတိရူပ ဒေသဝါသောစ | ကုသိုလ် ပညာ ဥစ္စာရဘို့၊ သင့်ရာဒေသ အမြဲနေ။ |
| ၅။ | ပုဗ္ဗေစ ကတပုညတာ | ရှေ့က တင်ကြို ပြုခဲ့ဘူးသည့်၊ ကောင်းမှုအထူး ရှိပါစေ။ |
| ၆။ | အတ္တသမ္မာ ပဏိဓိစ | မိမိ ကိုယ်ကို ကောင်းအောင် ထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်လေ။ |
| ၇။ | ဗဟုသစ္စဉ္စ | တတ်ကောင်း တတ်ရာ ဟူသမျှကို၊ ကြားမြင်သုတ ရှိပါစေ။ |
| ၈။ | သိပ္ပဉ္စ | အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့ အတတ်သင်လေ။ |

| မင်္ဂလာနံပါတ် | မင်္ဂလာပါဠိ | သက်ဆိုင်ရာကဗျာပိုဒ် |
|---|---|---|
| ၉။ | ဝိနယောစ သုသိက္ခိတော | လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာ သင်ကြားနားလည်စေ။ |
| ၁၀။ | သုဘာသိတာစ ယာဝါစာ | မှန်ကန်ယဉ်ကျေးချိုသာအေး၊ ဆိုရေးတတ်ပါစေ။ |
| ၁၁။ | မာတာပိတု ဥပဋ္ဌာနံ၊ | မြင့်မိုရ်ရွှေတောင် မိဘကြေးကို၊ ကောင်းစွာ ဆပ်ပေး ဝတ်ကျေကျေ။ |
| ၁၂။ | ပုတ္တဒါရဿ သင်္ဂဟော | ကြွေးသစ်ချကာ သားနှင့်မယား၊ မြှောက်စား ချီးမြှင့် ဝတ်ကုန်စေ။ |
| ၁၃။ | အနာကုလာစ ကမ္မန္တာ | အလုပ်တာဝန် မလစ်ဟင်းနဲ့ အပြစ်ကင်းအောင်လုပ်ပါလေ။ |
| ၁၄။ | ဒါနဉ္စ | သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်စေ။ |
| ၁၅။ | ဓမ္မစရိယာစ | ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ။ |
| ၁၆။ | ဉာတကာနဉ္စ သင်္ဂဟော | ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊ သင်္ဂဟတရားနဲ့ချီးမြှောက်လေ။ |
| ၁၈။ | အနဝဇ္ဇာနိကမ္မာနိ | သန့်စင်ပြစ်မျိုး လူထုအကျိုး၊ သည်ပိုး ရွက်ဆောင်စေ။ |
| ၁၈။ | အာရတီ(ပါပါ) | မကောင်းမှုတွေ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ။ |

| မင်္ဂလာနံပါတ် မင်္ဂလာပါဠိ | သက်ဆိုင်ရာကဗျာပိုဒ် |
|---|---|
| ၁၉။ ဝိရတိ ပါပါ | တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းနေ။ |
| ၂၀။ မဇ္ဇပါနာစ သံယမော | အရက်သေစာ မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့အရာပေ။ |
| ၂၁။ အပ္ပမာဒေါစ ဓမ္မေသု | လုပ်ကိုင်ပြောကြား သတိထား၊ တရားမမေ့စေ။ |
| ၂၂။ ဂါရဝေါစ | အသက်ဂုဏ်ဝါ ကိုယ်ထက်ကြီးက၊ ဆည်းကပ်ခစား ရိုသေသေ။ |
| ၂၃။ နိဝါတောစ | မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကို နှိမ့်ချ အမြဲနေ။ |
| ၂၄။ သန္တုဋ္ဌိစ | လောဘအပို လိုမလိုက်နဲ့၊ ကိုယ့် ထိုက်တာနဲ့ ကျေနပ်လေ။ |
| ၂၅။ ကတညုတာ | ကိုယ့်ပေါ်ပြုဘူး သူ့ကျေးဇူး၊ အထူးသိတတ်စေ။ |
| ၂၆။ ကာလေန ဓမ္မဿဝနံ | ကောင်းကျိုး ဆင့်ပွား မြတ်တရား၊ နာကြားမပြတ်ပေ။ |
| ၂၇။ ခန္တီစ | ဝတ်စား နေထိုင် ရန်ခပ်သိမ်း၊ စိတ်ကို ချုပ်ထိန်းသည်းခံလေ။ |
| ၂၈။ သောဝစဿတာ | ကျိုးကြောင်း ပြ ညွှန် ဆုံးမ စကားကို၊ ပြောကြား လာ က နာလွယ်စေ။ |
| ၂၉။ သမဏာနဉ္စ ဒဿနံ | သူမြတ်ပုဂ္ဂိုလ် ဟူသမျှ၊ မကြာ ခဏ တွေ့ဆုံလေ။ |

**မင်္ဂလာနံပါတ် မင်္ဂလာပါဠိ သက်ဆိုင်ရာကဗျာပိုဒ်**

၃၀။ ကာလေန ဓမ္မသာကစ္ဆာ သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ။

၃၁။ တပေါ စ လောကီအာရုံ ဇိမ်ယစ်မူးလို့၊ အပျော်မကျူးနဲ့ ခြိုးခြံလေ။

၃၂။ ဗြဟ္မစရိယဥ္စ မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊ သူ မြတ် ကျင့် ထုံး ယွင်း မသွေ။

၃၃။ အရိယသစ္စာန ဒဿနံ လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊ အ မှန် သိ အောင် ကြိုး စားလေ။

၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ ဒုက္ခ လွတ် ကင်း နိဗ္ဗာန် ချဉ်း၊ အလင်း ပေါက်နိုင်ပါစေ။

၃၅။ ဖုဋ္ဌဿ ဆင်းရဲချမ်းသာ သဘာဝ၊ တွေ့ကြုံနေကျလူတိုင်းပေ။

လောကဓမ္မေဟိ ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ စိတ္တံယဿ နကမ္ပတိ တလဲလဲလှဲ့အမြဲနေ။
လောကဓံကြုံ မဖြုန်တမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။

၃၆။ အသောကံ သောကကိုထိန်း။

၃၇။ ဝိရဇံ ရမ္မက်သိမ်း။

၃၈။ ခေမံ အေးငြိမ်းချမ်းသာနေ။

**မင်္ဂလာပါဠိနှင့် သက်ဆိုင်ရာကဗျာပိုဒ်ပြီး၏။**

# မင်္ဂလာစကား ပရိယာယ်များ

## ၁။ အသေဝနာစဗာလာနံ

လူမိုက်တို့ကို မပေါင်းပါ၊ ဆရာမတင်ပါ၊သူခိုးဓားပြ၊လူလိမ် လူညာ၊ လူယုတ်မာများကို ရှောင်ရှားပါသည်။ ၎င်းတို့နှင့် ကင်းအောင်နေပါသည်။ အများအကျိုးဖျက်ဆီးသူ၊ အဖျက် သမားကို လက်မခံပါ။

## ၂။ ပဏ္ဍိတာနဉ္စသေဝနာ

ပညာရှိ လူလိမ္မာတို့ကို ဆည်းကပ်သည်၊ဆရာသမားကောင်း ကို မှီခိုနေပါသည်၊ လူတော်လူကောင်းများနှင့် ပေါင်းသင်း ပါသည်၊ အမြော်အမြင်ရှိသူ ပညာရှင်ကို ခေါင်းဆောင် တင်ပါသည်။

## ၃။ ပူဇာစ ပူဇနေယျာနံ

ရတနာသုံးပါးကို ပူဇော်ပါသည်၊ အာစရိယ ပူဇော်ပွဲလုပ် ပါသည်၊ အမိအဖ အဘိုးအဘွား အကို၊အမများကို ကန်တော့ ပါသည်၊ ဘုရားပုထိုးရှိခိုးပါသည်၊ လူတော်လူကောင်းများကို ချီးမြှောက်ပါသည်၊ ဂုဏ်ပြုပါသည်။

## ၄။ ပတိရူပဒေသဝါသော စ

ကုသိုလ်ပညာ ဥစ္စာ ရသော နေရာမှာ နေပါသည်။ ရပ်ကောင်း၊ ရွာကောင်း၊ အိမ်ကောင်း၊ ကျောင်းကောင်းမှာ နေပါသည်။ ပျော်ရာမှာမနေ၊ တော်ရာမှာနေပါသည်။

## ၅။ ပုဗ္ဗေစကတပုညတာ

အလုပ်ကောင်း လုပ်ခဲ့သူ ဘုန်းရှင် ကံရှင်ဖြစ်ပါသည်။ ဥစ္စာပေါသူ၊ ရုပ်ချောသူ၊ ဉာဏ်ပညာထက်မြက်သူ၊ ယှဉ်ပြိုင်ရှုမရသူ ပါရမီရှင်ဖြစ်သည်။

## ၆။ အတ္တသမ္မာပဏိဓိစ

ကိုယ့်ကိုယ်ကို ထိန်းသိမ်းပါသည်၊ တန်ဘိုးထားပါသည်၊ နေရာတကာ မသွားပါ၊ သန့်သန့်ပြန့်ပြန့် ဝတ်စား နေထိုင်ပါသည်၊ ကျန်းမာရေးမှန်မှန်လေ့ကျင့်သည်၊ ကျောင်းမှန်မှန်တက် စာမှန်မှန်ကျက်သည်၊မိမိကိုယ်ကို လူတော်လူကောင်းဖြစ်အောင် ကြိုးစားပါသည်၊ ကောင်းမြတ်သော ရည်မှန်းချက် ထားသည်၊ တကိုယ်ကောင်းစိတ် ကင်းပါသည်။

## ၇။ ဗာဟုသစ္စဥ္စ

စာကြိုးစားသင်ယူပါသည်၊ အလိမ္မာပေး စာပေများ ဖတ်သည်၊ နေ့စဉ်သတင်းစာဖတ်သည်၊ ဟောပြောပွဲများသို့ သွားရောက်နားထောင်သည်၊ မျက်စိနှင့်နားနှင့် သင်ရသော ပညာများ တတ်မြောက်ထားပါသည်။

## ၈။ သိပ္ပဉ္စ

စက်မှုလက်မှုပညာတတ်ထားပါသည်၊အင်ဂျင်နီယာဗိသုကာ ပညာများကို သင်ယူနေပါသည်၊ ဂဏန်းသင်္ချာ တတ်ကျွမ်းပါ သည်၊ စက်ချုပ်ပန်းထိုးတတ်ပါသည်၊ ခြေနှင့် လက်နှင့် ဆိုင်ရာ ပညာများ သင်ကြားထားပါသည်။

## ၉။ ဝိနယောစသုသိက္ခိတော

စည်းကမ်းရှိသူ ဖြစ်ပါသည်၊ ဥပဒေကို နားလည်ပါသည်၊ တာဝန်နှင့် ဝတ္တရားကိုနားလည်ပါသည်၊ ရဟန်းသံဃာ လူကြီး သူမတို့နှင့် ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်ပါသည်၊ ကျင့်ဝတ် များကို ကောင်းစွာသင်ကြား နားလည် ထားပါသည်။

## ၁၀။ သုဘာသိတာစ ယာဝါစာ

အပြောအဆို ယဉ်ကျေးသူ၊ မှန်မှန်ကန်ကန် ပြောတတ်သူ၊ နူတ်ချိုသူ၊ အပြောကောင်းသူဖြစ်ပါသည်။ ဆဲဆို မပြောတတ် ပါ၊ ခင်မင်အောင် ပြောတတ်ပါသည်။

## ၁၁။ မာတာပိတုဥပဋ္ဌာနံ

မိဘနှစ်ပါးကို လုပ်ကျွေးပြုစုပါသည်၊ မိဘများကို ကူညီ ပေးပါသည်၊ မိဘများ၏ ဝေယျာဝစ္စ နေ့စဉ်ဆောင်ရွက်သူ၊ သားသမီးကျင့်ဝတ် ငါးပါးကို လိုက်နာပြုကျင့်သူ ဖြစ်ပါသည်၊ ကျေးဇူးဆပ် ကြေးဟောင်းပေးဆပ်တတ်သူ ဖြစ်ပါသည်။

## ၁၂။ ပုတ္တဒါရဿ သင်္ဂဟော

သားမယားတို့ကို ချီးမြှောက်ပါသည်၊ ကြွေးသစ် ၃ ချခြင်း ဖြစ်သည်၊ မိခင်ဖခင်တို့၏ ဝတ္တရား ကျင့်သုံးနေသူ ဖြစ်သည်၊ ကျေးဇူးရှင် ဖြစ်ပါသည်။

## ၁၃။ အနာကုလာစ ကမ္မန္တာ

မရှုပ်ထွေးရအောင် ရှင်းရှင်း အလုပ်လုပ်သည်၊ အလုပ်ကို အကြွေးမထားပါ၊ ဟိုတစ သည်တစမလုပ်ပါ၊ အနှောင့်အယှက် ကင်းအောင် စီးပွားရေး အလုပ်ကို လုပ်သည်၊ ဘိန်း-အရက် မရောင်းပါ၊ မှောင်ခိုအလုပ်မျိုး မလုပ်ပါ၊ ကောင်းရောင်း ကောင်းဝယ် တရားသဖြင့် စီးပွားရှာသည်။

## ၁၄။ ဒါနဉ္စ

ဘုရားမှာ ဆွမ်း, ရေချမ်း, ပန်းလှူပါသည်၊ ဆွမ်းလောင်းပါ သည်၊ ရေလှူပါသည်၊ ပညာသင်ကြားပါသည်၊ ငွေအိုးမြှုပ် နေပါသည်။

## ၁၅။ ဓမ္မစရိယာစ

တရားမျှတစွာ ကျင့်ကြံ ပြောဆို ပြုလုပ်ပါသည်၊ မတရားမှု မပြုလုပ်ပါ၊ တရားစောင့်သူဖြစ်ပါသည်၊ ဘယ်သူ တရားပျက် ပျက် ကိုယ်မပျက်ပါ၊ တရားလမ်းမှန်အတိုင်း ဆောင်ရွက်သူ ဖြစ် ပါသည်။

## ၁၆။ ဉာတကာနဉ္စ သင်္ဂဟော

ဆွေမျိုးများအား ပစ်ပယ်မထားပါ၊ ဆွေမျိုးတို့၏အားကိုး ရာဖြစ်ပါသည်၊ ကျေးဇူးရှင်တယောက်ဖြစ်သည်၊ ညီ/ညီမလေး

များကို စောင့်ရှောက်ပါသည်၊ တိုင်းရင်းသားချင်း ယိုင်းပင်းကူညီပါသည်။

## ၁၇။ အနဝဇ္ဇာနိကမ္မာနိ

ကျောင်းသန့်ရှင်းရေး၊ ရပ်ရွာသန့်ရှင်းရေး လုပ်ပါသည်၊ အများအတွက် ရေတွင်းရေကန် တူးပါသည်၊ ဇရပ်ဆောက် သစ်ပင်စိုက်ပါသည်၊ လူထုအကျိုး ဆောင်ရွက်သူ၊ တိုင်းပြည်အတွက် လုပ်အားပေးသူ ဖြစ်ပါသည်။

## ၁၈။ အာရတိ (ပါပါ)

ယုတ်မာမှုမှ စိတ်ဖြင့်ဝေးစွာ ကြဉ်ပါသည်၊ အကုသိုလ်လုပ်ဖို့ စိတ်မကူးပါ၊ သီလဆောက်တည် ထားပါသည်။

## ၁၉။ ဝိရတိ ပါပါ

ယုတ်မာမှုမှ (ကိုယ်နှုတ်တို့ဖြင့်) အထူးရှောင်ကြဉ်ပါသည်၊ သတ်စရာတွေလည်း မသတ်သူ၊ ခိုးစရာတွေလည်း မခိုးသူ၊ မလိမ်ညာသူ၊ တကယ်အတွေကို ရှောင်ကြဉ်သူ ဖြစ်ပါသည်။

## ၂၀။ မဇ္ဇပါနာစ သံယမော

အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ပါသည်၊ ဘိန်းမရှူပါ၊ ကဇော်ထန်းရည် မသောက်ပါ၊ ဆေးခြောက်မရှူပါ၊ မူးယစ်ထုံထိုင်း စေတတ်သည်တို့ကိုရှောင်ကြဉ်ပါသည်။

## ၂၁။ အပ္ပမာဒေါစ ဓမ္မေသု

ပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှုတွေကို အောက်မေ့အမှတ်ရ နေပါသည်၊ ကုသိုလ်လုပ်ဘို့ စိတ်ကူး နေပါသည်၊ အမြဲရော သတိရှိသူ ဖြစ်ပါသည်။

## ၂၂။ ဂါရဝေါစ

ရဟန်းသံဃာ လူကြီးသူမများကို အရိုအသေ ပေးပါသည်၊ ဆရာမိဘများရှေ့မှာ ကိုင်းညွတ်၍သွားပါသည်၊ မထိလေးစား မနေပါ၊ မခန့်လေးစား မပြောပါ၊ ခရီးဦးကြိုဆိုပါသည်၊ လူ-လူချင်း လေးစားပါသည်။

## ၂၃။ နိဝါတောစ

မာန် မာန မထားပါ၊ မာန မကြီးပါ၊ ဘဝင်မမြင့်ပေပါ၊ ရိုးရိုးသားသား ရည်ရည်မွန်မွန် ပွင့်ပွင့်လင်းလင်း နေပါသည်၊ မောက်မောက်မာမာ ဝါဝါကြွားကြွား မလုပ်တတ်ပါ။

## ၂၄။သန္တုဋ္ဌိစ

မိဘပေးသမျှနှင့် ကျေနပ်သူပါ၊ ဇိဇာမကြောင် ဂျီးမများပါ၊ ရသမျှနှင့် ရောင့်ရဲတင်းတိမ်ပါသည်။

## ၂၅။ ကတညုတာ

ဆရာမိဖများ၏ ကျေးဇူးကို သိပါသည်၊ ကိုယ့်ကို ကူညီသူကို ကိုယ်ကပြန်၍ကူညီပါသည်၊ သူ့အရိပ်ခိုလျှင် သူ့အခက် မချိုးပါ၊ ကိုယ်ထိုင်သည့်ကုလားထိုင်ကိုကိုယ်ပြန်၍မချိုးငှားပြီး ရှိသေစွာ ပြန်ပေးတတ်ပါသည်၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာ တော်ကို စောင့်သိပါသည်၊ သစ္စာမဖောက်ပါ။

## ၂၆။ ကာလေန ဓမ္မဿဝနံ

တရားစာများကို ဖတ်ရှုနေပါသည်၊ မင်္ဂလာသင်ခန်းစာ များကို ဖတ်ရှုနေပါသည်၊ မင်္ဂလာသင်တန်း တက်နေပါသည်။

## ၂၇။ ခန္တီစ

ဒေါသမကြီးပါ၊ စိတ်ရှည်ပါသည်၊ ရန်မလိုပါ၊ အာဃာတ မထားပါ၊ ခွင့်လွှတ်တတ်ပါသည်၊ သဘောထားကြီးပါသည်၊ အသေခံဝံ့ပါသည်၊ ရဲစွမ်းသတ္တိရှိပါသည်၊ အဆဲခံနိုင်ပါသည်။

## ၂၈။ သောဝစဿတာ

ဆရာမိဖစကားကို နားထောင်သူ ဖြစ်ပါသည်၊ ပြောလိုက် လျှင် နှုတ်ဝင်း မစူပါ၊ ဆင်ခြေ မတက်ပါ၊ ထိုင်ဆို ထိုင် ထ ဆိုက ပြောသမျှ နာခံပါသည်။ အမိန့်ကိုနာခံသူ၊ အမှားကို လျှော်ကျူစွာ ဝန်ခံတတ်သူ ဖြစ်ပါသည်။

## ၂၉။ သမဏာနဉ္စဒဿနံ

ကုန်ကြွေသိက္ခာရှိသော ရဟန်းတော်များကို ဖူးမြော်ကြည်ညိုပါ သည်၊ သက်တော် ဝါတော်ကြီးသော ဆရာတော်ကြီးများဃ် သွားရောက်ဖူးမျှော်ပါသည်၊ သံဃာတော်များ ကြွလာသည် ကို မြင်ရပါသည်၊ သံဃာ့ဂုဏ် အာရုံပြု၍ ဖူးပါသည်။

## ၃၀။ ကာလေန ဓမ္မသာကစ္ဆာ

မသိတာကို မေးမြန်းပါသည်၊ နားမလည်တာများကို ဆရာ အား မေးပါသည်၊ ဆရာမေးတာ ဖြေပါသည်၊ ဆွေးနွေးပွဲ လုပ်နေပါသည်။

## ၃၁။ တပေါစ

ပွဲလမ်းသဘင်များကို မကြည့်ပါ၊ အပျော်အပါးမလိုက်စား ပါ၊ ဥပုသ်စောင့်နေပါသည်၊ ပုတီးစိပ်နေပါသည်၊သက်သတ် လွတ် စားရပါသည်၊ ကမ္မဋ္ဌာန်းထိုင်နေပါသည်။

## ၃၂။ ဗြဟ္မစရိယဥ္စ

မေထုန်ကြီးငယ်ကိုရှောင်ကြဉ်ထားပါသည်၊ အချစ်အကြိုက် ကို ရှောင်ထားပါသည်၊ မေတ္တာပွားများနေပါသည်၊ တရား အားထုတ်နေပါသည်၊ ကြွင်းမဲ့ဥသျှံ-လုံးစုံများစွာ၊သတ္တဝါတို့ ကြည်သာအမြဲ ဘေးရန်လွဲ၍ ကိုယ်လဲချမ်းသာ စိတ်ချမ်းသာ၊ သာယာအေးမြ ရှိပါစေ၊ ဝိပဿနာ ရှုနေပါသည်။

## ၃၃။ အရိယသစ္စာနဒဿနံ

သစ္စာလေးပါး မြတ်သောတရားကို သိမြင်ပါသည်၊တကယ် အမြင်မှန် ရပါပြီ၊ တကယ်ပညာရှင် ဖြစ်ပါပြီ။

## ၃၄။ နိဗ္ဗာန သစ္ဆိကိရိယာစ

ရဟန္တာဖြစ်သွားပါပြီ၊ တကယ် အေးငြိမ်းသူ ထာဝရ ငြိမ်းချမ်းရေးရသူ မောဟကင်းသူဖြစ်ပါသည်၊ နိဗ္ဗာန်ချမ်းသာ ကို လက်တွေ့ခံစားနေသူ ဖြစ်ပါသည်။

## ၃၅၊ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ

လောကဓံကြုံလည်း၊ စိတ်မတုန်လှုပ်တော့ပါ၊ အကောင်းနှင့် ကြုံလျှင်လည်း ဝမ်းမသာ၊ အဆိုးနှင့်ကြုံလျှင်လည်း ဝမ်းမနည်း တော့ပါ၊ လောကဓံကြံ့ကြံ့ ခံနိုင်သူ ဖြစ်သွားပါပြီ။

**၃၆။ အသောကံ**

စိုးရိမ်ပူဆွေးမှု မရှိပါ၊ ထာဝရ နှလုံးသား အေးမြနေပါသည်၊ ကြောက်ရွံ့ထိတ်လန့်နေမှု၊ ငိုကြွေးမှု၊ ပူဆွေးမှု လုံးဝမရှိတော့သူ ဖြစ်ပါသည်။

**၃၇။ ဝိရဇံ**

ကိလေသာရမ္မက် မှုမရှိတော့ပါ၊ တပ်မက်ခြင်း၊လိုချင်ခြင်း လုံးဝ မရှိသူ ဖြစ်သွားပါပြီ။

**၃၈။ ခေမံ**

ဘေးရန်လည်း မရှိတော့ပါ၊ ဘေးကင်းရှင်းသွားသူ ဖြစ်သွားပြီ၊ နှောင်ကြိုးမဲ့သူ ဖြစ်သွားပါပြီ။

(မင်္ဂလာစကား ပရိယာယ် ပြီး၏)။

# မင်္ဂလာ ပရိယာယ် ဉာဏ်စွမ်း
## လေ့ကျင့်ခန်း

**အောက်ပါ ပုဂ္ဂိုလ်တို့၌ အဘယ်မင်္ဂလာများပြည့်စုံ(သို့မဟုတ်) ပျက်သနည်း။**

| | | |
|---|---|---|
| ၁။ | အချိန်မှန်မှန် စာကြိုးစားသူ | ၆ |
| ၂။ | လမ်းသူရဲနှင့်ပေါင်းသူ | ၁ |
| ၃။ | အပြောအဆို ရိုင်းစိုင်းသူ | ၁၀ |
| ၄။ | မိဘ ဘိုးဘွား ဆရာများ ကန်တော့သူ | ၃ |
| ၅။ | အနေအထိုင်မတတ်သူ | ၉ |
| ၆။ | လူတော် လူကောင်းနှင့်ပေါင်းသူ | ၂ |
| ၇။ | ဆရာကောင်း သမားကောင်း ဆည်းကပ်သူ | ၂ |
| ၈။ | စိတ်ကောင်းထားသူ | ၆ |
| ၉။ | ရုပ်ရည်လှပသူ | ၅ |
| ၁၀။ | ဉာဏ်ကောင်းသူ | ၅ |
| ၁၁။ | ပစ္စည်းဥစ္စာ ပေါများသူ | ၅ |
| ၁၂။ | စကားတတ်သူ | ၁၀ |
| ၁၃။ | ပျော်ရာမနေ တော်ရာမှာနေသူ | ၄ |
| ၁၄။ | အသိပညာရှင် | ၇ |
| ၁၅။ | အတတ်ပညာရှင် | ၈ |
| ၁၆။ | နေ့စဉ်သတင်းစာဖတ်သူ | ၇ |

၁၇။ စက်ချုပ် ဇာထိုး ပန်းထိုးတတ်သူ ၈
၁၈။ ပန်းချီ ပန်းပု ပညာတတ်သူ ၈
၁၉။ ကျောင်းစည်းကမ်း ရှိသေသူ ၉
၂၀။ တရားဥပဒေ ရှိသေသူ ၉-၂၂
၂၁။ မိဘကို အကူအညီပေးသူ ၁၁
၂၂။ ဝေယျာဝစ္စ ဆောင်ရွက်သူ ၁၇
၂၃။ နေပုံ ထိုင်ပုံ စနစ်ရှိသူ ၉
၂၄။ အပြောအဆို ယဉ်ကျေးသူ ၁၀
၂၅။ အလုပ်ဝတ္တရား အချိန်မှန် ကြိုးစားသူ ၁၃
၂၆။ အကျင့်စာရိတ္တ ပျက်သူ ၁၈၊ ၁၉၊ ၂၀
၂၇။ လာဘ်ပေးသူ ၁၃၊ ၉
၂၈။ လာဘ်ယူသူ/လာဘ်စားသူ ၉၊ ၂၄
၂၉။ အရက်သောက်၊ ဘိန်းစားသူ ၂၀
၃၀။ လမ်းသူရဲ ၆၊ ၉၊ ၂၈
၃၁။ အပြောဆိုးသူ ၁၀
၃၂။ အဂတိလိုက်စားသူ ၆၊ ၉၊ ၁၅၊ ၂၄၊ ၂၇
၃၃။ နွားကိုခိုင်းပြီးမှ သတ်စားသူ ၂၅
၃၄။ ဆရာမိဘကို မရိုသေသူ ၂၂
၃၅။ ဆိုးမစကား လိုက်နာသူ ၂၈
၃၆။ ကုသိုလ်ပြုလုပ်ရန် နေ့စဉ်အမှတ်ရသူ ၂၁
၃၇။ သဘောထားကြီးသူ ၂၇
၃၈။ ရန်ဖြစ်တတ်သောကျောင်းသား ၂၇
၃၉။ စာမသင်ချင်သော ကျောင်းသား ၆
၄၀။ ကျောင်းပြေး ကျောင်းလစ်သူ ၆၊ ၇၊ ၈၊ ၉

၄၁။ အများအကျိုးဆောင်ရွက်သူ ၁၇
၄၂။ ကျောင်းမှန်မှန်တက်သူ ၆
၄၃။ ဆရာမိဘစကား နားမထောင်သူ ၂၈
၄၄။ မတရားနည်းဖြင့် ပစ္စည်းမလိုချင်သူ ၁၃၊ ၂၄
၄၅။ သူတပါး စွပ်စွဲကဲ့ရဲ့ ဆဲရေးခြင်းကို ခံနိုင်သူ ၂၇
၄၆။ ဆုံးမရခက်သူ အဆုံးအမ မခံသူ ၂၈
၄၇။ စိတ်ဆိုးတတ်သူ ၂၇
၄၈။ သတိတရား လက်ကိုင်ထားသူ ၂၁
၄၉။ ငါးပါးသီလမြဲသူ ၁၈၊ ၁၉၊ ၂၀
၅၀။ မကောင်းမှုမှ ရှောင်ကြဉ်သူ ၁၈၊ ၁၉
၅၁။ ကျေးဇူးသိတတ် မမေ့တတ်သူ ၂၅
၅၂။ မာန်မာန မရှိသူ ၂၃
၅၃။ ဝင့်ဝါပလွှားခြင်းကင်းသူ ၂၃
၅၄။ လောဘကြီးသူ ၂၄
၅၅။ ဒေါသကြီးသူ ၂၇
၅၆။ မာနကြီးသူ ၂၃
၅၇။ လူလိမ် လူညာ ၁၀၊ ၁၅၊ ၁၈၊ ၁၉
၅၈။ ပရိသတ်ထဲ ကိုးယိုးကားယားထိုင်သူ ၉
၅၉။ မိဖကို အမျိုးမျိုး ပူဆာသူ ၂၄
၆၀၊ ဆော့ကြွားကြွားနိုင်သူ၊ ဘဝင်မြင့်သူ ၂၃
၆၁။ ဝင့်ဝါပလွှား ခြေဖျားထောက်သူ ၂၃
၆၂။ ကိုယ့်ကိုယ်ကို အထင်ကြီးနေသူ ၂၃
၆၃။ ညစဉ်ဘုရားရှိခိုးသူ ၃၊ ၂၁
၆၄။ နေ့စဉ် သံဃာဆွမ်းလောင်းသူ ၁၄

၆၅။ သမ္မာအာဇီဝဲဖြင့် အသက်မွေးသူ ၁၃

၆၆။ အမျိုးသားအချင်းချင်း ယိုင်းပင်းကူညီသူ ၁၆

၆၇။ ဥပုသ်စောင့်သူ ၁၈၊ ၁၉၊ ၂၀၊ ၃၁၊ ၃၂

၆၈။ တရားအားထုတ်သူ ၃၂

၆၉။ မေတ္တာပွားများနေသူ ၃၂

၇၀။ သက်သတ်လွတ်စားသူ ၃၁

၇၁။ ပုတီးစိပ်သူ ၃၁

၇၂။ စည်းကမ်းရှိသူ ၉

၇၃။ ဇွဲသတ္တိမရှိသူ ၂၇၊ ၁၁

၇၄။ သစ္စာဖောက်တတ်သူ ၁၅၊ ၂၅

၇၅။ အပျော်အပါး ဝါသနာပါလွန်းသူ ၂၁၊ ၃၁

၇၆။ ဖြစ်သလို နေတတ် စားတတ်သူ ၂၄

၇၇။ ဖြစ်ကတတ်ဆန်း နေတတ် စားတတ်သူ ၆

၇၈။ အမိအဖကို လုပ်ကျွေးပြုစုသူ ၁၁

၇၉။ သားမယားကို တရားသဖြင့် ရှာကျွေးသူ ၁၂

၈၀။ သီလရှိသူ (သီလရှင်) ၁၈၊ ၁၉၊ ၂၀၊ ၃၁၊ ၃၂

၈၁။ ကျေးဇူးရှင် ၁၂၊ ၁၄၊ ၁၆၊ ၁၇

၈၂။ ပညာရှင် ၇၊ ၈၊ ၃၃

၈၃။ ဘုန်းကံရှင် ၅

၈၄။ အဝေဖန် မခံတတ်သူ ၂၇၊ ၂၈

၈၅။ သူတော်ကောင်းသူ ၁၅

၈၆။ [illegible]ကြိုး[illegible]ရှိလုပ်သူ ၂၈

၈၇။ အ[illegible] နေ့ခံတတ်သူ ၂၈

[illegible] ၁၅

| | | | |
|---|---|---|---|
| ၈၉။ | သမ္မာသမတ်ရှိသူ | | ၃၂ |
| ၉၀။ | ကမ္မဋ္ဌာန်းထိုင်သူ | | ၁၅ |
| ၉၁။ | သားသမီးမဆုံးမသောမိဖ | | ၁၂ |
| ၉၂။ | မိဖမလုပ်ကျွေးသောသားသမီး | | ၁၁ |
| ၉၃။ | အလုပ်ပျင်းသောယောကျ်ား | | ၁၃ |
| ၉၄။ | ဆွေမျိုးများပြစ်ပယ်ထားသူ | | ၁၆ |
| ၉၅။ | လူထုအကျိုး ဆောင်ရွက်သူ | | ၁၇ |
| ၉၆။ | တိုင်းပြည်အတွက် လုပ်အားပေးသူ | | ၁၇ |
| ၉၇။ | မိမိကိုယ်ကိုကောင်းအောင်ကြိုးစားသူ | | ၆ |
| ၉၈။ | မိမိအတန်း မိမိကျောင်းကောင်းအောင် ကြိုးစားသူ | | ၆၊၁၇ |
| ၉၉။ | အကျင့်စာရိတ္တကောင်းသူ | | ၁၈၊၁၉၊၂၀ |
| ၁၀၀။ | ကျောင်းသား | ) | ၂ |
| ။ | ဆရာ | ) | ၇၊၁၀ |
| ။ | မိဖ | ) | ၁၂ |
| ။ | နိုင်ငံရေးသမား | )သင့်တော်ရာ | ၁၇ |
| ။ | ရဟန်းတော်များ | )တခုစီထုတ် | ၃၁ |
| ။ | လုပ်သားပြည်သူ | ) | ၁၃ |
| ။ | အစိုးရ | ) | ၁၅ |
| ။ | ဆင်းရဲသား | ) | ၁၃ |
| ။ | သဌေးသူကြွယ် | ) | ၁၄ |
| ။ | သူတော်သူမြတ် | ) | ၃၂ |
| ၁၀၁။ | ပြည်သူပိုင်ပစ္စည်းဖျက်ဆီးသူ | | ၆၊၉၊၁၅၊၁၇၊ |
| ၁၀၂။ | လူလိပ်ခံရသူ | | ၇-ချို့တဲ့သည်။ |

## အောက်ပါစကားတို့၌ အဘယ်မင်္ဂလာများပြည့်စုံ (သို့မဟုတ်) ပျက်သနည်း

| | | |
|---|---|---|
| ၁။ | လမ်းသူရဲ ဂျပိုးသူခိုးနှင့် ပေါင်းခြင်း | း |
| ၂။ | ပညာလည်းတော် စိတ်ကောင်းလည်းရှိသူနှင့် ပေါင်းခြင်း | |
| ၃။ | လူတိုးလူမိုက် ဒုစရိုက်အိုးတို့ကို ဝိုင်းပယ်ခြင်း | ၁ |
| ၄။ | မိတ်ဆွေကောင်းရှိခြင်း | ၂ |
| ၅။ | ထကြွလုံ့လ ဝိရိယရှိခြင်း | ၆ |
| ၆။ | ပြည်သူ့နီတိကို တတ်သိနားလည်ခြင်း | ၉ |
| ၇။ | ပညာကို ကြိုးစားသင်ယူခြင်း | ၆၊၇၊၈ |
| ၈။ | စာကြိုးစားသင်ယူခြင်း | ၆၊၇ |
| ၉။ | စီးပွားကိုကြိုးစားရှာခြင်း | ၁၃ |
| ၁၀။ | ငါးပါးသီလ စောင့်ထိန်းခြင်း | ၁၈၊၁၉၊၂၀ |
| ၁၁။ | ၈-ပါးသီလထိန်းခြင်း၊ ဥပုသ်စောင့်ခြင်း | ၁၈ ၁၉-၂၀-၃၁-၃၂ |
| ၁၂။ | ပျော်ရာမှာမနေ တော်ရာမှာနေခြင်း | ၄ |
| ၁၃။ | အနေအထိုင်တတ်ခြင်း | ၉ |
| ၁၄။ | အပြောအဆိုတတ်ခြင်း | ၁၀ |
| ၁၅။ | ဂုံးချောခြင်း ဂုံးတိုက်ခြင်း | ၁၀၊၁၅၊၁၈၊၁၉ |
| ၁၆။ | ဆဲရေးခြင်း | ၎င်း |
| ၁၇။ | အတင်းအဖျင်းပြောခြင်း | ၎င်း |
| ၁၈။ | မာနကြီးခြင်း | ၂၃ |
| ၁၉။ | လောဘကြီးခြင်း | ၂၄ |

၂၀။ ဒေါသ မကြီးခြင်း ၂၇
၂၁။ အနေအထိုင် ယဉ်ကျေးခြင်း ၉
၂၂။ ကျေးဇူး သိတတ်ခြင်း ၂၅
၂၃။ အပြောအဆို ချိုသာခြင်း ၁၀
၂၄။ လူထုအကျိုးဆောင်ရွက်ခြင်း ၁၇
၂၅။ ယုတ်မာမှုမှ ရှောင်ကြဉ်ခြင်း ၁၈၊ ၁၉
၂၆။ အရက်သမား၊ဖဲသမားပေါသောအရပ်၌နေထိုင်ခြင်း ၄
၂၇။ ဆရာမိဘကို ရိုသေခြင်း ၂၂
၂၈။ အများအကျိုးဆောင်ခြင်း ၁၇
၂၉။ တရားမျှတစွာ ကျင့်ကြံပြောဆို ပြုလုပ်ခြင်း ၁၅
၃၀။ တရားမျှကသော အကျင့်ကိုကျင့်ခြင်း ၁၅
၃၁။ မတရားမလုပ်ခြင်း ၁၅
၃၂။ မယုတ်မာခြင်း ၁၈၊ ၁၉
၃၃။ တရားသဖြင့် စီးပွားရှာခြင်း ၁၃
၃၄။ ညစဉ်ဘုရားရှိခိုးခြင်း ၃၊ ၂၁
၃၅။ စာပေပညာ သင်ကြားခြင်း ၇
၃၆။ လက်မှုပညာသင်ခြင်း ၈
၃၇။ ကိုယ်ကျင့်တရားကောင်းခြင်း ၁၈၊၁၉၊၂၀
၃၈။ သက်သတ်လွတ်စားခြင်း ၃၁
၃၉။ ပုတီးစိပ်ခြင်း ၃၁
၄၀။ တရားအားထုတ်ခြင်း ၃၂
၄၁။ ကမ္မဋ္ဌာန်းထိုင်ခြင်း ၃၂
၄၂။ မေတ္တာပို့ ရှောင်ခြင်း ၃၂
၄၃။ စည်းကမ်းရှိခြင်း၊ တာဝန်သိခြင်း ၉

၄၄။ အလုပ်တာဝန်ကို ရိုသေခြင်း ၁၃
၄၅။ သူတပါးအပြစ်ကို ခွင့်လွှတ်တတ်ခြင်း ၂၇
၄၆။ မကောင်းမှုကို မပြုလုပ်ခြင်း ၁၀၊ ၁၉
၄၇။ သီလဆောက်တည်ခြင်း ၁၈၊၁၉၊၂၀၊၃၁၊၃၂
၄၈။ မိမိကိုယ်ကို လူတော် လူကောင်း
ဖြစ်အောင် ကြိုးစားခြင်း ၆
၄၉။ အပြစ်ကင်းသော အလုပ်ကို လုပ်ခြင်း ၁၇
၅၀။ အလုပ်ကို သေသေသပ်သပ်လုပ်ခြင်း ၁၃
၅၁။ လူလူချင်း လေးစားခြင်း ၂၂
၅၂။ မာန်မာန မထားခြင်း ၂၃
၅၃။ ရသင့်သည်ထက် ပိုမလိုချင်ခြင်း ၂၄
၅၄။ ပိမိလုပ်အားနှင့် တန်ရုံသာ အလိုရှိခြင်း ၂၄
၅၅။ အမှားကို ဝန်ခံလွှယ်ခြင်း ၂၈
၅၆။ တိုင်းပြည်အတွက် လုပ်အားပေးခြင်း ၁၇
၅၇။ ရပ်ရွာ ကျောင်းသန့်ရှင်းရေးလုပ်ခြင်း ၁၇
၅၈။ ဘုရားဆွမ်း၊ရေချမ်း၊ပန်း၊ဆီမီး ကပ်လှူခြင်း ၃၊၁၄
၅၉။ အာစရိယ ပူဇော်ပွဲလုပ်ခြင်း ၃
၆၀။ မိကောင်း ဖခင် သားသမီး ဖြစ်ရခြင်း ၅
၆၁။ အဆင်းလှခြင်း ၅
၆၂။ ကိုယ့်ကိုယ်ကို တန်ဘိုးထားခြင်း၊ထိန်းသိမ်းခြင်း ၆
၆၃။ ကြီးသူကို ရိုသေ ၂၂
။ ရွယ်တူကို လေးစား ၂၂
။ ငယ်သူကို သနား ၂၇
၆၄။ ကျန်းမာရေး မှန်မှန်လေ့ကျင့်ခြင်း ၆

၆၅။ နေ့စဉ်သတင်းစာဖတ်ခြင်း ၇
၆၆။ သူငယ်ချင်းက ဆဲသော်လည်း ပြန်မဆဲခြင်း ၂၇
၆၇။ ဆင်းရဲသော ဦးလေးအား ပုဆိုး အင်္ကျီဝယ်ပေးခြင်း ၁၄
၆၈။ ပဲပြုတ်ရလျှင် ပဲပြုတ်နှင့်သာ စားခြင်း ၂၄
၆၉။ မုန့်ဘိုးတကျပ်ရလျှင် တမတ်သာစားခြင်း ၂၄
၇၀။ အိပ်ရာဝင် အိပ်ရာထ ဘုရားရှိခိုးရန်မမေ့ခြင်း ၂၁
၇၁။ ရဟန်းသံဃာမြင်လျှင် လက်အုပ်ချီခြင်း ၂၂၊၂၃
၇၂။ ဘုရားရုပ်ပွားမြင်လျှင် ဘိနပ်ချွတ်ခြင်း ၂၂
၇၃။ အမျိုးသားအချင်းချင်း ကူညီယိုင်းပင်းခြင်း ၁၆
၇၄။ မရှိဆင်းရဲသူတို့အား အဝတ်အထည်
စာအုပ် ခဲတန်လှူခြင်း ၁၄
၇၅။ ဝင့်ဝါပလွှားမှု မရှိခြင်း ၂၃
၇၆။ မိဘအား အကူအညီပေးခြင်း ၁၁
၇၇။ တကိုယ်ကောင်း မဆန်ခြင်း ၆
၇၈။ သူတပါး နှမသားချင်းကိုမစ မနောက်ပြောင်ခြင်း ၆
၇၉။ ကျောင်းမှန်မှန်တက် စာမှန်မှန်ကျက်ခြင်း ၆
၈၀။ ကိုယ်ချင်းစာခြင်း ၆
၈၁။ စိတ်ကောင်းထားခြင်း ၆
၈၂။ အိပ်ယာမှ အချိန်မှန်မှန်ထခြင်း၊
အချိန်မှန်မှန်အိပ်ခြင်း ၆
၈၃။ သွားယင်းလာယင်း
ဆင်းရဲဒုက္ခရောက်သူများအား ကူညီခြင်း ၁၇
၈၄။ မေတ္တာပွားများခြင်း ၃၂
၈၅။ မျက်နှာမလိုက် ဘက်မလိုက်ခြင်း ၁၅

၈၆။ အကျင့်စာရိတ္တကောင်းခြင်း ၁၈၊ ၁၉၊ ၂၀
၈၇။ ကိုယ်ကျင့်တရားပျက်ခြင်း ၎င်း
၈၈။ ပညာရှင် ဆရာများထံ၌ ကျောင်းသူကျောင်းသားများ ပညာသင်ယူခြင်း ၂၊ ၇၊ ၈
၈၉။ အလုပ်ကိစ္စ မခိုမကပ် လုပ်ကိုင်ခြင်း ၁၃
၉၀။ စံပြကျောင်းသား ရွေးချယ်ရာ၌ ရွေးချယ်သင့်သူကိုသာ ရွေးချယ်ခြင်း ၃
၉၁။ ဆွေးနွေးပွဲလုပ်ခြင်း ၃၀
၉၂။ ဆရာမိဘကို ကန်တော့ခြင်း ၃
၉၃။ နေ့စဉ်ဆွမ်းလောင်းခြင်း ၁၄
၉၄။ ဘတ်စ်ကားပေါ်၌ ရဟန်း သံဃာနှင့် သက်ကြီးရွယ်အိုတို့အား မိမိနေရာမှ ထပေးခြင်း ၉၊ ၁၄၊ ၂၂
၉၅။ ချွေတာစုဆောင်းခြင်း ၂၄၊ ၃၁
၉၆။ အသုံးအဖြုန်းကြီးခြင်း ၂၄၊ ၃၁
၉၇။ ပွဲလမ်းသဘင်ကို မကြည့်ရှုခြင်း ၃၁
၉၈။ ရဟန်း သံဃာ ကြုံလာပါက အမြင့်မှဆင်း၍ ပေးခြင်း ၉၊ ၂၂၊ ၂၃
၉၉။ (ငါကို အကြောင်းပြု၍ သူတပါး စိတ်နှလုံးကောင်းကြပါစေ) ဟူသောစိတ်မျိုး အမြဲထားခြင်း ၉

**မှတ်ချက်။** ။ဤအဖြေမှန်များသည် ယေဘုယျသဘောမျှသာ ဖြစ်သည်။

မင်္ဂလာပရိယာယ် ဥာဏ်စမ်းလေ့ကျင့်ခန်းပြီး၏။

အရှင်ကေသဝ (ဘုံကျော်)

# မင်္ဂလာ မေးခွန်းနှင့် အဖြေ

မေး။ ။ကောလဟာလ ငါးမျိုးဟူသည် အဘယ်နည်း၊ ၎င်း အဓိပ္ပာယ် ရှင်းလင်း ဖြေဆိုခဲ့ပါ။

ဖြေ။ ။**ကောလဟာလ ငါးမျိုးဟူသည်**

၁။ ကပ္ပကောလဟာလ။

၂။ စက္ကဝတ္တိ ကောလဟာလ။

၃။ မင်္ဂလာ ကောလဟာလ။

၄။ ဗုဒ္ဓ ကောလဟာလ။

၅။ မောနေယျ ကောလဟာလ တို့ဖြစ်ပါသည်။

လူအများ အုတ်အုတ်ကျက်ကျက် ဆူညံမှုဖြစ်ခြင်းကို ကောလဟာလဟု ခေါ်ဆိုသည်။ ယင်းကောလဟာလ ငါးမျိုးတို့တွင်–

၁။ ကာမာဝစရနတ်(လောကဗျူဟာနတ်)တို့သည်၊ဆံပင် ဖရိုဖရဲကျကာ ငိုကျွေးသောမျက်နှာ ရှိကုန်သည်ဖြစ်၍၊ လက်တို့ဖြင့် မျက်ရည်များ သုတ်ကြလျက်၊ အနီရောင် အဝတ်တန်းဆာများ ဝတ်ဆင်ကြပြီး၊ အလွန်ပူပန်သော အသွင်အပြင်များဖြင့်၊ "ဤနေ့မှ နောက် အနှစ်တသိန်း အကြာတွင် လူတို့နေရာ ကမ္ဘာမြေပြင်မှ၊ ဗြဟ္မာ့ပြည်တိုင်အောင်သော ကမ္ဘာကြီးတခုလုံးသည် ပျက်စီးပါလိမ့်မည်၊ မေတ္တာ–ကရုဏာ ဗြဟ္မစိုရ်တရား ပွားများကြပါ၊ မိဘလုပ်ကျွေးပြုစုကြပါ၊ မမေ့မလျော့ နိုးနိုးကြားကြား ကုသိုလ်တရား ပွားများကြပါ"ဟု လူ့ပြည်ခရီးမှာ လှည့်လည်ကြွေးကြော် အုတ်အော်သောင်းသင်း ဖြစ်မှုသည် (**ကပ္ပကောလဟာလ**) မည်၏။

၂။ ကာမာဝစရနတ်(လောကဗျူဟာနတ်)တို့သည်၊ "ဤနေ့မှ နောက်အနှစ်တရာ ပြည့်မြောက်လျှင်၊ စကြာမင်း (ကမ္ဘာ့လူထုကို ငါးပါးသီလ ဥပဒေ ငါးချက်ဖြင့် အုပ်ချုပ်သောမင်း) ကောင်း မင်းမြတ် ပေါ်ထွန်းပါလိမ့်မည်"ဟု လူ့ပြည်ခရီးမှာ လှည့်လည် ကြွေးကြော် အုတ်အော်သောင်းသင်း ဖြစ်မှုသည် (**စက္ကဝတ္တိကောလာဟလ**) မည်၏။

၃။ သုဒ္ဓါဝါသ ဗြဟ္မာတို့သည်၊ လူတို့၏ စိတ်သဘောထားကို သိကြ၍ "ဤနေ့မှနောက် ၁၂-နှစ်အကြာတွင် 'မင်္ဂလာ' အစစ် ဗုဒ္ဓဘုရားရှင်က ထုတ်ဖော် ဟောကြားလိမ့်မည်"ဟု လူ့ပြည်လောက ခရီးလမ်းမတို့မှာ လှည့်လည် ကြွေးကြော် အုတ်အော်သောင်းသင်းဖြစ်ခြင်းသည်(**မင်္ဂလာကောလာဟလ**)မည်၏။

၄။ သုဒ္ဓါဝါသ ဗြဟ္မာတို့က ဗုဒ္ဓ၏ ဂုဏ်တော်များ ရွတ်ဆိုပြလျက်၊ "ဤနေ့မှနောက် အနှစ်တထောင် ပြည့်မြောက်လျှင် လောကထွတ်ထား သဗ္ဗညုဘုရား ပေါ်ထွန်းလိမ့်မည်"ဟု လူ့ပြည်လောက ခရီးလမ်းမတို့မှာ လှည့်လည် ကြွေးကြော် အုတ်အော်သောင်းသင်း ဖြစ်ခြင်းသည် (**ဗုဒ္ဓကောလာဟလ**) မည်၏။

၅။ သုဒ္ဓါဝါသ ဗြဟ္မာတို့ကပင်၊ "ဤနေ့မှနောက် (၇) နှစ်အကြာတွင်၊ ရဟန်းတပါးသည် မြတ်စွာဘုရားအား၊ မောနေယျအကျင့် မေးမြန်း လျှောက်ထား၍၊ ကျင့်ပါလိမ့်မည်" ဟု လူ့ပြည်လောက ခရီးလမ်းမတို့မှာ လှည့်လည်ကြွေးကြော် အုတ်အော်သောင်းသင်း ဖြစ်ခြင်းသည် (**မောနေယျ ကောလာဟလ**) မည်၏။

**မှတ်ချက်**။ ။မောနေယျ အကျင့်ကျင့်သူသည် ဘုရားတဆူမှာတပါးသာ ရှိသည်။

**ဆောင်။** ။ကပ္ပ + ကြော + မင်္ဂလာ၊ ဗုဒ္ဓါ၊ မောနေယျ။
တသိန်း, ဝါရာ၊ ဆဲ့နှစ်ပါ၊ ထောင်လာ, ဂုနစ်စဉ်
မှတ်ကြ။

အုတ်အုတ် ကျက်ကျက်၊ ဆူညံလျက်၊ မှတ်ချက် ကောလ
ဟလ။

**မေး။** ။"ယံမင်္ဂလံ ဒွါဒသဟိ" စသော နှစ်ဂါထာကို ဘာ ဂါထာ ခေါ်သည်ကို ရေး၍ ထိုနှစ်ဂါထာသည် ဘုရားဟော ဟုတ်ပါသလား၊ အဘယ်ပုဂ္ဂိုလ်များက အဘယ်အကျိုးငှာ ထည့်ထားပါသနည်း။

**ဖြေ။** ။"ယံမင်္ဂလံ ဒွါဒသဟိ"စသောနှစ်ဂါထာကို အမှန်းတင် ဂါထာဟု ခေါ်ပါသည်။ ထိုနှစ်ဂါထာသည် ဘုရားဟော မဟုတ်ပါ၊ ရှေးဆရာကြီးများက မင်္ဂလသုတ်ကို ရွတ်ဘျင်လာအောင်၊ ရွတ်ဆိုရာ၌လည်း ရှင်မြူးအားတက် ရှိကြစေရန် အကျိုးငှာ ထည့်ထားပါသည်။

**မေး။** ။အဘယ်ကို မင်္ဂလာဟု ခေါ်၍၊ အဘယ်ကို မင်္ဂလသုတ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ။ကြီးပွားချမ်းသာခြင်း၏ အကြောင်း ဖြစ်သော အလုပ်ကို 'မင်္ဂလာ' ဟု ခေါ်၍၊ ကြီးပွား ချမ်းသာ ကြောင်းဖြစ်သော မင်္ဂလာအလုပ်များကို ပြထားသော တရားတော်ကို 'မင်္ဂလသုတ်' ဟု ခေါ်သည်။

**တနည်း။** ။မကောင်းမှုကို ဖြတ်တောက် ဖျက်ဆီး ခြင်း ကို **'မင်္ဂလာ'** ဟု ခေါ်ပါသည်။ မကောင်းမှုများ ဖြတ်တောက် ဖျက်ဆီးကြောင်း (ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံနိုင်ရန်)ညွှန်ပြထားသော တရားတော်ကို **'မင်္ဂလသုတ်'**ဟုခေါ်ပါသည်။

**မေး။** ။မင်္ဂလာပြဿနာကို မည်သို့မည်ပုံ ငြင်းခုံကြပြီး၊မည်မျှကြာမှ မည်သူက မည်သူ့ထံ မည်သူ့ကိုလျှောက်ထား တောင်းပန်စေ၍ မင်္ဂလာပြဿနာ ပြီးပြတ်ခဲ့ပုံ ရှင်းပြဖြေဆိုပါ။

**ဖြေ။** ။မင်္ဂလာပြဿနာကို လူလောကမှ အချို့သောသူတို့က နံနက်စောစော အိပ်ရာမှ ထသော် ပုပတင့်တယ်သော အရာဝတ္ထုကို မြင်ရလျှင် မင်္ဂလာဟု ဆိုကြသည်။ အချို့သော သူတို့က နံနက်စောစော အိပ်ရာမှထသော် သာသာယာယာ ကောင်းသော အသံများ ကြားရလျှင် မင်္ဂလာဟု ဆိုကြသည်။ အချို့သော သူတို့က နံနက်စောစော အိပ်ရာမှ ထသော် ကောင်းသောရနံ့၊ကောင်းသောအရသာ၊ ကောင်းသော အဖိအတွေ့နှင့် တွေ့ကြုံရလျှင် မင်္ဂလာဟု ဆိုကြသည်။ ဤသို့ ဒိဋ္ဌ မင်္ဂလာအုပ်စု၊ သုတ မင်္ဂလာအုပ်စု၊ မုတ မင်္ဂလာအုပ်စုအားဖြင့် အုပ်စုကြီး သုံးစုကွဲကာ လူ့ပြည်၌ ငြင်းခုံကြရုံမက၊ နတ်ပြည်၊ ဗြဟ္မာပြည်အထိ အုပ်စုဖွဲ့ ငြင်းခုံကြသည်

မှာ ၁၂ - နှစ်တာကာလ ကြာမြင့်ခဲ့ပါသည်။ ထို ၁၂-နှစ်ကြာသောအခါမှ သိကြားမင်းကမြတ်စွာ ဘုရားထံ မထင်မရှားသော နတ်သားတယောက် စေလွှတ်၍ ထိုနတ်သား မင်္ဂလာတရား လျှောက်ထားတောင်းပန်မှ မြတ်စွာဘုရားက ၃၈-ပါးသော မင်္ဂလာ တရားအစစ် ဖွင့်လှစ်ဟော ကြားတော်မူပါသည်၊ ထိုအခါမှမင်္ဂလာပြဿနာပြီးပြတ်ခဲ့ရပါသည်။

မေး။ ။မင်္ဂလာတရားတော်ကို အဘယ်ပြည်၊ အဘယ်ကျောင်း၌ ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့ပါသနည်း။

ဖြေ။ ။မင်္ဂလာတရားတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

မေး။ ။နတ်သားကမင်္ဂလာ တရားဟောကြားရန် တောင်းပန်သော ဂါထာကို ပါဠိသက်သက် ရေးပြပြီး ၎င်း ဂါထာ မြန်မာပြန်ဆိုခဲ့ပါသည်။

ဖြေ။ ။ပါဠိသက်သက်။

ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိမင်္ဂလ မုတ္တမံ။

မြန်မာပြန်သက်သက်။

ဘုန်းတော်ကြီးတော် မူသောမြတ်စွာဘုရား၊ များစွာ ကုန်သော နတ်လူတို့သည် ကြီးပွားချမ်းသာခြင်းကို လိုလားတောင့်

တကုန်သည်ဖြစ်၍ မင်္ဂလာဟူသည်တို့ကို ကြံစည်ကြပါကုန်ပြီ၊ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာတရားကို ဟောကြားတော်မူပါဘုရား။

## (၁) အသေဝနာစဗာလာနံမင်္ဂလာ

**ဗာလာနံ– လူမိုက်တို့ကို**
**အသေဝနာ– မပေါင်းသင်း၊ မဆည်းကပ်ခြင်း။**

မေး။ ။အဘယ်လိုလူကို ဗာလ-လူမိုက်ဟုခေါ်ပါသနည်း။

ဖြေ။ ။လူတယောက်ဖြစ်စေ၊ အများဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ဆင်းရဲကြောင်းဖြစ်သော အမှုကို ပြုလုပ်ပြောဆို ကြံစည်နေသူကို ဗာလ- လူမိုက်ဟု ခေါ်ပါသည်။

တနည်း။ ။မကောင်းတာကြံ၊ မမှန်တာလုပ်၊ မဟုတ်တာ ပြောသောသူကို ဗာလ- လူမိုက်ဟု ခေါ်ပါသည်။

တနည်း။ ။ပညာဉာဏ် အလျှင်းမရှိ၊ ထွက်သက် ဝင်သက်မျှ အသက်ရှင် နေသောသူကို ဗာလ- လူမိုက်ဟု ခေါ်ပါသည်။

တနည်း။ ။မိမိ သူတပါး နှစ်ဦးသောသူတို့၏ အကျိုးစီးပွားပျက်ကို ပြုတတ် သောသူကိုလည်း ဗာလ–လူမိုက်ဟု ခေါ်ပါသည်။

ဆောင်။ သဗ္ဗာဝါအပေါင်း ဆင်းရဲကြောင်းကို ပြောဆိုပြုလုပ် ကြံချင် အားထုတ်၊ သူယုတ်ဗာလက။

မေး။ ။လူမိုက်နှင့်ပေါင်း၍ အကျိုးမဲ့ရပုံကို၊ ဝတ္ထုသာဓက ပြပြောပါ။

ဖြေ။ ။အပဏ္ဏကဇာတ်၌ ဒေဝဒတ်အလောင်းရှေ့ဆောင် သောလှည်းကုန်သည် ငါးရာတို့သည်တောလမ်းခရီး ကန္တာရကြီး၌ ဘီလူးတို့က ရေရှိပါသည်၊ မိုးရွာပါ သည်၊ ကြာနှင့်တကွသော ရေအိုင်ကြီးတွေ့ရှိပါသည် ဟု လှည့်ပတ်ပြောဆိုသည်ကိုပင် ဆင်ခြင်ဉာဏ်နည်း ပါးသည့်အတွက် လှည်းပေါ်တွင် ယူဆောင်လာခဲ့ သောရေတွေကို သွန်ပစ်၍ လူငါးရာနှင့်တကွ နွား တထောင်တို့သည် ဘီလူးစာဖြစ်၍၊ သေဘေးကြီး တွေ့ကြရဘူးပါသည်။

တနည်း။ အဇာဘသတ်မင်းသည် ဤဘဝ၌ အရိယာ ဖြစ်ထိုက်သော အကြောင်းကံရှိပါလျက် ဒေဝဒတ်နှင့်ပေါင်းသင်းမိ၍ ခမည်း တော်ဘုရင် ဗိမ္ဗိသာရမင်း သတ်မိခြင်းကြောင့်ပိတုဃာတက ကံကြီးထိုက်၍ အရိယာအဖြစ်မှရှုံးရရုံသာမက လောဟကုမ္ဘိ ငရဲသို့လည်း ရောက်သွားရသည်။

မေး။ ။ဗုဒ္ဓမြတ်စွာသည်(၃၈)ဖြာမင်္ဂလာအနက် အသေဝ နာစဗာလာနံ မင်္ဂလာကို အဘယ်ကြောင့် ရှေးဦးစွာ ဟောပါသနည်း။

ဖြေ။ ။လူမိုက်ကိုဆရာတင်မိ၊ပေါင်းသင်းဆက်ဆံမိသူသည် ဆင်းရဲဒုက္ခနှင့် လက်ငင်း တွေ့ကြုံရသည့်အပြင် သံ သရာတလျှောက်လုံး မှားတတ်သောကြောင့် အခြား မင်္ဂလာတို့၏ရှေ့ဦးစွာ(လူမိုက်နှင့်မပေါင်းသင်းခြင်း သည် ကောင်းမြတ်၍ ချမ်းသာ ကြီးပွားကြောင်း မင်္ဂလာ ဖြစ်သဖြင့်)အသေဝနာစဗာလာနံဟု ဦးစွာ ဟောတော်မူပါသည်။

## (၂) ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာ

ပဏ္ဍိတာနံ ပညာရှိ လူလိမ္မာတို့ကို
သေဝနာ ပေါင်းသင်းဆည်းကပ်ခြင်း

မေး။ ။အဘယ်ကို 'ပဏ္ဍိတ'' ပညာရှိခေါ်ပါသနည်း။

ဖြေ။ ။လူတယောက်ဖြစ်စေ၊ အများဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ ချမ်းသာကြောင်းကို ပြုလုပ်ပြောဆို ကြံစည်နေသောသူကို 'ပဏ္ဍိတ' ပညာရှိဟုခေါ်ပါသည်။

တနည်း။ ကောင်းတာကြံ မှန်တာလုပ်၊ ဟုတ်တာ ပြောသော သူကို ပဏ္ဍိတ ပညာရှိဟုခေါ်ပါသည်။

ဆောင်။ ။သတ္တဝါ အပေါင်း၊ ချမ်းသာကြောင်းကို၊ ပြောဆိုပြုတတ်၊ ကြံစည်တတ်၊ သူမြတ်ပဏ္ဍိတ။

မေး။ ။ပဏ္ဍိတ ပုဂ္ဂိုလ်နှင့် ပေါင်းသင်း ရခြင်းကြောင့် ချမ်းသာရပုံ ဝတ္ထုသာဓကပြ ဖြေဆိုခဲ့ပါ။

ဖြေ။ သာဝတ္ထိပြည် အစိုးရသော ဘုရင် ကောသလမင်းကြီး၌ မလ္လိကာမည်သော မိဖုရားရှိ၏၊ မလ္လိကာသည် အလွန်လိမ္မာ၍၊ ဆင်ခြင်ဉာဏ်လည်း ကောင်း၏၊ တညဥ့် ကောသလမင်းကြီးစက်တော်ခေါ်၍မပျော်ပဲနေစဉ် (ဒု-သ-န-သော)ဟု တလုံးစီအော်သော အသံကိုကြားရ၍ကြောက်ရွံ့ထိတ်လန့်သွား၏၊ နံနက် အခါစားဝင်လာသော ပုရောဟိတ်ပုဏ္ဏားအား ပြောပြ၍ အကျိုး အပြစ် တင်လျှောက်စေရာ မသိပါ ကြောင်းတင်လျှောက်က အထင်သေးမည်စိုး၍ အရှင် မင်းမြတ်အတွက် အန္တရာယ်ရှိပါကြောင်း၊ အကြီး အကျယ် ယဇ်နတ်ပူဇော်မှ အန္တရာယ် ကင်းမည့်

အကြောင်း တင်လျှောက် လေသည်။ ထိုအခါ ယစ်နတ်ပူဇော်ဘို့ရန် ဆင်တရာ၊ မြင်းတရာ၊ နွားလား ဥသဘတရာ စသည်တို့ စီစဉ်ကြလေရာ သေးဘေး ကြောင့် ဟစ်အော် ငိုကြွေး၊ ဆူညံသံတို့ကို မလ္လိကာ မိဖုရား ကြားသောကြောင့် ဘုရင့်ထံ အကျိုး အ အကြောင်း မေးလေသည်။ ထိုအခါ အကြောင်းစုံ သိရ၍ "မြတ်စွာဘုရားရှိပါလျက် ဘုရားမလျှောက် ပဲ ပုဏ္ဏားစကားယုံရမည်လား" ဟု အပြစ်တင်ကာ ဘုရားထံတော်သို့ ဘုရင်ကြီးကို ခေါ်သွား၍ ကြား ရသော အသံများကို လျှောက်သောအခါ မြတ်စွာ ဘုရားသည် "ဘုရင်မင်းမြတ်နှင့် ထိုအသံ မည်သို့မှ မသက်ဆိုင်၊ ရှေးအခါက သူတပါးသားမယား လွန် ကျူးပြစ်မှားခဲ့ကြသော သူဌေးသား လေးယောက် တို့ ငရဲကျ၍ ပွက်ပွက်ဆူသောသံရည်မှအပေါ်တက် လာစဉ် သူတို့ ပြောလိုသောစကား ပြည့်စုံအောင် မပြောနိုင်ဘဲ၊ အက္ခရာတလုံးစီ အော်ကာ အောက်သို့ ပြန်မြုပ်သွားရကြောင်း" ကို မိန့်တော်မူလေသည်။

ထိုအခါမှ ယစ်နတ်ပူဇော်ရန် ထားသော သတ္တဝါများကို အလွှတ်ခိုင်းလိုက်သည်။

(ဤသာဓကဖြင့်၊ မလ္လိကာပညာရှိ မိဖုရားနှင့် ပေါင်းမိ၍ အားလုံးချမ်းသာရာ ရကြသည်)။

တနည်း။ ။အပဏ္ဏကဇာတ်၌၊ ဘုရားလောင်း ခေါင်းဆောင် သောလှည်းကုန်သည်ငါးရာတို့သည် တောလမ်းခရီး

ကန္တာရကြီး၌ ဘီးလူးတို့က “ရေရရှိပါသည်၊ မိုးရွာပါသည်၊ ကြာနှင့်တကွသော ရေအိုင်ကြီးတွေ့ရှိပါသည်” ဟု လှည့်ပတ်ပြောဆိုလာသော်လည်း ဘုရားအလောင်းတော်သည် ပြောဆိုလာသူအား အကဲခတ်သည်ရှိသော် “အရိပ် မထွက်ခြင်း၊ ဖနောင့်တိုခြင်း၊ မျက်တောင် မခတ်ခြင်း၊ မျက်ထောင့်နီခြင်းစသော အချက်အလက်တို့ကို တွေ့မြင်ရ၍ ဤသူတို့ကား လူမဟုတ်ကြ၊ ဘီလူးများဖြစ်ကြ၏” ဟု အဆင်ခြင်ဉာဏ်ပညာနှင့် ပြည့်စုံခြင်းကြောင့် လှည်းပေါ်တွင် ပါလာသော ရေတွေကို သွန် မပြစ်စေခဲ့ပါ၊ ထိုကြောင့် လူငါးရာနှင့်တကွ၊ နွားတထောင်တို့ ဘီလူးဘေးမှ လွတ်ကင်းရသည့်အပြင် ဆထမ်းပိုးတိုးကာ ချမ်းသာမှု ရကြလေသည်။

အမှာ။ ။မိတ္တဗလ-မင်္ဂလာနှင်ပါးကို မေးလျှင် “အသေဝနာစ ဗာလနံ” မင်္ဂလာနှင့် “ပဏ္ဍိတာနဉ္စသေဝနာ” မင်္ဂလာကိုဖြေဆိုရမည်။

## (၃) ပူဇာစပူဇနေယျာနံမင်္ဂလာ

ပူဇာစ ပူဇနေယျာနံ ပူဇော်ထိုက်သူတို့ကို ပူဇာ ပူဇော်ခြင်း။

မေး။ ။ပူဇော်ထိုက်သောပုဂ္ဂိုလ်များ ဟုတ်ပြ၍၊ ၎င်းတို့အား အဘယ်ကြောင့်ပူဇော်ထိုက်သည်ကိုရှင်းပြပါ။

ဖြေ။ ။ဘုရား, တရား, သံဃာ, မိဘ, ဆရာသမားတို့သည် ပူဇော်ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

(ဘုရား-တရား-သံဃာ-မိဘ-ဆရာ)တို့သည်၊ ကိုယ်တိုင် အကျင့်သီလ သမာဓိ-ပညာ ဂုဏ်နှင့် ပြည့်စုံ၍၊ အများ သတ္တဝါကို အကျိုး စီးပွား ဖြစ်စေနိုင်၊ ချမ်းသာစေနိုင်သောကြောင့် ပူဇော်ထိုက်ပါသည်။

မေး။ ။ပူဇော်နည်း ဘယ်နှစ်မျိုး ရှိပါသနည်း၊ ရှင်းပြပြီးလျှင် ပူဇော်ရကျိုး ငါးပါးကိုလည်း ရေးခဲ့ပါ။

ဖြေ။ ။ပူဇော်နည်း (၁) အာမိသပူဇာ- ဝတ္ထုပစ္စည်းဖြင့် ပူဇော်နည်း။
(၂) ဓမ္မပူဇာ - ကျင့်ဝတ်တရားဖြင့် ပူဇော်နည်း၊ ဟူ၍ နှစ်မျိုးရှိပါသည်။

ရှင်းချက်။ ။သင့်လျော်သော ဝတ္ထု၊ ပစ္စည်းဖြင့် လှူဒါန်း ထောက်ပံ့ခြင်းသည် ပစ္စည်းဖြင့် ပူဇော်သည် မည်၏၊ ပူဇော် ထိုက် သော ပုဂ္ဂိုလ်တို့၏ နည်းလမ်းညွှန်ပြ ဩဝါဒပေးသည့်အတိုင်း ရိုသေစွာ နာခံပြုလုပ်ခြင်း၊ ကျင့်ကြံအားထုတ်ခြင်းသည် ကျင့်ဝတ်တရားဖြင့် ပူဇော်သည်မည်၏။

ပူဇော်ရကျိုး ငါးပါး။

၁။ အသက်ရှည်ခြင်း။ ၂။ အဆင်းလှခြင်း။ ၃။ ချမ်းသာကြီးခြင်း။ ၄။ ခွန်အားကြီးခြင်း။ ၅။ ဉာဏ်ပညာကြီးခြင်းတို့ ဖြစ်ပါသည်။

အမှာ။ ။ ၁။ အာယု၊ ၂။ ဝဏ္ဏ၊ ၃။ သုခ၊ ၄။ ဗလ ၅။ ပဋိဘာနတို့ ဖြစ်ပါသည်၊ ဟူ၍လည်း ဖြေဆိုနိုင်ပါသည်။

ဆောင်။ ။သက်ရှည်၊ ဆင်းလှ၊ ချမ်းသာရ၍၊ စွမ်းလှခွန်အား၊ ဉာဏ်တိုးပွားသည်၊ ထင်ရှားပူဇာ အကျိုးတည်း။

မေး။ ။ပူဇော်ထိုက်သူကို ပူဇော်ခြင်းကြောင့် ကောင်းကျိုးမင်္ဂလာ ရရှိကြပုံ ဝတ္ထုသာဓကပြ ဖြေဆိုပါ။

ဖြေ။ ။သီဟိုဠ်ကျွန်း၌ ဒဝါနံပိယတိဿမင်းသည်ဆည်းကပ်ပူဇော်ထိုက်သော အရှင်မဟိန္ဒကို ဆည်းကပ်ပူဇော်ခဲ့သောကြောင့် ထိုမင်းမှစ၍ ယနေ့တိုင်အောင် သီဟိုဠ်ကျွန်းသူ/ ကျွန်းသားတို့သည် ဘာသာမှန်ကို ရရှိ၍ ကောင်းကျိုးမင်္ဂလာ ချမ်းသာသုခ ရရှိကြလေသည်။

တနည်း။ ။မြန်မာနိုင်ငံ၌လည်း ရှင်အရဟံဟူ၍ ထင်ရှားသော ဓမ္မဒဿီမထေရ်အား ပူဇော်ထိုက်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် ပူဇော်ချီးမြှောက်ခဲ့သော အနော်ရထာမင်းသည် ကိုယ်တိုင်ဘာသာ သာသနာမှန်နှင့်တွေ့၍ ကောင်းကျိုးမင်္ဂလာ ရရှိသည့်အပြင် ယနေ့တိုင်အောင် မြန်မာပြည်ဖွား တိုင်းရင်းသားတို့သည် ဘာသာမှန်နှင့် ကောင်းကျိုးမင်္ဂလာ ရရှိနေကြပါသည်။

တနည်း။ ။ပထင့်ရှားသော အမျိုးသမီးကလေး တယောက်သည် သက်တော်ထင်ရှား မြတ်ဘုရားကို ရည်မှန်း၍ ခဝဲပန်းလေးပွင့်ကို စေတီတော်သို့ ပူဇော်ဘို့ရန် ယူဆောင်လာရာ စေတီတော်သို့မရောက်ခင် နွားမ

တကောင်က ငှေ့သဖြင့် သေရရှာလေသည်၊ စေတီကို ပူဇော်လိုသော စေတနာကြောင့် တာဝတိံသာ နတ်ပြည်သို့ လားရောက်ကာ အသုံးအဆောင်မှုစ၍ အားလုံး ရွှေရောင်ချည်းဖြစ်သော ဗိမာန်နှင့်တကွ လှပတင့်တယ်သော နတ်သမီး ဖြစ်ရလေသည်၊ (ဤကား ပူဇော်ကျိုးတည်း)။

**အမှာ။** ။အဖြေ ၃-နည်း တနည်းနည်း ပိုင်အောင်ဖတ်ထားပါ။

## (၄) ပတိရူပဒေသဝါသောစ မင်္ဂလာ

**ပတိရူပ-သင့်တင့်လျော်ကပ်သော**
**ဒေသ-အရပ်၌၊**
**ဝါသ-နေခြင်း၊**

ကြီးပွားချမ်းသာနိုင်သောနိုင်ငံ၊ မြို့ရွာ/ ရပ်ကွက် / လူလိမ္မာ ပညာရှိပေါများ၍ ကောင်းမှုကုသိုလ်တရားတို့ကို လွယ်ကူစွာ ပြုနိုင်သောအရပ်၊ ကျန်းမာရေးအတွက် ဆေးဆရာများ/ ဆရာဝန် သမားတော်ကြီးများရှိသောအရပ်ကို ပတိရူပဒေသ-သင့်တော်ရာအရပ်ဟု ခေါ်ဆိုသည်ဟုမှတ်ပါ။

**မေး။** ။ပတိရူပဒေသ - သင့်တော်ရာ အရပ်၌ နေခြင်းကို အဘယ်ကြောင့် မင်္ဂလာတပါးဟု ဟောတော်မူပါသနည်း။ (မေးခွန်းဟောင်း)။

ဖြေ။ ။ ပတိရူပဒေသ-သင့်တော်သော အရပ်၌ နေခြင်းကား ချမ်းသာ သုခ များ၍ ကြီးပွား နိုင်သောကြောင့်- မင်္ဂလာတပါးဟု ဟောတော်မူပါသည်။

## (၅) ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ

**ပုဗ္ဗေ-ရှေ့ဘဝ ရှေ့အခါ၌**
**ကတ-ပြုခဲ့ဘူးသော၊**
**ပုညတာ-ကောင်းမှုရှိသူဖြစ်ခြင်း၊**

ရှေးဘဝ ရှေးအခါက ပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှု ရှိသူများမှာ အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ ရုပ်ရည် လှပခြင်း၊ ပစ္စည်းဥစ္စာပေါခြင်း၊ ဉာဏ်ပညာ ထက်မြက်ခြင်း၊ စသည်တို့နှင့် ပြည့်စုံတတ်ကြပါသည်။

မေး။ ။ရှေးကောင်းမှုရှိသူ-မရှိသူ သိနိုင်ပုံ ဆောင်ပုဒ်ရေး၍ ဖြေဆိုခဲ့ပါ။

ဖြေ။ ။ ၁။ သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊
မသတ် အသက်ရှည်။
၂။ ညှဉ်းဆဲသူကား၊ အနာများ၊
သနား ကျန်းမာသည်။
၃။ ဒေါသမီးလျှံ၊ အကျည်းတန်၊
သည်းခံလှပသည်။
၄။ မနာလိုမှာ၊ ခြွေရံကွာ။
ကြည်သာခြွေရံစည်။

၅။ မပေးလှူက၊ မွဲပြာကျ၊
လှူမှ ပေါကြွယ်သည်။
၆။ မရှိမသေ၊ မျိုးယုတ်ချေ၊
ရှိသေ မျိုးမြတ်သည်။
၇။ မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊
စုံစမ်း ဉာဏ်ကြီးသည်။
* ဆိုးတာပြုက၊ ဆိုးတာရ၊
ကောင်းမှ ကောင်းစားသည်။
* ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ ခံစံကြရသည်။
(မဟာစည် ဆရာတော်)

အမှာ။ ။အဓိပ္ပါယ်အကျယ် ဆရာက ရှင်းပြပေးပါလေ။

## (၆) အတ္တသမ္မာပဏိဓိ မင်္ဂလာ

**အတ္တ-မိမိကိုယ်-စိတ်၊**
**သမ္မာ-ကောင်းစွာ၊**
**ပဏိဓိ-ဆောက်တည်ခြင်း (ထိန်းထားခြင်း)။**

မေး။ ။မိမိစိတ်ကို ကောင်းစွာထားနည်း ရေးပြပါ။

ဖြေ။ ။ငါ့မေမေ-ငါ့ဖေဖေတို့၊ ငါ့အတွက်မပူပါစေ၊မဆင်းရဲပါစေနှင့်ဟု စိတ်ကောင်းထားခြင်း၊ ငါ့ကိုသူတို့က ပညာတတ်စေချင်၏၊ ပညာတတ်အောင် ကြိုးစားမည်ဟု စိတ်ကောင်းထားခြင်း၊ ဆရာက ငါ့ကို စာကြိုးစားစေချင်၏။ ငါ စာကို ကြိုးစားမည်ဟု စိတ်ကောင်းထားခြင်း၊ သူငယ်ချင်းတို့ကို ငါကူညီ

မည်ဟု စိတ်ကောင်းထားခြင်း၊ ငါလူလိမ္မာ ပညာ တတ်တယောက် ဖြစ်စေရမည်ဟု စိတ်ကောင်းထား ခြင်းတို့သည် မိမိစိတ်ကို ကောင်းစွာထားနည်း ဖြစ်ပါသည်။

**ဆောင်။** ။မိဖနှစ်ပါး၊ ဆွေမျိုးများနှင့်၊ ငါ့အား ချစ်ခင်၊ ဆရာရှင်တို့၊ ကြည်လင်ရွှင်ပျ၊ ချမ်းသာကြအောင်၊ နေ့ညတာရှည်၊ စိတ်ကောင်းမည်ဟု၊ ကြံစည်စွဲသန်၊ မြဲမြဲမြန်၊ သမ္မာပဏိဓိ။

**မေး။** ။မိမိကိုယ်ကို ကောင်းစွာထားနည်းကို ရေးခဲ့ပါ။

**ဖြေ ။** ။ကျောင်းမှန်မှန်တက်ခြင်း၊ ကျောင်းသားချင်း ရန် မဖြစ်ခြင်း၊ စာကြိုးစားခြင်း၊ မိဖ ဆွေမျိုးများနှင့် ဆရာ့စကားကို နားထောင်ခြင်း စသည် တို့သည် မိမိကိုယ်ကို ကောင်းစွာထားနည်း ဖြစ်ပါသည်။

ဤအတ္တသမ္မာပဏိဓိ- မင်္ဂလာနှင့် ပြည့်စုံနိုင်ရန် ကိုယ်ကျင့် တရားမရှိ မပြည့်သေးသော မိမိကိုယ်ကို ကိုယ်ကျင့်တရားရှိလာ အောင် ပြည့်လာအောင် ပြုပြင်ယူရမည်။

ဘုရား-တရား-သံဃာ ရတနာသုံးပါးနှင့် ကံ-ကံ၏အကျိုး ကို ယုံကြည်မှုမရှိသေးသော မိမိကိုယ်ကို ယုံကြည်မှုနှင့် ပြည့်စုံ လာအောင် ပြုပြင်ယူရမည်။

စာပေ မသင်ကြားလိုသော စာသင်သူ၊ စာသင်သားသည် စာပေထဲ၌ စိတ်ကိုပြောင်းလဲ၍ ပျော်မွေ့စေနိုင်ရန် ပြုပြင်ယူ ရမည်။

**သာဓကမှတ်ပွယ်ကား။** ။အဂ္ဂိ သကာ မည်သော အင်္ဂုလိမာလ သည် ကိုယ်ကျင့်တရား ပျက်နေသော မိမိကိုယ်ကို

ကိုယ်ကျင့်တရားနှင့် ပြည့်စုံအောင် ပြုပြင်လိုက်ခြင်းကြောင့် အရိယာသူတော်ကောင်းစာရင်းဝင်ပုဂ္ဂိုလ်ဖြစ်သွားပါသည်။

မေး။ ။သမ္မတ္တိစက်လေးပါးကို မည်သည့် မင်္ဂလာများဖြင့် သိရမည်နည်း။

ဖြေ ။ ။ပတိရူပဒေသဝါသမင်္ဂလာ-ပတိရူပဒေသဝါသစက်
ပုဗ္ဗေစ ကတပုညတာမင်္ဂလာ-ပုဗ္ဗေစ ကတပုညတာမင်္ဂလာစက်။
အတ္တသမ္မာ ပဏိဓိမင်္ဂလာ-အတ္တသမ္မာပဏိဓိစက်။
ပဏ္ဍိတာနဉ္စသေဝနာမင်္ဂလာ-သပ္ပုရိသသံသေဝစက်။
ဤသို့ သိနိုင်ပါသည်။

အမှာ။ ။ကြီးပွားချမ်းသာရေးအတွက် မင်္ဂလာတရားတော်စီမံကိန်းအရ စက် (၄) ပါး အခြေခံ၍ လမ်းညွှန်ပြပါဟု မေးလျှင် ဤသမ္ပတ္တိစက်လေးပါး အခြေခံ ရေးတတ်ပါစေ။ (သင်တန်းပြပုဂ္ဂိုလ်က နည်းပေးပါလေ)။

## (၇) ဗဟုဿစ္စဉ္စ မင်္ဂလာ

ဗာဟုဿစ္စ= (စာပေကျမ်းဂန်)အကြားအမြင်များသူဖြစ်ခြင်း။

မေး။ ။အကြားအမြင် ဗဟုသုတသည် ဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ ။ ။အကြားအမြင် ဗဟုသုတသည် လောကီ အကြား

အမြင် ဗဟုသုတ၊ လောကုတ္တရာ အကြားအမြင် ဗဟုသုတအားဖြင့် နှစ်မျိုးရှိပါသည်။

မေး။ ။ဗဟုဿစ္စဥ္စ မင်္ဂလာနှင့်ပြည့်စုံ၍ အကျိုးခံစားရပုံ သာဓကဝတ္ထု ထုတ်ပြပါ။

ဖြေ။ ။မိတ္ထိလာနယ်၊ ဝင်ဇင်းရွာသား မောင်ရာဇာသည် ငယ်စဉ်ကစ၍ လောကီဗဟုသုတ ရှာမှီး ဆည်းပူးခဲ့လျက် ဗဟုဿစ္စဥ္စမင်္ဂလာ ဖြစ်စေခဲ့ရာ၊ မြန်မာသက္ကရာဇ် (၇၃၀) ပြည့်နှစ်၌ မိတ္ထိလာကန်တော်ကျိုးပေါက်၍ အင်းဝဘုရင် မင်းကြီး စွာစော်ကဲ ကိုယ်တိုင် စီမံအုပ်ချုပ်၍ ကန်တော်ကိုဆည်ဖို့ ပြုပြင်စဉ် ကန်ရိုးပေါ်၌ မိန်းမရုပ်နှင့် အဆောက် အဦဟုခုကို တွေ့၍ သိမှီလောက်သော သူတို့အား မေးမြန်းလေရာ မဖြေနိုင်ကြသည်တွင် ဝင်ဇင်းရွာသူကြီး၏ သမက်သည် အမှတ်အသား အကြားအမြင်များပါသည်၊ သိတန်ကောင်းပါသည်ဟု တင်လျှောက်ကြ၍ ခေါ်ယူမေးမြန်းရာ ဤမိန်းမရုပ်သည် နတ်ရုပ်မဟုတ်၊ အဆောက်အဦလည်း နတ်ကွန်းမဟုတ်ပါ၊ အနော်ရထာမင်းသည် ဤကန်တော်ကြီးကို ဆည်ဖို့ပြုပြင်တော် မူဆဲအခါ စော်ဘွားက ဆက်သ၍ မြတ်နိုးတော်မူလှသည့် မိဖုရားငယ်သည် လတ်တလော ရောဂါနှင့် သေဆုံးသည်တွင် အလောင်းကို မစွန့်ရက် ပူသဖြင့် ဘုရင်မင်းမြတ် စိတ်သက်သာ၍ အလောင်းကို သင်္ဂြိုဟ်မှု ပြုနိုင်ရန် အမှတ်များက

ရွှေသားရုပ်ထုပြုလုပ်ပေးရာ အပြန်တွင် ပုဂံနေပြည်တော်သို့ ဆောင်ယူတော်မူလိုသော်လည်း အမတ်များက မသင့်တော်ကြောင်း သံတော်ဦး တင်ကြသဖြင့် ရွှေသားရုပ်ထုကို ကန်ရိုးအောက်၌ ကျောက်တိုက် ကျောက်ခန်း ပြုလုပ်သွင်းထားစေ၍ ရွှေသားရုပ်ထုနှင့်အလားတူ သစ်သားရုပ်ကို ကန်ရိုးပေါ်တွင် အဆောက်အဦနှင့်ကောင်းစွာထားခဲ့ခြင်း ဖြစ်ကြောင်းကို တင်လျှောက်လေသည်။ တင်လျှောက်တိုင်း တူးဖော်စေရာ ရွှေရုပ်ကိုရရှိ၍ ဘုရင်မင်းကြီးစွာစော်ကဲသည် နှစ်သက်အားရ၍ ဤသို့သော ဗဟုသုတရှိသူသည် ဟောအရပ်နှင့် မတန်၊ နေပြည်တော်သို့ ခေါ်ယူချီးမြှောက်သင့်ပေသည်ဟု ပညာရှိမင်း ဖြစ်သည့် အားလျော်စွာ ခေါ်ယူပူဇော် ချီးမြှောက်လေရာ အဆင့်ဆင့် ရာထူး ဂုဏ်ထူး တိုးတက်၍ ယနေ့တိုင်အောင်ပင် မင်းတိုင်ပင်အမတ်ကြီး (ဘိုးရာဇာ)ဟူ၍ ကျော်ဇော ထင်ရှားလျက် ရှိပေသည်၊ ဤကား ဗဟုဿုတဉ္စ မင်္ဂလာ ပြည့်စုံခြင်း အကျိုးတည်း။

**ဆောင်။** ။ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက် သဖွယ်လျှင်၊ ကြီးကျယ် ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ပြီးနိုင်စွာ၏၊ ပညာမသုံး၊ နှလုံး မပြောင်း၊ လက်ရိုးကောင်းကား၊ တကြောင်း မျှသာ၊ ဖူးပမာသို့၊ လိုရာကိစ္စ၊ များမကျတည့်။

(မဃဒေဝလင်္ကာ)။

အမှာ။ ။ဗာဟုသစ္စဥ္စ မင်္ဂလာ၌ အကျိုးမဲ့ပျက်စီးရပုံဝတ္ထုကို ဗာရာဏသီပြည် ကုဋ္ဌေ (၈၀) သဋ္ဌေးသား အကြောင်းကို စကားပြေနှင့် ရေးသားဖြေဆိုရမည်။

## (၈) သိပ္ပဉ္စ မင်္ဂလာ

သိပ္ပ=အပြစ်ကင်းသော စက်မှုလက်မှု ပညာတို့ကို တတ်ခြင်း။ ဤမင်္ဂလာနှင့်ဆိုင်ရာ ပညာတို့သည်=

၁။ လူတို့နှင့်ဆိုင်ရာ စက်မှုလက်မှု ပညာ။

၂။ ရဟန်း သာမဏေတို့နှင့် ဆိုင်ရာ စက်မှုပညာဟု နှစ်မျိုး ရှိသည်။

လက်သမား၊ ပန်းပု၊ ပန်းဘဲ၊ ပန်းထိမ်၊ ကျောက်သွေး၊ ယက္ကန်း စသော လက်မှု စက်မှု စသော ပညာများနှင့် တက္ကသိုလ်များမှာ သင်ယူကြရသော ဆေး၊ စက်မှု၊ သစ်တော၊ ဗိသုကာ သတ္တုတွင်း၊ ရေနံတွင်း၊ ဂုသိုဥတု၊ ပိုးလေဝသ စသော များပြားလှသောအတတ်တို့သည် လူတို့နှင့် ဆိုင်ရာ သိပ္ပတို့ ဖြစ်ကုန်၏။

သင်္ကန်းချုပ်ခြင်း၊ သပိတ်ဖုတ်ခြင်း၊ သပိတ်အိတ်ချုပ်ခြင်း စသော အတတ်ပညာသည် ရဟန်း သာမဏေတို့နှင့် ဆိုင်ရာ သိပ္ပတို့ ဖြစ်ကုန်၏။

အမှာ။ ။ဥာဏဖလ မင်္ဂလာနှစ်ပါးကို မေးလျှင် ဗာဟုသစ္စဥ္စနှင့် သိပ္ပဥ္စ မင်္ဂလာနှစ်ပါးကို ဖြေကြရမည်။

# (၉) ဝိနယောစ သုသိက္ခိတော မင်္ဂလာ

**သုသိက္ခိတော-ကောင်းစွာသိအပ်သော၊**
**ဝိနယော-ဝိနည်းတရား။**

**မေး။** ။ဝိနည်းသည် ဘယ်နှစ်မျိုး ရှိပါသနည်း၊ ရှင်းခဲ့ပါ။

**ဖြေ။** ။ဝိနည်းသည် (၁) လူတို့ကျင့်ရသော ဝိနည်းနှင့် (၂) ရဟန်းတို့ကျင့်ရသော ဝိနည်းဟူ၍ နှစ်မျိုး ရှိ၏။

လူတို့ကျင့်ရသော ဝိနည်းကား ဒုစရိုက် တရား (၁၀)ပါးမှ ရှောင်ကြဉ်မှု စသည်တို့ဖြစ်ပါသည်။ ရဟန်းတို့ကျင့်ရသောဝိနည်းကား ဝိနည်းကျမ်းလာ (၂၂၇)သွယ်သော ကျင့်ဝတ်သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

**မေး။** ။တပည့်များ လိုက်နာရမည့် ကျင့်ဝတ်ငါးပါး ရေးပါ။

**ဖြေ။** ။၁။ ဆရာလာသည်ကို မြင်လျှင် နေရာမှထခြင်း။ ၂။ ဆည်းကပ်ခြင်း။ ၃။ စကား နားထောင်ခြင်း။ ၄။ ပြုစုခြင်း။ ၅။ လိုလိုချင်ချင် ပညာ သင်ယူခြင်းတို့ ဖြစ်ပါသည်။

**ဆောင်။** ။ထိုင်ရာမှထ၊ချဉ်းကပ်ကြလေ၊ဆုံးမသမှု၊ နားစိုက်ရှုလျက်၊ ပြုစုတွေ့လျှင်၊ လိုချင်ချင်နှင့်၊ မှတ်သင်ပညာ၊ သင်ယူပါ၊ ငါးဖြာတပည့်ဝတ်။

# သိင်္ဂါလောဝါဒသုတ်လာ
# ကျင့်ဝတ်များ။

## သားသမီးကျင့်ဝတ်(၅)ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။

## မိဘကျင့်ဝတ်(၅)ပါး

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

## တပည့်ကျင့်ဝတ်(၅)ပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

## ဆရာကျင့်ဝတ်(၅)ပါး

အတတ်လည်သင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဘီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဘို့ ဝတ်ငါးဖြာ။

**လင်ကျင့်ဝတ်(၅)ပါး**

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

**မယားကျင့်ဝတ်(၅)ပါး**

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

**မိတ်ဆွေကျင့်ဝတ်(၅)ပါး**

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ငါးဝတ်ထွေ၊ ကျင့်လေမိတ်သဟာ။

**အိမ်ရှင်ကျင့်ဝတ်(၅)ပါး**

ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငှဝေရသာ၊ အခါကိုလွှတ်၊ အမျှင်ဝတ်၊ မချွတ်ငါးခုသာ။

**အိမ်ဖော်ကျင့်ဝတ်(၅)ပါး**

အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ။

**ဒါယကာကျင့်ဝတ်(၅)ပါး**

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ပိဘ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

ရဟန်းကျင့်ဝတ် (၆)ပါး

မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လစ်၊ အသစ် ဟော ကြူး၊ နာဘူးထပ်မံ၊ နတ်ဌာန်တင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ။

ဥစ္စာပျက်ကြောင်း(၆)ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငွဲသဘင်၊ ပျော်ရွှင် အန်လောင်း၊ မကောင်းမိတ်ဖျင်း ၊ ပျင်းရိခြင်းကား၊ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။

မှုးယစ်သေစာ သောက်စားခြင်းအပြစ်(၆)ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော် စောခဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာ အပြစ်တည်း။

အခါမဲ့ သွားခြင်းအပြစ်(၆)ပါး

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်း အရာ၊ ရွံရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ဆင်းရဲစု၊ ခြောက်ခု ခါမဲ့ သွားပြစ်တည်း။

သဘင်ပွဲလမ်းအပြစ်(၆)ပါး

ကခြင်းတလီ၊ သီခြင်းတသီး၊ မှုတ်တီးတသင်း၊ ပြိန်ဖျင်း တအုပ်၊ လက်ခုပ်တထည်၊ အိုးစည်တဖြာ၊ ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား၊ ကြည့်ရှုသဘင်အပြစ်တည်း။

**လောင်းကစားသူအပြစ်(၆)ပါး**

အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါးကြွေအန် အပြစ်တည်း။

**မိတ်ဆွေပျက်(၆)ပါး**

ကြွေအန်ကြူးက၊ မိန်းမကြူးထွေ၊ သေစာကြူးမှု၊ အတူပြုငြား၊ လှည့်စားတထောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက် လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်လားကြောင့်၊ ပျက်ပြားမိတ်ဆွေ အပြစ်တည်း။

**ပျင်းရိခြင်းအပြစ်(၆)ပါး**

အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလှလွန်းယောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်းထွေ၊ နေကပညာ၊ မပွားရာသည်၊ ခြောက်ဖြာပျင်းသူ အပြစ်တည်း။

**အကြီးအကဲ ကျင့်ဝတ်(၆)ပါး**

ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်, ကြည့်ရှု၊ ဤခြောက်ခုကား၊ ကြီးသူကျင့်ရာ တရားတည်း။

အမှာ။ ။ဤကျင့်ဝတ်များသည် စာမေးပွဲတွင် အရေးမကြီးပါ၊ လူမှုရေးမှာ ကျေးဇူးများ၍ သိမှတ်ရန် လိုအပ်လှသောကြောင့် ထည့်သွင်းလိုက်ပါသည်။

## ဒုစရိုက်တရား ၁၀ ပါး

### ကာယဒုစရိုက်(၃)ပါး

၁။ ပါဏာတိပါတ-သူတပါးအသက်ကို သတ်ခြင်း။

၂။ အဒိန္နာဒါန-သူတပါးပစ္စည်းကို မပေးဘဲ ယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရ- မလွန်ကျူးအပ်သော မိန်းမ၊ ယောကျ်ားတို့၌ လွန်ကျူးခြင်း။

ဆောင်။ ။သက်သတ်,ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။

### ဝစီဒုစရိုက်(၄)ပါး

၁။ မုသာဝါဒ-မမှန်စကားပြောခြင်း။

၂။ ပိသုဏဝါစာ-ကုံးချောခြင်း။

၃။ ဖရုသဝါစာ-ကြမ်းတမ်းစွာ ပြောခြင်း။

၄။ သမ္ဖပ္ပလာ-အဖျင်းပြောခြင်း။

ဆောင်။ ။မုသားဆိုပြော၊ကုံးချောရန်တိုက်၊အမိုက်အမဲ၊ဆဲရေး ခြောက်ခြိမ်း၊အပြိန်းစကား၊နေ့စဉ်ပွား၊လေးပါးဝစီကံ။

### မနောဒုစရိုက်(၃)ပါး

၁။ အဘိဇ္ဈာ-သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်စေလို၍ ကြံခြင်း။

၂။ ဗျာပါဒ-သူတပါးကို ပျက်စီးစေလို၍ ကြံခြင်း။

၃။ မိစ္ဆာဒိဋ္ဌိ-အယူအမြင် မှားခြင်း။

**ဆောင်။** ။သူ့စည်းစိမ်ကို၊ ကိုယ်ပိုင်လိုမှု၊ သူ့သက်ဇီဝေ၊ သေစေချင်ဟု၊ အယူမှောက်မှား၊ ဤသုံးပါး၊ မှတ်သားမနေ့ာက်။

ဤသို့လျှင် ဒုစရိုက်တရား (၁၀) ပါး ဖြစ်ပါသည်။
ထိုဒုစရိုက်တရား (၁၀) ပါးကို....

၁။ ကိုယ်တိုင်ပြုလုပ်ခြင်း။ ၂။ သူတပါးအား တိုက်တွန်းနှိုးဆော်ခြင်း။ ၃။ သူတပါးပြုလုပ်သည်ကို ချီးမွမ်းအားပေးခြင်း။ ၄။ သူတပါးနှင့် တွဲဖက်ပြုလုပ်ခြင်း။ ဤ ၄-မျိုးနှင့်မြှောက်လျှင် (၁၀ × ၄ = ၄၀) ဒုစရိုက်ပေါင်း လေးဆယ်ဖြစ်ပါသည်။

**ဆောင်။** ။ကိုယ်တိုင် နှိုးဆော်၊ မြှောက်ဖော်ချီးကျူး၊ ဆည်းပူးတူကွ၊ မြှောက်ပွားက၊ မှတ်ကြလေးဆယ်တည်း။

---

## (၁၀) သုဘာသိတာစ ယာဝါစာ မင်္ဂလာ

**သုဘာသိတာ- ကောင်းစွာပြောဆိုအပ်သော၊**
**ဝါစာ- စကား။**

စကားကောင်းဟူသည်၊ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်၍ ၁။ မှန်ကန်ခြင်း၊ ၂။ ဂုံးမချောခြင်း၊ ၃။ သိမ်မွေ့သာယာခြင်း၊ ၄။ အနှစ်သာရရှိ၍ လေးနက်ခြင်းဟူသော အင်္ဂါများနှင့် ပြည့်စုံလျှင် စကားကောင်း ဖြစ်ပါသည်။

**မေး။** ။"စကားခြောက်ခွန်း၊ လူ့ဌထွန်း၊ လေးခွန်းကိုမျှော၊ နှစ်ခွန်းပြော" ဟူသော ဗုဒ္ဓ ရားတော်အရ၊မပြော

ရမည့်စကားလေးခွန်း၊ ပြောရမည့်စကားနှစ်ခွန်းကို ထုတ်ပြပါ။

ဖြေ။ ။၁။ မဟုတ်မမှန်အကျိုးမရှိ၊ ကြားရသူ မနှစ်သက်သောစကား၊ မပြောရ။
၂။ ဟုတ်၏၊ အကျိုးမရှိ၊ ကြားရသူ မနှစ်သောစကားမပြောရ။
၃။ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ ကြားရသူမနှစ်သက်သောစကား အခါအားလျော်စွာ ပြောရ၏။
၄။ မဟုတ်မမှန်၊ အကျိုးမရှိ၊ ကြားရသူနှစ်သက်သောစကား၊ မပြောရ။
၅။ ဟုတ်မှန်၏၊ အကျိုးမရှိ၊ ကြားရသူ နှစ်သက်သောစကား၊ မပြောရ။
၆။ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ ကြားရသူ နှစ်သက်သောစကား၊ အခါအားလျော်စွာ ပြောရ၏။

ဤစကား(၆)ခွန်းတွင်(၁-၂-၄-၅)နံပတ်စကားမျိုးမပြောရ။ (၃-၆)နံပတ်စကားမျိုးကိုသာပြောဆိုရမည်။

မေး။ ။စကားကောင်း လေးမျိုး ထုတ်ပြပါ။

ဖြေ။ ။၁။ သုဘာသိတ ဝါစာ=ကောင်းစွာ ဆိုအပ်သောစကား။
၂။ ပိယဝါစာ= ချစ်ခင်နှစ်သက်ဖွယ်စကား။
၃။ သစ္စဝါစာ= မှန်ကန်သောစကား။
၄။ ဥတ္တမဝါစာ= မြင့်မြတ်သော စကားတို့ ဖြစ်ပါသည်။

**မေး။** ။သုဘာသိတာစ ယာ၀ါစာ မင်္ဂလာ၏အကျိုး ၀တ္ထုသာဓက ထုတ်ပြပါ။

**ဖြေ။** ။သဗ္ဗမံသလာဘ ဇာတ်တော်၌ သဌေးသား သူငယ်ချင်းလေးယောက်တို့သည် မုဆိုးတယောက်ထံ၌ ဟင်းလျာအသားတောင်းကြရာတယောက်က "ဟေ့ မုဆိုးငါ့အားအသားတုံးပေးလော့"ဟု ဖရုသ၀ါစာဖြင့် ကြမ်းတမ်းသော စကားကိုသုံးနှုန်း၍ တောင်းသောကြောင့်၊ ဖရုသ၀ါစာစကား အားလျော်စွာ အသားမပါသော အရိုးအကာကိုသာရ၏၊ တယောက်က "အကိုကြီးကျွန်ုပ်အားအသားပေးပါ"ဟု တောင်းရာ၊ အစိတ်အပိုင်းဖြစ်သောအသားကိုရ၏၊ တဦးက "ဖခင်၊ ကျွန်ုပ်အား အသားပေးပါ" ဟု တောင်းသောအခါ နှလုံးသားကိုသာ ရ၏၊ နောက်ဆုံးလူက "အဆွေကျွန်ုပ်အားအသားပေးပါ"ဟု တောင်းသောအခါ သုဘာသိတ၀ါစာဖြစ်သောကြောင့် ပါရှိသမျှသော အသားအားလုံးကို အိမ်အရောက်လိုက်ပို့ပေးလေသည်။

ဤကား သုဘာသိတ၀ါစာ မင်္ဂလာအကျိုးတည်း။

**မေး။** ။မင်္ဂလာတရား စီမံကိန်းအရ၊ ပညာရေးစံနစ် လေးမျိုးကို ထုတ်ပြပါ။

**ဖြေ။** ။မင်္ဂလာတရားတော် စီမံကိန်းအရ၊ ပညာရေးစံနစ် လေးမျိုးကား-

၁။ ဗာဟုသစ္စ ပညာရေး။
၂။ သိပ္ပ ပညာရေး။

၃။ ဝိနယောစသုသိက္ခိတ ပညာရေး။

၄။ သုဘာသိတဝါစာ ပညာရေးတို့ ဖြစ်ပါသည်။

ဤပညာရေးစံနစ် ၄-မျိုးကို လက်ရှိပညာရေးနှင့် ညှိ၍ တင်ပြပါဟု ဆိုကာ-

ဗာဟုသစ္စပညာရေးသည် - ဝိဇ္ဇာပညာ၊

သိပ္ပ ပညာရေးသည် - သိပ္ပပညာဖြစ်၍၊

ဝိနယသုသိက္ခိတပညာရေးကို-ဥပဒေပညာ၊

သုဘာသိတဝါစာ ပညာရေးကို ဝိဇ္ဇာပညာထဲတွင် ထည့်သွင်းမှတ်ယူရမည်။

ယနေ့ခေတ်တွင် ဝိဇ္ဇာတက္ကသိုလ် - သိပ္ပံတက္ကသိုလ် ဟုသာ အထင်အရှားရှိ၍ ဝိနယ တက္ကသိုလ်နှင့် သုဘာသိတ ဝါစာ တက္ကသိုလ်ဟုကား သီးခြားတည်ထောင်မှု မရှိသည်ကို သတိချပ်၍ မှတ်ပါလေ။

---

## (၁၁) မာတာပိတု ဥပဋ္ဌာန မင်္ဂလာ

**မာတာပိတု-အမိအဖတို့ကို၊**

**ဥပဋ္ဌာန-လုပ်ကျွေးပြုစုခြင်း၊**

မေး။ ။မိဖကျေးဇူးကြီးမားပုံကို ပြဟူ၍ဗုဒ္ဓတရားလေးပါးဖြင့် ပိုင်းခြားရှင်းပြပြီး၊ မိဘများသည် အဘယ့်ကြောင့် ပြဟ္မာကြီး များနှင့် တူညီရသနည်း။

ဖြေ။ ။သားလေလား၊ သမီးလေလား ကွဲကွဲ ပြားပြား မမြင် မသိရသေးသော ချစ်ခြင်းမေတ္တာ တရားဖြင့်၊ မိဝင်ဝင်းဝယ်၊ ကိန်းဝပ် နေသော သူငယ်ကို၊ မိဖတို့က၊ အချိုအချဉ်၊ အပူ အစပ်၊အငန်၊

အခါး၊ မသင့်သော အစာများ ရှောင်ရှားပြီး၊ အသွားအလာ အနေအထိုင် စသည်တို့ကို ဆင်ခြင် ထိန်းသိမ်းကာ၊ နေထိုင်လျက် "အဘယ်အခါမှာ အင်္ဂါကြီးငယ် အသွယ်သွယ် ပြည့်စုံသော အနာရောဂါကင်း၍၊ကျန်းမာသောသား/သမီးရတနာကို ငါတို့မြင်ကြရပါမလဲ"ဟု ချစ်ချင်းမေတ္တာမိဘတို့မှာ ဖြစ်ကြရပါသည်၊ ထိုကာလဝယ်၊ မေတ္တာဗြဟ္မစိုရ်နှင့် ပြည့်စုံကြပါသည်။

သားသမီးအဖြစ် ဖွားမြင်လာသည်မှစ၍၊ သန်းကြမ်းပိုး၊မှက်၊ခြင်ကိုက်၍မျှ၊ မပြောတတ်၊ ရေသာနို့ဆာ၍မျှမတောင်းတတ်၊ချမ်း၍ပူ၍မျှမပြောတတ်သော သူငယ်ဘဝမှာ၊ ဆင်းရဲဒုက္ခတွေ့တိုင်း၊ငိုကြွေးရ၍၊ ကလေးငိုသံကြားတိုင်း မိဘတို့မှာ၊သနားကရုဏာဖြစ်ကြရသည်၊ ထိုကာလဝယ်၊ကရုဏာဗြဟ္မစိုရ်နှင့်၊ ပြည့်စုံကြပါသည်။

ဟိုဟို ဒီဒီ ပြေးလွှား သွားလာ တတ်သည်မှ၊ အသက်(၁၆)နှစ်-နှစ်ဆယ်နှစ်ရောက်မှလာ၍၊ ချစ်ခင် နှစ်သက် ဖုပက် မြတ်နိုးဘွယ် ကောင်းသော လူလားမြောက်လာကြသော သားသမီးများကြည့်ရှုပြီး၊ ဖရဏာ ပီတိ ဂွမ်းဆီထိ ပမာ မိဘတို့သည် ဝမ်းမြောက်ကြပေသည်၊ ထိုကာလဝယ်၊ မုဒိတာဗြဟ္မစိုရ်နှင့် ပြည့်စုံနေကြပါသည်။

အရွယ် ရောက်ပြီးသော သား/သမီး တို့သည် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုသလို အိမ်ထောင်

ပြုကြ၍၊တအိုးတအိမ် တည်ထောင်နိုင်သောအခါ၌၊ မိဖတို့မှာ "ငါတို့သားသမီးများ ယခုအခါ၊ ကိုယ့်အသက်မွေးမှု၊ကိုယ်ပြုနိုင်စွမ်းရှိကြပေပြီ"ဟုကြောင့်ကြမရှိ နေနိုင်ကြရ၏၊ ထို ကာလဝယ်၊ မိဖ တို့မှာ၊ ဥပေက္ခာဗြဟ္မစိုရ်နှင့် ပြည့်စုံနေကြပါသည်။

ဗြဟ္မာ့ပြည်မှ ဗြဟ္မာကြီးများသည် ဤဗြဟ္မစိုရ်တရား လေးပါးနှင့်အမြဲပြည့်စုံကြသလို၊ သားသမီးများအပေါ်မှာ၊ မိဖများက ဗြဟ္မစိုရ်တရား လေးပါးနှင့်ပြည့်စုံခြင်းကြောင့်၊ မိဖများသည်၊ ဗြဟ္မာကြီးများနှင့် တူပါသည်။

မိဖတို့သည်၊ သားသမီးများအား သိတတ်ခါစအရွယ်မှစ၍၊ မွေးချင်း မိဖဆွေမျိုးများကို ဘယ်လိုတော်တယ်၊ ဘယ်လိုခေါ်ရမည်၊ အရှေ့အနောက်တောင်မြောက် စသည်နှင့် တကွ၊ သိမှတ်ဘွယ်ရာများကို ပထမဦးဆုံး သင်ပြ ပေးခြင်းကြောင့် ပုဗ္ဗာစရိယ လက်ဦးဆရာ မည်ပေသည်၊ ဤမျှကျေးဇူးကြီးမားသော မိဖတို့အား တတ်အားသမျှလုပ်ကျွေး ပြုစုလျက်၊ မိဖ စိတ် ချမ်းသာအောင်၊ သားလိမ္မာ/သမီးလိမ္မာ ကလေး အဖြစ်နှင့် ဂုဏ်သတင်းမွှေးအောင် ပြောဆိုနေထိုင် ကျင့်သုံး ကြပါလေ။

ဆောင်။ ။လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ နှစ်ဖြာမိဖ၊ ပြုစု
ကြလျက်၊ သုခပွားစည်၊ အသက်ရှည်၍၊ ရှင်ကြည်

သာအေး၊ အိမ်လုံးမွေးအောင်၊ (မောင်လေးလိမ္မာစမ်းပါကွယ်) မလေးလိမ္မာစမ်းပါကွယ်။

ဗုဒ္ဓရှင်တော်မြတ်သည် မိဖနှစ်ပါးတို့အား ၁။ ဗြဟ္မာကြီးဟူသောဘွဲ့ထူး၊ ၂။ အိမ်ဦးနတ်ဟူသောဘွဲ့ထူး၊ ၃။ လက်ဦးဆရာဟူသောဘွဲ့ထူး၊ ၄။ အလှူခံပုဂ္ဂိုလ်ဟူသော ဘွဲ့ထူးတို့ဖြင့် ဂုဏ်ပြုဟောကြားခဲ့ခြင်းကို ထောက်၍ အနန္တဂုဏ်အင်ကျေးဇူးရှင်ဟူသော စကားကို (ခေတ်သူငယ်တို့) လက်ခံယုံကြည်နိုင်ကြပါစေ။

**ဆောင်။** ။အံ့လောက်စရာ၊ မိမာတာနှင့်၊ ပိတာအဖ၊ မြတ်ဂုဏအား၊ ဆပ်ငြားပါလို၊ မိကိုလက်ျာ၊ ဖမှာလက်ဝဲ၊ အမြဲထားလျက်၊ ပခုံးထက်တွင်၊ သို့ပင်နိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဘူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည်း။ (ပုဂ္ဂလာဝါဒ)။

**မေး။** ။မိဘဝတ္တာ ခေတနာကြီးမှားပုံ၊ ဝတ္ထုသာဓကထုတ်ဆောင်ပြပါ။

**ဖြေ။** ။အရှင်မောဂ္ဂလာန် အလောင်းသည် တခုသောဘဝ၌ မယားမိုက်၏ စေခိုင်းချက်ကြောင့် တောလမ်းခရီးမှ ကိုယ်တိုင် လူဆိုးဟန်ဆောင်ပြီး မျက်စိအလင်းမရသော မိဖတို့ကို ရိုက်နှက်သတ်လေရာ မိဖများက တကယ် လူဆိုးများ ရိုက်နှက် သတ်သည် ထင်၍ "သားအား ချမ်းသာစေခြင်းငှာ" ငါ့သားသာ လွတ်အောင်ပြေးဟု ငိုကြွေးယင်း သား၏ ချမ်းသာမှုတောင့်တကာ အော်ဟစ်ရှာပေသည်။

(ဤမျှ သားသမီးအပေါ် မိဘမေတ္တာ ကြီးမားပါသည်)။

တနည်း။ ။ဗိမ္ဗိသာရမင်းသည် မိမိသား အဇာတသတ်သည် မိမိ၏ရန်သူ၊ မိမိအား သတ်မည့်သား ဖြစ်မည်ကို ပုရောဟိတ်အမတ်တို့ ဟောပြောချက်ဖြင့် သိရသော်လည်း မသုတ်မသင်ဘဲ မေတ္တာ-ကရုဏာ ကြီးမားစွာဖြင့် မိဘဝတ္တရားမပျက် မွေးမြူ စောင့်ရှောက်၍ ကြီးပြင်းစေခဲ့ပါသည်။

အမှာ။ ။တနည်း အဖြေတွေတိုင်း နှစ်သက်ရာ တခုကိုသာ ပိုင်အောင် ဖတ်ထားပါ။

မေး။ ။ပာတာပိတု ဥပဋ္ဌာနံမင်္ဂလာနှင့် ပြည့်စုံ၍ ချမ်းသာရပုံ ဝတ္ထုသာကေ ထုတ်ပြပါ။

ဖြေ။ ။သုဝဏ္ဏသာမ သတို့သားသည် မျက်စိအလင်း မရသော ဒုကူလနှင့် ပါရိကာ အမိအဖတို့ကို သားသမင်အဖော်ပြု၍ ကျွေးမွေးပြုစုခဲ့ခြင်းကြောင့် ပိဠိယက္ခမင်း၏ မျှားဒဏ်ချက်ဖြင့် မသေဘဲ ချမ်းသာရာ ရဘူးပါသည်။

တနည်း။ ။ဘုရားအလောင်း ကေဒါရ ကျေးသားသည် တိရစ္ဆာန် ဖြစ်ပျက် ကြွေးဟောင်း ပေးဆပ်သည် မည်သော မိဖတို့အား ပြုစု လုပ်ကျွေး မှုကြောင့် အသက်ဘေးမှ ချမ်းသာရာ ရရုံမက လယ်ပိုင် ရှင်ကြီး၏ သလေးပေါးခင်းကိုပါ ပေတ်လပ်စွာ သုံးဆောင် ကျက်စားခွင့် ရခဲ့ဘူးပါသည်။

**မေး။** ။မိဖကျေးဇူးကန်းသူ၊မဆပ်သူတို့အား ပစ္စုပ္ပန် တမလွန်တွင် ဘယ်သို့သောအကျိုးများရ၍မိဘကျေးဇူးဆပ်သူတို့အား ရရှိသောပစ္စုပ္ပန်တမလွန်ကျိုးများကို ကျမ်းဂန်လာ အာစရိယနည်းမှီး၍ ဖြေခဲ့ပါ။

**ဖြေ။** ။မိဖကျေးဇူးကန်းသူတို့အား ပစ္စုပ္ပန်ဘဝတွင်စီးပွားဥစ္စာ ဆုတ်ယုတ်ပျက်ပြားခြင်း၊ မိဘကျေးဇူး မပေးဆပ်သူဟု အများက ကဲ့ရဲ့ရှုတ်ချခြင်းနှင့် တမလွန်သဝတွင် ဘင်ပုပ်ငရဲသို့ ကျရောက်တတ်ပါသည်။

မိဖကျေးဇူးဆပ်သူတို့အားပစ္စုပ္ပန်ဘဝတွင်စီးပွားဥစ္စာတိုးတက်ခြင်း၊ အများက ချီးကျူးဂုဏ်ပြုခြင်းနှင့် တမလွန်ဘဝတွင် နတ်ပြည်သို့ လားရောက်ရပါသည်။

(ဓမ္မပဒ မာရဝတ္ထုနှင့် ဋီကာ ဝတ္ထုကသ ဗြဟ္မကသုတ်)

**သားသမီးကျင့်ဝတ်ငါးပါး**

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊မွေခံထိုက်စေ၊ လူမျိုးဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။

## (၁၂) ပုတ္တဒါရဿသင်္ဂဟော

**ပုတ္တဒါရဿ သားမယားအား၊**
**သင်္ဂဟော သင်္ဂြိုဟ်ထောက်ပံ့ခြင်း။**

**မေး။** ။ဤမင်္ဂလာ၌ ပုတ္တအရ၊ သားသုံးမျိုးကို ခွဲခြားဖြေဆိုပါ။

ဖြေ။ ။ပုတ္တအရ သားသုံးမျိုးကား။
(၁) အတိဇာတ-မြတ်သောသား။
(၂) အနုဇာတ-အလယ်အလတ်ဖြစ်သော သား။
(၃) အဝဇာတ ယုတ်ညံ့သောသားတို့ဖြစ်ပါသည်။

မေး။ ။ဤမင်္ဂလာ(ဒါရ)အရ၊မယား(၇)မျိုးခွဲခြားပြပါ။

ဖြေ။ ။(၁) ဝဓကသမာ-သူသတ်နှင့်တူသော မယား။
(၂) စောရီသမာ-ခိုးသူနှင့် တူသော မယား။
(၃) အယျာသမာ အရှင်သခင်နှင့်တူသောမယား။
(၄) မာတာသမာ-အမိနှင့် တူသော မယား။
(၅) ဘဂိနီသမာ-နှမနှင့်တူသော မယား။
(၆) သခီသမာ-မိတ်ဆွေနှင့်တူသော မယား။
(၇) ဒါသီသမာ-ကျွန်နှင့်တူသောမယားတို့ ဖြစ်ပါသည်။

ဆောင်။ ။မယားခုနစ်မျိုး၊ ရှိမြဲရိုးတွင်၊ ခိုးသူအရှင်၊သူသတ် သွင်သို၊ အကြင်မယား၊ လားဇါတ်ပြဲ၊ အပြဲမှတ်ဘိ၊ အမိတမျှ၊ နှမ, မယွန်း၊ ခင်ပွန်းသဖွယ်၊ ကျွန်နှယ် လေးဖြာ၊ မယားပွားကား၊ နှမ်မှာနှတ်ပြည်၊ လေးပြဲ မည်။(မာဃဒေဝလင်္ကာ)။

မိဘကျင့်ဝတ်ငါးပါး

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်ပေး၊ ပေးစေဦးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ မင်မယ် တို့တာ။

**လင့်ကျင့်ဝတ်ငါးပါး**

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

**မယားကျင့်ဝတ်ငါးပါး**

အိမ်တွင်းမှုလုပ်၊ သိမ်းထုတ်သေချာ၊ မိစ္ဆာ ကျဉ်ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

## (၁၄) အနာကုလာစ ကမ္မန္တာ

**အနာကုလာ-အနှောက်အရှက်မရှိကုန်သော (ဝါ)မရှုတ်မထွေးကုန်သော။**
**ကမ္မန္တာ-အမှုတို့ကိုပြုရခြင်း။**

ဤမင်္ဂလာသည် အသက်မွေးကြောင်း သားမယားတို့အား ကျွေးရာ ကျွေးကြောင်းဖြစ်သော အလုပ်အကိုင်ကိုပြုလုပ်ရာ၌ သမ္မာအာဇီဝဖြင့် လောကဥပဒေပြစ်လည်းကင်းအောင်၊သံသရာ ပြစ်၊အကုသိုလ်လည်းကင်းအောင် လုပ်ကိုင်ဆောင်ရွက်ရမည်ဟု ဆိုလိုသည်။

မေး။　　။ကြီးပွားရေးအတွက် သမ္ပဒါလေးချက်ဖြေဆိုခဲ့ပါ။

ဖြေ။　　။၁။ ဥဋ္ဌာနသမ္ပဒါ-အလုပ်၌ ထကြွလုံ့လ ဝီရိယ ရှိရခြင်း။

၂။ အာရက္ခသမ္ပဒါ-ရသမျှ ပစ္စည်း သိမ်းဆည်း စောင့်ရှောက်တတ်ရခြင်း။

၃။ ကလျာဏမိတ္တသမ္ပဒါ-နည်းပေး လမ်းပြ မိတ်ဆွေကောင်း ရှိရခြင်း။

၄။ သမဇီဝိတာသမ္ပဒါ-အဝင်အထွက်မျှတအောင် ချွေတာသုံးစွဲနိုင်ရခြင်းတို့ ဖြစ်ပါသည်။

တနည်း။ ။မှတ်သားဘွယ် ချမ်းသာ(၄)မျိုး

၁။ အတ္ထိသုခ-ကြိုးစား ရှာဖွေ စုဆောင်းခြင်းကြောင့် ဥစ္စာရှိ၍ ချမ်းသာခြင်း။

၂။ ဘောဂသုခ-သုံးဆောင် ခံစားရ၍ ချမ်းသာရခြင်း။

၃။ အာနဏယသုခ-ကြွေးမြီကင်းရှင်း၍ ချမ်းသာရခြင်း။

၄။ အနဝဇ္ဇသုခ-အကုသိုလ် ဒုစရိုက်ကင်း၍ ချမ်းသာရခြင်းတို့ ဖြစ်ပါသည်။

ဆောင်။ ။ရှိ-သုံး ကြွေးကင်း၊အပြစ်ရှင်း၊ရခြင်းလူချမ်းသာ။ လူသားဟူက၊ ဤလေးဝ၊ မုချရသင့်တာ။

မေး။ ။ကြီးပွားချမ်းသာသူတို့အား ပဆုတ်ယုတ် မပျက်ပြားကြောင်း ၄ပါး ညွှန်ကြားခဲ့ပါ။

ဖြေ။ ။၁။ ပျောက်သော ပစ္စည်း တွေ့အောင် ရှာလေ့ရှိခြင်း။

၂။ ဟောင်းနွမ်း ဆွေးမြေ့ ဒိုမင်းသည် တို့ကို ပြုပြင် သုံးစွဲလေ့ရှိခြင်း။

၃။ အတိုင်းအရှည်ဖြင့်(ကုန်နိုင်ရုံ)ချက်ပြုတ် စားသောက်လေ့ရှိခြင်း။

၄။ အကျင့်သိလ ကောင်းမွန်သူကိုသာထိန်းသိမ်းအုပ်ချုပ်စေခြင်းတို့ ဖြစ်သည် ဤကား ကြီး

ပွားချမ်းသာ သူတို့အား မဆုတ်ယုတ်မပျက်ပြားကြောင်းတို့ ဖြစ်ပါသည်။

**အမှာ။** ။ဤမှအပြန် ၄-ချက်သည်၊ ဆုတ်ယုတ် ပျက်ပြားဆင်းရဲကြောင်း၊ မွဲကြောင်းဟု မှတ်ပါလေ။

**အနာကုလာစ ကမ္မန္တာ မင်္ဂလာအဆက်**

ရှေးအခါက သတိဝိရိယရှိသော လှည်းကုန်သည် တို့သည် အလွန် ရေရှားသော သဲကန္တာရကြီး အလယ်၌ ရေအခက်အခဲနှင့်ကြုံကြရလေသည်၊ ထိုအခါ ဥာဏ်နှင့်ယှဉ်သော လုံ့လဝိရိယ ထူထောင်၍ ရေတွင်းတူးကြရာ အတောင်ခြောက်ဆယ် နက်မှ ကျောက်ဖျာ သွားတွေ့နေကြသဖြင့် စိတ်ပျက် အားလျော့စရာ ဖြစ်သော်လည်း မလျော့သော ဇွဲလုံ့လဖြင့် ကျောက်ဖျာ ထွင်းဖောက်ထုခွဲလိုက်ရာ ကျောက်ဖျာအောက် ရေကြောင်းမှရေတွေ အပြည့်တက်လာသဖြင့် လှည်းကုန်သည် များရော၊ နွားများပါ ချမ်းသာကြရဘူး၏၊ ဤအမှုမျိုးသည် မိမိနှင့်တကွ အများချမ်းသာကြောင်းဖြစ်၍ အနာကုလ ကမ္မန္တ မင်္ဂလာဖြစ်သည်။

**တနည်းမှတ်ဖွယ်**

တရံရောအခါ သိကြားမင်းသည် သူ၏သားများ ဖြစ်ကြသော သုဝိရ၊ သုသိမတို့ကိုခေါ်၍ "ငါ့သားများ၊ ထကြွလုံ့လဝိရိယမရှိဘဲ ကြီးပွား ချမ်းသာခြင်းကို ရသော အရပ် ဒေသ အကယ်၍ရှိငြားအံ့၊ အဲဒီအရပ်သို့ သင်တို့သွားကြပါ၊ ငါ့ကိုလည်း အဲဒီအရပ်သို့ ပို့ပေးစမ်းပါ" ဟု ပြောဆို ဆုံးမဘူး၏။

မင်္ဂလာသင်တန်း တက်ရောက် သင်ယူလေ့လာကြသော မောင်မယ်တို့အနေနှင့် နတ်သိကြား တို့သည်ပင်လျှင် ထကြွလုံ့လ ဝီရိယရှိကြရလျက် ချမ်းသာကြီးပွားရေးကို ဆောင်ရွက် ကြရသည်ဖြစ်ရာ ငါတို့လူ့လောကမှာ ပြောဘွယ်ရာမလိုပေ။ ယခုအချိန်မှာ ပညာရေးကိုကြိုးစားကြ၍ နောင်အခါ စီးပွားရေးမှာကြိုးစားထူထောင် ကြရပေမည်။

ပုတ္တဒါရသင်္ဂဟောနှင့် အနာကုလာစ ကမ္မန္တာ- မင်္ဂလာများ လက်တွေ့ဆောင်ရွက်ရာ၌ ဆင်ခြင်ဘွယ်ကား-

မယားစားဘို့၊ သားစားဘို့၊ ဟု ကိုယ်တို့ နောင်ရေးမတွေးမဆ၊ မိုက်အန္ဓပြင်၊ လောဘအလို၊ လိုက်မပိုနှင့်၊ ဤကိုယ်ပျက်ပြား၊ ဘဝလားသော်၊ မယားမပါ၊ သားမပါဘူး၊ ကိုယ့်တာကိုယ်ခံ၊ စာရေးတံသို့၊ ကိုယ့်ကံအလျောက်၊ မြေကြီးအောက်ဝယ်၊ မီးတောက်ဟုန်းဟုန်း၊ ငရဲဖုံး၌၊ ပြေးပုန်းမရ၊ မိမယ်တ၍၊ ဒုက္ခခံမှု၊ ကိုယ်တခုဖြင့်၊ ကိုယ်ပြု ကိုယ်ကျုး ကံလွန်တည်း။ (မဃဒေဝလင်္ကာ)။

**အမှာ။** ။စီးပွားရေး ဦးဆောင်သော အမျိုးသမီးများသတိပြုဆင်ခြင်ဘို့ရန် အထက်ပါ လင်္ကာဝယ် မယားပုဒ်နေရာမှာ **လင်သားပုဒ်**အစားထိုးဖတ်ရှုက အဓိပ္ပာယ်ရှင်းပါ၏။

## (၁၄) ဒါနဥ္စမင်္ဂလာ

### ဒါန-ပေးကမ်း စွန့်ကြဲခြင်း

ဆင်းရဲသူအား အဝတ်အစား အိပ်ရာ နေရာ ပေးခြင်း၊ ရောဂါရှိသူအား ဆေးဝါးပေးခြင်း၊ တဦးတယောက်ဖြစ်စေ၊

အသင်းအဖွဲ့ဖြစ်စေ၊ အများကောင်းအောင် လုပ်နေသည်ကို သဘောကျခြင်းကြောင့် ကြက်ခြေနီ၊ မီးသတ်၊ မြို့ပြကာကွယ်ရေး၊မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့များအား ထောက်ပံ့လှူဒါန်းခြင်း၊ကြည်ညိုဘွယ်အမူအရာကို မြင်၍ ရဟန်းစသော သူတော်စင်တို့ကို ကြည်ညိုခြင်းကြောင့် လှူဒါန်းခြင်း၊ ချစ်စရာ ကလေးများအား ချစ်မေတ္တာဖြင့် ပေးကမ်းခြင်းများသည် ဒါနဥ္စ မင်္ဂလာတွင် ပါဝင်သည်။ (အကျုံးဝင်ပါသည်)။

**မှတ်ချက်။** ။လောကဥ္စ ကြိုက်၍ပေး၊ ကြောက်၍ပေး၊ ဂုဏ်လာဘ်မက်၍ ပေးခြင်းမျိုး ဒါနဥ္စ မင်္ဂလာမမည်ပါ။

**မေး။** ။ဒါနသည် ဘယ်နှစ်မျိုးရှိသနည်း ရှင်းပြပါ။

**ဖြေ။** ။ဒါနသည် အာမိသဒါန-ဓမ္မဒါန ဟူ၍ နှစ်မျိုးရှိပါသည်။

အစားအသောက်၊ အဝတ်အထည်၊ အဆောက်အဦ၊ ဆေးဝါး စသည့် ပစ္စည်းများ ပေးလှူခြင်းသည် အာမိသဒါန၊ တရားဓမ္မဟောကြားပြသခြင်း၊ စာသင်ကြား ပို့ချပေးခြင်း၊ အသိအလိမ္မာ ပညာပေး စာအုပ်များ လှူဒါန်းခြင်း စသည်လည်း ဓမ္မဒါနမည်ပါသည်။

ဤဒါန နှစ်မျိုးတွင် အဘယ်ဒါနကမြတ်သနည်းဟု မေးလျှင် ''သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ''ဟု ဟောသည်နှင့်အညီ ဓမ္မဒါနက မြတ်သည်ဟု ဖြေပါ။

# ဒါနနှင့်စပ်၍ မှတ်ဘွယ်များ

## ဒါန၏ အစွမ်းသတ္တိကား

မယဉ်ကျေးသူကို ယဉ်ကျေးစေ နိုင်သည်။
အကျိုးအားလုံးကို ပြီးစေနိုင်သည်။
ဒါနဖြင့်ရင်း၊ ချိုသာသော စကားဖြင့်ရင်း၊ မိမိဘက် ပါအောင် ဆွဲဆောင်နိုင်သည်။
မာန်မာန ခက်ထန်သောသူကို ပျော့ပျောင်း နူးညံ့သွား စေနိုင်သည်။

## ထို့ပြင် ဒါနဟူသည်

နတ်ပြည်တက်ကြောင်း စောင်းတန်းလှေကားသဖွယ်ဖြစ်၏။
သံသရာခရီးသည်အတွက် အမြတ်ဆုံး ရိက္ခာထုပ် သဖွယ် ဖြစ်၏။
နိဗ္ဗာန်ရောတ်ကြောင်း ဖြောင့်တန်းသောလမ်းမတော်လည်း ဖြစ်၏။
ဆင်းရဲလွတ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဖြစ် ၏ဟု မှတ်ပါ။

## ဒါနအကျိုးငါးပါး

၁။ လူအများချစ်ခင်မြတ်နိုးခြင်း။
၂။ သူတော်ကောင်းတို့ ချဉ်းကပ်လာခြင်း။
၃။ ကောင်းသတင်း ကျော်စောခြင်း။

၄။ ပရိသတ်အလယ်တွင် ရဲရဲဝံ့ဝံ့ဝင်နိုင်ခြင်း။
၅။ သေပြီးနောက်၊နတ်ပြည်ရောက်ရခြင်းတို့ဖြစ်သည်။

**ဆောင်။** ။လူများချစ်အပ်၊ ချဉ်းကပ်သူတော်။
ကောင်းသတင်းလွင့်၊ ရဲရင့်လူ့မော်။
သေသည့် နောက်ကျ၊ ရောက်ရနတ်ဖော်။
ဒါနကျိုး၊ ငါးမျိုး မှတ်ကြနော်။

**မေး။** ။ဒါနဥ္စ-မင်္ဂလာနှင့် စပ်၍ နိပါတ်တော်လာ၊ကပ္ပဋ္ဌိတိ အဝင်၊ ထင်ရှားသော သာဓက တခုထုတ်ပြခဲ့ပါ။

**ဖြေ။** ။ငါတို့ဗုဒ္ဓမြတ်စွာ လောင်းလျာသည်၊ တခုသောဘဝ ယုန်မျိုး၌ ဖြစ်ခဲ့သည်၊ မျောက်၊ မြေခွေး၊ ဖျံ သုံးဦး သားတို့သည်၊ အလောင်းတော် ယုန်ပညာရှိ၏ ရင်း နှီးသော မိတ်ဆွေ များဖြစ်ကြသည်။ ညချမ်းအချိန် တိုင်း ဆုံကြ စည်းဝေးလေ့ရှိကြ၏။

ယုန်ပညာရှိက အမြဲတန်း အလှူပေးရန်၊ သီလ ဆောက်တည်ရန်၊ ဥပုသ်ကျင့်သုံးရန်၊ ဟောပြည့်နှ ကြားလေ့ရှိရာ၊ သုံးဦးသော အဆွေ ခင်ပွန်းတို့က လက်ခံ နာယူကြသည်၊ တနေ့သ၌ အလောင်း တော် ယုန်ပညာရှိက ကောင်းကင်ကို ကြည့်ရာ လ ႇကို မြင်၍ မနက်ဖြန် လပြည့် ဥပုသ်နေ့ဟု သိသဖြင့် သုံးဦးသော မိတ်ဆွေ တို့ကို "သင်တို့ မနက်ဖန် ဥပုသ်နေ့ သီလ ဆောက် တည် ကြ၊ သီလဆောက်တည်ပြီး အလှူပေးလှူလျှင် အကျိုး

ကြီးမားတယ်၊မိမိတို့ အစာထဲမှအလှူဒါနပေးလှူ၍ စားသောက်ကြ”ဟု ပြောဆိုညွှန်ကြား၍ ဝန်ခံ ပြန်သွားကြသော်၊ ယုန်ပညာရှိသည် သူ၏သီလကို ဆင်ခြင်နှလုံးသွင်းရင်း “ငါသည် နေဇာမြက်ကိုစား၏၊ အလှူခံပုဂ္ဂိုလ်က မျက်ကိုစားမည်မဟုတ်၊ ငါ့ကိုယ်၏ အသားကို လှူမည်”ဟု ကြံစည်ဆုံးဖြတ်လိုက်ရာ သိကြားမင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းမာ ပူပြင်း၍ ဆင့်ခြင်ကြည့်လိုက်သော် “ဘုရားလောင်း ယုန်ပညာရှိ၏ ကြံစည်ဆုံးဖြတ်မှု ကြောင့်”ဟုသိ၍ ပုဏ္ဏားအိုယောင်ဆောင်ကာ ဘုရားလောင်း ယုန်ပညာရှိ၏ ရှေ့သို့ လာရပ်သည်၊ “အဘယ်အကျိုးငှါ ရပ်လာသနည်း”ဟုမေးသော် “တစုံတခု အာဟာရရလျှင် ဥပုသ်ဆောက်တည် ကျင့်သုံးရန် ရပ်လာရကြောင်း” ပြောလျှင် “ယနေ့ မလှူဘူးသောအလှူကို ကျွန်ုပ်လှူမည်၊ အသင်ပုဏ္ဏား- ထင်းစု မီးကျိုးပြု၍ ကျွန်ုပ်အား ပြောကြားလော့၊ ကျွန်ုပ်ကိုယ်ကိုစွန့်၍ မီးကျိုးစုမှာ ဆင်းမည်၊ ကျက်လျှင် ကျွန်ုပ်အသားစား၍ ရဟန်း တရား အားထုတ်ရစ်ပါ” ဟု မှာကြားပြီး ကိုယ်အဘွင်း၌ ပိုးမွှား ကလေးများ မသေကြစေရန် သုံးကြိမ်ခါ၍ အသင့် ဖန်ဆင်းထားသော မီးပုံတွင်းသို့ ခုန်ဆင်းလိုက်လေသည်၊ ကျက်ဘို့မဆိုထားဘိ အမွှေးမျှပင် မလောင်ကျွမ်း၊ ဆီးနှင်းတိုက်ထဲ ဝင်ရဘိသကဲ့သို့ ဖြစ်နေ

၍ ပုဏ္ဏားအား အကျိုးအကြောင်း မေးမြန်းသော အခါ ပုဏ္ဏားက "သူသည် သိကြားမင်းဖြစ်ကြောင်း၊ စုံစမ်းလို၍လာကြောင်း" ပြောပြလေသော်၊ "ဖြစ်မှ ဖြစ်ရလေ၊ သင်သိကြားသာမဟုတ်၊ တလောကလုံးမှ လာ၍ ကျွန်ုပ်ကို အလှူဒါနဖြင့် စုံစမ်းငြားအံ့၊ မပေးလိုသောအဖြစ် မမြင်ရနိုင်" ဟု ရှင်းပြ ပြောဆို သောအခါ "ယုန်ပညာရှိ၊ အသင်၏ ကျေးဇူးကမ္ဘာ တည်သရွေ့ ထင်ရှားသိစေသော" ဟု အသက်စွန့်၍ ဒါနမင်္ဂလာပြုသည်ကို မှတ်တမ်းတင်သည့် အနေဖြင့် သိကြားမင်းက လဝန်းထဲ၌ တောင်ဆီဖြင့် ယုန်ရုပ် အမှတ်တံဆိပ် ရေးသားထားခဲ့ပေသည်။

**အမှာ။** ။လဝန်းထဲမှ ယုန်ရုပ်ရှုမြင်ရတိုင်းဒါနပါရမီကြည်ညို အားကျနိုင်ကြပါစေ။

ရေအကျိုး(၁၀)ပါး

**ဆောင်ပုဒ်။** ။စင်ကြယ်ကျော်ကြား၊ ဖော်များ လျှင်မြန်၊
မွတ်သိပ်ဆာခြင်း၊ ကွာကင်းရပြန်။
သက်ရှည်ဆင်းလှ၊ ချမ်းမြအားသန်။
ဥာဏ်ဝေဖြိုး၊ ရေကျိုးဤဆယ်တန်။

မီးလှူရကျိုး(၃)ပါး

**ဆောင်ပုဒ်။** ။အမျိုးမြင့်မြတ်၊ တင့်အပ်ဂုဏ်ရည်။
ရုပ်ရည်ဆင်းလှ၊ ဝင်းပစုံညီ။
ပညာတန်ခိုး၊ ကျော်ဟိုးပေသည်။
လင်းရောင်ဓာတ်၊ လှူအပ်ကျိုးသုံးလီ။

## (၁၅) ဓမ္မစရိယာစ မင်္ဂလာ

### ဓမ္မစရိယာ မြတ်သောသုစရိုက် အကျင့်ကိုကျင့်တို့ခြင်း။

**မေး။** ။သုစရိုက်တရား ဘယ်နှစ်ပါးရှိသနည်း၊ ၎င်းကို အမည် ဘယ်သို့ သုံးနှုန်းသေးသနည်း။

**ဖြေ။** ။သုစရိုက်တရား (၁၀) ပါး ပါရှိသည်၊ ၎င်း ကုသလ ကမ္မပထ တရား (၁၀) ပါးဟုလည်း သုံးနှုန်းပါသေးသည်။

အပြစ်ကင်းသောအလုပ် ထမြောက် အောင်မြင်ကြောင်း ကို (ကုသလ-ကမ္မပထ) ဟုခေါ်ပါသည်။

သုစရိုက်တရား(၁၀)ပါး (သို့မဟုတ်) ကုသလ ကမ္မပထ တရား(၁၀)ပါး။

**ကာယကံ(၃)ပါး**

၁။ ပါဏာတိပါတာဝေရမဏီ၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါနာ ဝေရမဏီ၊ ပိုင်ရှင်မပေးသော သူတပါး ပစ္စည်းယူခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ၊ မလွန်ကျူးထိုက်သော မိန်းမ ယောကျ်ားတို့၌ လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း။

**သောင်။** ။သက်သတ်၊ ခိုးမှု၊ ကာမေသု၊ ရှောင်မှု သုံးတန် ကာယကံ။

**ဝစီကံ(၄)ပါး**

၁။ မုသာဝါဒါ ဝေရမဏီ၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ပိသုဏာဝါစာ ဝေရမဏီ၊ ဂုံးချောစကား ပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ဖရုသဝါစာ ဝေရမဏီ၊ ကြမ်းတမ်းစွာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အနှစ်မရှိသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

ဆောင်။ ။မုသားပြောဆို၊ ဂုံးချောရန်တိုက်၊ အပိုက်အမဲ၊ ဆဲရေးချောက်ခြိမ်း၊ အပြိန်းစကား၊ ဤလေးပါး၊ ရှောင်ငြားဝစီကံ။

မနောကံ(၃)ပါး

၁။ အဘိဇ္ဈာဝေရမဏီ၊ သူ့ပစ္စည်းစိမ်ကို ပိမိဥစ္စာ ဖြစ်စေလိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ဗျာပါဒါဝေရမဏီ၊ သူတပါးကို ပျက်စီးစေလိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ၊ အယူအမြင်မှားခြင်းမှ ရှောင်ကြဉ်ခြင်း။

ဆောင်။ ။သူ့စည်းစိမ်ကို၊ တည်စေလိုမှု၊ သူ့သက်ဇီဝေ ချုပ်စေချင်ဟု၊ အယူဖြောင့်ငြား၊ ဤသုံးပါး၊ မှတ်သားမနောကံ။

ဤသို့ဆိုလျှင် သုစရိုက် (၁၀) ပါး၊ သို့မဟုတ် ကုသလ ကမ္မပထတရား (၁၀) ပါးဖြစ်ပါသည်။

ဤသုစရိုက် ကုသလကမ္မပထ တရား (၁၀) ပါးကို

၁။ ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်း။

၂။ သူတပါးလိုက်နာကျင့်သုံးရန် နှိုးဆော်တိုက်တွန်းခြင်း။

၃။ သူတပါး လိုက်နာကျင့်သုံးသည်ကို ချီးမွမ်း အားပေး ခြင်း။

၄။ သူတပါးနှင့် အတူတကွ ပူးပေါင်းလိုက် နာကျင့် သုံးခြင်း။

ဤလေးမျိုးနှင့် မြှောက်လျှင် (၁၀×၄=၄၀) သုစရိုက် ကုသလကမ္မပထ တရားပေါင်း (၄၀) ဖြစ်ပါသည်။

## (၁၆) ဉာတကာနဉ္စသင်္ဂဟော မင်္ဂလာ

ဉာတကာနံ၊ အဆွေအမျိုးတို့အား-

သင်္ဂဟော၊ သင်္ဂြိုဟ် ထောက်ပံ့ခြင်း၊ (ဝါ) ချီးမြှောက် ထောက်ပံ့ခြင်း။

**မေး။** ။အဆွေအမျိုးအရ၊ ယူမည့်သူများနှင့် ဤမင်္ဂလာအရ၊ အရ၊ သွင်းယူရမည့် သူများကိုလည်း ရေးပြခဲ့ပါ။

**ဖြေ။** ။အဆွေအမျိုးအရ၊ မိဘနှင့် ဆက်စပ်သော အမိဘက်မှ အမျိုး၊ အဘဖက်မှအမျိုး၊ သူငယ်ချင်း၊ မိတ်ဆွေ အတူနေ အရပ်သူရွာသား ဟူသောရပ်ဆွေရပ်မျိုးတို့ ကိုယူရပါမည်၊ တိုင်းပြည်အုပ်ချုပ်သော ပြည်အုပိုင် အစိုးရများအနေနှင့် အရာရှိ၊ အရာခံ၊ မင်းမှုထမ်း သား၊ လခစား၊ ကုန်သည်၊ လယ်သမား၊ ပြည်သူ

ပြည်သားများ ဤမင်္ဂလာအရသွင်းယူရမည့်သူများ ဖြစ်ပါသည်။

မေး။ ။ဤဉာတကာနဉ္စ သင်္ဂဟော၊ သင်္ဂဟတရားလေးပါး ရေးပြပါ။

ဖြေ။ ။**သင်္ဂဟတရားလေးပါးကား-**

၁။ ဒါန-ပေးကမ်းခြင်း။

၂။ ပိယဝါစာ-ချစ်ဖွယ်စကား ပြောဆိုခြင်း။

၃။ အတ္ထစရိယ- အကျိုးစီးပွားဆောင်ခြင်း။

၄။ သမာနတ္တာ-ကိုယ်နှင့် ထပ်တူ ပြုခြင်း တို့ ဖြစ်ပါသည်။

မေး။ ။ဉာတကာနဉ္စ မင်္ဂလာအရ၊ အမျိုးသားအချင်းချင်း မညီညွတ်၍၊ သူတပါးလက်သို့ ရောက်ရပုံ၊ ဇာတ်နိပါတ် တခုဖြင့် သာဓကပြ ဖြေပါ။

(နှစ်ဖောင်းပေးခွန်)

ဖြေ။ ။ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က၊ ဝေသာလီ ပြည် လိစ္ဆဝီမင်းသားတို့သည်၊ ညီညီညွတ်ညွတ်ရှိကြ သဖြင့်၊ တိုင်းပြည်ကြည်ကားသိုက်မြိုက်ပုံ၊ လိစ္ဆဝီမင်း သားတို့၏ ပယ်တယ်ပိုင် မြတ်စွာဘုရားက တာဝတိံ သာ နတ်ပြည်မှ နတ်သားတို့နှင့်ပင် နှိုင်းခိုင်း ဟုကျော်ပြု မိန့်ဆိုခဲ့ပါသည်။

သို့သော်လည်း ရာဇဂြိုဟ်ပြည်မှ အမတ်ကြီးဝဿကာရ၏ သွေးခွဲမှုကြောင့်၊ အချင်းချင်း စိတ်ဝမ်းကွဲကာ မညီမညွတ်ဖြစ်ကြရ၍၊ အဇာတသတ် မင်း တိုက်ခိုက်သိမ်းယူ၍၊ တိုင်းတပါးလက်အောက်တိုင်း

ပြည် ရောက်ခဲ့ရဘူးပါသည်၊ ဤကား အမျိုးသား အချင်းချင်းမညီညွတ်၍၊တိုင်းတပါးလက်သို့ ရောက်ရပုံဖြစ်ပါသည်။ (မဟာပရိနိဗ္ဗာနသုတ်)

## (၁၇) အနဝဇ္ဇာနိ ကမ္မာနိ-မင်္ဂလာ

### အနဝဇ္ဇာနိ- အပြစ်မရှိကုန်သော- ကမ္မာနိ- အမှုတို့ကိုပြုရခြင်း။

မေး။ ။အပြစ်မရှိသော အလုပ်တို့ကို၊ သင်ညာဏ်မှီတမျှ ထုတ်ပြခဲ့ပါ။

ဖြေ။ ။မင်းပြစ်မင်းဒဏ်လည်းမရှိ၊ အကုသိုလ် အပြစ်လည်း မရှိသော အလုပ်မျိုးကို အပြစ်မရှိသော အလုပ်ဟု ခေါ်ဆိုရာ၊ (၅ ပါး-၈ ပါး-၁၀ ပါး) ဥပုသ်သီလ ဆောက်တည်ခြင်း၊ အရိပ်ခိုနားရန် သစ်ပင်စိုက်ခြင်း နှင့် သစ်သီးဥယျာဉ် ပန်းဥယျာဉ်စိုက်ခြင်း၊ ရေအိုး စင်တည်ခြြင်း၊ ရေတွင်း ရေကန်တူးခြင်း၊ လမ်းပြင် လမ်းခင်းခြင်း၊ ကုသိုလ်ရေး အသင်းဖွဲ့ခြင်း၊ တရား သောရောင်းဝယ်ရေး (သမဝါယမ) အသင်းဖွဲ့ခြင်း စသည်တို့ဖြစ်ပါသည်။

မေး။ ။ကျောင်း၊ ကန်၊ ဘုရား၊ စေတီယင်ပြင် စသည် တို့တွင် သန့်ရှင်းရေး တံမြက်စည်း လှည်းသူများ အား အကျိုး ဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ။ ။တံမြက်စည်းလှည်းသူများအား အကျိုး ၅ါး ပါး ရပါသည်။

## (၅) ပါးကား

၁။ မိမိစိတ် ကြည်လင်ခြင်း၊ ၂။ သူတပါး စိတ်ကြည်လင်ခြင်း၊ ၃။နတ်တို့ချစ်ခင်မြတ်နိုးခြင်း၊ ၄။ ရုပ်သွင်လှပခြင်း၊ ၅။ နတ်ပြည်၌ ဖြစ်ရခြင်းတို့ ဖြစ်ပါသည်။

**ဆောင်။** ။မိမိနှင့် သူတပါး၊ နှစ်ပါးစုံကြည်လင်၊
ဒေဝတာ နတ်အပေါင်းတို့၊ အောက်မေ့ချစ်ခင်။
လှရုပ်သွင် ကြည်ရွှင်ပြည့်ဖြိုး၊
နတ်ပြည်ခွင် ဝင်စံရတယ်၊ လှည်းပါ့တံမြက်ကျိုး။

## (၁၈) အာရတီပါပါမင်္ဂလာ

**ပါပါ=မကောင်းမှုမှ-**

**အာရတိ (စိတ်ဖြင့်) ဝေးစွာရှောင်ကြဉ်ခြင်း၊**

**မေး။** ။မကောင်းမှုဟူသည် အဘယ်နည်း၊ ဤမင်္ဂလာအရ မကောင်းမှု တရားများထုတ်ပြပါ။

**ဖြေ။** ။သူတပါးဆင်းရဲအောင်မခံချင်အောင်ပြုမှု၊ပြောဆိုမှု များသည် မကောင်းမှု ( ယုတ်မာမှု ) ဖြစ်ပါသည်။

**မကောင်းမှုတရားများကား**

၁။ သူတပါးအသက်သတ်ခြင်း၊ ၂။သူတပါး ပစ္စည်း ခိုးယူခြင်း၊ ၃။ မလွန်ကျူးထိုက်သော မိန်းမ ယောကျ်ားတို့၌ ပြစ်မှား ကျူးလွန်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်းတို့ ဖြစ်ပါသည်။

မေး။ ။မကောင်းမှုမှ စိတ်ဖြင့် ဝေးစွာ ရှောင်ကြဉ်ပုံ ရေးပြပါ။

ဖြေ ။ငါတို့ အမျိုးသည် သူ့အသက်သတ်သော အမျိုးမဟုတ်၊ သူ့ဥစ္စာ ခိုးယူလုယက်သော အမျိုးမဟုတ်၊ သူ့မယား သူ့လင်နှင့် ကျူးလွန် ဖောက်ပြန်သော အမျိုးမဟုတ်၊ လိမ်ပြော ရန်တိုက်၊ ဂုံးတိုက်သော အမျိုးမဟုတ်ဟု စိတ်ကောင်း စိတ်မြတ် ထား၍ ထိုမကောင်းမှု၌ စိတ်များမဖြစ်အောင် ရှောင်ကြဉ်ခြင်းသည် ရှောင်ကြဉ်ပုံ ဖြစ်ပါသည်။

မေး။ ။အာရတီနှင့်ဝိရတီအထူးကိုရေးပြပါ။

ဖြေ။ ။မကောင်းမှုမှ စိတ်ဖြင့်ဝေးစွာ ရှောင်ကြဉ်ခြင်းသည် အာရတီ၊ မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ခြင်းသည် ဝိရတီ ဖြစ်ပါသည်။

## (၁၉) ဝိရတီပါပါ မင်္ဂလာ

ပါပါ မကောင်းမှုမှ-

ဝိရတီ ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ခြင်း။

အမှာ။ ။စာရိတ္တဗလ မင်္ဂလာနှစ်ပါး ရေးခဲ့ပါဟု မေးလျှင် အာရတီ ဝိရတီပါပါ မင်္ဂလာနှစ်ပါးဖြစ်ပါသည်ဟု ဖြေပါလေ။

မေး။ ။မကောင်းမှုမှ အထူးသဖြင့်ရှောင်ကြဉ်ပုံကို ရေးပါ။

ဖြေ။ ။မကောင်းမှုကို ကိုယ်ဖြင့်ပြုခွင့် ကြုံလာလျှင် မပြု၊ နှုတ်ဖြင့်ပြောခွင့်ကြုံလာလျှင် မပြောဘဲ ရှောင်ကြဉ်

လိုက်ခြင်းသည် မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ပုံ ဖြစ်ပါသည်။

မေး။ ။ဝိရတီ ဘယ်နှစ်မျိုးရှိသနည်း ရှင်းပြပါ။

ဖြေ။ ။ဝိရတီသည် ၁။သမ္ပတ္တဝိရတီ၊ ၂။ သမာဒါနဝိရတီ၊ ၃။သမုစ္ဆေဒဝိရတီဟူ၍ သုံးမျိုးရှိပါသည်။

**ရှင်းလင်းချက်**

မကောင်းမှုပြုဘို့ ပြောဘို့ ကြုံလာလျှင် ဒို့အမျိုးအနွယ် ဒို့ဂုဏ်နှင့် မသင့်ဟု နှလုံးသွင်း၍ ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တ ဝိရတီမည်၏။

မကောင်းမှုတို့ကို ငါသည် တနေ့ တရက်၊ တလ၊ တနှစ်၊ အသက်ထက်ဆုံး မပြုတော့ဘူးဟု ဆောက်တည်၍ ရှောင်ကြဉ်လျှင် သမာဒါနဝိရတီ ဖြစ်၏။

သောတာပန် ဖြစ်သည်မှစ၍ အရိယာပုဂ္ဂိုလ်တို့သည် အရိယာမဂ်ဖြင့် ဖြတ်၍ ရှောင်ကြဉ်သောကြောင့် သမုစ္ဆေဒဝိရတီဖြစ်၏။

မေး။ ။ကာမေသုမိစ္ဆာစာရ မကောင်းမှုကံ ကျူးလွန်သူတို့အား ဖြစ်ရ ခံစားရသော အကျိုးကိုရေးပြပါ။

ဖြေ။ ။မလွန်ကျူးသင့်သော မိန်းမတို့၌ လွန်ကျူးသောသူသည် လက်ငင်း ဘဝ ပစ္စက္ခ၌ ထောင်တန်းစသော ဒုက္ခ ကြွေရတတ်သည့်အပြင် အပါယ်လေးပါး၌ နှစ်ပေါင်း အမြောက်အများ ဆင်းရဲကြီးစွာ ခံရပြီးနောက် လူပြန်၍ဖြစ်လျှင်လည်း မိန်းမ ဖြစ်တတ်

သည်၊ ယောကျ်ား ဖြစ်သော်လည်း ယောကျ်ားကောင်း ယောကျ်ားမြတ် မဖြစ်တတ်၊ ယောကျ်ားမပီသသူ ဖြစ်တတ်ပါသည်။

မိမိလင်မှ တပါးသော ယောကျ်ားနှင့် ကျူးလွန် ပျော်ပါးသော မိန်းမများကား ရဲရဲတောက်သံမြေပြင်၌ ခါးတိုင်အောင် နစ်ကြ၍ သွေးသံယိုစီးပြီး ကိုယ်အသားအစိပ်စိပ်ကွဲလျက် အော်ဟစ်ငိုယိုကြစဉ် လေးမျက်နှာမှလာသော သံတောင်ကြီးတို့သည် ကြောက်စရာ အသံ မြည် ဟိန်း လျက်နင်းကြိတ်ချေကာ ကံမကုန်သ၍ မျှ ငရဲဒုက္ခ ခံစားရကုန်၏ဟု ကျမ်းဂန်တို့၌ လာရှိပါသည်။

မေး။ မုသာဝါဒ မကောင်းမှု ကျူးလွန်သူ၏ အကျိုးဝိပါကတို့ကို ပြဆိုခဲ့ပါ။

ဖြေ။ ။စေတိယမင်းသည် မုသား မပြောမီက နတ်သားလေးယောက် အမြဲ စောင့်ရှောက်၏၊ ခံတွင်းမှကြာညိုပန်းနံ့ မွှေး၏၊ ကောင်းကင်၌ ရပ်တည်နိုင်သွားလာနိုင်၏၊ မုသားပြောဆိုခြင်းကြောင့် ဖော်ပြအပ်သော တန်ခိုးလေးမျိုးသည် ပျောက်ကွယ်၍မြေမျိုခံရ၏၊ စေတိယမင်းသည် သာမန် တန်ခိုးရှိသော မင်းမဟုတ်၊ အသက် အသော်မ မရေတွက်နိုင်သော အသင်္ချေယျခေတ်၌ဖြစ်၍ ကောင်းကင်သို့ပျံတက်နိုင်၊ တည်နိုင်၊ သွားနိုင်သော တန်ခိုး(ကမ္မဇိဒ္ဓိ) ရှိသော မင်း ဖြစ်ပါသည်၊ သို့သော်လည်း

မုသာဝါဒ မကောင်းမှုပြောဆိုခြင်းကြောင့် တန်ခိုးကွယ်ပျောက်ကာ မြေမျိုခံရရှာလေသည်။

## (၂၀) မဇ္ဇပါနာစ သံယမော မင်္ဂလာ

**မဇ္ဇပါနာ-ယစ်မျိုးတို့ကို သောက်စားမှုးယစ်ခြင်းမှ သံယမော-ကောင်းစွာစောင့်စည်းခြင်း။**

မေး။ ။သေရည်အရက်သောက်၍ မကောင်းမှုပြုသူသည် သေသည့်အခါ အဘယ်မှာဖြစ်ရ၍၊ လူ့ဘဝရလျှင် ဘယ်လိုလူမျိုးဖြစ်တတ်သနည်း။

ဖြေ။ ။သေရည်အရက်သောက်၍ မကောင်းမှု ပြုသူသည် သေသည့်အခါ ငရဲသို့လားရောက်ရပါသည်၊ လူ့ဘဝရလျှင်လည်း အရူးအနှမ်းဖြစ်၍ ကြက်သရေမင်္ဂလာ မရှိသော လူမျိုးဖြစ်တတ်ပါသည်။

မေး။ ။**အရက်သောက်ခြင်းအပြစ်(၆)ပါးရေးခဲ့ပါ။**

ဖြေ။ ။၁။ ပစ္စည်းဥစ္စာဆုတ်ယုတ်ခြင်း၊ ၂။ငြင်းခုံခိုက်ရန်များခြင်း၊ ၃။ရောဂါထူပြောခြင်း၊ ၄။အကျော်စောမဲ့ခြင်း၊ ၅။ကိုယ်အင်္ဂါ မလုံခြင်း၊ ၆။ပညာနည်းပါးခြင်းတို့ ဖြစ်ပါသည်။

ဆောင်။ ။ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့ဘုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤ(၆)ပါးသည်၊ သောက်စားသေစာ အပြစ်တည်း။

ဤ မင်္ဂလာ သီးခြား ဟောကြားခြင်း အကြောင်းကား အာရတီ၊ ဝိရတီ ပါပါ မင်္ဂလာ၌ ပါပအရတွင် အရက်သေစာ သောက်စားခြင်း မပါဝင်သဖြင့် သောက်လျှင် အပြစ် မရှိဟု မှတ်ယူမည် စိုးသောကြောင့်၎င်း၊ အကုသိုလ် ဒုစရိုက်များ၏ အကြောင်းရင်းမှန် တရားခံကို ပြလိုသောကြောင့် ၎င်း၊ ဤ မင်္ဂလာကို ထပ်မံ၍ သီးခြားဟောရပါသည်။

မေး။ ။မဇ္ဇပါနာစ သံယမော၊ မင်္ဂလာ မစောင့်စည်းမှု ကြောင့် တွေ့ကြုံရပုံ ဝတ္ထုသာဓက ရေးပြပါ။

ဖြေ။ ။ရှေ့အခါ၌ သေရည် သေရက် သောက်စားလေ့ ရှိသောဘုရင်တပါးသည် အသားမပါလျှင် ပွဲတော်တည်၍မဖြစ်၊ တနေ့သောအခါ အရက်သောက်ပြီး သားတော်လေးရင်ခွင်ထဲ၌ ထား၍နေစဉ်၊ အသားမပါသော ပွဲတော်ထမင်း ဆက်သလေ ရာ၊ လွန်စွာ စိတ်ဆိုးသောကြောင့် သားတော်လေး သတ်၍ အမြန် ချက်စေလေသည်၊ သို့သော် အရက်မူး ပြေသောအခါ သတိရ၍ လွန်စွာ ဝမ်းနည်းရှာလေသည်၊ ဘုရင်မှာ ဝမ်းနည်း ရုံသာ သားတော်ကလေးကား ဘဝဆုံးသွားရရှာလေသည်။

တနည်း။ ။အင်းဝဘုရင် သတိုးစော၏ သား မင်းရဲကျော်စွာ မင်းသားငယ်သည် အသက်အရွယ်ငယ်သော်လည်း မင်းသားပီပီ သတ္တိ ဗျတ္တိ ရှိ၏၊ ရဲရင့်၍ စစ်တိုက် ဝါသနာပါ၏၊ စစ်ပွဲတိုင်း၌ နိုင်ခဲ့သည်သာများ၏၊ ပဲခူး ဟံသာဝတီ ဘုရင် ရာဇာဓိရာဇ်နှင့် ဒလ၌ တိုက်ခိုက် ကြစဉ် အရက် သောက်စားမှု လွန်ပြီး စစ်သူကြီးတို့ ညွှန်ကြားချက်ကို မနာမယူ အရက် တန်ခိုးနှင့် စိတ်လိုက်မာန်ပါ အရမ်း တိုက်ခိုက်မှု

ကြောင့် စစ်လည်ရှုံး အသက်လည်း ဆုံးသွားရရှာလေသည်။

## (၂၁) အပ္ပမာဒေါစ ဓမ္မေသု မင်္ဂလာ

ဓမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌၊
အပ္ပမာဒေါ၊ မမေ့မလျော့ခြင်း။

မေး။ ။ကလေးတို့နှင့်ဆိုင်ရာ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ပုံရေးခဲ့ပါ။

ဖြေ။ ။နံနက်စောစောအိပ်ရာမှထလျှင် ခဏလောက် ဘုရားရှိခိုးရမည်၊ပန်းရေချမ်းဘုရားရည်မှန်းလှူဒါန်းရမည်၊ ကျောင်းသွားခါနီး လူကြီးမိဖကို ရိုသေစွာပန်ကြားရမည်၊ ကျောင်းရောက်လျှင် ဆရာကို အရိုအသေပြုကာ ပညာသင်ယူရမည်၊ ကျောင်းမှ အိမ်ပြန်ရောက်လျှင်လည်း ပြန်လာကြောင်း မိဖများပန်ကြားရမည်၊ စာဖတ်ပြီး အိပ်ခါနီးလျှင် အနန္တငါးပါး ဘုရားရှိခိုးရမည်၊ မိဖဘိုးဘွား ဆွေမျိုးဉာတကာ ဆရာသမား မိမိအပေါ် ချီးမြှောက်သူတို့ ကျန်းမာချမ်းသာကြပါစေ၊ ကျန်းမာချမ်းသာကြပါစေ၊ အားလုံးသတ္တဝါအပေါင်းတို့ကိုလည်း ဤအတိုင်း မေတ္တာပို့ကာ အိပ်ရမည်။

ဤသည်ကား ကုသိုလ်ကောင်းမှုတို့၌ မမေ့ မလျော့ပုံဖြစ်သည်။

မေး။ ။ကုသိုလ် ကောင်းမှုတို့၌ မမေ့ မလျော့မှုကြောင့်ကောင်းကျိုးရပုံ သာဓကပြပါ။

ဖြေ။ ။ရာဇဂြိုဟ်ပြည်၌ ထင်းခုတ်သမားတယောက် တောသို့ သားကလေးနှင့်အတူ ထင်းခုတ်ထွက်သွားရာ ညနေစောင်းအချိန်မှာ ထင်းတို့ကို လှည်းဖြင့်ယူဆောင်ခဲ့၏၊ မြို့နားရောက်မှ နွားများ အတင်းရုန်းထွက် မြို့တွင်း ဝင်ပြေးသွားသောကြောင့် ဖခင်သည် သားကလေး လှည်းနားထားခဲ့ပြီး နွားဖမ်းလိုက်သွားလေရာ နွားဖမ်းပြီး ပြန်သောအခါ မြို့တံခါးပိတ်ထား၍မထွက်နိုင်ပဲ၊ ၎င်းည သားအဖ ကွဲကွာနေရရှာသည်၊ သားကလေးသည် ဖခင်သင်ပေးထားသော (ဗုဒ္ဓေါမေသရဏံ အညံနတ္ထိ၊ ဓမ္မောမေသရဏံ အညံနတ္ထိ၊ သံဃောမေ သရဏံ အညံနတ္ထိ) ဟူသော စကားရွတ်ဆိုရင်း အိပ်ပျော်သွားစဉ် အစာရှာလာသော ဘီလူးကတွေ့၍ ဆွဲလိုက်ရာ "ဗုဒ္ဓေါမေသရဏံ အညံနတ္ထိ"ဟု ယောင်၍ ရွတ်ဆိုလိုက်ခြင်းကြောင့် ဘီလူးမစားပဲ အသက်ချမ်းသာရသည့်အပြင်၊ အစားအသောက်များပင် ရှာဖွေကျွေးမွေးသွားပါသည်။

မေး။ ။အပ္ပမာဒေါစေမ္မေသု မင်္ဂလာနှင့် ပြည့်စုံသော (က) ကျောင်းသား ကျောင်းသူ၊ (ခ) ကုန်သည်၊ (ဂ) ရဟန်း ရှင်သာမဏေ သူတော်စင်တို့ ရနိုင်သော အကျိုးရေးပြပါ။

ဖြေ။ ။ဤမင်္ဂလာနှင့် ပြည့်စုံသော (က) ကျောင်းသား ကျောင်းသူတို့သည် ဘွဲ့ရပညာတတ်များဖြစ်ကြပါသည်၊ (ခ) ကုန်သည်တို့သည် စီးပွားဥစ္စာချမ်းသာ

ကြွယ်ဝကြပါသည်၊ (၈) ရဟန်း စသော သူတော်စင်တို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ၍ လောကုတ္တရာ ချမ်းသာရကြပါသည်။

မေး။ ။ဗုဒ္ဓဘာသာဝင်မှန်လျှင် အနဲဆုံးမင်္ဂလာတရား၄-ပါး လိုက်နာကျင့်သုံးသင့်သည်၊ ထိုမင်္ဂလာ ၄-ပါးကို ထုတ်ပြခဲ့ပါ။ (မေးခွန်းဟောင်း)

ဖြေ။ ။၁။ အာရတီ(ပါပါ)၊ ၂။ ဝိရတီပါပါ၊ ၃။ မဇ္ဇပါနာစသံယမော၊ ၄။ အပ္ပမာဒေါစ ဓမ္မေသု တို့ ဖြစ်ပါသည်။

ဤအဖြေသည် သဗ္ဗပါပဿအကရဏံ၊ကုသလဿုပ သမ္ပဒါ။ သစိတ္တပရိယောဒပနံ၊ ဧတံဗုဒ္ဓါန သာသနံ။ ဂါထာကို မျှော်ရှု၍ ဖြေပါသည်။

မေး။ ။အပ္ပမာဒေါစ ဓမ္မေသုဝယ်၊ဓမ္မေသု၌ ဓမ္မအရ၊ ပုညကိရိယာဝတ္ထု (၁၀)ပါးကိုထောက်၍၊ ပါဠိမြန်မာ နှစ်ဘာသာဖြင့် ဖြေခဲ့ပါ။

ဖြေ။ ။၁။ ဒါန-စွန့်ကြဲပေးကမ်း လှူဒါန်းမှု။
၂။ သီလ-သီလစောင့်ထိန်းမှု။
၃။ ဘာဝနာ-တရားပွားများအားထုတ်မှု။
၄။ အပစာယန-အရိုအသေပေးမှု။
၅။ ဝေယျာဝစ္စ-အမှုကြီးငယ်ဆောင်ရွက်ပေးမှု။
၆။ ပတ္တိဒါန-အမျှဝေမှု။
၇။ ပတ္တာနုမောဒန- ဝမ်းမြောက် ဝမ်းသာသာဓု ခေါ်မှု။

၈။ ဓမ္မဿဝန-တရားနာမှု။
၉။ ဓမ္မဒေသနာ-တရားဟောမှု။
၁၀။ ဒိဋ္ဌိဇုကမ္မ-အယူဖြောင့်မှန်မှုတို့ဖြစ်ပါသည်။

**ဆောင်ပုဒ်လင်္ကာ**

ပေးလှူဒါန၊ သီလသီတင်း၊ ပွားခြင်းဘာဝနာ၊ အပစာယန၊ တုပ်ကွရိုသေ။ ဝေယျာဝစ္စ၊ သူများမှုဆောင်၊ ထိုနောင်တရပ်၊ ပတ္တိဒါန၊ ကိုယ့်ပုညကို၊ဝေငှကြည်စွာ၊ ပတ္တာနုမောဒန၊ သူများကုသိုလ်၊ အတိုက်ကိုလျှင်၊ နှစ်လိုကြည်ဖြူ၊ အမျှယူ၏။ သူဟောတရား၊ နာကြားသဝန်၊ တတ်သမျှကို၊ ဟောက ဒေသနာ၊ ဖြောင့်စွာအယူ၊ ပြုတုံမူကား၊ ဒိဋ္ဌိဇုကမ္မ၊ ဤဆယ်ဝ၊ ပုညကိရိယာ။ ။(လယ်တီဆရာတော်)။

## (၂၂) ဂါရဝေါစမင်္ဂလာ

### ဂါရဝေါစ-ရိုသေထိုက်သောသူတို့ကို ရိုသေခြင်း။

မေး။ ။ရိုသေထိုက်သောသူတို့ဟူသည်အဘယ်သူသို့ပါနည်း။

ဖြေ။ ။ရိုသေထိုက်သောသူတို့ဟူသည် ကောင်းစွာကျင့်သော ရဟန်း၊ အမိ၊ အဖ၊ အကို၊ အဘွား၊ ဘကြီး၊ ဘထွေး၊ ဦးကြီး ဦးလေး စသော ဆွေမျိုး များနှင့် မိမိထက် အသက်ကြီးသူ ဂုဏ်ကြီးသူများ ဖြစ်ကြပါသည်။

မေး။ ။မရိုသေသူသည် ဘာဖြစ်တတ်ပါသနည်း။

ဖြေ။ ။ပစ္စုပ္ပန် မျက်မှောက်ကာလ၌ ကဲ့ရဲ့ပြစ်တင်ခံရခြင်း၊မရှိ ပသော၊ [illegible]၊ ရှိသေမျိုးဖြစ်သည် ဟူသော

ဆောင်ပုဒ်ဒေသနာထောက်၍ ဘဝတိုင်း၌ အမျိုး ယုတ်ဘဝကျရောက် တတ်ပါသည်။

မေး။ ။ဂါရဝ(၁၀)မျိုးကိုရေတွက်ပြပါ။

ဖြေ။ ၁။ ဘုရား၌ ရိုသေလေးစားခြင်း။
၂။ တရား၌ ရိုသေလေးစားခြင်း။
၃။ သံဃာ၌ ရိုသေလေးစားခြင်း။
၄။ သိက္ခာ၌ ရိုသေလေးစားခြင်း။
၅။ သမာဓိ၌ ရိုသေလေးစားခြင်း။
၆။ အပ္ပမာဒ၌ ရိုသေလေးစားခြင်း။
၇။ ပဋိသန္ထာရ၌ ရိုသေလေးစားခြင်း။
၈။ ဟိရိ၌ ရိုသေလေးစားခြင်း။
၉။ ဩတ္တပ္ပ၌ ရိုသေလေးစားခြင်း။
၁၀။ အချင်းချင်း၌ ရိုသေလေးစားခြင်းအားဖြင့်(၁၀) ပါးရှိပါသည်။

ဝတ္ထုသာဓကကား ဆင်-မျောက်-ခါ သတ္တဝါ ၃ ဦးဝတ္ထု ဖြင့်မှတ်ယူပါ။

## (၂၃) နိဝါတောစမင်္ဂလာ

### နိဝါတော မိမိကိုယ်ကိုယ် နှိမ့်ချရခြင်း။

မေး။ ။မိမိကိုယ်ကို နှိမ့်ချပုံ အမူအရာများရေးပြပါ။

ဖြေ။ ။သွားလာသည့်အခါ၊ ခပ်ယို့ယို့သွားခြင်း၊ လူကြီး သူမများနှင့် တွေ့သျှင် ကိုု့ကိုု့ရို့ရို့နေထိုင်ခြင်း၊ မိမိ ပညာတတ်သော်လည်း၊ ပညာတတ်ကြောင်း ထုတ်

ဖော်ပြလေ့မရှိခြင်း၊ ဥစ္စာပေါ ရုပ်ချော သော် လည်း ဟန်ပန်မကြီးခြင်း၊ ရိုးရိုးသားသား စကားပြောတတ်ခြင်းတို့ဖြစ်ပါသည်။

မေး။ ။မိမိကိုယ်ကိုမနှိမ့်ချပုံ နိဝါတမင်္ဂလာ ပျက်ပုံ အမူအရာများရေးပြပါ။

ဖြေ။ ။လမ်းသွားသည့်အခါ ရင်ကကော့ပြီး ခပ်မော့မော့သွားတတ်ခြင်း၊ လူကြီး သူမများကို ရိုသေ လေးစားမှုမရှိခြင်း၊ စကားပြောသည့်အခါ၊ အခရေးမစိုက်သလိုပြောတတ်ခြင်း၊ ကိုယ်ပညာတတ်၊ ကိုယ်အမျိုးမြတ်-ကိုယ်ရုပ်ချော- ကိုယ်ဥစ္စာပေါကြောင်း စကားပြောရာထည့်ပြောတတ်ခြင်း၊ မိမိကိုယ်ကို ထင်တလုံးနှင့်မာန်မာန ရှိနေခြင်းတို့ဖြစ်ပါသည်။

မေး။ ။ထိပ်တန်း ခေါင်းဆောင် တဦးဖြစ်လိုလျှင် အဘယ်မင်္ဂလာနှင့် အထူးပြည့်စုံရမည်နည်း။ ၎င်းမင်္ဂလာနှင့်ပြည့်စုံသော ကမ္ဘာကျော် ပုဂ္ဂိုလ် တယောက်ကိုအကြောင်းအရာနှင့်တကွ ယုတ်ပြပါ။

ဖြေ။ ။ထိပ်တန်း ခေါင်းဆောင်တဦး ဖြစ်လိုလျှင် နိဝါတမင်္ဂလာနှင့် အထူးပြည့်စုံရပါမည်။ ၎င်းမင်္ဂလာနှင့်ပြည့်စုံသော ကမ္ဘာကျော် ပုဂ္ဂိုလ် ကြီး ကား (မဟတ္တမဂန္ဓီ) ဖြစ်ပါသည်။ ၎င်း၏ အကြောင်းအရာ တခုကား၊ တနေ့သ၌၊ ဂန္ဓီသည် မီးရထားမှ ဆင်း၍၊ အိမ်သို့ပြန်မည်ပြုစဉ်၊ မိန်းမကြီးတယောက်က ကူလီ ထင်မှတ်၍ သူ့ခေါင်းကို ထမ်းသို့ကိုက်ပို့ပေးရန်ပေါ သဖြင့် "ငါဟာဂန္ဓီဘဲ" ဟုမပြောဘဲ ထမ်းရက်ပိုက်

ပို့ပြီးမှ အခမယူတော့ပဲ ပြန်လာခဲ့၏။ မိန်းမကြီးသည် နောက်မှ ဂန္ဒီဖြစ်ကြောင်းသိရလေသည်။ (ဤမျှနိဝါတမင်္ဂလာ ကျင့်သုံးသူဖြစ်ပါသည်)။

## (၂၄) သန္တုဋ္ဌိစ မင်္ဂလာ

### သန္တုဋ္ဌိစ–ရသမျှနှင့် မျှတရောင့်ရဲခြင်း။

မေး။ ။ကလေးဘဝ၌ သန္တုဋ္ဌိစမင်္ဂလာနှင့် ပြည့်စုံရန် ဘာတွေလိုက်နာကျင့်သုံးရမည်နည်း။

ဖြေ။ ။အစားအသောက်၌ "အသားမပါဘူး" ငါးမပါဘူး ဟင်းမကောင်းဘူး၊ မစားချင်ဘူးဟု ဇီဇာမကြောင် ဂျီးမများပဲ "ဒီလောက်ဆိုစားသောက်ဖြစ်တာဘဲ" ဟု တင်းတိမ် ရောင့်ရဲခြင်း၊ အဝတ် အထည်၌လည်း၊ ပိုဖတ်ူ ဆင်ယင်သမျှဖြင့်၊ ပိုးဟာဒီဟာ မပူဆာပဲ၊ တင်းတိမ်ရောင့်ရဲခြင်း၊ မုန့်ဘိုးစသည်တို့လည်း ပေးသမျှနှင့် တင်းတိမ်ရောင့်ရဲခြင်းနှင့် ပြည့်စုံလျှင် (သန္တုဋ္ဌိ မင်္ဂလာ)နှင့် ပြည့်စုံသူဖြစ်ပါသည်။

**သာဓကမှတ်သားဖွယ်ကား။**

ကျေးကန်သည်၊ မြို့ရွာမှ မိဘ၍ အသားငါး အသားအစာကို စားသောက်ရသော်လည်း မရောင့်ရဲ မတင်းတိမ် ခြင်းကြောင့်၊ ပိန်ချုန်းကြုံလှီရသည်၊ငုံးပုမှာကားတောထဲမှာအဆီအစေးနဲပါး ခြောက်သွေ့သောအစာကို စားနေရသော်လည်း၊ သန္တုဋ္ဌိနှင့် ပြည့်စုံခြင်းကြောင့်၊ ဝဖြိုးနေရပါသည်။

ကြီးသူများမှတ်သားရန်၊ သန္တုဋ္ဌိ (၃)ပါး

၁။ ယထာလာဘသန္တုဋ္ဌိ-ရရာနှင့် ရောင့်ရဲနိုင်ခြင်း။
၂။ ယထာဗလသန္တုဋ္ဌိ-ကိုယ့်အားနှင့် ချိန်၍ ရောင့်ရဲခြင်း။
၃။ ယထာသာရုပ္ပသန္တုဋ္ဌိ -ကိုယ်နှင့်လျောက်ပတ်ရုံ ရောင့်ရဲခြင်းတို့ဖြစ်သည်။

ယင်း(၃)ပါးကို

စား၀တ်နေရေးသုံးပါးနှင့်မြှောက်လျှင်(၃ × ၃ ၉)ကိုးပါးဖြစ်သည်။ စား၊ ၀တ်၊ နေရေး ဆေး၀ါး ဤလေးပါးနှင့် မြှောက်သော် (၃ × ၄ = ၁၂) ဆဲ့နှစ်ပါးဖြစ်နိုင်သည်။

အမှာ။ ။ဘောဂဗလ မင်္ဂလာနှစ်ပါးကို ရေးခဲ့ပါပြီ မေးလျှင် အနာကုလာစ ကမ္မန္တာနှင့်၊ သန္တုဋ္ဌိစ မင်္ဂလာနှစ်ပါးကို ဖြေဆိုပါလေ။

## (၂၅) ကတညုတာ-မင်္ဂလာ

ကတံ-ပြုဘူးသောကျေးဇူးကို
ညုတာ-သိခြင်း။

မေး။ ။ကတညုတာမင်္ဂလာအရ "ကျေးဇူးတင်" ဟူသော စကားအဓိပ္ပါယ် ရှင်းပြပါ။

ဖြေ။ ။မိဖဆရာစသူတို့က၊မိမိအပေါ် အ၀တ်အစားပေးခြင်း၊ လိမ္မာအောင် ဆုံးမခြင်း၊ ပညာ သင်ပေးခြင်းများသည် သူတို့ပြုထားသော ကျေးဇူး ဖြစ်ပါသည်၊

လောက၌ကြွေးယူသူသည်၊ မိမိအပေါ်မှာကြွေးတင်သကဲ့သို့ မိဖဆရာတို့၏ကျေးဇူး၊ မိမိအပေါ်တင်နေခြင်းကို "ကျေးဇူးတင်"ဟု ဆိုရပါသည်။

မေး။ ။သူ့ကျေးဇူးသိတတ်သောသူ၏ ဝတ္ထုသာဓကထုတ်ပြပါ။

ဖြေ ။ ။ခြင်္သေ့တကောင်သည်၊ တနေ့သ၌၊ ရေအိုင်အနီး ရှုံညံ့ရှိရာအရပ်၌၊ သမင်တကောင်ကို ခုန်ဖမ်းလိုက်ရာ၊ သမင်က ပြေးသဖြင့် ရှုံညံ့၌ ကျွံနစ်နေ၏၊ ခုနစ်ရက်လုံးလုံး အစာမစားရ၊ ထိုအခါ မြေခွေးတကောင်လာ၍ ခြင်္သေ့ကိုမြင်သောကြောင့် ထွက်ပြေး၊လှမ်းခေါ်ပြီး "ငါ့ကိုကယ်တင်ပါ"ဟု ပြော၏။

"ကျုပ်က ကယ်တင်ပြီးလျှင် ကျုပ်ကို စားမှာကြောက်တယ်"ဟု မြေခွေးကပြော၏၊ "မစားပါဘူး ကျေးဇူးဆပ်ပါမည်"ဟု ခြင်္သေ့က ပြောသောအခါ မြေခွေးက ခြေထောက် လေးဘက် ဆည်မြောင်းယက်ရေဝင်စေပြီး ခုန်ထွက်စေရာ၊ ခြင်္သေ့ညံ့တွင်းမှ လွတ်ကင်းသွားလေသည်၊ ထိုနောက် ရေချိုး အနားယူပြီး မကြာမီ တောကျွဲတကောင် လာရာ ကိုက်သတ်၍ "မြေခွေးအားစားပါ"ဟုပေးလေ၏၊ မြေခွေးစားပြီးမှ ခြင်္သေ့စား၏၊ ထိုနေ့မှစ၍ သူ၏အနီးအနား လိုက်ကူတချဉ် ကျေးဇူးဆပ်ကျွေးမွေးပြုစု၏၊ သားစဉ်မြေးဆက်(၇)ဆက်တိုင်၊မိတ်မပျက်ရင်းရင်းနှီးနှီး ကျေးဇူးပြုခဲ့ကြပေသည်။

တနည်း။

မြန်မာသက္ကရာဇ်(၇၀၄)ခုနှစ်၌ နန်းတက်သော ပင်းယမင်း ငါးစီးရှင်ကျော်စွာသည်၊ ပင်လယ်မြို့စားဖြစ်စဉ်က စစ်ကိုင်းမြို့ စား ညီတော် အသင်္ခယာစောယွန်းကို လုပ်ကြံချေဟု ကျွန်ယုံ တော် ခေင်ညိုကို လွှတ်လိုက်၏၊ ခေင်ညိုသည် စစ်ကိုင်းဘက်သို့ ကူး၍ အခွင့်မသာသဖြင့် သုံးရက်မျှ တော၌ပုန်းအောင်းနေပြီးမှ တည၌လုပ်ကြံရန် အသင်္ခယာစောယွန်း၏ အိပ်ခန်းသို့ ဝင်၏၊ ရွှေစလောင်းဖြင့် ထမင်း၊ အမဲသား၊ ငါး၊ နတ်တင်ထားသည်ကို တွေ့ရာ သုံးရက် ထမင်းမစားရသည်နှင့် နတ်ထမင်းကို စား သောက်ပြီးနောက် လုပ်ကြံတော့မည်ဟု ဦးခေါင်းရင်း၌ရပ်စဉ်၊ 'ဤမင်းသည် ယနေ့ပင် ငါ၏ ထမင်းသခင်ကျေးဇူးရှင်ဖြစ်ချေပြီ ကျေးဇူးရှင် ဖြစ်မှားလေသော် ငါ၌ မကောင်းကျိုး ကြီးစွာ မျက်မှောက်သံသရာနှစ်ဖြာလုံး ကျရောက်စေလိမ့်မည်၊ ငါ့အရှင် ငါ့အားမျက်၍ သေသော်သေစေ၊ ကျေးဇူးရှင်မပြစ်မှား မသတ် တော့'ဟု နှလုံးသွင်းပြီး ယုံကြည်ရန် စောယွန်း၏ လက်သုံး တော် ပတ္တမြားဓားကိုယူ၍ ပြန်လာခဲ့၏၊ အကြောင်းစုံလျှောက် တင်ပြီး ပတ္တမြားဓားကို ဆက်သလျှင် ''ငါ့ကျွန် ခေင်ညိုသည် ထမင်းတစလောင်းကိုလျှင် ကျေးဇူးသိတတ်ချေသေး၏၊ သား မယားနှင့်တကွ နေ့စဉ် ကျွေးမွေးထားသော ငါ၏ ကျေးဇူးကို ကား အဘယ်မှာလျှင် မသိတဲ့ရှိတော့အံ့နည်း''ဟု ချီးမွမ်းကာ ဝမ်းမြောက်ဝမ်းသာ စည်းစိမ်ချမ်းသာ ဘုလာဘ် ပေးသနား တော် မူလေသည်။

မေး။ ။ကျေးဇူးရှင်အား ကျေးဇူးကန်း၍ ပျက်စီးရသော သူ၏ ဝတ္ထုသာဓကပြ ပြေပါ။

ဖြေ။ ။တောအတွင်း မျက်စိလည်၍ ချောက်ထဲကျနေသော ပုဏ္ဏားကို ဘုရားအလောင်းမျောက်မင်းတွေ့၍ ကယ်ဆယ်ပြီးလျှင် မောပန်းသဖြင့် အိပ်နေစဉ်၊ မျောက်မင်း၏ ဦးခေါင်းကို ကျောက်ခဲနှင့် ထုသောအခါ ဦးခေါင်းကွဲ၍ သွေးများ ယိုစီးကျဆင်းလျက်ပင် ကရုဏာရှင် မျောက်မင်းက သွေးစက်ဖြင့် သစ်ပင်ပေါ်မှ လမ်းပြလျက် ပုဏ္ဏားရွာအနီး တိုင်အောင် လိုက်ပို့ပေး၏၊ မျောက်မင်းမြင်ရာအရပ်မှလွန်လျှင် ကျေးဇူးရှင် ပြစ်မှားသော ပုဏ္ဏား၏ တကိုယ်လုံး ပုဖေါင်းအက်ကွဲသော အနာကြီးများပေါ်လာကာ ဆင်းရဲဒုက္ခ ကြီးစွာခံရလျက် သေပြီးနောက် ငရဲကျရောက်သွားလေသည်။ (မေးခွန်းဟောင်းအဖြေ)။

## (၂၆) ကာလေန ဓမ္မဿဝနံ မင်္ဂလာ

**ကာလေန- သင့်တော်လျှောက်ပတ်သောအခါ၌၊**

**ဓမ္မဿဝနံ- တရားတော်ကို ကြားနာရခြင်း။**

မေး။ ။ကာရားနာရခြင်းသည် အကျိုး ဘယ်နှစ်မျိုး ရနိုင်သနည်း။

ဖြေ။ ။၁။ မကြားဘူးတာ ကြားနာရခြင်း။
၂။ ကြားဘူးတာ သန့်ရှင်းစင်ကြယ်စွာ နားလည်ရခြင်း။
၃။ အယူအမြင် ဖြောင့်မှန်ခြင်း။
၄။ ယုံမှားသံသယပျောက်ခြင်း။

၅။ စိတ်နှလုံး ကြည်လင် ချမ်းသာခြင်း ဟူသော အမျိုး(၅)မျိုး ရနိုင်ပါသည်။

မေး။ ။တရားနာခြင်းကြောင့် ရရှိသော အကျိုးသာဓက ထုတ်ပြဖြေဆိုခဲ့ပါ။

ဖြေ။ ။ဘုရားကျောင်း ဒါယကာ အနာထပိဏ် သဌေး၌ ကာလမည်သော သားတယောက်ရှိ၏၊ ဘုရားကို မကြည်ညို၊ တရားနာဖို့ကား သာ၍ ဝေးပါ၏၊ သဌေးကြီးလည်း သား၏စိတ်ထားပုံကို မကျေနပ်၍ ချစ်သား ဥပုသ်စောင့် တရားနာပါချေ၊ နက်ဖြန် ငွေတရာပေးမည်ပြော၏၊ ကာလသည် ငွေလိုချင်၍ ဥပုသ်စောင့်သွား၏၊ တရားမနာဘဲ တော်ရာအိပ်၍ ပြန်ခဲ့၏၊ အိမ်ရောက် ယာဂုတပင်း ပေးထားသော်လည်း ငွေပရမချင်းမစား၊ ငွေရပြီးမှစား၏၊နောက် တကြိမ် ချစ်သား ဘုရားရှေ့မှာတရားတပုဒ်လောက် ရအောင်မှတ်မှတ်သားသား နာခဲ့ပါ၊ ငွေတထောင် ပေးမည်ပြောပြီး ကျောင်းသို့လွှတ်ပြန်၏။ သူသည် ဘုရားထံရောက်၍ ဟောပြောသုံးမည်ကို တပုဒ်ရ လျှင် ပြန်မည်ဟူသော အကြံဖြင့် နာယူလေရာ၊ နားစိုက်ရင်း တရားသဘောကျ၍ သောတာပန် ဖြစ်သွားလေသည်။ (ဤကား တရားနာရကျိုး ဖြစ်ပါသည်။)။

အာပှာ။ ။တရား မနာကြားသော် (အဿဝနတာယဓမ္မဿ၊ ပရိဟာယ ...) ဟူသော ဒေသနာ ပါဠိတော်က၍

သူတော်ကောင်းတရား မနာကြားရလျှင် အကျင့်တရားမှ ဆုတ်ယုတ်တတ်သည်ဟု မှတ်ခဲ့ပါ။

## (၂၇) ခန္တီစ မင်္ဂလာ

**ခန္တီစ- အရာရာ၌ သည်းခံခြင်း။**

ခန္တီတရားသည် လွန်စွာမြတ်သော တရားဖြစ်သည်၊ ခန္တီတရားထက် ပိုလွန်မြင့်မြတ်သောတရားမရှိဟု စိတ်ထဲမှာ စွဲစွဲမြဲမြဲသိပြီးလျှင် အရာရာမှာ သည်းခံနိုင်က ခန္တီမင်္ဂလာ ဖြစ်သည်ဟု မှတ်ပါ။

**မေး။** ။အောင်ကြောင်းမင်္ဂလာ လေးမျိုး ဗုဒ္ဓဟောပြသည့် အဓိပ္ပာယ်ရေးပြပါ။

**ဖြေ ။** ။၁။ စိတ်ဆိုးသူကို စိတ်မဆိုးခြင်းဖြင့် အောင်နိုင်ရာသည်။

၂။ မကောင်းသူကို ကောင်းခြင်းဖြင့် အောင်နိုင်ရာသည်။

၃။ စဉ်းလဲသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာသည်။

၄။ စကားမမှန်သူကို စကားမှန် ပြောဆိုခြင်းဖြင့် အောင်နိုင်ရာသည်။

**မေး။** ။သိကြားဖြစ်ကြောင်း ကျင့်ဝတ် ဘယ်နှစ်ပါး ရှိပါသနည်း၊ ထိုကျင့်ဝတ်များကို ရေးသားခဲ့ပါ။

**ဖြေ ။** ။သိကြားဖြစ်ကြောင်း ကျင့်ဝတ်(၇)ပါးရှိပါသည်။

ထို(၇)ပါးကား

၁။ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း။
၂။ အသက် ဂုဏ်သိက္ခာ ကြီးသူများကို ရိုသေလေးစားခြင်း။
၃။ မှန်ကန်စွာ ပြောဆိုခြင်း။
၄။ ကြမ်းတမ်းသောစကား ပြောဆိုခြင်းကို ရှောင်ကြဉ်၍ သာယာပြေပြစ်စွာ ပြောဆိုခြင်း။
၅။ ကုံးတိုက်စကား ပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်း။
၆။ အမျက်ဒေါသဖြစ်မှုမှ ရှောင်ကြဉ်ခြင်း။
၇။ ပပေးကုမ်းလို၊ ဝန်တိုပူမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်ပါသည်။

ဆောင်။ ။မိဘကို ပြုစုလို့-ကြီးသူတို့တွဲရိုသေ၊
စကားသစ္စာနှင့်-ဖရှသာ ပိသုဏာ၊ ဝေးကြပါစေ၊
မျက်ကောဓေ-မစ္ဆေရှောင်ရှား၊
ဤတရား(၇)ဆုနှင့် ပြည့်စုံသူ ထိုသူအား၊ ဖြစ်လိမ့်သိကြား။

သာကေဝတ္ထု။ ။ခင်္ဒဝါဒီရသေ့အကြောင်း မှတ်ယူပါ။

## (၂၈) သောဝစဿတာ မင်္ဂလာ

သောဝစဿတာ ဆိုဆုံးပလွယ်သူ ဖြစ်ခြင်း။
ဆရာသမား၊မိဘ၊အကို၊အမ စသောသူတို့က ဆုံးမသော စကားကို နားထောင်၍၊ သောဝစဿတာ မင်္ဂလာ ဖြစ်သည်ဟု မှတ်ကြရမည်။

**ဆောင်။** ။မိဖ ဘိုးဘွား၊ ဆရာများ၏၊ ကောင်းစားစေလို၊ မေတ္တာပို့၍၊ ထိုထိုဆုံးမ၊ ဩဝါဒကို၊ နားမျှ မထောင်၊ မကြားယောင်သို့၊ မောင်တို့ပြုက၊ (မယ်တို့ ပြုက) ခုပစ္စုပ္ပန်၊ နောင်သံသရာ၊ ဖြစ်များစွာလည်း၊ ချမ်းသာမည့်ရေး၊ အလွန်ဝေးသည်၊ မောင်လေး နားထောင်စမ်းပါကွယ်။ (မလေး နားထောင်စမ်းပါကွယ်)။

**မေး။** ။သောဝစဿတာ မင်္ဂလာတရားနှင့် ပြည့်စုံ၍ အကျိုးရရှိသွားသော ဝတ္ထုသာဓက ထုတ်ပြဖြေဆိုပါ။

**ဖြေ။** ။ဝတ္ထု အများအပြားရှိရာတွင် ဘုရား သက်တော်ထင်ရှားရှိစဉ်ကဿပမည်သောအစေလကတိတ္ထိသည် ဘုရားအထံ၌ ဒုက္ခဆိုတာ မိမိပြုတာလား၊ သူတပါးပြုတာလား၊ မိမိသူတပါး နှစ်ဦးသား ပြုတာလား၊ အလိုလို ဖြစ်တာလား စသည်ဖြင့် မေးလျှောက်ရာ၊ ကျေနပ်သောအဖြေကိုရ၍ ဘုရားသာသနာ၌ရဟန်းပြုရန် တောင်းပန်လေ၏။ "အို ကဿပ၊ တိတ္ထိ ဖြစ်ဘူးသူသည် ငါဘုရားသာသနာ၌ ရဟန်းပြုလိုပါမူ လေးလ ပရိဝါသ်နေပြီး သံဃာ နှစ်သက်မှသာ ရဟန်းပြုခွင့် ရပေသည်" ဟု ဗုဒ္ဓက မိန့်တော်မူလျှင် "လေးလမက၊လေးနှစ်ပင်နေနိုင်ပါသည်ဘုရား" ဟု ဦးမလေးဘဲ လျှောက်ထားသဖြင့် သောဝစဿတာ မင်္ဂလာနှင့် ပြည့်စုံသောကြောင့် ချက်ချင်းပင် ရဟန်းပြုခွင့်ပေး၍ ရဟန်းဖြစ်ပြီးနောက် တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်သွားလေသည်။

**တနည်း ဝတ္ထုသာဓက**

စူဠပိဏ္ဍပါတိက ကမ္မဋ္ဌာနာစရိယ မထေရ်သည် ကမ္မဋ္ဌာန်း တောင်းရန် ရောက်လာသော ရဟန်းသုံးပါးတို့အား၊ "ငါ့ရှင် တို့ ငါ့ စကားနားထောင်ကြမည်လား"ဟု မေးရာ "အရှင်ဘုရား အကျိုးကျေးဇူး ရှိမည်ဖြစ်ပါလျှင် ဖနောင့်မှစ၍ အကြွင်းမရှိ အောင် ကျောက်၌ သွေးပါမည်"ဟု တပါးက လျှောက်၏။ 'အသူတရာနက်သော ချောက်သို့ ခုန်ဆင်းဝံ့ပါသည်'ဟု တပါး က လျှောက်၏။ 'ထွက်သက်ဝင်သက်ပိတ်၍ ဇီဝိတိန္ဒြေကို ချုပ် စေပါမည်'ဟု တပါးကလျှောက်၏။ ဒီလိုဆိုလျှင် "ဤပုဂ္ဂိုလ် တို့အား ကမ္မဋ္ဌာန်းပေးသင့်ပြီ"ဟု ဆုံးဖြတ်ပြီးလျှင် ကမ္မဋ္ဌာန်း ပေးလိုက်ရာ မကြာမီ အာသဝေါကင်းငြိမ်း၍ ဘဝဇာတ်သိမ်း တော်မူကြလေသည်။

ဤပုဂ္ဂိုလ်များ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်ကြရသည် မှာ သောဝစဿတာ၏ ကျေးဇူးပါပေတည်း။

## (၂၉) သမဏာနဉ္စ ဒဿနံ မင်္ဂလာ

**သမဏာနံ- ရဟန်း (ပုဂ္ဂိုလ်မြတ်) တို့ကို**
**ဒဿနံ- ဖူးမြင်ရခြင်း။**

ကိလေသာငြိမ်းအေးတော်မူသော ရဟန်းတော်များကို ဖူးမြင်ရခြင်းသည် သမဏာနဉ္စ ဒဿနံမင်္ဂလာဖြစ်၏။

ဤမင်္ဂလာနှင့်စပ်၍ မှတ်ဘွယ်ဝတ္ထုသာဓကကား။

တရံရောအခါ မြတ်စွာဘုရားသည် ဝေဒိသကတောင် ဣန္ဒ သာလဂူ၌ သီတင်းသုံးစဉ်ကဖြစ်၏၊ ခင်ပုတ်ငှက်ငယ် တကောင်

သည် ဘုရားသခင်ဆွမ်းခံကြွတိုင်း၊အသွားလမ်းထက်ဝက် အပြန်လမ်းထက်ဝက်တိုင်အောင် လိုက်ပို့သည်၊ ကြိုဆိုသည်၊ တနေ့သောညချမ်းအခါ ရဟန်းသံဃာ ခြံရံလျက် နေတော်မူသော မြတ်စွာဘုရားကို အဘောင်နှစ်ဘက်တို့ကိုရှက်ကာ ညွတ်သဖြင့် လက်အုပ်ချီ၍ ဦးခေါင်း အောက်သို့ချ၍ မြတ်စွာဘုရားသို့ ဦးညွတ်လျက်တည်၏။ ထိုအခါ ဗုဒ္ဓက ညီတော် အာနန္ဒာအား "ဤခင်ပုတ်ငှက်ကိုကြည့်လော့၊ ဤသို့ ကြည်ညိုပူဇော် ဖူးမျှော်သောကောင်းမှုကြောင့်၊ဤငှက်သည် လူ့ပြည်နတ်ပြည်၌လူနတ်အဖြစ် ကမ္ဘာတသိန်းကျင်လည်ပြီး သောမနဿ-ပစ္စေကဗုဒ္ဓါဖြစ်လတံ့"ဟုမိန့်တော်မူလိုက်သည်။ဤကားဖူးမျှော်ရကျိုးတည်း။

## (၃၀) ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာ

ကာလေန-သင့်တင့်လျောက်ပတ်သောအခါ၌၊
ဓမ္မ-တရားသဘောတို့ကို၊
သာကစ္ဆာ-တိုင်ပင်ဆွေးနွေးခြင်း။

### ဤမင်္ဂလာကြောင့် အကျိုးရရှိပုံ ဝတ္ထုသာဓက

မိလိန္ဒမင်းကြီးသည် မရှင်းလင်းဘဲ ဉာဏ်၌ နှစ်စွန်း ထွက်နေသော အချက်အလက်များကို အရှင်နာဂသိန်ထံ၌ မေးလျှောက်ဆွေးနွေးခြင်းဖြင့် ဉာဏ်၌ရှင်းလင်း ယုံမှားသံသယကင်း၍ သာသနာ့ဘောင်ဝင်၍ ရဟန်းပြုရာ ထင်ရှားသော ရဟန်းတပါး ဖြစ်ခဲ့လေသည်။

မေး။ ။ဓမ္မသာကစ္ဆာ၌ ဓမ္မအရ ယူသင့် ယူထိုက်သည် တို့ကို ပြဆိုခဲ့သည်။

ဖြေ။ ။ဓမ္မအရ နိဗ္ဗာန်ရောက်ကြောင်း လောကုတ္တရာ တရား သာယူရမည်မဟုတ်၊လောကီ ကြီးပွားရေး ဖြစ်သော တိုင်းပြည်စည်ပင် သာယာရေး၊ တည်တံ့ခိုင်မြဲရေး၊ အစိုးရတည်မြဲရေး၊သဘောတရားနှင့် မြို့ရွာ စည်ပင် သာယာရေးတို့ကိုပါ ယူရမည်၊ ၎င်းတို့နှင့် ဆက်စပ် သောဆွေးနွေးတိုင်ပင်ခြင်းတို့သည် ကာလေန-ဓမ္မ သာကစ္ဆာ မင်္ဂလာပင်ဖြစ်ပါသည်။

## (၃၁) တပေါစ မင်္ဂလာ

**တပေါ-ခြိုးခြံစွာကျင့်ခြင်း။**

ခြိုးခြံစွာကျင့်ခြင်းဟူသည် တရားဓမ္မကို ကြိုးစား အားထုတ် ခြင်း၊စိတ်ကိုထိန်းချုပ်၍၊လောကီအာရုံကာမဂုဏ် အပျော်အပါး များမှ ရှောင်ကြဉ်ပြီး ဥပုသ် သောက်တည် အဋ္ဌင်္ဂ ဝင်ခြင်း စသောအကျင့်မျိုးကို ဆိုလိုသည်။

မေး။ ။တပေါစ မင်္ဂလာ၌ တပ-အရ၊ တရားကိုယ် ကောက်ပြပါ။

ဖြေ။ ။တပေါစ မင်္ဂလာ၌ တပ-အရ၊တရားကိုယ်သည် သတိ နှင့် ဝီရိယတို့ဖြစ်ပါသည်။

မေး။ ။သတိဝီရိယတို့ဖြင့် ထိန်းသိမ်း စောက်ရှောက်ရမည့် အရာဌာနတို့ကို ဖော်ပြပါ။

ဖြေ။ ။၁။ ကျေခြေ၊ ၂။ သောတိခြေ၊ ၃။ ဃာနိခြေ၊ ၄။ ဇိဝှိခြေ၊ ၅။ ကာယိခြေ၊ ၆။ မနိခြေ တို့သည် သတိဝီရိယတို့ဖြင့် ထိန်းသိမ်း စောင့်ရှောက် ရမည့် အရာဌာနတို့ဖြစ်ပါသည်။

အကျဉ်းချုပ်အားဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်တို့ဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ရာဝယ်၊ စိတ်တခုမျှ စောင့်စည်းနိုင်က ပြီးကြောင်းကို-

* စိတ်ဟုမည်ငြား၊ ဤတပါးမျှ၊ တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က၊ လူ့ရပ်နတ်ရွာ၊ ဗြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏။ ဟူ-သော မဃဒေဝ လင်္ကာပိုဒ်ဖြင့် သဘောပေါက်၍၊ မိမိစိတ်ကို၊ စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေ။

# (၁၂) ဗြဟ္မစရိယဥ္စ မင်္ဂလာ

## ဗြဟ္မစရိယဥ္စ- မြတ်စွာသောအကျင့်ကိုကျင့်ခြင်း။

မေထုန်အကျင့်မှ ရှောင်ရှားပြီး ဥပုသ်စောင့်ခြင်း၊ ဗြဟ္မာစိုရ်တရားပွားများခြင်း၊ သမထဝိပဿနာ ဘာဝနာအလုပ် အားထုတ်ခြင်းများသည် ဗြဟ္မစရိယပင် ဖြစ်ပါသည်။

**မေး။** ။ဗြဟ္မစရိယ ဘယ်နှစ်မျိုးရှိပါသနည်း ရေတွက်ပြပါ။

**ဖြေ။** ။ဗြဟ္မစရိယသည်- ၁။ မေထုနဝိရတိ ဗြဟ္မစရိယ။

၂။ သမဏ ဗြဟ္မစရိယ။

၃။ သာသနဗြဟ္မစရိယ။

၄။ မဂ္ဂဗြဟ္မစရိယတို့ဖြစ်ပါသည်။

### သိးခြားမှတ်ရန် ဗြဟ္မစိုရ်တရားလေးပါးကား

၁။ မေတ္တာ၊ သတ္တဝါအားလုံးကို အမျှချစ်ခြင်း။

၂။ ကရုဏာ၊ ဒုက္ခိတ သတ္တဝါအားလုံးကို သနား ကျင်နာခြင်း။

၃။ မုဒိတာ၊ သုခိတ သတ္တဝါအားလုံးကို ကြည်သာဝမ်းမြောက်ခြင်း။

၄။ ဥပေက္ခာ၊ သတ္တဝါအားလုံးကို ချစ်-မုန်းမပြု လစ်လျူရှုခြင်းတို့ ဖြစ်ပါသည်။

မေး။ ။ဗြဟ္မစရိယာ မင်္ဂလာအရ ဗြဟ္မစိုရ်လေးပါးယှဉ်ခဲ့သော် မေတ္တာပွားများရာ၌ မေတ္တာတရား တခုတည်းက (၅၂၈)သွယ် မေတ္တာဖြစ်လာပုံကို ဂဏန်းသင်္ချာနည်းဖြင့် တွက်ပြပါ၊ (မေးခွန်းဟောင်း)။

ဖြေ။ ။အနောဓိသပုဂ္ဂိုလ် ၅ ယောက်။
ဩဓိသပုဂ္ဂိုလ် ၇ ယောက်။

ပေါင်း ၁၂ ယောက်။
အဝေရာဟောန္တုစသော-န္တို ၄ ခုဖြင့်မြှောက်။

၄၈
အရပ် ၁၀ မျက်နှာဖြင့်ထပ်မြှောက်

၄၈၀ ဖြစ်၏။
(သတ်မှတ်မှုမရှိသော)မူလမေတ္တာ ၄၈ ထည့်ပေါင်း

၅၂၈ သွယ် မေတ္တာ ဖြစ်ပါသည်။

(၅၂၈) သွယ် မေတ္တာလင်္ကာ။

နောဓိ-ပဉ္စ၊ ဩ-သတ္တဖြင့်၊ ဒွါဒသဟု၊ ပုဂ္ဂိုလ်စုကို၊ နှုလေးဖြာ၊ မြှောက်ဆင့်ပါမူ၊ ရှစ်ဖြာလေးဆယ်၊ ဂဏန်းကြွယ်၏၊ ဒုပ်ဆယ်ဖြင့်နောက်၊ တပ်ဆင့်မြှောက်က၊ မှတ်လောက်

လေးရာ၊ ရှစ်ဆယ်ဖြာ၏၊ ထိုမှာလေးဆယ်ရှစ်၊ ပေါင်းထည့် စစ်မူ၊ မှတ်လစ် (၅၂၈) သွယ်တည်း။
**ရှင်းလင်းချက်။** ။နေ့ာခိက၊ အနေ့ာခိဿ မရည်မှတ် မပိုင်း ခြားသော ပုဂ္ဂိုလ်၊ ပဥ္စက ငါးယောက်၊

**ငါးယောက်ကား-**

၁။ သဗ္ဗေသတ္တာ၊ အားလုံးသော သတ္တဝါတွေ။
၂။ သဗ္ဗေပါဏာ၊ အားလုံးသော အသက်ရှိသူတွေ။
၃။ သဗ္ဗေဘူတာ၊ အားလုံးသော ကိုယ်ထင်ရှားဖြစ်သူတွေ။
၄။ သဗ္ဗေပုဂ္ဂလာ၊ အားလုံးသော ပုဂ္ဂိုလ်တွေ။
၅။ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ အားလုံးသော ခန္ဓာ အတ္တဘောရှိသူတွေ-တို့ဖြစ်သည်။

ဩ-က၊ ဩခိဿ၊ ရည်မှန်းပိုင်းခြားသော ပုဂ္ဂိုလ် ခုနစ်ယောက်။

## (၇) ယောက်ကား

၁။ သဗ္ဗာဣတ္ထိယော၊ အားလုံးသော အမျိုးသမီးတွေ။
၂။ သဗ္ဗေပုရိသာ၊ အားလုံးသော အမျိုးသားတွေ။
၃။ သဗ္ဗေအရိယာ =အားလုံးသောအရိယာပုဂ္ဂိုလ်တွေ။
၄။ သဗ္ဗေအနရိယာ = အားလုံးသော ပုထုဇဉ်တွေ။
၅။ သဗ္ဗေဒေဝါ = အားလုံးသော နတ်ဗြဟ္မာတွေ။
၆။ သဗ္ဗေမနုဿာ = အားလုံးသောလူတွေ။
၇။ သဗ္ဗေဝိနိပါတိကာ အားလုံးသော အပါယ်ဘုံသူ/ ဘုံသားတွေ (တို့-ဖြစ်သည်)။

ဒွါဒသဟု ပုဂ္ဂိုလ်စုကို ပိုဒ်၏ အဓိပ္ပါယ်ကား-

အထက်ပါပုဂ္ဂိုလ်များ ပေါင်းသော် (၁၂) ယောက် ဖြစ်ကြောင်းကို ပြသည်ဟု မှတ်ပါ။

န္တုလေးဖြာ (နတုလေးဖြာ-ဟုဖတ်)ဟူသည်။

၁။ အဝေရာဟောန္တု = ဘေးရန်ကင်းကြပါစေ။
၂။ အဗျာပဇ္ဇာဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ။
၃။ အနီဃာဟောန္တု = ကိုယ်ဆင်းရဲကင်းကြပါစေ။
၄။ သုခီအတ္တာနံ ပရိဟရန္တု=ကျန်းမာ ချမ်းသာ ကိုယ်ခန္ဓာ ရွက်ဆောင်နိုင်ကြပါစေ။

မြှောက်ဆင့်ပါပုဒ်ဖြင့်။ ။ပုဂ္ဂိုလ်(၁၂)ယောက်ကို အထက်ပါ(န္တု)လေး(၄)ခုဖြင့် မြှောက်ရမည်ကို ဆိုသည်။ မြှောက်ရကိန်း (၄၈)ရသည်။ အရပ်(၁၀)မျက်နှာ တမျက်နှာ(၄၈)×၁၀ မျက်နှာ=၄၈၀-မူလ ၄၈ နှင့် ပေါင်းလျှင် (၅၂၈) ဖြစ်သည်ကို သိနားလည်နိုင်လောက်ပေပြီ။ လက်တွေ့ ဤမေတ္တာပို့ပွားများ နည်းအတိုင်း ပွားများအားထုတ် ကြည့်ကြပါဟု တိုက်တွန်းလိုက်ပါသည်။

မေတ္တာသုတ်လာ မေတ္တာ(ဗြဟ္မစိုရ်)ပွားများနည်း

ကေ ကပွားနည်း။ ။ကြွင်းမဲ့ဥဿုံ၊ လုံးစုံများစွာ၊ သတ္တဝါတို့၊ ကြည်သာအမြဲ၊ ဘေးရန်လွဲ၍၊ ကိုယ်လဲချမ်းသာ၊ စိတ်ချမ်းသာ၊ သာယာအေးမြ ရှိပါစေ။

ဒုက ပွားနည်း။ ။ကြောက်တတ် - မကြောက်တတ်၊ နှစ်ရပ်မျိုးရာ၊ သတ္တဝါတို့၊ ကြည်သာအမြဲ........စေ။

မြင်ဘူး မမြင်ဘူး၊ နှစ်ဦးရှိရာ၊ သတ္တဝါတို့၊ ကြည်သာအမြဲ........လ........စေ။

နီးနေ၊ ဝေးနေ၊ နှစ်ထွေရှိရာ၊ သတ္တဝါတို့ ကြည်သာအမြဲ........လ........စေ။

ဖြစ်ပြီး၊ ဖြစ်ရန် အကြောင်းကံကို၊ရှာကြံနှစ်ဖြာ သတ္တဝါတို့၊ ကြည်သာအမြဲ........လ........စေ။

**တိက ပွားနည်း။** ။ရှည်၊ တို၊ အလတ်၊ သုံးရပ်ရှိရာ၊ သတ္တဝါတို့ ကြည်သာအမြဲ၊ ဘေးရန်လွဲ၍........လ........စေ။

ကြီး၊ ငယ်၊ အလတ်၊ သုံးရပ်ရှိရာ၊ သတ္တဝါတို့၊ ကြည်သာအမြဲ........လ........စေ။

ဆူ၊ ကြုံ၊ အလတ်၊ သုံးရပ်ရှိရာ၊ သတ္တဝါတို့၊ ကြည်သာအမြဲ၊ ဘေးရန်လွဲ၍၊ ကိုယ်ပဲချမ်းသာ၊ စိတ်ချမ်းသာ၊ သာယာအေးမြ ရှိပါစေ။

ဆူ-ဝသူ၊ကြုံ-ပိန်သူ၊ အလတ်-မဝ မပိန်အလယ် အလတ်ဖြစ်သူဟု မှတ်ပါ။

(နတ်မောက်ရိပ်သာ-ဆရာတော်)

## မေတ္တာအကျိုး (၁၁) မျိုး

အိပ်,နိုး ချမ်းသာ၊ ယုတ်မာအမက်၊ ချစ်လျက် လူနတ်၊ စောင့်လတ်နတ်များ၊ မီး,အဆိပ်,ဓားတို့၊ ရှောင်ရှားကိုယ်ဟုာ၊ လျှင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေကာမတွေ၊ လာလေ ပြဟ္မာ၊ ဆဲ့တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

## (၃၃) အရိယာသစ္စာနဒဿနံမင်္ဂလာ

**အရိယသစ္စာနံ- အရိယသစ္စာလေးပါးတို့ကို၊**
**ဒဿနံ- သိမြင်ရခြင်း။**

**မေး။** ။အရိယသစ္စာလေးပါး ရေတွက်ပြပါ။

**ဖြေ ။** ။အရိယသစ္စာလေးပါးကား ၁။ ဒုက္ခအရိယသစ္စာ၊ ၂။ သမုဒယအရိယသစ္စာ၊ ၃။ နိရောဓ အရိယသစ္စာ၊ ၄။ မဂ္ဂအရိယသစ္စာတို့ဖြစ်ပါသည်။

**မေး။** ။သဘောအဓိပ္ပာယ်နှင့်တကွသစ္စာလေးပါးရှင်းပြပါ။

**ဖြေ ။** ။၁။ လောက၌ ဖြစ်မှု၊ ပျက်မှု သင်္ခါရအားလုံးသည် ဆင်းရဲအစစ်ဖြစ်သောကြောင့်ဒုက္ခသစ္စာမည်၏။

၂။ ဖြစ်ပျက်သမျှသင်္ခါရ ဆင်းရဲအစုအားလုံးသည် ခင်မင်တွယ်တာမှု သမုဒယကြောင့် ဖြစ်သောကြောင့် ခင်မင်တွယ်တာမှု အမှန်သည် သမုဒယသစ္စာ မည်၏။

၃။ ဖြစ်ပျက်သမျှ သင်္ခါရ ဆင်းရဲအားလုံး ချုပ်ငြိမ်းရာသည် ငြိမ်းအေးမှု အမှန် ဖြစ်သောကြောင့် နိရောဓသစ္စာမည်၏။

၄။ ဖြစ်ပျက်သမျှ သင်္ခါရ ဆင်းရဲအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အမှန် ဖြစ်သောကြောင့် မဂ္ဂသစ္စာမည်၏။

**မေး။** ။သိ - ပယ် - ကိုက် - ပွား လေးပါး သစ္စာ ယှဉ်တွဲရှင်းပြပါ။

**ဖြေ ။** ။ဒုက္ခသစ္စာ - (ပိုင်ပိုင်) သိရမည့်တရား။ (သိ)

သမုဒယသစ္စာ-ပယ်ရမည့်တရား။ (ပယ်)
နိရောဓသစ္စာ-ဆိုက်ရောက် မျက်မှောက် ပြုရမည့်
တရား။ (ဆိုက်)၊
မဂ္ဂသစ္စာ-(ပွားများအားထုတ်)ရမည့်တရား (ပွား)
သိ ပယ် ဆိုက် ပွား ဤလေးပါး ရောက်ပြွား
နိဗ္ဗူတာ။

မေး။ ။အရိယသစ္စာခေါ်ဆိုရခြင်းအကြောင်း ရေးပြပါ။

ဖြေ။ ။အရိယာ ပုဂ္ဂိုလ်တို့သည် သိမြင်အပ်သောကြောင့် အရိယသစ္စာဟု ခေါ်ပါသည်။ တနည်း၊ အရိယာ အဖြစ်ကို ပြုတတ်သောကြောင့် အရိယသစ္စာ ဟု ခေါ်ပါသည်။

မေး။ ။မဂ္ဂသစ္စာ၏ မဂ္ဂရှစ်ပါး သရုပ်ကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ရေးခဲ့ပါ။

ဖြေ။ ။**မဂ္ဂင်ရှစ်ပါး သရုပ်ကား**

၁။ သမ္မာဒိဋ္ဌိ- မှန်သောအယူအမြင်။
၂။ သမ္မာသင်္ကပ္ပ- မှန်သောအကြံ။
၃။ သမ္မာဝါစာ- မှန်သောစကား။
၄။ သမ္မာကမ္မန္တ- မှန်သောအလုပ်။
၅။ သမ္မာအာဇီဝ မှန်သောအသက်မွေးမှု။
၆။ သမ္မာဝါယမ=မှန်သောလုံ့လ။
၇။ သမ္မာသတိ မှန်သော အောက်မေ့မှု။
၈။ သမ္မာသမာဓိ မှန်သောတည်ကြည်မှုတို့ဖြစ်ပါသည်။

ဆောင်။ ။မှန်မြင်၊ မှန်ကြံ၊ မှန်ဝါစံနှင့်၊ အမှန်ပြုရေး၊ မှန်သက်မွေးလျက်၊ မှန်ရေးလုံ့လ၊ မှန်မှတ်ရ၍၊ မှန်လုတည်ကြည်၊ မှန်ရှင်လီသည်၊ ရွှေပြည် နိဗ္ဗာန်ရောက်ကြောင်းတည်း။

## (၃၄) နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ

### နိဗ္ဗာန-အရဟတ္တဖိုလ် နိဗ္ဗာန်ကို သစ္ဆိကိရိယာ-မျက်မှောက်ပြုခြင်း။

မေး။ ။အဘယ်သည် နိဗ္ဗာန်မည်ပါသနည်း။

ဖြေ။ ။လောဘ-လိုချင်တပ်မက်မှု၊ ဒေါသ-အမျက်ထွက်မှု၊ မောဟ-မသိမှုတို့ကုန်ခန်းချုပ်ပျောက်ခြင်းသည် နိဗ္ဗာန်မည်ပါသည်။

တနည်း။ ။ရာဂ-ဒေါသ-မောဟတို့ ကုန်ခန်း ချုပ်ပျောက်မရှိတော့ခြင်းသည်၊ နိဗ္ဗာန်မည်ပါသည်။

တနည်း။ ။ရာဂ-ဒေါသ-မောဟ-ဇာတိ-ဇရာမရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဟူသော (၁၁)မီးတို့ ငြိမ်းအေးခြင်းသည် နိဗ္ဗာန် မည်ပါသည်။

## (၃၅) ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ မင်္ဂလာ

လောကဓမ္မေဟိ-လောကဓံတရားရှစ်ပါးတို့နှင့်၊
ဖုဋ္ဌဿ-တွေ့ကြုံသော၊
ယဿ-အကြင်ပုဂ္ဂိုလ်၏၊

စိတ္တံ-စိတ်သည်၊
နကမ္ပတိ-မတုန်လှုပ်ခြင်း။

မေး။ ။လောကဓံတရားရှစ်ပါးကို ပါဠိမြန်မာနှစ်ဘာသာဖြင့် ရေးပြပါ။

ဖြေ။ ။**လောကဓံတရားရှစ်ပါးကား**
၁။ လာဘော-လာဘ်ရခြင်း။
၂။ အလာဘော-လာဘ်မရခြင်း။
၃။ ယသော-အခြံအရံများခြင်း။
၄။ အယသော-အခြံအရံမရှိခြင်း။
၅။ နိန္ဒာ-ကဲ့ရဲ့ခြင်း။
၆။ ပသံသာ-ချီးမွမ်းခြင်း။
၇။ သုခံ-ချမ်းသာခြင်း။
၈။ ဒုက္ခံ-ဆင်းရဲခြင်းတို့ဖြစ်ပါသည်။

## (၃၆) အသောကံမင်္ဂလာ

**သောက-စိုးရိမ်ကြောင့်ကြခြင်း၊**
**အ-မရှိ။**

မေး။ ။စိုးရိမ်ကြောင့်ကြခြင်းကို ပါဠိလို ဘယ်သို့ခေါ်ပါသနည်း၊ ထိုတရားဖြစ်စေရာ အချက်များကို ထုတ်ပြပါ။

ဖြေ။ ။စိုးရိမ်ကြောင့်ကြခြင်းကို ပါဠိလို**သောက**ဟု ခေါ်ပါသည်။ သောကဖြစ်စရာ အချက်များ ကား=
၁။ ဉာတိဗျသန၊ ဆွေမျိုးများပျက်စီးခြင်း။
၂။ ဘောဂဗျသန၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း။
၃။ ရောဂဗျသန၊ ရောဂါနှိပ်စက် ဖျက်ဆီးခြင်း။

၄။ သီလဗျသန၊ ကိုယ်ကျင့်သီလပျက်စီးခြင်း။
၅။ ဒိဋ္ဌိဗျသနအယူ/အမြင်ပျက်စီးခြင်းတို့ဖြစ်သည်။

အမှာ။ ။ဤငါးပါးကို ဗျသနတရားငါးပါးဟုလည်း ခေါ်ပါသည်။

## (၃၇) ဝိရဇံ မင်္ဂလာ

ရဇ-ကိလေသာဟူသောရမ္မက်မြူ၊
ဝိ-ကင်းခြင်း၊မရှိခြင်း။

မေး။ ။ကိလေသာ တရား (၁၀)ပါး ရေတွက် ပြပြီး တထောင့်ငါးရာ(၁၅၀၀)ကိလေသာဖြစ်ပုံကိုလည်း သင်္ချာနည်းအကျဉ်းရေတွက်ပြပါ(မေးခွန်းဟောင်း)

**ကိလေသာ(၁၀)ပါးကား**

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့ဖြစ်ပါသည်။

**တထောင့်ငါးရာ (၁၅၀၀) ကိလေသာဖြစ်ပုံကား**

| | | |
|---|---|---|
| နာမ်တရား | ၅၃ | |
| နိပ္ဖန္နရုပ် | ၁၈ | |
| လက္ခဏာရုပ် | ၄ | ပေါင်းသော် |
| | ၇၅ | ဖြစ်၏။ ၎င်းကို |
| အဇ္ဈတ္တဗဟိဒ္ဓသန္တာန် | ၂ | ဖြင့် မြှောက်သော် |
| | ၁၅၀ | ဖြစ်၏။ ၎င်းကို |
| အထက်ပါ ကိလေသာ | ၁၀ | ပါးဖြင့် မြှောက်သော် |
| | ၁၅၀၀ | ကိလေသာ ဖြစ်ပါသည်။ |

## (၃၈) ခေမံ မင်္ဂလာ။

**ခေမံ=ဘေးရန်မရှိခြင်း။**

ရဟန္တာပုဂ္ဂိုလ်အရှင်မြတ်တို့အား (ယောဂ) လေးပါးတည်းဟူသော အန္တရာယ်တို့မှ ကင်းလွတ်သည်ဖြစ်၍ ဘေးရန် မရှိတော့ခြင်းကြောင့် ခေမံ-မင်္ဂလာဖြစ်သည်။

**မေး။**　။ရဟန္တာပုဂ္ဂိုလ်၏ စိတ်သဘောထား ရေးခဲ့ပါ။

**ဖြေ။**　။ရဟန္တာပုဂ္ဂိုလ်၏ စိတ်သဘောထားသည် လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံငြားသော်လည်း တုန်လှုပ် ခြောက်ချားခြင်းမရှိ၊ စိုးရိမ်ကြောင့်ကြခြင်း မရှိပါ။

**မေး။**　။တောဒိသာနိကဘ္ဘာန ဟူသော မင်္ဂလာအကျိုးပြ ဂါထာ၏ အဓိပ္ပာယ်ကို ရေး၍ မင်္ဂလာအကျိုးပြကဗျာဖြင့် ပြအပ်သော အကျိုးတရားများကိုလည်း ထုတ်ပြ ဖြေဆိုခဲ့ပါ။

**ဖြေ။**　။ဤ(၃၈) ဖြာမင်္ဂလာတို့ကို လက်တွေ့ ကျင့်သုံးကြပါလျှင် အတွင်းအပ ရန်ဟူသမျှ မိမိက အနိုင်ရခြင်း၊ နေရာတိုင်း(ဘဝတိုင်း)မှာ ကြီးပွားချမ်းသာခြင်း ဟူသော အကျိုးများကို ရရှိနိုင်ပါသည်။

မင်္ဂလာအကျိုးပြကဗျာဖြင့် ပြအပ်သောအကျိုးများကား (၃၈) ဖြာ မင်္ဂလာတရားတို့ကို ပန်းကုံးအသွင် လက်တွေ့လိုက်နာကျင့်သုံးခြင်းဖြင့် ပန်ဆင်ကြပါလျှင် စီးပွားဥစ္စာ တိုးတက်မည်။

ကြီးပွားချမ်းသာမည်။
ကျက်သရေတိုးမည်။
ဘေးရန်ကင်းမည်။
ချစ်သူခင်သူပေါမည်။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမည်
ပြောဆိုတိုင်း၊ ကြံတိုင်း၊ လုပ်ဆောင်သမျှ တွေမှာ ကိန်းသေမုချ အောင်ရပည်ဟု ပြဆိုထားပါသည်။

မေး။ ။လူသာမန်တို့နှင့် မသက်ဆိုင်သော မင်္ဂလာငါးပါး ရေးခဲ့ပါ။

ဖြေ။ ။၁။ နိဗ္ဗာနသစ္စိကိရိယာစ၊ ၂။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ၊ ၃။ အသောကံ၊ ၄။ ဝိရဇံ၊ ၅။ ခေမံ တို့ ဖြစ်ပါသည်။

အမှာ။ ။အကျိုးမင်္ဂလာ(၅)ပါး ရေးခဲ့ပါဟု မေးလျှင်လည်း အထက်ပါ(၅)ပါးကို ရေးပါ။

အကျိုးမင်္ဂလာကို ထောက်ဆ၍ **အကြောင်း မင်္ဂလာ** (၁ မှ ၃၃ အထိ) ၃၃-ပါး ဖြစ်သည်ကိုလည်း သိပါလေ။

မေး။ ။၃၈ ဖြာမင်္ဂလာကို လောကီမင်္ဂလာ/လောကုတ္တရာ မင်္ဂလာ ခွဲခြားပြပါ။

ဖြေ။ ။၁-မှ၃၂-အထိ၊ လောကီမင်္ဂလာ(၃၂)ပါး။
၃၃-မှ ၃၈-အထိ၊ လောကုတ္တရာမင်္ဂလာ(၆)ပါး။
ဖြစ်ပါသည်။

မေး။ ။(၃၈)ဖြာမင်္ဂလာကို ပဌမ၊ ဒုတိယ၊ တတိယ-အရွယ် သုံးပါး ပိုင်းခြားပြပါ။

ဖြေ။ ။ပဌမအရွယ် ၁-မှ ၁၀-အထိ (၁၀)ပါး။
ဒုတိယအရွယ် ၁၁-မှ ၂၁-အထိ(၁၁)ပါး။
တတိယအရွယ် ၂၂-မှ ၃၈-အထိ(၁၇)ပါး တို့
ဖြစ်ပါသည်။

အမှာ။ ။ပညာ-ဥစ္စာ၊ ဘာဝနာ ဟူသော စကားအရလည်း
အထက်ပါအတိုင်း သိပါလေ။

အချို့က=ပဌမအရွယ် ၁-မှ ၁၀-အထိ(၁၀)ပါး။
ဒုတိယအရွယ်၁၁-မှ၂၆-အထိ(၁၆)ပါး။
တတိယအရွယ် ၂၇-မှ ၃၈-အထိ(၁၂)ပါး
ဖြစ်သည်ဟု ခွဲကြသည်။

မေး။ ။(၃၈)ဖြာမင်္ဂလာဟောကြားတော်မူသည့်အဆုံးမှာ
ကျွတ်တမ်းဝင်ကြသောပုဂ္ဂိုလ်အရေအတွက် ကျမ်း
လာအတိုင်း ဖြေဆိုခဲ့ပါ။

ဖြေ။ ။(၃၈)ဖြာမင်္ဂလာ ဒေသနာကိုဟောကြားတော်မူ
သည့်အဆုံး၌ ကုဋေတသိန်းသော နတ်တို့သည် အရ
ဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏၊ သောတာပန်
သကဒါဂါမ်-အနာဂါမ် ဖြစ်ကြကုန်သော နတ်တို့
သည် မရေတွက်နိုင်ဟု အဋ္ဌကထာ၌ မိန့်ဆိုလာရှိ
ပါသည်။

# နောက်ဆက်တွဲ မှတ်သားဘွယ်
# နှစ်ဟောင်းပုစ္ဆာနှင့်အဖြေများ

မေး။ ။အောက်ပါ လင်္ကာ၌ ပါဝင်သော မင်္ဂလာတရားတော်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။

ငယ်ခါကလျှင်၊ မသင်ပညာ၊ ဥစ္စာမစု၊ သူ့ကို ချစ်ဖျက်၊ သူ့သက်သတ်စား၊ သူ့မယား၌၊ ပြစ်မှားတုံဘိ၊ ပစ္စည်းရှိလျက်၊ စိုးစိမလှူ၊ မွေးမြူမိဖ၊ မပြုရနှင့်၊ ဆုံးမမနာ၊ ပညာရှိထံ၊ နည်းခံမမှတ်၊ အမြတ်မကျင့်၊ ဤဆယ့်ဆင့်ကား၊ ကြီးရင့်ဇရာ၊ အိုသောခါ၌၊ ပူဆာနောင်တ၊ ရတတ်စွတည်း။ (၃၂၁-မဃဒေဝ)။

ဖြေ။ ။ငယ်ခါကလျှင် မသင်ပညာ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ။
ဥစ္စာမစု၊ အနာကုလာစကမ္မန္တာ။
သူ့ကိုချစ်ဖျက်၊ = သုဘာသိတာစယာဝါစာ ဓမ္မစရိယာ။
သူ့သက်သတ်စား၊ -အာရတိ ဝိရတိ ပါပါ။
သူ့မယား၌ ပြစ်မှားတုံဘိ၊ =ဓမ္မစရိယာ။
ပစ္စည်းရှိလျက် စိုးစိမလှူ၊ =ဒါနဉ္စ။
မွေးမြူမိဖ မပြုရနှင့်၊ =မာတာပိတုဥပဋ္ဌာနံ။
ဆုံးမ မနာ၊ =သောဝစဿတာ။
ပညာရှိထံ နည်းခံမမှတ်၊ =ပဏ္ဍိတာနဉ္စ သေဝနာ။
အမြတ်မကျင့်၊ =တပေါ စ ဗြဟ္မစရိယဉ္စ။

မေး။ ။အောက်ပါလင်္ကာ၌ စာလုံးမဲဖြင့်ပြသော ပုဒ်သည် အဘယ်ဘာသာဖြစ်သည်ဟု ဖော်ပြခဲ့ပါ။

ငယ်ခါစဉ်စစ်၊ မိုက်ရှယ်သစ်က၊ **အချစ်တကျော**
**ဤသစ္စာကား** ပါရမီ တရား၊ မဟုတ်ပြောဘူး
ကြိုးစားရှိသာ၊ ပယ်အပ်စွာ၏။

ဖြေ။ ။အချစ်တကျော၊ ဤ သစ္စာကား၊ **သမုဒယသစ္စာ**
ဖြစ်ပါသည်။

မေး။ ။ဂါရဝေါစမှ ကာလေနဓမ္မသာကစ္ဆာ တိုင်အောင်
(၉)ပါးသော မင်္ဂလာတို့ကို ကျောင်းသားများ
လိုက်နာရန် စည်းမျဉ်း(၉)ခု ဖြစ်အောင် မြန်မာ
ပြန် သက်သက် ရေးပြခဲ့ပါ။

ဖြေ။ ၁။ ရိုသေထိုက်သောသူတို့ကို ရိုသေရမည်။
၂။ ရသမျှနှင့် မျှတရောင့်ရဲရမည်။
၃။ မာန်မာနမထားဘဲ မိမိကိုယ်ကို နှိမ့်ချရမည်။
၄။ သူပြုဘူးသော ကျေးဇူးကို သိရမည်။
၅။ လျှောက်ပတ်သောအခါ တရားတော်ကိုကြား
နာရမည်။
၆။ အရာရာ သည်းခံခြင်းရှိရမည်။
၇။ ဆိုဆုံးမ လွယ်သူ ဖြစ်ရမည်။
၈။ မြတ်သော ရဟန်း သံဃာများကို ဖူးမြင်ရ
မည်။
၉။ လျှောက်ပတ်သောအခါ တရား သဘောကို
ဆွေးနွေးရမည်။

မေး။ ။မာတာပိတု ဥပဋ္ဌာနံ ဂါထာကို မင်္ဂလာလေးပါး
ဖြစ်အောင် ရေတွက်ပြပါ။

ဖြေ။ ၁။ မာတုဥပဋ္ဌာနံ၊ = အမိအားပြုစု လုပ်ကျွေးခြင်း။

၂။ ပိတုဥပဋ္ဌာနံ၊ = အဖအား ပြုစုလုပ်ကျွေးခြင်း။

၃။ ပုတ္တဒါရဿ သင်္ဂဟော၊ = သားမယားအား သင်္ဂြိုဟ်ထောက်ပံ့ခြင်း

၄။ အနာကုလာစ ကမ္မန္တာ၊ = အနှောင့် အယှက်မရှိသောအမှုတို့ကိုပြုလုပ်ခြင်းတို့ဖြစ်ပါသည်။

မေး။ ။အာရတီဝိရတီပါပါ-မင်္ဂလာ သုံးပါးဖြစ်အောင် ရေတွက်ပြပါ။

ဖြေ။ ၁။ အာရတီဝိရတီပါပါ၊ မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ခြင်း။

၂။ မဇ္ဇပါနာစသံယမော၊ ယစ်မျိုးတို့ကို သောက်စားခြင်းမှ စောင့်စည်းခြင်း။

၃။ အပ္ပမာဒေါစ ဓမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းတို့ ဖြစ်ပါသည်။

မေး။ ။အနာကုလာစ ကမ္မန္တာနှင့် အနဝဇ္ဇာနိ ကမ္မာနိကို အထူးရေးပါ။

ဖြေ။ ။အနှောင့်အယှက်မရှိသော အမှုတို့ကိုပြုခြင်း၊မရှုပ်မထွေးသော အမှုတို့ကို ပြုလုပ်ခြင်းသည် အနာကုလာစ ကမ္မန္တမင်္ဂလာ၊ အပြစ်မရှိကုန်သော အမှုတို့ကို ပြုလုပ်ခြင်း၊ အပြစ်ကင်းသော တိုင်းကျိုး/ပြည်ကျိုး အများအကျိုး ရွက်ဆောင်ခြင်းသည် အန

ဝဇ္ဇာနိ ကမ္မာနိမင်္ဂလာ၊ ဤသို့ ထူးခြားပါသည်။

**မေး။** ။ပဋ္ဌမအရွယ် မင်္ဂလာ(၁၀)ပါးကို စာစီစာကုံးတခု ဖြစ်အောင် စီကုံးရေးသားခဲ့ပါ။

**ဖြေ။** ၁။ လှလှသည် ကိုယ်ကျင့်တရားပျက်ပြားပြီးမိုက်မဲနေသူများကို ရှောင်ရှားပါသည်။

၂။ သူမသည် ဆရာသမားကောင်းထံ ဆည်းကပ်နေပါသည်။

၃။ သူမသည် အာစရိယ ပူဇော်ပွဲမှာ ရှေ့တန်းမှ ပါဝင်ပါသည်။

၄။ လှလှတို့အိမ်သည် တန်ခိုးကြီးဘုရားအနီး၌ရှိ၍ စာသင်ကျောင်းနှင့်လည်း နီးပါသည်။

၅။ လှလှသည် နာမည်နှင့် လိုက်အောင် လှပရုံမျှမက ဥာဏ်ကောင်း၍ စာတော်သည့် အပြင် သူမ၏ မိဖများသည် ချမ်းသာကြွယ်ဝသူများ ဖြစ်ကြပါသည်။

၆။ လှလှသည် နေရာတကာမသွားဘဲ မိမိကိုယ်ကို ထိန်းသိမ်း၍ ကျောင်းဆရာမကြီး အဖြစ်ကို မျှော်မှန်းထားသူ ဖြစ်ပါသည်။

၇။ သူမသည် စာကြိုးစားသူဖြစ်၍ ဆရာမေးတိုင်း ဖြေနိုင်ပြီးလျှင် စာမေးပွဲတွင် ပဌမနေရာမှ အောင်မြင်ပါသည်။

၈။ လှလှသည် အိမ်တွင်းမှု စက်ချုပ် ပန်းထိုး ဇာထိုး အတတ်ပညာ များကိုလည်း သူမ၏

ဒေါ်လေး ကျေးဇူးကြောင့် တတ်မြောက်ထားသူဖြစ်ပါသည်။

၉။ သူမသည် ကျင့်ဝတ်သိက္ခာနားလည်၍ အနေအထိုင် တတ်သူဖြစ်ပါသည်။

၁၀။ လှလှသည် အပြောအဆို ချိုသာယဉ်ကျေး၍ သူမအား အများက ချစ်ခင်ကြပါသည်။

မေး။ ။ဂါရဝေါစမှ ကာလေန ဓမ္မဿဝနံ မင်္ဂလာအထိ မင်္ဂလာ(၉)ပါး စာစီစာကုံးတခု ရေးခဲ့ပါ။

ဖြေ။ ၁။ မောင်အေးသည် မိမိထက် အသက်ဂုဏ်သိက္ခာကြီးသူတို့ ရိုသေ လေးစားပါသည်။

၂။ သူသည် မာန်မာန မကြီးပဲ နှိမ့်ချ တတ်သူလည်း ဖြစ်ပါသည်။

၃။ မောင်အေးသည် ဂျီးမများတတ်ပဲ ရသမျှနှင့် တင်းတိမ်ကျေနပ်သူဖြစ်ပါသည်။

၄။ သူသည် မိဖ ဆရာသမား ကျေးဇူး အထူးသိတတ်ရုံမျှမက သူတပါးကျေးဇူးသိတတ်သူတယောက် ဖြစ်ပါသည်။

၅။ မောင်အေးသည် အခါအားလျော်စွာ တရားနာလေ့ ရှိပါသည်။

၆။ သူသည် အရာရာ သည်းခံတတ်သူဖြစ်ပြီး။

၇။ ဆရာ မိဖ စကားများကို နားထောင် လိုက်နာသည့် အပြင် မှားတာရှိလျှင် အမှားကို ဝန်ခံတတ်သူလည်း ဖြစ်ပါသည်။

၈။ မောင်အေးသည် ဗုဒ္ဓသိက္ခာရှိသော ရဟန်းများကို သွားရောက်ဖူးမြော်လေ့ရှိ၏။

၉။ ဆည်းပူးထားသော တရားအသိများကို သင့်လျော်လျောက်ပတ်သော အခါ ဆွေးနွေးလေ့ရှိပါသည်။

**မေး**။ ။သုဘာသိတာစယာဝါစာ – မင်္ဂလာအရ လူ့ဥ ထွန်းကားသောစကား (၆) ခွန်းဝယ် အဆိုးဆုံးစကားနှင့် အကောင်းဆုံးစကား နှစ်ရပ်ကို ထုတ်ပြ၍ ဤမင်္ဂလာနှင့်စပ်၍မှတ်ဘွယ်သတ္တုသာဓကကိုလည်း ရေးခဲ့ပါ။

**ဖြေ**။ ။အဆိုးဆုံးစကားဟူသည် မဟုတ်မမှန် အကျိုးမရှိ၊ ကြားရသူ မနှစ်သက်သော စကားမျိုးဖြစ်ပါသည်။

အကောင်းဆုံး စကားဟူသည် ဟုတ် မှန် ၏။ အကျိုးရှိ၏၊ ကြားရသူ နှစ်သက်သော စကားမျိုး ဖြစ်ပါသည်။

**မှတ်သာ·ဘွယ်ဝတ္ထုကား**။

ရှေးအခါက ပုဏ္ဏားတယောက်တွင် နန္ဒိဝိသာလ မည်သော နွားလားဥသဘ တကောင်ရှိခဲ့သည်။ ချစ်မြတ်နိုးစွာဖြင့် ပြုစု၍ ယာဂုထမင်းစသော အစာတို့ကိုကျွေး၍ မွေး၏၊ နွားလားသည် အရွယ်ရောက်လတ်သော် ပုဏ္ဏားကို သနား၍ "ငါ၏ နွားလားသည် တစပ်တည်းဖွဲ့၍ တဲ့ဆက်ထားသော လှည်းတရာကို လည်စေနိုင်–ဆွဲနိုင်ကြောင်းပြော၍ ဂေါဝိန္ဒသဋ္ဌေးနှင့် တထောင်တန်း လောင်းချေ" ဟု ပြော၏၊

နွားလား၏ စကားအတိုင်း ပုဏ္ဏားလည်း ဂေါဝိန္ဒ သဋ္ဌေးအား ပြောကြား၍ လောင်းကြ၏၊ ပြိုင်ပွဲ စသောအခါ၌ ပုဏ္ဏားက နွားလားကို "စဉ်းလဲ ကောက်ကျစ်သောနွား၊ရုန်းဟ-သွားဟ" ဟု မဟုတ် မမှန် ကြမ်းတမ်းသောစကားသုံး၍ ရုန်းစေ၏၊ နွားလားက မနှစ်သက်သောကြောင့် မရုန်းသဖြင့် ရှုံးရလေ၏၊ ရှုံး၍ သောကရောက်ကာ မှိုင်နေသော ပုဏ္ဏားကို "သွား နှစ်ထောင်တန်း လောင်းချေဦး၊ မစဉ်းလဲ မကောက်ကျစ်သော ငါ့ကိုလည်း စဉ်းလဲ ကောက်ကျစ်သူဟု မဆိုနှင့်" ဟု မှာ၍ စီစဉ်စေ၏။ ယခုအခါ ပြိုင်ပွဲ၌ ပုဏ္ဏားသည် "ကောင်းသောနွား၊ လိမ္မာသောနွားလား ရုန်းကွ-ဆွဲကွ" ဟု ဆိုလေရာ သုဘာသိတဝါစာ ဖြစ်သောကြောင့် နှစ်သက်၍ နောက်ဆုံးကလှည်းကို ရှေ့ဆုံးမှ လှည်း၏ နေရာ ရောက်အောင် ရုန်းပေးလိုက်ရာ ပုဏ္ဏား အနိုင်ရ သွားလေသည်။

မေး။ ။ဂါရဝမင်္ဂလာအရ သီလ-သမာဓိ-ပညာဂုဏ်ကြီး၍ အသက်ငယ်သူ၊ သီလ-သမာဓိ-ပညာဂုဏ် ငယ်၍ အသက်ကြီးသူ (၂) ဦးတွင် မည်သူက မည်သူ့ကို ရိုသေလေးစားရမည်ဟု ဗုဒ္ဓဝါဒအရ ဖြေဆိုပါ။

ဖြေ။ ။ဂါရဝမင်္ဂလာအရ ဗုဒ္ဓဝါဒသည် အသက် ကြီးမှု ငယ်မှုကို ပမာဏမပြု၊ သီလ - သမာဓိ - ပညာဂုဏ် ကြီး၍ အသက်ငယ်သူအား သီလ-သမာဓိ-ပညာ

ဂုဏ်ငယ်၍ အသက်ကြီးသူက ရှိသေလေးစားရပါမည်။

**မေး။** ။(က) ဒါန၊ (ခ) သီလ၊ (ဂ) ဘာဝနာနှင့် ဆိုင်သော မင်္ဂလာများ ရေတွက်ပြပါ။

**ဖြေ။** ။**(က) ဒါနနှင့်ဆိုင်သော မင်္ဂလာများ**

အတ္တသမ္မာပဏိဓိ-ဒါနဉ္စ-အနဝဇ္ဇာနိ ကမ္မာနိ၊ အပ္ပမာဒေါစ ဓမ္မေသု တို့ ဖြစ်ပါသည်။

**(ခ) သီလနှင့်ဆိုင်သော မင်္ဂလာများ**

အတ္တသမ္မာပဏိဓိ၊ဝိနယောစသုသိက္ခိတော၊ ကာလေန ဓမ္မ-သာကစ္ဆာ၊ အနဝဇ္ဇာနိကမ္မာနိ၊ အာရတီဝိရတီပါပါ၊ မဇ္ဇ-ပါနာစသံယမော၊ အပ္ပမာဒေါစဓမ္မေသု၊ တပေ စ ဗြဟ္မစရိယဉ္စ တို့ ဖြစ်ပါသည်။

**(ဂ) ဘာဝနာနှင့်ဆိုင်သော မင်္ဂလာများ**

အတ္တသမ္မာပဏိဓိ၊အပ္ပမာဒေါစဓမ္မေသု၊ကာလေနဓမ္မဿဝနံ၊ ကာလေန ဓမ္မသာကစ္ဆာ၊ အရိယသစ္စာနဒဿနံ၊ နိဗ္ဗာန သစ္ဆိကိရိယာစတို့ ဖြစ်ပါသည်။

**မေး။** ။(က) ပညာရေး၊ (ခ) စီးပွားရေး၊ (ဂ) ပေါင်းသင်းဆက်ဆံရေး၊ (ဃ) နေထိုင်ရေးတို့နှင့် ဆိုင်သော မင်္ဂလာများ ခွဲခြားပြပါ။

**ဖြေ။** ။(က) ပညာရေးနှင့်ဆိုင်သော မင်္ဂလာများ

ပဏ္ဍိတာနဉ္စသေဝနာ၊ ဗာဟုသစ္စဉ္စ၊ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော သုဘာသိတာစ ယာဝါစာ၊ ကာလေနဓမ္မဿဝနံ၊ ကာလေနဓမ္မသာကစ္ဆာ၊ သောဝစဿတာ တို့ ဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့်ဆိုင်သော မင်္ဂလာများကား
ပဏ္ဍိတာနဉ္စ သေဝနာ၊ ပတိရူပ ဒေသဝါ
သောစ၊ ပုဗ္ဗေစ ကတပုညတာ၊ အတ္တသမ္မာပဏိဓိစ၊
ဗဟုဿစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော၊
သုဘာသိတာစ ယာဝါစာ၊ အနာကုလာစ
ကမ္မန္တာ၊ တပေါစ တို့ ဖြစ်ပါသည်။

(ဂ) ပေါင်းသင်းဆက်ဆံရေးနှင့်ဆိုင်သော
မင်္ဂလာများကား

အသေဝနာစဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ၊ ပူဇာစ ပူဇနေယျာနံ၊ သုဘာသိတာစ ယာဝါစာ၊ ဉာတကာနဉ္စ သင်္ဂဟော၊ အနဝဇ္ဇာနိကမ္မာနိ တို့ ဖြစ်ပါသည်။

(ဃ) နေထိုင်ရေးနှင့်ဆိုင်သော မင်္ဂလာများကား
ပတိရူပဒေသဝါသ ဖြစ်ပါသည်။

မေး။ ။ရဟန်းတော်များနှင့် မသက်ဆိုင်သော မင်္ဂလာများ ရေးခဲ့ပါ။

ဖြေ။ ။ပုတ္တဒါရဿသင်္ဂဟော- အနာကုလာစ ကမ္မန္တာ၊ မင်္ဂလာဖြစ်ပါသည်။

(မင်္ဂလာလက်စွဲကျော်မှ)

# နမူနာယူ၍ လေ့လာနိုင်ရန်

## (၁၃၃၅)ခုနှစ် (ဝိုင်-အမ်-ဘီ-အေ)မေးခွန်းနှင့် အဖြေမှန်။ ပဌမဆင့်(က)မင်္ဂလာပိုင်း

မေး။　　။အောက်ပါ မင်္ဂလာ ပါဠိများကို မြန်မာပြန်ပါ။

က။ ဝိနယောစ သုသိက္ခိတော၊

ခ။ အနဝဇ္ဇာနိ ကမ္မာနိ၊

ဂ။ အာရတီဝိရတီပါပါ၊

ဃ။ ဂါရဝေါစနိဝါတော။

ဖြေ။　　က။ ဆိုင်ရာကျင့်ဝတ်များကို ကောင်းစွာသင်ယူခြင်း　　၂ မှတ်။

ခ။ အပြစ်ကင်းသော အမှုတို့ကို ပြုခြင်း (အများအကျိုးဆောင်ခြင်း)　　၂ မှတ်။

ဂ။ မကောင်းမှုမှ ဝေးစွာရှောင်ခြင်း အထူးသဖြင့် ရှောင်ခြင်း။　　၄ မှတ်။

ဃ။ ဆိုဆုံးမ လွယ်သူဖြစ်ခြင်း။　　၂ မှတ်။

မေး ၂။　　။အောက်ပါ မြန်မာလို မင်္ဂလာကို ပါဠိလို ရေးပြပါ။

က။ သင့်တင့်ကောင်းမြတ်သော အရပ်၌ နေခြင်း။

ခ။ အော့မျိုးများကို ထောက်ပံ့ခြင်း။

ဂ။ သူတပါး၏အကျိုးကျေးဇူးကိုသိခြင်း။

ဃ။ လျောက်ပတ်သည့်အခါတရားဆွေးနွေးခြင်း။

ဖြေ ၂။ က။ ပတိရူပ ဒေသဝါသောစ ၂ မှတ် စီ။
ခ။ ဉာတကာနဉ္စသင်္ဂဟော ။
ဂ။ ကတညုတာ ၃ မှတ် စီ။
ဃ။ ကာလေန ဓမ္မသာကစ္ဆာ ။

မေး ၃။ အောက်ပါ ဂါထာနှင့် သက်ဆိုင်သော မင်္ဂလာ ကဗျာကို ရေးပြပါ။

တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံမင်္ဂလမုတ္တမံ။

ဖြေ ၃။ လောကီအာရုံ၊ ဇိမ်ယစ်မူးလို့၊
အပျော်မကြူးနဲ့ ခြိုးခြံလေ။
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ယှဉ်းမသွေ။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊
အလင်းပေါက်နိုင်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ-၁၀ မှတ်။

မေး ၃။ အောက်ပါ ပုဂ္ဂိုလ်တို့၌ ဖြစ်သင့်သော မင်္ဂလာ တို့ကို တပါးစီ ဖော်ပြပါ။

က။ မိဘစကားကို နားထောင်သူ။
ခ။ လူကြီးများ ရှေ့၌ ကုန်းသွားသူ။
ဂ။ ပေးသမျှ မုန့်ဘိုးနှင့် ကျေနပ်သူ။
ဃ။ သူများ ဆဲသည်ကို ပြန်မဆဲပဲ နေသူ။

ဖြေ။ ၄။ က။ သောဝစဿတာ ၃ မှတ်

ခ။ ဂါရဝေါစ ၂ ။

ဂ။ သန္တုဋ္ဌိစ ၃ ။

ဃ။ ခန္တီစ ၂ ။

မေး။ ၅။ ။အောက်ပါပုဂ္ဂိုလ်တို့၌ ပျက်ကွက်သော မင်္ဂလာတို့ကို တပါးစီ ဖော်ပြပါ။

က။ မိဖကို မကူညီသူ။

ခ။ လိမ်ပြောသူ။

ဂ။ ကျောင်းပြေးသူ။

ဃ။ ကျောင်းစည်းကမ်းမလိုက်နာသူနှင့်ပေါင်းသူ။

ဖြေ။ ၅။ က။ မာတာပိတုဉပဋ္ဌာနံ ၂ မှတ်

ခ။ သုဘာသိတာစ ယာဝါစာ၊ ဓမ္မစရိယာစ၊ အာရတီပါပါ၊ ဝိရတီပါပါ၊ ဤလေးပါး တပါးပါးရေးက- ၃ မှတ်ပေးပါ။

ဂ။ အတ္တသမ္မာပဏိဓိစ ၃ မှတ်

ဃ။ အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ တပါးပါးရေးက- ၂ မှတ်။

## (၁) ဗုဒ္ဓဝင်ပိုင်း

မေး။ ၆။ ။ဘုရားအလောင်း တောထွက်သည့်အခါ

(က) ဆိုက်ရောက်လာသည့် မြစ်အမည်။

(ခ) ဘုရားဖြစ်/မဖြစ် အဓိဋ္ဌာန်ပြုသည့်စကား။

(ဂ) ဆံတော်ဌာပနာ၍ တည်သော စေတီနှင့် တည်သူအမည်။

ဖြေ။ ၆။ က။ အနော်မာမြစ် ၂ မှတ်။
ခ။ ငါသည် ကေန်စင်စစ် ဘုရားဖြစ်မည် မုန်လျှင် ဤဆံတော်သည် ကောင်းကင်၌ တည်ပါစေသား။ ၄ မှတ်။
ဂ။ စူဠာမဏိစေတီတည်သူသိကြားမင်း ၄ မှတ်

မေး။ ၇။ ။ဘုရားဖြစ်တော်မူသော နှစ်-လ-နေ့-အချိန် တို့ကို ဖော်ပြပါ။

ဖြေ။ ၇။ က။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ နံနက်အရုဏ်တက်ချိန် ၁၀ မှတ်။

မေး။ ၈။ ။အောက်ပါတို့ကို ဖော်ပြပါ။
(က) တောထွက်ပြီးနောက် ရှေးဦးစွာတွေ့ရသော ရသေ့နှစ်ပါးအမည်။
(ခ) ဒုက္ကရစရိယာကျင့်ရသော နှစ်ပေါင်း။
(ဂ) ရွှေခွက်မျောသောမြစ်။

ဖြေ။ ၈။ (က) အာဠာရရသေ့၊ ဥဒကရသေ့ ၅ မှတ်။
(ခ) ၆ နှစ် ၂ မှတ်။
(ဂ) နေရဉ္ဇရာမြစ် ၃ မှတ်။

## ပဉ္စမဆင့် မေးခွန်းနှင့် စံပြအဖြေ

မေး။ ၁။ ။အောက်ပါမင်္ဂလာတရားများကို မြန်မာပြန်ပါ။
(က) အာရတိ ဝိရတိပါပါ။
(ခ) အတ္တသမ္မာပဏိဓိ။
(ဂ) ခန္တီ စ။
(ဃ) အနာကုလာစ ကမ္မန္တာ။

ဖြေ။ ၁။ က။ အကုသိုလ်မကောင်းမှုဒုစရိုက်တို့မှ ကိုယ်နှုတ်စိတ်တို့ဖြင့် ရှောင်ကြဉ်ခြင်း။

ခ။ မိမိစိတ်/မိမိကိုယ်ကို ကောင်းစွာထားခြင်း။

ဂ။ သည်းခံခြင်း။

ဃ။ အနှောင့်အရှက်မရှိသောအမှုကိုပြုလုပ်ခြင်း။

မေး။ ၂။ ။မာတာပိတု ဥပဋ္ဌာနံဂါထာနှင့် သက်ဆိုင်သော မင်္ဂလာကဗျာကိုရေးပါ။

ဖြေ။ ၂။ **။မာတာပိတု ဥပဋ္ဌာနံ ဂါထာ၏ကဗျာ**

မြင့်မိုရ်ရွှေတောင်၊ မိဘကျေးကို၊
ကောင်းစွာဆပ်ပေး၊ ဝတ်ကျေကျေ။
ကြွေးသစ်ချကာ၊ သားနှင့်မယား၊
မြှောက်စားချီးမြှင့်၊ ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး၊ ပြုစုရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

မေး။ ၃။ ။အောက်ပါ စကားများသည် အဘယ်မင်္ဂလာတရားများ ဖြစ်သနည်း။

က။ ကျေးဇူးသိတတ်ခြင်း။

ခ။ ပေးသမျှမုန့်ဖိုးထက် ပိုမတောင်းခြင်း။

ဂ။ ကျောင်းခန်းကို သန့်ရှင်းပေးခြင်း။
ဃ။ မိဖစကား နားထောင်ခြင်း။

ဖြေ။ ၃။ က။ ကတညုတာ မင်္ဂလာ။
ခ။ သန္တုဋ္ဌိမင်္ဂလာ။
ဂ။ အနဝဇ္ဇာနိကမ္မာနိ။
ဃ။ သောဝစဿတာ မင်္ဂလာဖြစ်ပါသည်။

မေး။ ၄။ ။ လောကုတ္တရာမင်္ဂလာများ ထုတ်ပြခဲ့ပါ။

ဖြေ။ ၄။ ။ မင်္ဂလာတရား (၃၈) ပါးတွင် အသေဝနာစ ဗာလာနံမှစ၍ ဗြဟ္မစရိယဉ္စ မင်္ဂလာအထိ(၃၂) ပါးမှာလောကီမင်္ဂလာဖြစ်၍ကျန်အောက်ပါမင်္ဂလာ(၆) ပါးမှာ လောကုတ္တရာ မင်္ဂလာတရားများဖြစ်ပါသည်။

၁။ အရိယသစ္စာန ဒဿနံ။
၂။ နိဗ္ဗာနသစ္ဆိကိရိယာစ။
၃။ ဖုဋ္ဌဿလောကဓမ္မေဟိစိတ္တံ ယဿနကမ္ပတိ။
၄။ အသောကံ။
၅။ ဝိရဇံ။
၆။ ခေမံ။

ပါဠိ သို့မဟုတ် အနက်အဝိပ္ပာယ်တမျိုး ရေးပြပါက အမှတ်ပြည့်ရပါသည်။

မေး။ ၅။ ။အောက်ပါတို့သည် မည်သည့်မင်္ဂလာများ ပျက်သနည်း။
က။ မိဖမလုပ်ကျွေးသူ။
ခ။ ကျောင်းဆရာသင်သောစာကို မကျက်သူ။

ဂ။ ကျောင်းပြေးသူ။
ဃ။ လူကြီးများ မရှိသေသူ။

ဖြေ ၅။ ။ပျက်သောမင်္ဂလာများမှာ
က။ မာတာပိတု ဉပဋ္ဌာနံ။
ခ။ ဝိနယောစ သုသိက္ခိတော ( သို့မဟုတ် ) သောဝစဿတာ ( သို့မဟုတ် ) အတ္တသမာ ပဏိဓိ (တမျိုးမျိုးရေးက အမှတ်ပြည့် ရပါ သည်။)
ဂ။ အတ္တသမာ ပဏိဓိ မင်္ဂလာ ( သို့မဟုတ် ) ဝိနယောစ သုသိက္ခိတော မင်္ဂလာ(တမျိုးရေး က အမှတ်ပြည့် ရသည်။)
ဃ။ ဝါရဝေါစ မင်္ဂလာပျက်ပါသည်။

မေး ၆။ ။မင်္ဂလာတရားတော်အရ "ဗာလ"ဆိုတာ ဘယ် လိုလူလဲ။

ဖြေ ၆။ ။မင်္ဂလာတရားတော်အရ ဗာလ-ဆိုသူမှာ
၁။ မကောင်းတာကြံ၊ မမှန်တာပြော၊ မဟုတ် တာလုပ်သူသည် လူမိုက်ဖြစ်ပါသည်။
၂။ လူကိုဖြစ်စေ၊ တိရစ္ဆာန် ဖြစ်စေ၊ ဆင်းရဲ ကြောင်း ဖြစ်သောအမှုကို ပြုလုပ် ပြောဆို ကြံစည်သူသည် ဗာလ-လူမိုက်ဖြစ်ပါသည်။
၃။ အကုသိုလ် ဒုစရိုက်တွေကို စိတ်ဖြင့်ကြံစည်၊ နှုတ်ဖြင့်ပြောဆို၊ ကိုယ်ဖြင့် ပြုလုပ်သူကို ဗာလ- လူမိုက်ဟု ခေါ်ပါသည်။

၄။ ပင်ကိုယ်ဉာဏ် အလျှင်းမရှိ ကိုယ်ကျင့်တရား မရှိပဲ၊ ထင်သလိုရမ်းကား နေသည့်သူလည်း ဗာလ-လူမိုက်ဖြစ်ပါသည်။
(ဤလေးမျိုးမှ တမျိုးမျိုးရေးလျှင် အမှတ်ပြည့် ရသည်။)

## ဒုတိယဆင့်မေးခွန်း၏ အဖြေ

**အဖြေ ၁။** ။အသေဝနာစ ဗာလာနံ၌ ဗာလအရကား
(က) မိမိအကျိုး သူတပါးအကျိုး ပျက်စီးအောင် ပြုလုပ်သော သူကို ဗာလဟု ခေါ်သည်၊ တနည်း-
(ခ) မကောင်းကြံ၊ မကောင်းပြော၊ မကောင်းမှု ပြုလုပ်သော သူကို ဗာလဟု ခေါ်သည်။ (တိတိကျကျ မှန်လျှင် ၅ မှတ်။)

**ဝတ္ထုသက်သေ။** ။ဒေဝဒတ်ကို ခေါင်းဆောင် တင်သော အဇာတသတ်ဝတ္ထု၊ သို့မဟုတ် လှည်းသား ငါးရာ လူမိုက်ကိုခေါင်းဆောင်သော ဝတ္ထု ဖြစ်စေ အဓိပ္ပါယ်မှန်လျှင် ၅ မှတ်။

**ဖြေ ၂။** ပညာရေးစံနစ်လေးမျိုး။

၁။ ဗာဟုဿစ္စဥ-ပညာရေး။
၂။ သိပ္ပံပညာရေး။
၃။ ဝိနယောစ သုသိက္ခိတ ပညာရေး။
၄။ သုဘာသိတဝါစာ ပညာရေး။ ၅ မှတ်။
ယခုအခါ ကိုယ်ကျင့်တရား ကောင်းမွန်ရန်၊

သီးခြားကျောင်းမရှိ၍-ဝိနယောစ သုသိက္ခိတ ပညာရေးချို့တဲ့ပါသည်။
ရင်းအပြင် အပြောအဆိုလိမ္မာရန်၊ သီးခြား ကျောင်းမရှိ၍၊ သုဘာသိတဝါစာ ပညာရေး လည်း ချို့တဲ့ပါသည်။

ဖြေ ၃။ က။ မိတ္တဗလ မင်္ဂလာကား=ပဏ္ဍိတာနဥ္စသေဝနာ မင်္ဂလာတည်း။
ခ။ ဉာဏဗလမင်္ဂလာကား=ဗာဟုသစ္စဥ္စ မင်္ဂလာ တည်း။
ဂ။ ဘောဂဗလ မင်္ဂလာကား= အနာကုလာစ ကမ္မန္တာ မင်္ဂလာတည်း။
ဃ။ စာရိတ္တဗလ မင်္ဂလာကား=အာရတီ ဝိရတီ ပါပါမင်္ဂလာတည်း။ (၂ မှတ်ခွဲစီ)

ဖြေ ၄။ ကျောင်းမှ ထွက်သောအခါ၊ ထမ်းဆောင်ရမည့် တာဝန်များကား။
၁။ မိဖလုပ်ကျွေးရမည့် တာဝန်။
၂။ သား သမီး / သားမယား လုပ်ကျွေးရမည့် တာဝန်။
၃။ အပြစ်ကင်းသော စီးပွားရေးလုပ်ရမည့် တာ ဝန်။
၄။ စွန့်ကြဲပေးကမ်းရမည့် တာဝန်။
၅။ လူ့ဥပဒေထုံးစံလိုက်နာရမည့် တာဝန်။
၆။ ဆွေမျိုးတို့အား ထောက်ပံ့ရမည့် တာဝန်။

၇။ လူထုကောင်းစားရေး လုပ်မည့် တာဝန်အား
ဖြင့် (၇)ပါးရှိပါသည်။ (၅ မှတ်)

**ဖြေ ၅။ အာရတီပါပါ၌ ပါပအရကား။**

၁။ သူ့အသက်သတ်ခြင်း။
၂။ သူ့ဥစ္စာခိုးယူခြင်း။
၃။ သူတပါး သားမယား ပြစ်မှားခြင်း။
၄။ လိမ်လည်ပြောဆိုခြင်း။
၅။ အရက်အကြောက်ကင်းမဲ့ခြင်း။
၆။ ခိုက်ရန်များခြင်း။ (၅ မှတ်)

**ဖြေ ၆။ စာစီစာကုံး။**

မောင်ဘသည် ကျောင်းက ထွက်သောအခါ၊ ၁။ မိဖကိုရှေ့ဦးစွာလုပ်ကျွေးလေသည်၊ ၂။ မိဖတို့ကထိမ်းမြားသောသားပယား ရရှိသောအခါ၊သားသမီးနှင့် သားမယား တို့ကိုလည်း ဝတ္တရားနှင့် အညီချီးမြှင့်လေသည်၊ ၃။ မိဖနှင့် သားမယားအတွက် တရားသောအလုပ်ဖြင့်စီးပွားရှာဖွေသည်။ ၄။ ရှာဖွေ၍ ရရှိသောပစ္စည်းများကို မိသားစုသာမစားပဲ စွန့်ကြဲပေးကမ်းမှုကိုလည်း ပြုရသည်၊ ၅။ ရင်းမြင် လူ့ဥပဒေ ထုံးစံကိုလည်း လိုက်နာလေသည်။ ၆။ ဆွေမျိုးတို့ကိုလည်း ပစ်မထားဘဲ ထောက်ပံ့ ရှာသည်။ ၇။ အများကောင်းစားရေး လုပ်ငန်းကိုလည်း ရှေ့တန်းမှပါဝင်လေသည်။ ၈။ လူမှုရေးတို့

၌ တာဝန်ကျေရုံမက လူ့ကျင့်ဝတ်စာရိတ္တဗလနှင့်
လည်း ပြည့်စုံ၍၊ ၉။ မူးယစ်သောက်စားမှု မရှိပဲ၊
၁၀။ အမြဲတန်း သတိရှိသူတယောက်ဖြစ်ပါသည်။

(စာလည်းကောင်းမည်၊ ဆယ်ခုလုံးလည်း ပါလျှင် ၁၀ မှတ်)

ဖြေ ၇။ မင်္ဂလာတရားတော်အတိုင်း လိုက်နာပါက

၁။ ကြီးပွားချမ်းသာမည်။
၂။ ကျက်သရေတိုးမည်။
၃။ ဘေးရန်ကင်းမည်။
၄။ ချစ်သူခင်သူပေါမည်။
၅။ ကိုယ်စိတ်ချမ်းသာမည်။ (၅ မှတ်)

(၃၈)ဖြာ မင်္ဂလာ ကုံးကို၊ လိုက်နာကျင့်သုံး ပန်သူတွေ၊
ကဗျာကိုထောက်ပြရမည်။ (ကဗျာမှန်လျှင် ၅မှတ်)

ဖြေ ၈။ က။ ဗဟုသဿစ္စဥ္၊ ခ။ သိပ္ပဥ္စ၊ ဂ။ ဝိနယောစ
သုသိက္ခိတော၊ ဃ။ သုဘာသိတဝါစာ(၂½ မှတ်စီ)

ဖြေ ၉။ (က) မဟာသက္ကရာဇ်(၁၀၃)ခုနှစ် (ခ)ကဆုန်လ
(ဂ)၁၅ရက် ဗုဒ္ဓဟူးနေ့။ (ဃ)အရုဏ်တက်ချိန်။

ဖြေ ၁၀။ (က) ဓမ္မစကြာ၊ တရားကို ပဥ္စဝဂ္ဂီ ငါးဦးတို့အား
ဟောကြားပါသည်။ (ခ)ဣသိပတန မိဂဒါဝုန်
တော၊ ဂ။ ဝါဆိုလပြည့်၊ (ဃ)နေမဝင်မီ အချိန်။
၂ မှတ်စီ။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းမှ ကြီးမှူးကျင်းပသော မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင် စာမေးပွဲ။

၁၃၃၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်နေ့၊ နံနက် ၁၂နာရီ(၂၃-၁၁-၇၅)

ခွင့်ပြုသည့်အချိန် ၂နာရီ (နေ့လည် ၁၂နာရီမှ ၂နာရီ အထိ)

## ပ ထ မ ဆ င့်

ပုစ္ဆာတခုလျှင် ၁၀မှတ်စီပေးမည်။ အောင်မှတ် ၃၀

(က) မင်္ဂလာမေးခွန်း(၅ ပုဒ်သာဖြေပါ)

၁။ အောက်ပါ မင်္ဂလာတရားများကို မြန်မာပြန်ပါ။

(က) ကတညုတာ၊ (ခ)သောဝစဿတာ၊

(ဂ) ဓမ္မစရိယာစ(ဃ) ဉာတကာနဉ္စသင်္ဂဟော။

၂။ အောက်ပါ မြန်မာလို မင်္ဂလာများကို ပါဠိလိုရေးပါ။

(က) ပုဂံ ဘုရားများအတွက် ငွေလှူဒါန်းခြင်း။

(ခ) ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစားမလုပ်ခြင်း။

(ဂ) ရုပ်ကွက် သန့်ရှင်းရေး၌ ပါဝင် ဆောင်ရွက်ခြင်း။

(ဃ) အပြောအဆို ယဉ်ကျေးသိမ်မွေ့ခြင်း။

၃။ အောက်ပါ ဂါထာနှင့် သက်ဆိုင်သော မင်္ဂလာကဗျာကို ရေးပါ။

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။

အနာကုလာ စ ကမ္မန္တာ၊ ဧတံမင်္ဂလမုတ္တမံ။

၄။ အောက်ပါ လုပ်ငန်းများနှင့် သက်ဆိုင်သော မင်္ဂလာတရားများကို ရေးပါ။

(က) အများအကျိုးဆောင်ခြင်း။
(ခ) မိဖစကား လိုက်နာခြင်း။
(ဂ) တရားသဖြင့် ပစ္စည်းရှာခြင်း။
(ဃ) သားသမီးကို လုပ်ကျွေးခြင်း။

၅။ မင်္ဂလာတရား(၃၈)ပါးတွင် ပဋ္ဌမပိုင်းမင်္ဂလာ(၁၀)ပါးကို မြန်မာလို ရေးပါ။

၆။ အောက်ပါ မြန်မာလို မင်္ဂလာများကို ပါဠိလိုရေးပါ။

(က) ကျောင်းစာကို ကြိုးစားခြင်း။
(ခ) သင်္ချာတွက်ခြင်း။
(ဂ) ကျောင်းစည်းကမ်းလိုက်နာခြင်း။
(ဃ) ဆရာသမားကို ရိုသေခြင်း။

## (ခ) ဗုဒ္ဓဝင်မေးခွန်း (၁-ပုဒ်သာ ဖြေပါ)

၇။ ဘုရား အလောင်းတော်၏ မယ်တော်၊ ခမည်းတော်အမည်များကို ရေးပါ။

၈။ အောက်ပါနေ့များကိုရေးပါ။

(က) ဘုရားအဖြစ်သို့ ရောက်သောနေ့။
(ခ) ဓမ္မစကြာတရားဟောသောနေ့။

ရန်ကုန်မြို့၊ ဝိုင်-အမ်-ဘီ-အေ၊ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းမှ ကြီးမှူးကျင်းပသော မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင် စာမေးပွဲ။

၁၃၃၇-ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၆ ရက် (၂၃-၁၁-၇၅)။

အချိန် နေ့ ၁၂-နာရီမှ ညနေ ၂-၃၀ နာရီအထိ။

(က) အပိုင်းမှ ၇ပုဒ်၊ (ခ)အပိုင်းမှ ၁-ပုဒ်
(ပေါင်း ၈-ပုဒ်သာ ဖြေရမည်)

## ဒုတိယဆင့်

### (က) မင်္ဂလာ မေးခွန်း (၇-ပုဒ်သာ ဖြေပါ)

၁။ ပဏ္ဍိတာနဉ္စသေဝနာမင်္ဂလာ၌ ပဏ္ဍိတအရ မည်ကဲ့သို့သော ပုဂ္ဂိုလ်များကို ပညာရှိဟု ခေါ်ရမည်နည်း။ ဝတ္ထုသက်သေ တခုခုပြ၍ ဖြေပါ။

၂။ မင်္ဂလာတရား(၃၈)ပါးတွင် စီးပွားရေး၌ လိုက်နာသင့်သော မင်္ဂလာများကိုဆယ်ပါးပြည့်အောင်ရှင်းပြပါ။

၃။ ဉာတကာနဉ္စသင်္ဂဟော၌ သင်္ဂဟတရား လေးပါးကိုရှင်းပြ၍ အမျိုးသား အချင်းချင်း မညီမညွတ်က သူတပါး လက်သို့ ရောက်ရပုံကို၊ ဝတ္ထုသက်သေ တခုခုပြ၍ ဖြေဆိုပါ။

၄။ အောက်ပါ မင်္ဂလာများ၏မင်္ဂလာကဗျာများကို ရေးပါ။
(က)မာတာပိတုဥပဋ္ဌာနံ၊ (ခ) အနဝဇ္ဇာနိကမ္မာနိ
(ဂ)ဉာတကာနဉ္စသင်္ဂဟော (ဃ)သန္တုဋ္ဌိစ။

၅။ ဂါရဝေါစမင်္ဂလာမှကာလေနဓမ္မဿဝနံအထိ မင်္ဂလာ
တရားကိုးပါး ပါဝင်သောစာစီစာကုံးတခုရေးပါ။

၆။ အောက်ပါ ပုဂ္ဂိုလ်တို့ ပျက်စီးနေသော မင်္ဂလာများကို
ရှင်းပြပါ။

(က) အမြတ်ကြီးစား ခေါင်းပုံဖြတ် အလုပ်များကို
လုပ်သူ။

(ခ) မှောင်ခိုအရောင်းအဝယ်များကို လုပ်သူ။

(ဂ) ပြည်သူပိုင်ပစ္စည်းများ အလွဲသုံးစား လုပ်သူ။

၇။ အနာကုလာစကမ္မန္တာ မင်္ဂလာနှင့် အနဝဇ္ဇာနိ ကမ္မာနိ
မင်္ဂလာနှစ်ပါး ထူးခြားပုံကို ရှင်းပြပါ။

၈။ အောက်ပါပုဂ္ဂိုလ်တို့ လိုက်နာနေသော မင်္ဂလာများကို
ရှင်းပြပါ။

(က) ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် ဆောင်
ရွက်နေသူ။

(ခ) မိမိသားမယား ဆွေမျိုးအတွက် ဆောင်ရွက်
နေသူ။

(ဂ) မိမိ တဦးတည်း လူကောင်း ဖြစ်ရေး အတွက်
ကြိုးစားနေသူ။

(ခ) ဗဟုဝင်မေးခွန်း (၁-ပုဒ်သာဖြေပါ)

၉။ ကပိလဝတ်ပြည်သို့ မြတ်စွာဘုရား ကြွတော်မူသော
အခါ၊ နောက်တော်ပါ ရဟန္တာပေါင်း မည်မျှပါ
သနည်း၊ မည်သူက ပင့်ပါသနည်း။

၁၀။ ဆွေတော် မျိုးတော်တို့ အလယ်၌၊ အဘယ်ကြောင့်
မြတ်စွာဘုရားသခင် တန်ခိုးပြရပါသနည်း ရှင်းပြပါ။

ရန်ကုန်မြို့၊ဝိုင်-အမ်-ဘီ-အေဗုဒ္ဓသာသာကလျာဏယုဝအသင်းမှ
ကျင်းပသော မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်
စာမေးပွဲ

၁၃၃၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂-ရက်၊ တနင်္ဂနွေ
နေ့ နံနက် ၁၁-နာရီ။

## တတိယဆင့်

ပုစ္ဆာတပုဒ်လျှင် (၁၀) မှတ်စီပေးမည်။ အောင်မှတ် (၅၀)

(က) မင်္ဂလာမေးခွန်း (၈-ပုဒ်သာဖြေပါ)

၁။ ဗုဒ္ဓမြတ်စွာသည်(၃၈)ဖြာမင်္ဂလာအနက်။ အသေဝနာစ ဗာလာနံ'' မင်္ဂလာကို၊ အဘယ်ကြောင့်ရှေးဦးစွာ ဟောကြားပါသနည်း။ အကြောင်းလုံလောက်စွာဖြင့်ရှင်းပြပါ။

၂။ သုဘာသိတာဝါစာမင်္ဂလာအရ၊ လောက၌၊ အဆိုးဆုံးသော စကား၊ အကောင်းဆုံးသော စကား၊ နှစ်မျိုးကိုခွဲပြ၍၊ အဆိုးဆုံးသော စကားကြောင့်အကျိုးပျက်စီးပုံကို ဝတ္ထုသာဓကပြ၍ ဖြေပါ။

၃။ မင်္ဂလာတရားတော်များကို'လူတော်လူကောင်းစိမံကိန်းများ'ဟု၊ ပညာရှင်များကဆိုကြ၏။ ဤအဆိုမှန်/မမှန်ကို၊ သက်ဆိုင်ရာမင်္ဂလာတရားတော်များထုတ်နုတ်ကိုးကား၍ ဆွေးနွေးပြပါ။

၄။ ဂါရဝ မင်္ဂလာ၌ ရှိသေ လေးစား ရမည့် အရာဆယ်မျိုးကို ဖော်ပြ၍၊ သီလ သမာဓိ ပညာဂုဏ်

ကြီး၍ အသက်ငယ်သူက၊ သီလ သမာဓိ ပညာဂုဏ်ငယ်၍ အသက်ကြီးသူ (၂)ဦးတွင်၊ မည်သူက မည်သူ့ကို ရိုသေလေးစားရမည်ဟု၊ ဗုဒ္ဓဝါဒအရ ဖြေဆိုပါ။

၅။ ဆိုရှယ်လစ် လူ့ဘောင်သစ်ကို၊ အောင်မြင်စွာတည်ဆောက်နိုင်ရန်၊ “အောက်ပါ လူတန်းစားများသည်၊ မည်သည့် မင်္ဂလာတရားတော်ကို၊ အမြဲ လက်ကိုင် ထားကြ ရမည်နည်း။ အသက်ဆိုင်ဆုံး မင်္ဂလာ (၂)ပါးကို၊ အကြောင်းနှင့်တကွ ဖော်ပြပါ။

(က) လူငယ်များ၊

(ခ) အလုပ်သမား၊ လယ်သမားများ၊

(ဂ) ကုန်သည်များ၊

(ဃ) သမဝါယမအသင်းများ၊

(င) နိုင်ငံတော်အစိုးရ။

၆။ “မွေးဖွားပိုက်ကူး၊ ရွှေ့တင်ဘူးသည့်၊ ကျေးဇူးလျှော်ပြိုင်၊ မဆပ်နိုင်ခဲ့” ဆိုသည့်အတိုင်း မိဖ နှစ်ပါးတို့၏ ကျေးဇူးတရား ကြီးမားပုံကို၊ မျက်မြင် တွေ့ရှိချက်များအားဖြင့် ဖော်ပြ၍၊ မိဖကိုလုပ်ကျွေးပြုစုသဖြင့် အကျိုးရှိပုံကို၊ ပုံဝတ္ထုဖြင့်ရှင်းပြပါ။

၇။ ဗြဟ္မစရိယာလေးမျိုးဖြင့် ဗြဟ္မစရိယာ မင်္ဂလာတွင် လိုအပ်သော ဗြဟ္မစရိယာတို့ကို ဖော်ပြ၍ လူပုဂ္ဂိုလ်များသည် ဗြဟ္မစရိယာမင်္ဂလာဖြစ်နိုင်သလော၊ ဝတ္ထုသက်သေပြ၍ ဖြေဆိုပါ။

၈။ “မင်္ဂလတရားနှင့် ယနေ့လူငယ်” ဟူသော ခေါင်းစဉ်ဖြင့် စာကြောင်းရေ (၃၀)ထက်မနည်း စာစီစာကုံးတပုဒ် ရေးသားပါ။

၉။ မင်္ဂလာတရား(၃၈)ပါးတွင်ပုထုဇဉ်ပုဂ္ဂိုလ်တို့ မဖြစ်နိုင်သည့် အရိယာမင်္ဂလာတရားများကို ရေတွက်ပြပါ၊ ၎င်းအရိယာ မင်္ဂလာတရားများ၏ အဓိပ္ပာယ်ကိုလည်း ရှင်းပြပါ။

(ခ) ဗုဒ္ဓဝင်မေးခွန်း (၂-ပုဒ်သာ ဖြေပါ)

၁၀။ ကာဠုဒါယီမထေရ်ပင့်လျှောက်ချက်အရ ဘုရားရှင် ကပိလဝတ်ပြည်သို့ကြွတော်မူပုံအကျဉ်းချုပ်ရေးပါ။

၁၁။ အင်္ဂုလိမာလကား ဘယ်လိုပုဂ္ဂိုလ်မျိုးနည်း၊ သူ့ကို တက္ကသိုလ် ဆရာကြီးက မည်သို့ ပြောဆို စေခိုင်းသနည်း၊ အင်္ဂုလိမာလဟု အဘယ်ကြောင့် ခေါ်သနည်း၊ နောက်ဆုံး ရဟန်းဖြစ်သွားပုံကိုပါ ဖော်ပြပါ။

၁၂။ ရှင်ကုမာရကဿပ မထေရ်က ပါယာသိဘုရင်ခံအား နောက်ဘဝ ရှိကြောင်း ဟောပြောခန်းကို အတိုချုပ်ရေးသားပါ။

# မင်္ဂလာပန်းကုံး

ပဉ္စပြုပ်နှ် တမလွန် နှစ်တန်သော ဘဝ သုခ ချမ်းသာစေ်ကို ရလိုကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး တိုင်းသည် (ပဌမအရွယ်၌)လူမိုက်ကိုရှောင်ခွာ၊ လူလိမ္မာကို ပေါင်းဖော်၊ ပူဇော်ထိုက်သူတို့ကို ပူဇော်၍ သင့်လျော်သော အရပ်ဒေသတွင် အခြေတကျ နေလျက်ရှေးက ပြုဘူးကုသိုလ် ထူး ရှိခဲ့သူ ဖြစ်သည့်အတိုင်း မိမိကိုယ်နှင့်စိတ်ကို ကောင်းစွာ ထိန်းသိမ်း ဆောက်တည်ထားလျက်၊ အကြားအမြင် ဗဟုသုတ ကို ရှားမှီးခြင်း၊ အတတ်ပညာများကို သင်ကြားခြင်း၊ လူ့ကျင့် ဝတ် စည်းကမ်း ဥပဒေများကို လိုက်နာခြင်း၊ ချိုသာ ကောင်း မြတ်သော စကားကို ပြောဆိုတတ်ခြင်းတို့ဖြင့် ကြီးပွားရာ ကြီးပွားကြောင်း ပညာကောင်းတို့ ပြည့်စုံပြီးနောက်၊ (ဒုတိယ အရွယ်သို့ရောက်သော်) အမိအဖတို့ကို လုပ်ကျွေးခြင်း၊ သား မယားတို့ကို ချီးမြှောက် ထောက်ပံ့ခြင်း၊ သမ္မာအာဇီဝ စီးပွား ရေး အလုပ်ကို မရှုပ်ထွေးရအောင် ကြိုးစား လုပ်ကိုင်ခြင်းတို့ဖြင့် အိမ်ထောင်မှု တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ယင်း စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်း၊ တရားမျှတစွာ ကျင့်ကြံ ပြောဆိုပြုလုပ် ခြင်း၊ ဆွေမျိုးများကို ကူညီထောက်ပံ့ခြင်း၊ အများအကျိုးကို သည်ပိုးရွက်ဆောင်ခြင်းတို့ဖြင့် လူမှုဝန်ထမ်း လုပ်ငန်းများကို လည်း ထမ်းဆောင်လျက် ယုတ်မာညစ်ကျူ မကောင်းမှုတို့မှ လည်း စိတ်ရောကိုယ်ပါ အတွေ့မှာ ရှောင်ခွာပြီး အရက်သေစာ သောက်စားခြင်း တို့မှလည်း စောင့်စည်း ထိန်းသိမ်းကာ ကုသိုလ် တရားတို့၌ မမေ့မလျော့ မပေါ့ပဘဲသော သတိတရားကို လက်

ကိုင်ထားလျက် (တတိယအရွယ် ရာထူးဂုဏ်သိရ် စည်းစိမ်ဥစ္စာ အားဖြင့် ဘ၀ထိပ်ဆုံးသို့ရောက်၍ဘ၀နေစွယ်ကျိုး၍လာသော်) ရှိသေထိုက်သူတို့ကိုရှိသေ၊ ကိုယ်နေစိတ်ထားများလည်း နှိမ့်ချ၊ ရရသမျှနှင့် ရောင့်ရဲ၊ သူ့ကျေးဇူးကိုလည်း အမြဲသိလျက်၊ လေးနက်သော တရားဓမ္မများကိုလည်း အခါအားလျော်စွာ နာယူကာ အရာရာ၌လည်း သည်းခံ၊ ဆရာမိဖ လူကြီးသူမတို့၏ ဩ၀ါဒကိုလည်းနာခံ၊ ရဟန်းသံဃာတို့ကိုလည်း ဖူးမြော်၍ တရားတော်ကိုလည်း ဆွေးနွေး မေးမြန်း ပြီးလျှင် ဖြိုးခြံ ကျင့်ခြင်းတပ၊ မြတ်သောအကျင့် ဗြဟ္မစရိယတို့ကို ကျင့်ကြံ ကျိုးကုတ် အားထုတ်ခြင်းဖြင့် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင်သိမြင်လိုက်သည်နှင့် တပြိုင်နက်၊ နိဗ္ဗာန်တည်းဟူသော အမြိုက်ချမ်းသာကို မျက်မှောက်ပြုနိုင်ပြီဖြစ်၍ ရဟန္တာအသင့်သို့ ရောက်ရှိသွားရကား၊ လေမုန်တိုင်းကြောင့် မြင့်မိုရ်တောင်ကြီး တုန်လှုပ်ယိမ်းယိုင်ခြင်းမရှိသလို လောကဓံရှစ်ပါးတို့ကြောင့် မတုန်လှုပ်တော့ခြင်း၊ မစိုးရိမ်ရတော့ခြင်း၊ ကိလေသာရမ္မက် မြူတွေ့ကင်းစင်၍ ဘေးမရှိ/ရန်မရှိခြင်းဟူသော မင်္ဂလာ အကျိုးများနှင့် ပြည့်စုံကာ ထာ၀ရ ငြိမ်းအေး၍ ချမ်းသာအစစ်ရပြီ ဖြစ်ပါသတည်း။

## မင်္ဂလာတရားတော် ဘာသာပြန် လင်္ကာကြီး

ဝုနောင်လောက၊ နိဗ္ဗာန်ကျေအောင်၊ သုခလိုရှာ၊ များသတ္တာတို့၊ မင်္ဂလာဥဏ်၊ ရှေးပြန်အံ့၊ ထိုကြံပြောလုပ်၊ သူယုတ်ကြဉ်ခွာ၊ ပညာရှိသော်၊ မှီပေါင်းဖော်၍၊ ပူဇော်ထိုက်ရာ၊ ပူဇော်ကာဖြင့်၊ သင့်ရာနေကြ၊ ရှေးပုညနှင့်၊ စောင့်ထကိုယ်ပင်၊ ကြားမြင်သိပ္ပ၊ ဝိနယဖြင့်၊ ဆင်ကြတန်ဆာ၊ ကောင်းစွာဆိုကြ၊

မိနှင့်ဖကို၊ နိစ္စကျေးလပ်၊ ကြွေးဟောင်းဆပ်၍၊ သားမြတ်သမီး၊ ချစ်ဇနီးကို၊ မြောက်ချီးမှုရေး၊ ကြွေးသင်ပေးလျက်၊ ရှုပ်ထွေးမပြု၊ စီးပွားစုလို၊ လှူမှုကူင့်ကူ၊ အနှစ်ယူမှ၊ ကိုယ့်သူလူများ၊ ကျိုးစီးပွားတို့၊ မျိုးဒွားကြည့်ရှု၊ ပြစ်မဲ့ပြု၍၊ အကုလေးတွေ၊ ကံကိလေမှ၊ ရှောင်သွေကြဉ်လတ်၊ သူ့မသတ်ပဲ၊ သောက်အပ်သေစာ၊ ကိုယ့်သတ်ရာကို၊ ရှောင်ခွာမမေ့၊ မမေ့တရား၊ ကုသိုလ်ပွား၍၊ ဘုရားသာသနာ၊ ထမ်းဆောင်ခါလည်း၊ နှစ်ဖြာဂါရဝ၊ နိဝါတဖြင့်၊ ပြည့်ဝဝတ်စု၊ ရောင့်ရဲမှုတွက်၊ မမက်ပစ္စည်း၊ များနည်းပြုဘူး၊ သူ့ကျေးဇူးကို၊ အထူးမြင်သိ၊ သပ္ပုရိသ၊ ဘုံတည်ကြလျက်၊ ကာလသင့်ရာ၊ တရားနာ၍၊ ဖျောက်ပါစိတ်လွင့်၊ သည်းခံကျင့်ဖြင့်၊ ပယ်လွင့်ဘေးမှာ၊ ဆိုလွယ်ကာနှင့်၊ ကိုးရာရှိမှု၊ ကိုယ့်ကိုပြု၍၊ မြှော်ရှုရဟန်း၊ အကျင့်လမ်းကို၊ ကြိုး ပမ်း သိ မြင်၊ ယုံ မှား စင် အောင်၊ ကျင့်စဉ် ဆွေးနွေး၊ နှင် ပေး ညစ် တော၊ ဣန္ဒြေ စောင့် ထ၊ ကျင့် တ ပ ဖြင့်၊ သီလဟူဘိ၊ ဝိသုဒ္ဓိတဲ့၊ စိ-ဒိ-ကင်-မဂ်၊ ပဋိစွက်၍၊ ငါးချက်ဗြဟ္မစရိယဖြင့်၊ ပြည့်ဝစုံလျှင်၊ သစ္စာမြင်သော်၊ ခေါ်တွင်ဉာဏဒဿနသိ၊ ဝိသုဒ္ဓိသို့၊ ရောက်ရှိတုံလတ်၊ အရဟတ်ဖိုလ်မှန်၊ အေးနိဗ္ဗာန်ကို၊ မြင်မှန်ရမှု၊ မျက်မှောက်ပြုက၊ ရှစ်ခုတိုက်ပြန်၊ လောကဓံကြောင့်၊ ဖောက်ပြန်ကင်းငြား၊ မြင့်မိုရ်လားသို့၊ စိတ်ထားတည်ငြိမ်၊ မတိုးရိမ်ပဲ၊ ချိုးနှိမ်မှုကင်း၊ ဘေးရန်ရှင်းလို့၊ အောင်ခြင်းအောင်ရာ၊ အောင်နိုင်ပါ၍၊ နှစ်ဖြာလောက၊ ပုထ်လေးဝဋ်၊ အေးမြချမ်းသာ၊ ရောက်ကုန်ပါသည်၊ မင်္ဂလာ လက်တွေ့ကျင့်ရာသော်။

## ပါဠိတော် မြန်မာရှစ်လုံးဘွဲ့

က။ အခါတပါး၊ ဘုရားမြတ်စွာ၊
သာဝတ္ထိနီး၊ ကျောင်းကြီးရပ်မှာ၊
ဇေတဝန်မြတ်၊ ကိန်းဝပ်ပျော်ကာ၊
အမြိုက်ဆေး၊ တိုက်ကျွေးနေခဲ့ပါ။
၁။ ထိုခါနတ်သား၊ ထင်ရှားရောက်လာ၊
သန်းခေါင်ချိန်တွင်း၊ ရောင်လင်းပဘာ၊
ရပ်လျက်ချိမ်း၊ ရှိခိုးပြီးခါ၊
ရှင်တော်ဖျား၊ လျှောက်ထားဤသို့ပါ။
၀။ များစွာစုဆောင်း၊ နတ်ပေါင်းလူပါ၊
ချမ်းသာငြိမ်းအေး၊ ရဖေးလိုကာ၊
မင်္ဂလာမှန်ပဲ၊ ကြံလဲ့နေရှာ၊
စောဘုရား၊ ဟောကြားပါတော့ဘုရား။
၁။ သူမိုက်တသင်း၊ ရှောင်ကွင်းလေပါ၊
ပညာကြီးမြတ်၊ ဆည်းကပ်ခါခါ၊
ပူဇော်ထိုက်က၊ ပူကြပူဇာ၊
ဤသုံးရပ်၊ အမြတ်မင်္ဂလာ။
၂။ သင့်ရာဒေသ၊ နေကြလေပါ၊
ရှေးကုသိုလ်ဘူး၊ ပြုဘူးပေရော၊
စိတ်နှင့်ကိုယ်များ၊ ဖောင့်ထားကောင်းစွာ၊
ဤသုံးရပ် အမြတ်မင်္ဂလာ။
၃။ နှုတ်မှုလက်မှု၊ နှစ်ခုပညာ၊
ဝိနည်းနှစ်ပါး၊ သင်ထားကျင့်ရာ။

လေးဖြာအင်ပြား၊ စကားဆိုပါ၊
ဤလေးရပ် အမြတ်မင်္ဂလာ။

၄။ မိဖစိတ်အေး၊ လုပ်ကျွေးလေပါ၊
ချီးမြှောက်ကိုယ့်သား၊ မယားတဖြာ။
နှောင့်ယှက်ထွေးရှုပ်၊ အလုပ်ရှောင်ခွာ၊
ဤသုံးရပ်၊ အမြတ်မင်္ဂလာ။

၅။ အလှူကိုပေး၊ ကျင့်ရေးဆယ်ဖြာ၊
ဆွေမျိုးချီးမြှောက်၊ ထိုက်လျောက်အောင်သာ။
ပြစ်ကင်းမှုများ၊ ပြုသွားလေပါ၊
ဤလေးရပ်၊ အမြတ်မင်္ဂလာ။

၆။ မကောင်းအကျင့်၊ စိတ်ဖြင့်ရှောင်ခွာ၊
ကိုယ်နှုတ်လွန်ကျူး၊ အထူးရှောင်ပါ။
သောက်ယစ်မမေ့၊ မမေ့ဓမ္မာ၊
ဤလေးရပ်၊ အမြတ်မင်္ဂလာ။

၇။ ရိုသေတုပ်ကွ၊ နှိမ့်ချလေပါ၊
ရောင့်ရဲလွယ်ဦး၊ ကျေးဇူးသိတာ၊
သင့်လျော်ချိန်များ၊ တရားကိုနာ၊
ဤငါးရပ်၊ အမြတ်မင်္ဂလာ။

၈။ သည်းခံထုံးပြု၊ ဆုံးမ လွယ်ပါ၊
ဖူးမြော်ငြိမ်းချမ်း၊ ရဟန်းကိုသာ။
ချိန်ခါသင့်ရွေး၊ ဆွေးနွေးလေပါ၊
ဤလေးရပ်၊ အမြတ်မင်္ဂလာ။

၉။ ဣန္ဒြေစောင့်ထား၊ ကြိုးစားကျင့်ပါ၊
မေထုန်ပယ်လွှင့်၊ အကျင့်ပျော်ကာ၊
သစ္စာလေးဆင့်၊ မဂ်ဖြင့်မြင်ကာ၊
ဖိုလ်အရဟတ်၊ ဆိုက်ကပ်ဆင်ခြင်ရှာ။
ဤလေးရပ်၊ အမြတ်မင်္ဂလာ။

၁၀။ လောကဓံငွေ၊ ကိုယ်တွေ့ကြုံလာ၊
ရဟန္တာမြတ်၊ စိတ်ဓာတ်ခိုင်မာ၊
စိုးရိမ်ပူရှင်း၊ မြူကင်းခေမာ၊
ဤလေးရပ်၊ အမြတ်မင်္ဂလာ။

* (၃၈)ပါး ကျင့်သွားသူမှာ၊
လုံးစုံရန်များ၊ အောင်သွားနိုင်တာ။
ခုနှောင်လောက၊ ရောက်ကြချမ်းသာ၊
ဤလေးရပ်၊ အမြတ်မင်္ဂလာ။

* ဒေသနာအားလုံး၊ ပြီးဆုံးထိုခါ၊
ကုဋေသိန်းထား၊ နတ်များဗြဟ္မာ။
ရဟန္တာစစ်၊ ရောက်ဖြစ်ကုန်ပါ၊
အောက်သုံးမဂ်၊ ရေတွက်မဆုံးရှာ။

(နတ်မောက် သာသနာ့ရိပ်သာ ဆရာတော်)

# သာသနာ့ ယဉ်ကျေးမှုကဏ္ဍ

ခြေ၊ လက်၊ နဖူး၊ တတောင်၊ ဒူး၊ တည်ဦး ငါးအင်္ဂါ။
လက်အုပ် ကိုင်၊ ကြာငုံ သွင်၊ အရင် ပြုလုပ်ပါ။
မျက်ခုံးလက်မ၊ ဆံစလက်ညှိုး၊ ထိကာမိုး၊ ရှိခိုးဝန္ဒနာ။
လက်ချ၊ ဒူးချ၊ တတောင်ချ၊ နဖူးချကာ ရှိခိုးပါ။

မေး။ ။ဝတ်ချခဲ့သော်၊ တည်ငါးဖော်၊ ညီလျော် ဘယ်သို့ ချမည်နည်း။

ဖြေ။ ။နဖူးဒူးလက်၊ မြေထက်ကျငြား၊ တည်ခြင်းငါး၊ ဝပ်တွားချပါမည်။

မေး။ ။ဘုရားသံဃာ ဆရာသမား၊ ထံတော်ပါး၊ ခစား ဘယ်သို့ ဝင်မည်နည်း။

ဖြေ။ ။လက်ကန်တော့ထိုး၊ လက်အုပ်မိုး၊ ညွှတ်ကျိုး ဝင်ပါမည်။

မေး။ ။ဘုရား တရား သံဃာ၊ ရှေ့တော်မှာ၊ ကောင်းစွာ ဘယ်သို့ နေမည်နည်း။

ဖြေ။ ။မျက်လွှာချလျက်၊ လက်အုပ်ယှက်၊ နှစ်ဘက်ဒူးပေါ် ထားပါမည်။

မေး။ ။လျှောက်ထားဘွယ်၊ သွယ်သွယ်စကား၊ နောက်ဆွယ်ဖျား၊ စကားဘယ်သို့ ထည့်မည်နည်း။

ဖြေ။ ။လျှောက်ထားဘွယ်၊ သွယ်သွယ်စကား၊ နောက်ဘွယ်ဖျား ပါဘုရားကို ထည့်ပါမည်။

မေး။ ။ရှိသေနည်းပါး၊ ကိုယ်တော်စား၊ စကား ဘယ်သို့ သုံးမည်နည်း။

ဖြေ။ ။ဦးပဥ္စင်း၊ ကိုရင်၊ အရှင်၊ ဘုန်းကြီး၊ တသီးဆရာ တော်၊ ဤငါးဖော်၏၊ နောက်သော်ဘုရား၊ ထည့်ဆက်ပြော၊ လျှောက်ထားခေါ်ရပါမည်။

မေး။ ။ဘုရားသံဃာ၊ ကပ်ဖွယ်ရာ၊ ကောင်းစွာ ဘယ်သို့ ကပ်မည်နည်း။

ဖြေ။ ။နှစ်တောင့်ထွာတွင်း၊ ဝဲဘက်ချဉ်းလျက်၊ ဒူးစုံယှက်၊ နှစ်ဘက်ကပ်ပါမည်။

မေး။ ။ထိုထိုအရာ၊ ပေးသောခါ၊ ကောင်းစွာ ဘယ်သို့ ယူမည်နည်း။

ဖြေ။ ။ကိုယ်ကိုညွတ်လျက်၊ လက်အုပ်ယှက်၊ နှစ်ဘက်ယူပါမည်။

မေး။ ။ဆရာသမား၊ ခွင့်လွှတ်ပြော၊ ထသွားဘယ်သို့ပြုမည် နည်း။

ဖြေ။ ။တည်ခြင်းငါးဖြာ၊ ညီညာဝပ်ချ၊ နောက်ဆုတ် ထ၊ တုပ်ကွ လက်အုပ် ချီပါမည်။

မေး။ ။လမ်းသွားလမ်းလာ၊ ထေရ်သံဃာ၊ တွေ့ခါဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။အခွင့်သာလျှင်ထိုင်၊ မထိုင်သာလျှင် လက်အုပ်မိုး၊ ရှိခိုးလမ်းဖယ်သွားပါမည်။

မေး။ ။မိခင် ဖခင်၊ ကျေးဇူးရှင်၊ တွက်ဝင်ဘယ်သို့ပြုမည် နည်း။

ဖြေ။ ဘုရားအသွင်၊ ရှိခိုးတင်၊ ထွက်ဝင်ပြုပါမည်။
မေး။ လူကြီးမိဘ၊ တွေ့ဆုံက၊ တပ်ကွဘယ်သို့ပြုနည်းမည်း။
ဖြေ။ ရိုသေလေးစား၊ ကိုယ်ညွတ်တွား၊ ရှောင်ရှားပေးပါမည်။
မေး။ အိပ်ရာဝင်လျှင်၊ မအိပ်ခင်၊ နေ့စဉ် ဘယ်သို့ပြုမည်နည်း။
ဖြေ။ ရတနာသုံးဖြာ၊ ဆရာမိဘ၊ ရှိခိုးချ၊ သီလယူပါမည်။
(အရှင်ကေလာသ ဒိဿနိကာယကောဝိဒ)

## ရတနာသုံးပါးကန်တော့ရန်

ဩကာသ-ဩကာသ-ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော ကံသုံးပါးတို့တွင် တပါးပါးသောကံဖြင့်ပြစ်မှားကျူးလွန် မိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ တရားရတနာ သံဃာရတနာဟုဆိုအပ်သော ရတနာ မြတ်သုံးပါး (မိ ဖ ဆ ရာ သမား) တို့ကိုရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ကန်တော့ပါ၏ အရှင်ဘုရား။

ဆုတောင်း။ ဤသို့ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ၊ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ ချမ်းသာ ရာ။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## ငါးပါးသီလတောင်းရန် ပါဠိ

အ ံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ၊

ဒုတိယမ္ပိ အဟံဘန္တေ။

တတိယမ္ပိ အဟံဘန္တေ။

မြန်မာပြန်။ အရှင်မြတ်ဘုရား၊ တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလဟု ဆိုအပ်သော ကျင့်ဝတ် သိက္ခာပုဒ်ကို တောင်းပါ၏။ တပည့် တော်အား ချီးမြှောက်သမှု ပြုတော်မူ၍ ငါးပါး သီလကို ပေးတော်မူပါကုန်ဘုရား။

အမှာ။ သီလပေး ရဟန်းသံဃာတော်တို့က (ယမဟံဝဒါမိ တံဝဒေထ) ဟုဆိုလျှင်....

သီလယူသူတို့က (အာမဘန္တေ) ဟု ဆိုကြရမည်။

ယမဟံဝဒါမိ၊ အကြင်စကားငါဆို၏။

တံဝဒေထ၊ ထိုစကားလိုက်ဆိုကြပါ။

အာမဘန္တေ၊ မှန်ပါ-ကောင်းပါပြီဘုရား။

### အတိုနည်းဘုရားရှိခိုး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (၃-ခေါက်ဆို)

မြန်မာပြန်။ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် မိမိ အလိုလို ကိုယ်တော်တိုင် အလုံးစုံသော တရားတို့ကို သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးမြတ်နိုး ပြုပါ၏။

## သရဏဂုံ ဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ၊
တတိယမ္ပိ၊

**မြန်မာပြန်။** မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
နှစ်ကြိမ်မြောက်လည်း၊
သုံးကြိမ် မြောက်လည်း၊

**အမှာ။** သီလပေး ရဟန်းသံဃာတော်တို့က (တိသရဏဂမနံ ပရိပုဏ္ဏံ) သရနဂုံ သုံးပါးပြည့်စုံပြီ-ဟု မိန့်ဆိုသဖြင့် သီလယူသူတို့က အာမဘန္တေ ဟုဆိုရမည်။

## ငါးပါးသီလ သိက္ခာပုဒ်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သူ့ဥစ္စာကို လုယက် သိမ်းပိုက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သောသိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ကာမဂုဏ်တို့၌ ဖောက်ပြန်မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကိုဆောက်တည်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်အရက်တို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

အမှာ။ သီလပေး ရဟန်း သံဃာတော်တို့က (တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ) ဟုဆိုလျှင် သီလခံယူသူတို့က အာမဘန္တေဟု ဆိုကြရမည်။
တိသရဏေန သဟ၊ သရဏဂုံ သုံးပါးနှင့်တကွ၊
ပဉ္စသီလံ၊ ငါးပါးသီလကို၊

သာဓုကံ ကတွာ၊ ကောင်းစွာပြု၍၊
အပ္ပမာဒေန၊ မမေ့မလျော့သောသတိဖြင့်၊
သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော့-ပြည့်စုံစွာ
နေကြ ဟူလို။
(ငါးပါးသီလခံယူခန်း- ပြီး၏။)

## ဩကာသ အဖွင့် အဓိပ္ပာယ်

ဩကာသ ဩကာသ ဟူသည် ရှိခိုးပါရစေ အခွင့်ပြုတော်မူပါဟု အခွင့်တောင်းခြင်းဖြစ်သည်။

ဤကန်တော်ခန်း၌ ဆုတောင်းရာမှာပါသော အပါယ်လေးပါးဟူသည် **ငရဲ - တိရစ္ဆာန် - ပြိတ္တာ - အသူရကာယ်** တို့ ဖြစ်ပါသည်။

အပါယ်ဟူသည်-အပါယ ဟူသော ပါဠိမှ အပါယ်ဖြစ်လာသည်၊ ချမ်းသာသုခကင်း၍ ကောင်းမှုကုသိုလ် ပွားစွာပြုခွင့်မရသော အရပ်ဟု အဓိပ္ပာယ်ရသည်။

## ကပ်သုံးပါးဟူသည်

၁။ သတ္ထန္တရကပ်၊ ဒုတ်-ဓား-သေနတ်-စသောလက်နက်ဘေးဖြင့် သေကြေပျက်စီးခြင်း။

၂။ ဒုဗ္ဘိက္ခန္တရကပ်၊ အစားအသောက်ပြတ် - အစာငတ်၍ သေကြေပျက်စီးခြင်း ။

၃။ ရောဂန္တရကပ်၊ ပလိပ်-ဝမ်း-ကျောက်၊ အဖျားကြီးစသော ရောဂါဘေးဖြင့် သေကြေပျက်စီးခြင်း။

ကပ်ဟူသည် ကပ္ပဟူသော ပါဠိမှ ကပ်ဖြစ်လာသည်၊ ပျသ စီးခြင်းဟု အဓိပ္ပာယ်ရသည်၊ ယင်းပျက်စီးခြင်းသည် ကမ္ဘာကြီး တခုလုံး ပျက်စီးခြင်း၊ ကမ္ဘာမပျက်သေးပဲ အကြား အကြား တရားကင်းမဲ့၍ အသေဆိုး သေရသော ပျက်စီးခြင်၊ဟု နှစ်မျိုး ရှိရာ ဤနေရာ၌ နောက်နည်းဖြင့် အသေဆိုး သေကြေပျက်စီးရ ခြင်းကို ကပ်ဟုမှတ်ရမည်။

## ရပ်ပြစ်ရှစ်ပါးဟူသည် ဘုရားပွင့်တော်မူစဉ်အခါ

၁။ ငရဲဘုံ၌ ဖြစ်ရခြင်း။
၂။ တိရစ္ဆာန်ဘုံ၌ဖြစ်ရခြင်း။
၃။ ပြိတ္တာဘုံ၌ဖြစ်ရခြင်း။
၄။ အသညသတ်ဘုံ အရူပ ဘုံတို့၌ ဗြဟ္မာဖြစ်နေခြင်း။
၅။ တောကြားတောင်ကြား လူရိုင်း ပစ္စန္တရာဇ်သား ဖြစ်ခြင်း။
၆။ မိစ္ဆာဒိဋ္ဌိဉာဏ် ရှိသူဖြစ်ခြင်း။
၇။ ဘုရားတရားတော်ကို နားလည်နိုင်သော ဉာဏ်ပရှိသူ ဖြစ်ခြင်း။
၈။ ဉာဏ်ရှိသော်လည်း သာသနာ့ပအခါ ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

**ဆောင်။** ။ဘုရားပွင့်ခါ၊ ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ပျံ၊ ဉာဏ်မရှိသား၊ ဉာဏ်ပြည့်ငြားလည်း၊ဘုရားမဖြစ်၊ကျမ်းဂန်လှစ်သည်၊ ရပ်ပြစ်ရှစ်ပါး သရုပ်တည်း။

ရုပ်ပြစ်-ဟူသည် အပြစ်ရှိသော အရုပ်ကိုဆိုလိုသည်။

အဘယ်သို့ အပြစ်ရှိသနည်းဟူမူ ဘုရားပွင့်တော်မူစဉ်အခါ ပြဆိုခဲ့ပြီးသော အရုပ်ရှစ်ခုသို့ ရောက်နေပါက မဂ်ဖိုလ်နိဗ္ဗာန် ရခွင့်မရှိပေ၊ ယင်းမဂ်ဖိုလ်နိဗ္ဗာန် ရနိုင်သည့် အခွင့်အရေး ဆုံးရှုံးသော အရုပ်ကို ရုပ်ပြစ်ဟု မှတ်ပါ။

## ရန်သူမျိုးငါးပါးဟူသည်

၁။ ရေ၊

၂။ မီး၊

၃။ ခိုးသူ၊

၄။ အမွေခံသားသမီးဆိုး၊

၅။ မင်းဆိုးတို့ဖြစ်ပါသည်။

ဆောင်။ ။ရေ - မီး - သူခိုး - မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊
ရန်မျိုးငါး၊ မှတ်သားလေကွဲ့ အမှန်တဲ့။

## ဝိပတ္တိတရား လေးပါးဟူသည်

၁။ ကာလဝိပတ္တိ၊ မင်းဆိုးမင်းယုတ် အုပ်စိုးသောအခါ၌ ပျက်စီးခြင်း။

၂။ ဂတိဝိပတ္တိ၊ အပါယ်လေးပါးလားရောက်ပျက်စီးခြင်း။

၃။ ဥပဓိဝိပတ္တိ၊ ရုပ်အဆင်းအင်္ဂါ ချို့တဲ့ပျက်စီးခြင်း။

၄။ ပယောဂဝိပတ္တိ၊ ကိုယ်မှုနှုတ်မှု အသိဉာဏ် လုံ့လဝီရိယ ပျက်စီးခြင်းတို့ ဖြစ်ပါသည်။

* ဗျသနတရား ငါးပါးကား၊ အသေးစိတ် မင်္ဂလာစာမျက်နှာ(၁၄၃)မှာ ပြန်ကြည့်ပါ။

## ဘုရားဂုဏ်တော်(၉) ပါး ပါဠိတော်

ဣတိပိသောဘဂဝါ (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃) ဝိဇ္ဇာစရဏ သမ္ပန္နော၊ (၄) သုဂတော၊ (၅) လောကဝိဒူ၊ (၆) အနုတ္တရောပုရိသ ဓမ္မသာရထိ၊ (၇) သတ္ထာဒေဝ မနုဿာနံ၊ (၈) ဗုဒ္ဓေါ၊ (၉) ဘဂဝါ။

## တရားဂုဏ်တော်(၆)ပါး ပါဠိတော်

၁။ သွာက္ခာတော(ဘဂဝတာဓမ္မော)၊
၂။ သန္ဒိဋ္ဌိကော၊
၃။ အကာလိကော၊
၄။ ဧဟိပဿိကော၊
၅။ ဩပနေယျိကော၊
၆။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ။

## သံဃဂုဏ်တော်(၉)ပါး ပါဠိတော်

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
(ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသဘဂဝတော သာဝကသံဃော)
၅။ အာဟုနေယျော၊
၆။ ပါဟုနေယျော၊

၇။ ဒက္ခိနေယျော၊
၈။ အဉ္ဇလီကရဏီယော၊
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
(ဂုဏ်တော်ပါဠိ ပြီး၏။)

## အနန္တငါးပါး ရှိခိုး

၁။ ဗုဒ္ဓဂုဏော အနန္တောဟု၊ ကျော်စော ထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာ သာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွှေဖောင် မဂ္ဂင်၊ သင်္ဘောယာဉ်ဖြင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည့်၊ နတ်လူတို့ထိပ်ပန်း၊ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဘုရား။
၂။ ဓမ္မဂုဏော အနန္တောဟု တည်သောကမ္ဘာ၊ သတ္တဝါ လူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေတောမှ၊ ဆေးကြော သုတ်သင်၊ မြူပတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားတော်မြတ်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏အရှင်ဘုရား။
၃။ သံဃဂုဏော အနန္တောဟု၊လောဘ၊ဒေါသ၊မောဟ ကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်ဘော် ဟော ကြာ၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မင်္ဂဗိုလ်

နိဗ္ဗာန်၊ ရောက်ကြောင်း မှန်သည်၊ မြတ်မွန် ထေရ်ကျော်၊ သံဃာတော်တို့၊ဂုဏ်တော်ကြီးစွ၊ အနန္တကို အဟံ့-အကျွန်ုပ် သည်၊ ဝန္ဒေ-ဝန္ဒာမိ ရှိခိုးပါ၏ အရှင်ဘုရား။

၄။ မာတာပိတုဂုဏော၊ **အနန္တော**ဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိတာ၊ မိနှင့်ဘတို့၊ ရေကြည်ကလလ၊ တည်ဦးစက၊ ချိုချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာ ဆိမ့်အေး၊ နို့ချို ကျွေး၍၊ မွေးမိ ဘခင်၊ ကျေးဇူးရှင်ကို၊ အဟံ အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

၅။ အာစရိယ ဂုဏော၊ အနန္တော ဟု၊ ပိန့်ဟော အရ၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ်မာစေကြောင်း၊ ပေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာ ယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊အဟိုမျှားစွာ၊ သံသာရာဝယ်၊သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ငုပ်ငြိမ်၊ ဆိုးညစ်ပုတ်မာ၊ အဖြာဖြာကို၊ ခေပါဘုမ်ဗွိ ဘေးမရှိအောင်၊ နိဗ္ဗာန်ဘောင်သို့၊ ရောက်အောင် ပြည့်နှင်၊ သွန်သင်ပေးတော်၊ ဆရာမြတ်ကို၊ အဟံ့-အကျွန်ုပ်သည် ဝန္ဒေ-ဝန္ဒာမိ ရှိခိုးပါ၏အရှင်ဘုရား။

(အနန္တငါးပါး ဘုရားရှိခိုးပြီး၏)

# သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်ပျို

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊သောင်းခွင်စကြာဝဠာ
နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ - တောင်းပန်မှုကြောင့်၊
ရတုနဂို၊ ရွှန်းရွှန်းစိုသည့်၊ဝါဆိုလပြည့်၊ ကြွက်မင်း
နေ့ဝယ်၊ ချမ်းမြေ့ ကြည်ဖြူ၊ သန္ဓေ ယူသည်၊
နတ်လူငြိမ်းဘို့ ကိန်းပါကို....။

၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊
ခြောက်ဆယ့်ရှစ် ကြုံ ကဆုန်လပြည့်၊ သောကြာ
နေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗနီ၌၊ မဟီလိုက်ဆူ၊
ဖွားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို....။

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနု
နယ်၌၊ သုံးသွယ်ရွှေနန်း၊သိမ်းမြန်းပြီးလစ်၊ဆယ့်သုံး
နှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊စံတော်မူ၍၊ ရွယ်မူနုဖြိုး၊
နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြ ဟိတ်
ကြောင့်၊ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊
ကျားမင်း နေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ် လှုံ
သည်၊ စုံမြိုင်ပင်ရိပ် ခမ်းမှာကို....။

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်
တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့
ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်
တောင်ကြီး ဗိတာန် ထီးနှင့်၊ မငြိုး ကြည်ဖြူ၊
နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက် သင်းကို၊

အရှင်းပယ်ဖျောက်၊အလင်းပေါက်က၊ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊သုံးဘော်လူတို့ ငြိမ်းပါကိုး....။

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို....။

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊သုံးမည်ဘုံသိုက်၊ တသောင်း တိုက်ဝယ်၊ ကျွတ်ထိုက် သုဿ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ ပြီးခါ၊ ဝါ လေးဆယ့်ငါး၊သက်ကား ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်ဗလ္လာတိုင်း၊ စံနိုင်းပယုတ်၊ ကုသိန္နာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှမ်းဆူသောင်းလုံးကျော်တယ်ကို....။

၇။ နိဗ္ဗူစံပြီ၊ ရှုမအီသား၊ သိင်္ဂီရွှေလော့်၊ အလောင်းတော်ကို၊ထိုရော်ကဆုန်၊လဆုတ်ကုံ၍၊ဂဠုန်နေ့ဝယ် ခိုးငွေ့မငြှာ၊ မာတ်တေဇောလျှင်၊ ရှင်စောဥာဏ်ကော်၊ ဓာတ်ငွေ့နှင်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဖော်သည်၊ မွေတော်ရှစ်စိတ် ကြွင်းတယ် ကို....။

၈။ ထိုခုနစ်နေ့၊ သားချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသောဝ်။

၉။ **ဆုတောင်း**။ ။ဤသို့ပြုရ၊မြတ်ပုညကြောင့်၊ ချမ်းမြ အေးကြည်၊ ဘေးမသီသည့်၊ ရွှေပြည်နိဗ္ဗာန်၊ ရောက်ရပါလို၊ထိုထိုဘဝ၊ကျင်လည်ရလည်း၊ဒုက္ခဘေးဒဏ်၊ ရန်မာန်အပေါင်း၊ မကောင်းဟူသမျှ၊ မတွေ့ရပဲ၊ သဗ္ဗကုဿာ၊ မင်္ဂလာကို၊ လွယ်ကာတတိုင်း ရစေ သောဝ်....။

၁၀။ **အမျှဝေ**။ ။ဤသို့ပြုရ၊ ကုသလ၏၊ ဘာဂအဖို့၊ အမျှ တို့ကို၊ ထိုထိုဘဝ၊ ကျင်လည်ကြသည့်၊ မိဖဆွေ မျိုး၊ ဘိုးဘွားဉာတကာ၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊အရှင်းစ၍၊ ရှိသမျှလုံးစုံ၊ ဘုံသုံး ဆဲ့တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့အား၊ ရကြပါ စေ၊ ပေးငှဝေသည်၊ နှစ်ထွေကိုယ်စိတ် အေးစေ သောဝ်....။

(သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်ပျို့ခဏ်းပြီး၏။)

# မြတ်ဗုဒ္ဓဝင်ပန်းချီကျော်

## ရုပ်စုံ ဗုဒ္ဓသာသနာဝင်မှ ကောက်နုတ်ချက်

## ဗုဒ္ဓဝင် အခန်း ၁း

### ဘုရားအလောင်း ဆုတောင်းမည့်ဘဝ

ဘုရားအလောင်းတော်သည်၊ ဘုရားဆုတောင်းမည့် ဘဝ၌ "သုမေဓါ" ဟူသောအမည်ဖြင့် ထင်ရှားသောသဌေးသား ဖြစ်ပါသည်။

### သုမေဓာသဌေးသား စဉ်းစားပုံ

သုမေဓာသဌေးသားလေး စဉ်းစားသည်မှာ၊ "ငါ၏ အဘိုးအဘွား၊ မိဘများသည် ပစ္စည်းဥစ္စာရှာရုံသာ ရှာဖွေတတ်ကြ၏၊ ယူမသွားတတ်ကြပါတကား ငါသည်စွန့်ကြဲပေးကမ်း၍ ကုသိုလ်ကို ငါ့နောက်ပါအောင်ယူသွားမည်" ဟု စဉ်းစားပါသည်။

### ပစ္စည်းစွန့်ပြီး ရသေ့ရဟန်းပြု

စဉ်းစားပြီးနောက် ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်ပြီး ရသေ့ရဟန်းပြုသွားပါသည်။

## အခန်း ၂။

* ရသေ့-သုမေဓာ
* ပါရမီဖြည့်ဘက်-သုမိတ္တာ
* ဗျာဒိတ်ပေးဘုရား-ဒီပင်္ကရာမြတ်စွာဘုရား။

**ဗျာဒိတ်ပေးပုံ။** ။"ဤသုမေဓာသည်၊ဂေါတမဘုရားဖြစ်လိမ့်မည်၊ ဤအမျိုးသမီးကား၊ ပါရမီဖြည့်ဘက် ဖြစ်လိမ့်မည်''ဟု ဗျာဒိတ်ပေးတော်မူပါသည်။

## အခန်း ၃။

ဗျာဒိတ်ရပြီးနောက် ပါရမီဖြည့်ကျင့်ရသော ကာလပမာဏမှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်းဖြစ်ပါသည်။

အလောင်းတော် နတ်သား၏

ဖြစ်ရာဘုံ = တုသိတာနတ်ဘုံ

အမည်ကား=သေတကေတု ဖြစ်ပါသည်။

ပါရမီဖြည့်ကျင့်'ဟူသော စကားရပ်နှင့်စပ်၍ မှတ်ဖွယ်ကား၊ ပါရမီဟူသည် မြင့်မြတ်သောသူတို့၏ အလုပ်ဟု မှတ်ရမည်။ ယင်းပါရမီတရားသည်(၁၀)ပါးရှိသည်။

(၁၀) ပါးဟူသည်ကား....

၁။ ဒါနပါရမီ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။
၂။ သီလပါရမီ၊ ၅-ပါး ၈-ပါးစသော ဆိုင်ရာသီလများ ထိန်းသိမ်းခြင်း။
၃။ နေက္ခမ္မပါရမီ၊စည်းစိမ်ချမ်းသာစွန့်၍တောထွက်ခြင်း။

၄။ ပညာပါရမီ၊ အရာရာမှာ တတ်သိနားလည်ခြင်း။
၅။ ဝီရိယပါရမီ၊ ကုသိုလ်ကိစ္စဟူသမျှ၌ သက်စွန့်ကြိုးပမ်းအားထုတ်ခြင်း။
၆။ ခန္တီပါရမီ၊ သူတပါးက နှိပ်စက်သည်ကို သည်းခံခြင်းနှင့် အရာရာ၌သည်းခံခြင်း။
၇။ သစ္စာပါရမီ၊ မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုခြင်း။
၈။ အဓိဋ္ဌာနပါရမီ၊ မိမိရည်မှန်းသည့်ကုသိုလ်မှု၌ စွဲစွဲမြဲမြဲဇွဲကောင်းခြင်း။
၉။ မေတ္တာပါရမီ၊ သတ္တဝါ အားလုံးတို့အား အမျှချစ်ခြင်း(ကောင်းကျိုးလိုလားခြင်း)။
၁၀။ ဥပေက္ခာပါရမီ၊ သတ္တဝါ အားလုံးတို့အား မချစ်မမုန်း လစ်လျူရှုခြင်း တို့ဖြစ်ပါသည်။

## ပါရမီဖြည့်ကျင့်မှုသည် အဆင့်သုံးဆင့်ရှိသည် ယင်းသုံးဆင့်ကား

၁။ ပါရမီ၊ အပြင်အပ ဗာဟိရ ဥစ္စာဘဏ္ဍာအမျိုးမျိုးကို စွန့်လွှတ်၍ ဖြည့်ကျင့်မှု။
၂။ ဥပပါရမီ၊ မျက်စိနားနှင့် အင်္ဂါခြေလက်တို့ အပျက်အဆီးခံ၍ ဖြည့်ကျင့်မှု။
၃။ ပရမတ္ထပါရမီ၊ အသက်ကို မငဲ့မကွက်ပဲ စွန့်လွှတ်၍ ဖြည့်ကျင့်မှု။

ပါရမီ(၁၀)ပါးကို ဤ(၃) ဆင့်နှင့် မြှောက်ပွားလျှင် ပါရမီ တရားအပြား(၃၀)ဆိုတာ ဖြစ်ပါလာပါသည်။

## စွန့်ခြင်းကြီးငါးပါးဟူသည်

၁။ ဓနပရိစ္စာဂ၊ စည်းစိမ်ဥစ္စာကို စွန့်လှူခြင်း။
၂။ ပုတ္တပရိစ္စာဂ၊ သားသမီးကို စွန့်လှူခြင်း။
၃။ ဘရိယ ပရိစ္စာဂ၊ မယားကိုစွန့်လှူခြင်း။
၄။ အင်္ဂ ပရိစ္စာဂ၊ မျက်စိ၊နား၊နှာ၊အင်္ဂါခြေလက်စွန့်လှူခြင်း။
၅။ ဇီဝိတပရိစ္စာဂ၊ အသက်ကို စွန့်လှူခြင်းတို့ဖြစ်သည်။

## စရိယ (၃) ပါးဟူသည်

၁။ လောကတ္ထစရိယ၊လူတို့၏အကျိုးစီးပွားအလို့ငှါကျင့်ခြင်း။
၂။ ဉာတတ္ထစရိယ၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွား အလို့ငှာ ကျင့်ခြင်း။
၃။ ဗုဒ္ဓတ္ထ စရိယ၊ ဘုရားဖြစ်ခြင်းငှာကျင့်ခြင်းတို့ဖြစ်သည်။

ဤပါရမီ(၁၀)ပါး၊ အပြား(၃၀) စွန့်ခြင်းကြီး(၅)ပါး၊ စရိယ(၃)ပါးတို့သည် ဘုရားဆုပန်သူ၊ဘုရားအလောင်းတော်တို့ ဖြည့်ကျင့်ရသော တရားများဟု မှတ်ပါ၊ ပထမဆင့်နှင့် ဒုတိယဆင့်များမမေးဘူးပါ၊ဗဟုသုတအလို့ငှာထည့်လိုက်သည်။

## ကြည့်ခြင်းကြီးငါးပါး

၁။ ကာလ၊ လူတို့သက်တမ်း တသိန်းအောက် တရာတမ်း အထက်အခါ။
၂။ ဒီပ၊ ဇမ္ဗူဒီပါ တောင်ကျွန်း။
၃။ ဒေသ၊ နိဗိတ်ဒေါရပ် သတ်မှတ်ပိုင်းခြားသော မဇ္ဈိမဒေသ။
၄။ ကုလ၊ လူတို့တွင် အထွဋ်အမြတ်ဖြစ်သောအမျိုး။

၅။ မာတုအာယုပရိစ္ဆေဒ၊ သန္ဓေသား၊ ၁၀-လပြည့်၍ မွေး
ပြီးနောက် (၇) ရက်သာ အသက်ရှင်
မည့် အမိ၏ အသက်အပိုင်း အခြား။
ဤငါးချက် ကို ကြည့်၍ ဘုရား
လောင်းတို့သန္ဓေယူကြသည်။

## အခန်း ၄။

### ဘုရားအလောင်း ပဋိသန္ဓေနေသောနေ့

မဟာသက္ကရာဇ် ၆၇-မှ၊ ဝါဆိုလပြည့် ကြာသပတေးနေ့ ညသန်းခေါင်အချိန်ဖြစ်ပါသည်။

**မေး။** ။မယ်တော်မာယာ အိပ်မက် မြင်မက်ပုံ ပြည့်စုံစွာ ရေးခဲ့ပါ။

(၃၅-ခုနှစ်၊ ဒု-ဆင့်မေးခွန်းဟောင်း)

**ဖြေ။** ။မယ်တော်မာယာ အိပ်မက် မြင်မက်ပုံမှာ နတ်မင်းကြီးလေးယောက်တို့သည် ဟိမဝန္တာ၌ရှိသော ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာအမြင့်သို့ သလွန်နှင့်ဆောင်ယူ၍ အင်ကြင်းပင်ကြီး အောက်၌ ချထားလေသည်၊ ထိုနောက် နတ်မိဖုရားတို့က အနောတတ်အိုင်သို့ ဆောင်ယူ၍ ရေချိုးပေးပြီးလျှင် နတ်အဝတ်များဆင်ယင်စေပြီးမှ ငွေကောင်အတွင်း၌ ရှိသော ရွှေဗိမာန်သို့သွင်း၍ အိပ်ရာ၌ အိပ်စေကြလေသည်၊ ထိုအခါ ဘုရားလောင်းသည်၊ ဆင်ဖြူတော် ဖြစ်၍ သူ၏နေရာ ရွှေတောင်ပေါ်မှ ဆင်းသက်ကာ၊ ငွေ

ဘောင်သို့လာပြီးလျှင် ရွှေဗိမာန်သို့ ဝင်ပြီးနောက် မယ်တော်၏ လက်ျာနံပါးကို ဖောက်၍ ဝင်သကဲ့သို့ မြင်မက်လေသည်။

## အခန်း ၅။

### ဘုရားအလောင်း မွေးဖွားတော်မူသည့်

မြို့နယ်=ကပိလဝတ်ပြည်နှင့်ဒေဝဒဟ ပြည်အကြား။
အရပ်ဒေသ=လုမ္ဗိနီအင်ကြင်းဥယျာဉ်။
ခုနှစ်-မဟာသက္ကရာဇ် (၆၈) ခုနှစ်။
လ-နေ့ရက် ကဆုန်လ၊ ကဆုန်လပြည့်သောကြာနေ့။
**ဘုရားအလောင်း(သို့မဟုတ်) ဘုရားရှင်၏**
မျိုးရိုး=သာကီဝင်မင်းမျိုး။
ခမည်းတော်=သုဒ္ဓေါဒန။
မယ်တော်= သိရိမဟာမာယာ။
မိထွေးတော်=မဟာပဇာပတိဂေါတမီ။
တိုင်းပြည်=သက္ကတိုင်း ကပိလဝတ်ပြည်ဖြစ်ပါသည်။

### ဖွားဘက်တော် (၇)ဦး

ကာဠု ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍ၊ ဗုဒ္ဓဟေ၊
ဖွားဘက်တော်မြတ်၊ ခုနစ်ရပ်၊ မှတ်ကြမျိုးလေးထွေ။

၁။ ကာဠုဒါယီ၊ ၂။ ယသော်ဓရာ၊ ၃။ ညီတော်အာနန္ဒာ၊ ၄။ ဆန္နအမတ်၊ ၅။ကဏ္ဍကမြင်း၊ ၆။ရွှေအိုးကြီးလေး[illegible]၊ ၇။ ညောင်ဗုဒ္ဓဟေပင်တို့ဖြစ်သည်။

## အခန်း ၆။

**နန်းသိမ်းပွဲ။** ။ဘုရားအလောင်းသည် အသက် (၁၆) နှစ် အရွယ်တွင်၊ ဦးလေးတော် ဒေဝဒဟပြည်ရှင် သုပ္ပဗုဒ္ဓ၊ အရိးတော် အမိတာဒေဝီတို့၏သမီး ဘဒ္ဒကစ္စာနာခေါ် ယသော်ဓရာနှင့် လက်ထပ်၍ နန်းသိမ်းပွဲခံယူလေသည်။

### ဘုရားအလောင်း၏

| | | |
|---|---|---|
| မင်းသားအမည် | = | သိဒ္ဓတ္ထ။ |
| ကြင်ယာတော်အမည် | = | ယသော်ဓရာ။ |
| သားတော် | = | ရာဟုလာ။ |
| သုံးသွယ်ရွှေနန်း | = | ရမ္မ၊ သုဘ၊ သုရမ္မ။ |
| နန်းစည်းစိမ်ခံစံနှစ် | = | ၁၃ နှစ်ဖြစ်ပါသည်။ |

## အခန်း ၇။

### နိမိတ်ကြီးလေးပါးဟူသည်

၁။ သူအို၊ ၂။ သူနာ၊ ၃။ သူသေ၊ ရဟန်းတို့ဖြစ်ပါလည်။

ဤနိမိတ်ကြီးလေးပါးတို့ လေးလကြာမှတကြိမ်ထင်မြင်ခဲ့ရသည်။ (၄ မျိုးလုံး တပြိုင်နက်မြင်ရသည်မဟုတ်ဟုမှတ်ပါ)။

## အခန်း ၈။

### အလောင်းတော်သိဒ္ဓတ္ထမင်းသား တောထွက်သောအခါ

သက်တော် = ၂၉ နှစ်။
နေ့ရက် = ဝါဆိုလပြည့် တနင်းလာနေ့။
အချိန် = ညသန်းခေါင်ယံ။
စီးတော်မြင်း = ကဏ္ဍက။
မြင်းမြီးဆွဲအမတ် = ဆန္နအမတ်။
တားဆီးသောနတ် = မာရ်နတ်ဖြစ်ပါသည်။

### မာရ်နတ်တားပုံပြောစကား

(၇)ရက် ကြာလျှင် စကြာရတနာ ဆိုက်ပါတော့မည်၊ တောမထွက်ပါနှင့်ဟု တားဆီးလာပါသည်။

### ဘုရားအလောင်းက ပြန်ပြောပုံ

"အို...မာရ်နတ်၊ စကြာ ရတနာ ဆိုက်ရောက်လာမည့် အကြောင်းကို ငါသိပြီးပင် ဖြစ်သည်။ ထိုရတနာကို ငါအလို မရှိပါ၊ ဘုရားဖြစ်ပြီး၍ သတ္တဝါများအား ကယ်တင်နိုင်ခြင်း ကိုသာ ငါအလိုရှိသည်"ဟု ပြန်ပြောလေသည်။

## အခန်း ၉။

သန်းခေါင်ယံအချိန် တောထွက်တော်မူလာသော ဘုရား အလောင်းသည် နံနက်လင်းသောအခါ မြစ်တခုသို့ရောက်၏။ ထိုမြစ်၏အမည်မှာ အနောမာမြစ်။

အကျယ်ရှစ်ဥသဘ(သို့မဟုတ်)ကိုက် (၂၆၀)ကျယ်ပါသည်။

## ဆံတော်ပယ်ပြီး အဓိဋ္ဌာန်ပြုပုံ

"ဘုရားဖြစ်မည် မှန်လျှင် ဆံတော်သည် ကောင်းကင်မှာ တည်ပါစေသား" ဟု ဓိဋ္ဌာန်၍ မြှောက်လိုက်ပါသည်။

ကောင်းကင်၌ တည်သော ဆံတော်ကို သိကြားမင်းက ရွှေကလပ်ဖြင့် ခံယူသည်။

စူဠာမဏိစေတီ = တာဝတိံသာ နတ်ပြည်မှာ ရှိသည်၊ အလောင်းတော် ဆံတော်ကို ဌာပနာထားသည်။

တည်သူကား = သိကြားမင်း ဖြစ်ပါသည်။

ဒုဿစေတီ = ဗြဟ္မာ့ပြည်မှာရှိသည်၊ အလောင်းတော် ဝတ်လဲပုဆိုးကို ဌာပနာထားသည်။

တည်သူကား = ဃဋိကာရဗြဟ္မာ။

သက်နှိုးလှူသူ = ဃဋိကာရဗြဟ္မာပင် ဖြစ်ပါသည်။

## အခန်း ၁၀။

### ဘုရားအလောင်း ရဟန်းပြုပြီးနောက် (၇)ရက်အကြာ

ဆွမ်းခံဝင်သောမြို့ — ရာဇဂြိုဟ်။

ဆွမ်းစားသောတောင် — ပဏ္ဍဝတောင်။

ရာဇဂြိုဟ်ပြည်မင်း — ဗိမ္ဗိသာရမင်း။

ဗိမ္ဗိသာရမင်းက ဘုရားအလောင်းတော်အား ဇာတ်မြင့်သော မင်းသားတပါးဟု စဉ်းစားပြီး ထီးနန်းအပ်လေရာ၊ နန်းစည်းစိမ်ကို မလိုလားကြောင်း မိန့်တော်မူလျှင်၊ ဘုရားဖြစ်သောအခါ ပထမကြွလာရန် တောင်းပန်လိုက်လေသည်။

## အခန်း ၁၁။

ဘုရားအလောင်း ဆက်လက် တရားရှာဖွေ အားထုတ်ရင်း ချဉ်းကပ်ခဲ့သော ရသေ့ကြီးနှစ်ဦးမှာ၊ အာဠာရ ရသေ့ကြီးနှင့် ဥဒက ရသေ့ကြီးတို့ဖြစ်သည်ဟု မှတ်ပါ။

ဘုရားအလောင်း ဒုက္ကရစရိယာ
ကျင့်သော တောအမည်= ဥရုဝေလတော။
ဆွမ်းခံရွာ = သေနာနိဂုံး။
ကျင့်ရသောနှစ် = ၆ နှစ် ဖြစ်ပါသည်။
ဒုက္ကရစရိယာ = လူသာမန်တို့ကျင့်နိုင်ခဲသော အကျင့်။

### ဒုက္ကရစရိယာကျင့်ပုံ

ဆွမ်းမစားပဲ အလိုလိုကြွေကျသော သစ်သီးကိုသာ စား၏၊ ထို့နောက် သစ်ပင်ရှိရာသို့သွား၍ မကောက်ပဲ မိမိသစ်ပင် အောက်က သစ်သီးကိုသာစား၏၊ ထို့နောက် သစ်သီးတလုံး၊ နှမ်းတစေ့၊ ဆန်တစေ့မျှကိုသာ စား၏၊ ဤသို့ အစားကို လျှော့သဖြင့် အသွေးအသားမရှိတော့ပဲ ညိုမဲသွေ့ခြောက်ကာ အရိုးနှင့်အရေသာ ကျန်လေတော့သည်။

## အခန်း ၁၂။

**မေး။** ။ဒုက္ကရစရိယာ၊ ဘယ်နေရာ၊ ဘယ်မျှကြာအောင် ကျင့်သနည်း။

**ဖြေ။** ။ဥရုဝေလ၊ ခြောက်နှစ်မျှ၊ ကာလကြာအောင် ကျင့်သတည်း။

ဿနာဒ္ဒိုဆွမ်လှူးဒါန်းသော သဋ္ဌေးသမီးအမည်မှာ သုဇာတာ ဖြစ်ပါသည်၊ သူမသည် မဟာသေနသဋ္ဌေးကြီး၏သမီး ဖြစ်သည်။

ရွှေခွက်မျှောပုံ

အလောင်းတော်သည် နေရဉ္ဇရာမြစ်ကမ်း၌ ဿနာဒ္ဒိုဆွမ်း လေးဆယ့်ကိုးလုတ် ဘုဉ်းပေးတော် မူပြီးနောက် "ယနေ့ ဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာဆန်တက်ပါစေ သား" ဟု ဓိဋ္ဌာန်၍ ရွှေခွက်ကိုမျှောလိုက်ရာ ရေညာဆန်တက် သွားလေသည်။

## အခန်း ၁၃။

**မေး။** ။ဘယ်နေရာ နေ့သန့်စင်တော်မူသနည်း။

**ဖြေ ။** ။ဘုရားအလောင်းတော်သည် ရွှေခွက်မျှောပြီးနောက် နေရဉ္ဇရာ မြစ်ကမ်းအနီး အင်ကြင်းတော၌ နေ့သန့် စင်တော်မူပါသည်။

**နေ့သန့်စင်ဟူသည်။** ။နေ့အခါတရားမေ့ဖြင့် စိတ်သန့်စင်စွာ နေထိုင်တော်မူခြင်းကိုဆိုလိုသည်။

**မေး။** ။ညနေချမ်း ကြွလှမ်းဘယ်သို့ချီသနည်း။

**ဖြေ။** ။ဗောဓိညောင်နန်း၊ ညနေချမ်း ကြွလှမ်းချီတော်မူပါ သည်။

ဘုရားအလောင်းတော်သည်၊ ဗောဓိပင်သို့အကြွတွင် မြက်ရိတ်ပုဏ္ဏား သောတ္ထိယထံမှ မြက်ရှစ်ဆုပ်ကိုအလှူ ခံခဲ့သည်၊ ဗောဓိပင်သို့ရောက်သောအခါ၊ ပါလာသော မြက်ရှစ်ဆုပ်တို့ကို အဖျားမကိုင်က [illegible]ဖြန့်တော်မူလိုက် သည်နှင့်တပြိုင်နက်၊ မြက်၏အသွင် ကွယ်ပျောက်ပြီး

တဆယ့်လေးတောင် ပမာဏရှိသော အပရာဇိတ ရတနာရွှေပလ္လင်တော်ကြီး ပေါ်ပေါက်လာ၏၊ ဘုရား အလောင်းတော်သည် ထိုပလ္လင်တော်ပေါ်ဝယ် အရှေ့ လောကဓာတ်သို့ မျက်နှာမူလျက် "ဘုရားမဖြစ်သမျှ ဤနေရာမှ ငါမထတော့"ဟု အဓိဋ္ဌာန်ပြုလျက်၊ တင် ပလ္လင်ခွေ၍ထိုင်နေတော်မူသည်၊ ထိုအခါ မာရ်နတ် လာ၍ ပလ္လင်လုပါသည်၊ ဗုဒ္ဓမြတ်စွာ လောင်းလျာ သည်၊ မေတ္တာတော်၏အစွမ်းဖြင့် နေမဝင်မီ မာရ် နတ်ရန်ကို အေးချမ်းကြည်ဖြူ အောင်တော်မူလေသည်။

## အခန်း ၁၄။

* **ဘုရားအဖြစ်သို့ရောက်တော်မူပုံ။**

ဘုရားအလောင်းတော်သည်၊ မာရ်နတ်ရန်ကိုအောင်တော်မူ ပြီးနောက် အာနာပါနကမ္မဋ္ဌာန်းကို ဆက်လက်အားထုတ်တော် မူ၍၊ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံ ဆင်ခြင်သုံးသပ်တော်မူရာ။

ညဥ့်ဦးယံ၌၊ ပုဗ္ဗေနိဝါသဉာဏ်။

သန်းခေါင်ယံ၌၊ ဒိဗ္ဗစက္ခုဉာဏ်။

မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်ကို ရတော်မူ၍၊ ပဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နံနက် အရုဏ်တက်သည်နှင့်တပြိုင်နက်၊ သုံးလောက အထွဋ်အထိပ် ဓမ္မိဿရသဗ္ဗညုဗုဒ္ဓ အဖြစ်သို့ ရောက်တော်မူသည်။

ကဗျာ။ ။ဗောဓိညောင်နန်း၊ အောင်ခန်းပလ္လင်၊
၁၀၃-နှစ်၊ သက္ကရာဇ်တွင်၊
ကဆုန်လပြည့်၊ ဗုဒ္ဓနေ့လျှင်၊
ဘုရားဖြစ်၊ ရောက်လစ်စိမ့်ရှင်။

*　ဘုရားအဖြစ်သို့ ရောက်သော။
အသက်=၃၅-နှစ်။
ခုနှစ်=မဟာသက္ကရာဇ်(၁၀၃)ခု။
လ=ကဆုန်လ။
နေ့ရက်=ကဆုန်လပြည့်-ဗုဒ္ဓဟူးနေ့။
အချိန်=နံနက် အရုဏ်တက်ချိန်။
ဘုရားရှင်ဘွဲ့တော်=ဂေါတမမြတ်စွာဘုရားဖြစ်ပါသည်။

## အခန်း ၁၅။

ပဌမဆုံး ဒွေဝါစိကသရဏဂုံတည်သူ၊ဗုဒ္ဓဘာသာဝင် ဖြစ်သူများမှာ ဥက္ကလာပ ဇနပုဒ်မှ တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်နှစ်ဦး ဖြစ်ပါသည်။

### ဒွေဝါစိက သရဏဂုံ ဟူသည်

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊
ဓမ္မံသရဏံ ဂစ္ဆာမိ ဖြစ်ပါသည်။

တပုဿနှင့်ဘလ္လိကတို့က "ယနေ့မှစ၍ အဘယ်အရာကို ရိုသေမြတ်နိုး ရှိခိုးရပါမည်နည်း" ဟု မြတ်စွာဘုရားအား လျှောက်ထားကြပြန်ရာ၊ ဗုဒ္ဓမြတ်စွာသည် လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်ကပ်ငြိပါလာသော ဆံတော်များကို သနားချီးမြှင့်လိုက်လေသည်။

## အခန်း ၁၆။

### တရားဦး ဟောတော်မူခြင်း။

ပွင့်တော်မူစ ဗုဒ္ဓမြတ်စွာသည် ဗောဓိပင်မှ (၁၈)ယူဇနာကွာသည့် ဗာရာဏသီပြည်အနီး ဣသိပတန မိဂဒါဝုန်တောသို့

ကြ၍ ဝါဆိုလပြည့် စနေနေ့၊ နေမဝင်မီ အချိန်တွင် ပဉ္စဝဂ္ဂီ ရသေ့ ငါးဦးတို့အား ဓမ္မစကြာ တရားဦးကို ဟောတော်မူပါ သည်။

## တရားဦးတွင် ကျွတ်တမ်းဝင်

(၁၈)ကုဋေ့သောနတ်ဗြဟ္မာများနှင့်အတူအရှင်ကောဏ္ဍည၊ သောတာပန် တည်ပါသည်၊ အရှင်ကောဏ္ဍညကား ဗုဒ္ဓမြတ်စွာ သာသနာ၌ လူသားထဲမှ ပထမဦးဆုံး တရားထူးရသူ ဖြစ်ပါ သည်။

## ပဉ္စဝဂ္ဂီ ငါးဦးကား

၁။ အရှင်ကောဏ္ဍည၊
၂။ အရှင်ဝပ္ပ၊
၃။ အရှင်ဘဒ္ဒိယ၊
၄။ အရှင်မဟာနာမ်၊
၅။ အရှင်အဿဇိ တို့ဖြစ်ပါသည်။

## အခန်း ၁၇။

## ယသ သတိုးသား

ယသ-သတိုးသားကား၊ ဗုဒ္ဓမြတ်စွာဘုရားအဖြစ်သို့ ရောက် ပြည့်နေ့က သနားခံပန်းဘွမ်း လှူဒါန်းသူ သူဌေးသမီး သုဇာတာ၏ သားဦးရတနာ ဖြစ်ပါသည်။

## ပဌမဦးဆုံး တေဝါစိက သရဏဂုံ တည်သူများ

ယသ-သတိုးသား၏၊ အမိအဖ အိမ်သူအိမ်သားများကား၊

ဗုဒ္ဓမြတ်စွာ သာသနာ၌ ပဌမဦးဆုံး တေဝါစိက သရဏာဂုံ တည်သူများ ဖြစ်ကြပါသည်။

## တေဝါစိက သရဏာဂုံ ဟူသည်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ-တို့ ဖြစ်ပါသည်။

## အခန်း ၁၈။

ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ကား၊ သာဝတ္ထိပြည်၊ပသေနဒီ ကောသလမင်း၏သားများ၊ ဖတူ မိကွဲ ညီနောင် အရင်းများ ဖြစ်ကြ၏။ သူတို့သည် တောအုပ်အတွင်းသို့ပျော်ပွဲစားထွက်လာ ကြရာတွင် မင်းသားတဦးမှာ ကြင်ဘက်ဇနီးမရှိ၍ သူ့အတွက် ပြည့်တန်ဆာမ တဦး ခေါ်လာခဲ့ကြသည်။ ထိုပြည့်တန်ဆာမ သည် မင်းသားများအလစ်တွင် ဘဏ္ဍာထုပ်ကို ယူ၍ ထွက်ပြေး သွားလေသည်။ထိုမိန်းမကိုသူတို့ညီနောင်အားလုံး လိုက်၍ရှာကြ ယာင်းဗုဒ္ဓ၏ အနီးသို့ရောက်သွားသဖြင့် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် တို့က မိန်းမတယောက်မမြင်လိုက်ပါလားဟုဗုဒ္ဓကိုမေးကြသည်။ ဗုဒ္ဓက "မိန်းမရှာမှုနှင့် ကိုယ့်ကိုယ်ကိုရှာမှု ထိုနှစ်ခုတွင် အဘယ် ရှာမှုက မြတ်သနည်း"ဟု မေးတော်မူ၍"ကိုယ့်ကိုယ်ကို ရှာမှုက မြတ်ပါသည်"ဟုလျှောက်ကြသော မင်းသားတို့အား"ကာမ၏ အပြစ်နှင့်တကွ သစ္စာလေးပါးတရားကို ဟောပြသဖြင့်"တရား ရ၍ ရဟန်းပြုကြလေသည်။

## အခန်း ၁၉။

## သာသနာပြုစေလွှတ်ပုံ

“ခြောက်ကျိပ် (၆၀) သော ရဟန်းတို့အား ဗုဒ္ဓကမိန့်တော်မူသည်မှာ “သင်တို့သည် ထိုထိုဤဤ လှည့်လည်ကြချေ။ အစ၊ အလယ်၊ အဆုံး၊ သုံးပါးလုံးကောင်း၍အနက် အဓိပ္ပာယ် ပြည့်စုံသော တရားတော်များကို ဟောကြချေ၊ ကိလေသာမြူနည်းပါး၍ ပညာမျက်စိ အားကောင်းသောသတ္တဝါများ ရှိကြပေသည်။ ထိုသတ္တဝါတို့သည် တရား မနာရသောကြောင့် ရသင့်သော တရားထူးမှ ယုတ်လျော့နေကြသည်။ တရားကို သိလွယ်သူတွေရှိကြပေလိမ့်မည်” ဟု မိန့်တော်မူကာသာသနာပြု လွှတ်တော်မူသည်။

## အခန်း ၂၀။

ဂယာ့တထောင် ဦးဆောင်သော ကဿပညီနောင် သုံးဦး၏ အမည်ကား....

၁။ ဥရုဝေလကဿပ၊ (တပည့်ရသေ့ ၅၀၀ ရှိသည်)
၂။ နဒီကဿပ၊ (တပည့်ရသေ့ ၃၀၀ ရှိသည်)
၃။ ဂယာကဿပ၊ (တပည့်ရသေ့ ၂၀၀ ရှိသည်)
တို့ ဖြစ်ပါသည်။

## အခန်း ၂၁။

## အရှင်သာရိပုတ္တရာနှင့် အရှင်အဿဇိ တွေ့ဆုံကြခြင်း

အခါတပါး အရှင်သာရိပုတ္တရာသည် ဆွမ်းခံကြွနေသော အရှင်အဿဇိကိုမြင်၍ ထိုပုဂ္ဂိုလ်သန္တာန်မှာ တရားထူးရှိမည်

အထင်ရှိသဖြင့် နောက်မှ လိုက်သွားလေသည်။ "အရှင်အသျှင်ဇီ ဆွမ်းဘုဉ်းပေးပြီး၍ အရှင်တို့ဆရာ အဘယ်တရားမျိုးကို ဟော ပါသနည်း" ဟု မေးရာ "ငါတို့ဆရာသည် ဒုက္ခနှင့် ဒုက္ခဖြစ် ကြောင်း၊ ဒုက္ခချုပ်ရာနှင့်ထိုချုပ်ရာသို့ရောက်ကြောင်းလမ်းများ ဟောတော်မူ၏" ဟု ဖြေတော်မူရာ သောတပန် ဖြစ်သွားလေ သည်။

## ရှင်မောဂ္ဂလာန် သောတာပန်တည်ခြင်း

အရှင်သာရိပုတ္တရာက အရှင်မောဂ္ဂလာန်အား အရှင်အသျှင်ဇီ ဖြေကြားသောအကြောင်း ပြောပြ၍ သောတပန် ဖြစ်ပြန်ရာ တပည့်များနှင့်အတူ ဘုရားထံမှာ ရဟန်း ပြုကြလေသည်။

## အခန်း ၂၃။

ကပိလဝတ်ပြည်သို့ ကြွတော်မူရန်
လျှောက်ထားသူ-ကာဠုဒါယီ။
ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းနှင့် ကပိလဝတ်ပြည်
အကွာအဝေး ယူဇနာ- ခြောက်ဆယ်(၆၀)
နောက်ပါရဟန်းပေါင်း-နှစ်သောင်း (၂၀၀၀၀)
ကြွရာလမ်းခရီးအချိန်ကာလနှစ်လ(သို့မဟုတ်)ရက်ပေါင်း(၆၀)

## အခန်း ၂၅။

### ယသော်ဓရာ ပြောသောစကား

"မောင်တော်ဘုရားမှာငါ၏ကျေးဇူးရှိလျှင်အဆောင်တော် သို့ ကိုယ်တိုင်ကြွလာလိမ့်မည်၊ ထိုအခါကျမှ အားရအောင် ရှိခိုး မည်" ဟုပြောဆိုကာ အဆောင်တော်မှမထွက်ပဲ နေလေသည်။

## အခန်း ၂၆။

### ယသော်ဓရာက သားတော်ရာဟုလာအား အမွေတောင်းရန် သင်ပေးသောစကား

"ချစ်သား၊ ရဟန်း နှစ်သောင်း၏ အလယ်မှာ တင့်တယ်စွာ နေတော်မူသော ရဟန်းတော်မြတ်သည်၊ သားတော်၏ ခမည်းတော်ပင်တည်း။ မောင့်ခမည်းတော်မှာ ရှိသော ရွှေအိုးကြီးတွေကို တောထွက်သွားသည့် နေ့မှစ၍ မတွေ့ရတော့ဘူး၊ စကြာမင်းလုပ်ရအောင် အဲဒီအမွေ တောင်းချေ" ဟု သင်ကြား၍ ဘုရားထံ စေလွှတ်လိုက်လေသည်။

### ရာဟုလာ အမွေတောင်းပုံ

"ခမည်းတော် အရိပ်သည် အလွန်အေးချမ်းပါပေ၏၊ သားတော် စကြာမင်း လုပ်ချင်ပါသည်၊ ခမည်းတော် အမွေကို ပေးပါ" ဟု ပြောဆို တောင်းရှာလေသည်။

### ဗုဒ္ဓမြတ်စွာ အမွေပေးပုံ

ဗုဒ္ဓမြတ်စွာက ရှင်သာမဏေပြုကာ လောကုတ္တရာ အမွေကို သာပေးတော်မူသည်။

## အခန်း ၂၇။

### သာကီဝင် မင်းသား ခြောက်ယောက်၏အမည်ကား

၁။ အနုရုဒ္ဓါ၊ ၂။ ဘဒ္ဒိယ၊
၃။ အာနန္ဒာ၊ ၄။ ဘဂု၊
၅။ ကိမိလ၊ ၆။ ဒေဝဒတ်တို့

ဖြစ်ပါသတည်း။

ဤမင်းသား ၆ ယောက်တို့နှင့် ပါသွားသောသူကား ဆတ္တာသည် ဥပါလိ ဖြစ်ပါသည်။

**သာကီဝင် မင်းသားတို့ လျှောက်ထားပုံ**

''သာကီဝင် မင်းမျိုးတို့သည် အလွန်မာနကြီးပါသည်။ ထိုမာနကို ချိုးနှိမ်၍ ဥပါလိကိုရှိခိုးနိုင်ဘို့ရာဥပါလိကို ပဌမရဟန်းပြုပေးပါ၊'' ဟုလျှောက်သည်။ ဥပါလိ ရဟန်းပြုပြီးနောက်မှ မင်းသားတို့ ရဟန်းပြုကြလေသည်။

## အခန်း ၃၀။

### ဘိက္ခုနီသာသနာ

ဗုဒ္ဓမြတ်စွာ–ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ်မိထွေးတော် ဂေါတမီသည် သာကီဝင်အမျိုးငါးရာနှင့်အတူ ပထမအကြိမ်၊ မာတုဂါမများ ဘိက္ခုနီ ပြုခွင့်ပေးဘို့တောင်းပန် လျှောက်ထားပါသည်။

ဗုဒ္ဓမြတ်စွာက ''မတော်ဘူး ဂေါတမီ- မာတုဂါမများ၏ရဟန်းပြုခြင်းကို သင်မနှစ်သက်ပါနှင့်'' ဟု ပယ်တော်မူသည်။

ဘုရားသခင် ဝေသာလီပြည်-သီတင်းသုံးတော်မူချိန် မိထွေးတော် ဂေါတမီတို့ မိမိတို့ဘာသာ ဆံပင်ကိုရိတ်၍ ဘိက္ခုနီအဝတ်ကို ဝတ်ဆင်ကာ ဝေသာလီပြည်သို့ လိုက်ပြီး ဒုတိယအကြိမ် ထပ်မံလျှောက်ထားပြန်သည်၊ ဒီအကြိမ်မှာ အခါခါတောင်းပန်လျှောက်ထားမှ အခွင့်ရ၍ ဘိက္ခုနီ သာသနာပေါ်လာရသည်။

## အခန်း ၃၁။

### ဗုဒ္ဓနှင့် သစ္စက ပရိဗ္ဗိုဇ်

ဗုဒ္ဓ၏ဝါဒသည် ရုပ်သည် အနတ္တ (စီမံနိုင်သော အတ္တမရှိ) သစ္စက ပရိဗ္ဗိုဇ်၏ ဝါဒသည်ကား ရုပ်သည် အတ္တဟုယူ၏။ ဗုဒ္ဓက "သင် အတ္တရှိလျှင် ရုပ်ခန္ဓာကို လှအောင်စီမံပါစေလား" ဟု မိန့်တော်မူရာ "ရုပ်ခန္ဓာသည် အနတ္တပါ" ဟု ဝန်ခံအရှုံးပေး ရလေသည်။

## အခန်း ၃၄။

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ်-

**ကောသလမင်း။** ။အရှင်ဂေါတမသည် မိမိကိုယ်ကို အလုံးစုံ အကုန်သိသော ဗုဒ္ဓလို့ ဝန်ခံပါသလား။

**ဗုဒ္ဓမြတ်စွာ။** ။ဗုဒ္ဓ-ဗုဒ္ဓလို့ ခေါ်နေသူသည် ငါဘုရားကို ခေါ်မှ အမှန်အတိုင်း ခေါ်ရာရောက်မည်။

**ကောသလမင်း။** ။ပူရဏကဿပ၊ မက္ခလိ ဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တ၊ ပကုဓကစ္စာယန၊ အဇိတ ကေသကမ္ဗလ ဟူသော သက်ကြီး ဝါကြီး၊ ဂိုဏ်းဆရာကြီးများသော်မှ "ဗုဒ္ဓ" ဟု ဝန်မခံကြပဲနှင့် သက်ငယ် ဝါငယ်ဖြစ်သော ရှင် ဂေါတမက ဗုဒ္ဓလို့ ဝန်မခံသင့်ပါ။

**ဗုဒ္ဓမြတ်စွာ။** ။မင်းမျိုး-မီး-မြွေ-သီလ- ရှိသော ရဟန်းများကို မငယ်လေးစား မပြုထိုက်ဘူး မင်းကြီးဟု မိန့်တော်မူသည်။

## အခန်း ၃၅။

### နန္ဒောပနန္ဒ-နဂါးမင်း

နန္ဒောပနန္ဒ နဂါးမင်းသည် နတ်မင်းအလား ကြီးကျယ် ခမ်းနားလှစွာသော စည်းစိမ်ဖြင့် မြင်းမိုရ်တောင်၌ နေ၏၊ လွန်စွာလည်း ဒေါသကြီး၏၊ တနေ့သ၌ ကချေသည် နဂါးမ အပေါင်း ခြံရံကာ စည်းစိမ်ခံစားနေစဉ် ဘုရားရှင်သည် တန်ခိုး ကြီး ရဟန်းတော်များနှင့်အတူ နဂါးမင်း၏အထက်ကောင်းကင် မှ တာဝတိံသာသို့ ကြွတော်မူလေသော် နဂါးမင်းသည် ပြင်း ထန်စွာ ဒေါသဖြစ်၍ မြင့်မိုရ်တောင်နှင့် တာဝတိံသာကို ရစ် ပတ်ဖုံးအုပ်ထားလေသည်၊ အရှင်မောဂ္ဂလာန်သည် နဂါးထက် ကြီးသော ကိုယ်ကို ဖန်ဆင်း၍ နဂါးအထက်က ရစ်ပတ်ဖုံးအုပ် ကာ ဖိ၍ ညှပ်ခြင်းစသည်ဖြင့် နှိပ်စက်အောင် ဆုံးမပြီးမှ ဘုရားထံ ခေါ်လာ၍ ရတနာသုံးပါးကို ကိုးကွယ်စေလေသည်။

## အခန်း ၃၆။

### ဗကဗြဟ္မာနှင့် ဗုဒ္ဓ

ပဌမဈာန်ဘုံမှ ဗကဗြဟ္မာမင်းသည် သူနှင့်တကွ ဘုံဌာနကို လည်း နိစ္စ-အမြဲတည်၏ဟု ယူ၏။ (ဝါ) နိစ္စဝါဒသမားဖြစ်၏၊ ဗုဒ္ဓက သူ့ထံကြွ၍ ဤဘုံနှင့် ဗြဟ္မာတွေပါ အနိစ္စ-မမြဲကြောင်း မိန့်တော်မူသည်၊ ဆက်လက်မိန့်ပုံကား သင်၏ဖြစ်ပုံ၊ သင်၏ တန်ခိုးကြီးပုံကို “ငါသိသည်၊ သင့်ထက်တန်ခိုးကြီးသော ဗြဟ္မာ များ ရှိကြသေးသည်” ဟု မိန့်ကာ တန်ခိုးပြ တရားဟော၍ ချွတ် တော်မူသည်။

# အခန်း ၃၇။

## ဂိလာန မကျန်းမာသော ရဟန်းနှင့်စပ်၍ ဗုဒ္ဓမိန့်ကြားပုံ

"ချစ်သားရဟန်းတို့၊ သင်တို့မှာပြုစုမည့် အမိအဖတို့ အနီးအပါး၌မရှိကြ၊ အချင်းချင်း မပြုစုကြလျှင် ဘယ်သူပြုစုမည်နည်း" ဟု အပြစ်တင်ပြီးမှ.... "ငါဘုရား ပြုစုမည့်အစား မကျန်းမမာသူတို့ကိုသာ ပြုစုကြ" ဟု ဩဝါဒပေးတော်မူသည်။

# အခန်း ၃၈။

## အင်္ဂုလိမာလနှင့် ဗုဒ္ဓ

အင်္ဂုလိမာလဆိုသူကား၊ သာဝတ္ထိပြည် ပုရောဟိတ်အမတ်၏သား တက္ကသိုလ် ပညာတော်သင် လုလင်တယောက် ဖြစ်၏၊ သူသည် ဉာဏ်ထက်၍ ဝတ်ကျေသူဖြစ်သောကြောင့် ဆရာကြီးနှင့် ဆရာကတော်ကပါ လွန်စွာအချစ်ခံရသူဖြစ်သည်၊ သို့သော် အခြားကျောင်းသားတို့က ဆရာကြီးကို တိုက်ကြသောကြောင့် ဆရာကတော်နှင့် အထင်မှား ခံရရှာလေသည်၊ ထို့ကြောင့် သူများသတ်၍ သေစေလိုသော ဆရာကြီးသည် လူတထောင် သတ်နိုင်မှ ပညာအကျိုးရမည်ဟု ပြောဆို စေခိုင်းလေသည်၊ သူသည် သာဝတ္ထိပြည်နယ်မှာ တောပုန်းဓားပြလုပ်၍ တောသို့ လာသော လူများကိုသတ်ကာ လူတယောက်လျှင် လက်တချောင်း ကျဖြတ်၍ ပန်းကုံးကုံးထားသောကြောင့် အင်္ဂုလိမာလဟု တွင်ရှာ၏၊ ထိုတောင်ပြည်သို့ တယောက်သာ လိုသောနေ့၌ သားရှောင်ကောင်းမှု ပက်လာသော မိခင်ကိုပင် သတ်ရောမြင်သောကြောင့် ကြိုတင်၍ ကြွတော်မူလာသော ဗုဒ္ဓကိုလည်း

သတ်ဘို့ လိုက်လေသော် တန်ခိုးကြောင့် မမှီနိုင်ဘဲ နောက်ဆုံး၌ တရားနာရ၍ ရဟန်းပြုရှာလေသည်။

## အခန်း ၃၉။

### အင်္ဂုလိမာလ ပရိတ်ပါဠိ (ဝါ) လွယ်ကူစွာ မီးဖွားစေနိုင်သော မန္တာန်တော်

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော နာဘိဇာနာမိ၊ သဉ္စိစ္စပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေနသစ္စေန သောတ္ထိတေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

မြန်မာပြန်။ ။အို-နှမ ငါသည် အရိယာနွယ်ဇာတ်ရဟန်းမြတ်ဖြစ်သည်ကစ၍ သူ့အသက်ကို မသတ်ဖူးပါ၊ ထိုသစ္စာကြောင့် သင်ချမ်းသာပါစေ၊ ကိုယ်ဝန်လည်း ချမ်းသာပါစေ။

## အခန်း ၄၀။

### စိဉ္စမာဏဝိကာနှင့် ဗုဒ္ဓ

သာဝတ္ထိပြည်မြို့၌၊ စိဉ္စမာဏဝိကာမည်သော ပရိဗိုဇ်မသည်၊ နတ်သမီးကလေးပမာ လှန်စွာလှ၍၊ တိတ္ထိတို့သည် လာဘ်မရသဖြင့်၊ လာဘ်ပေါသောဗုဒ္ဓကို နှိပ်ချဖို့ရာ စိဉ္စာကိုစွပ်စွဲ ဖျက်ဆီးခိုင်းကြလေသည်၊စိဉ္စာသည် ကြက်သွေးရောင်ခြုံထည်ကလေးကိုခြုံကာ၊ နေဝင်ခါနီးမှာ ဇေတဝန်ကျောင်းသို့သွားဟန်ဆောင်၍၊ တိတ္ထိတို့ကျောင်းမှာ အိပ်ပြီးလျှင် နံနက်စောစော မြို့သို့ဝင်ကာ ဇေတဝန်ကျောင်းမှ ပြန်လာဟန်ဆောင်လေသည်၊ဤနည်းအားဖြင့် ညနေတရားပွဲပြန်လာသူ နံနက်စောစော ဘုရားဖူး

သွားသူတို့အား အထင်မှားစေပြီးလျှင် (၉) လလောက်ကြာသော်၊ သစ်သားဗုဒ်ကို ဗိုက်မှာကပ်ပြီး အဝတ်ဖြင့်ပတ်ကာ ကိုယ်ဝန်ရှိဟန်ဆောင်လျက်၊ ပရိသတ်အလယ်တွင် တရားဟောနေတော်မူသော ဘုရားအား၊ မီးနေဆောင် မပြင်ကောင်းလားဟု ဆဲဆိုစွပ်စွဲလာသည်ကိုနတ်သားတို့ ကြွက်ဟန်ဆောင်လျက်ကိုက်ဖြတ်ချမှ အဖြစ်မှန်ပေါ်ရာ၊ ပရိသတ်က ရိုက်ပုတ်နှင်ထုတ်လိုက်ကြသည်။

## အခန်း ၄ဂ။

အဇာတသတ်ပင်းသည်၊ ခမည်းတော်ကို သတ်မိန့်ပေးပြီးနောက် သားတော်လေး ဖွားမြင်ကြောင်းစာဆက်သမှု၊ ရိုးတွင်းခြင်ဆီပေါက်၍၊ သားတော်၌ ချစ်စိတ်ရောက်သွားသဖြင့် ခမည်းတော်ကြီးအပေါ် ကိုယ်ချင်းစာမိကာ ခမည်းတော်ကြီးကိုလွှတ်ကြပါဟု အမိန့်ထုတ်ပေးလေသည်။ ထိုအခါ ကွယ်လွန်ကြောင်း စာဆက်သလေရာ၊ လွန်စွာနောင်တရ၍ မယ်တော်ထံသွားလေသည်။

**အဇာတသတ်ပင်း။** "။မယ်တော်၊ သားတော်ဖွားမြင်တုန်းက ခမည်းတော်ကြီးချစ်ရဲ့လား"

**မယ်တော် ဝေဒေဟီ။** ။"ဘယ့်နှယ် မေးတာလဲ သားရယ်၊ မောင်ရင် ငယ်ငယ်တုန်းက လက်မှာ ခူနာ ပေါက်လို့ ပါးစပ်နဲ့ငုံထားတုန်း ပြည်ပေါက်တာ နာမှာစိုးလို့ ထွေးမပစ်ရက်ဘဲ မျိုချရှာတယ်" ဟု ပြောဆိုကာ နှစ်ဦးစလုံးငိုကြွေးရှာသည်။

## အခန်း ၄၉။

## ဘုရားရှင်အား ဆင်နှင့်တိုက်ရန် ဆင်ထိန်းများအား ရှင်ဒေဝဒတ်ပြောပုံ

''မင်းအသိအမှတ်ပြုသော ဆရာတော်များဆိုတာ ရာထူး နိမ့်နေသူကို ရာထူးမြင့်အောင် တတ်နိုင်ကြတယ်၊ ဒါကြောင့် ငါစေခိုင်းတာကိုလုပ်ကြ၊ ရှင်ဂေါတမ ဒီလမ်း လာတဲ့အခါ၊ နာဠာဂီရိ ဆင်ပြောင်ကို လွှတ်လိုက်ကြ''ဟု စေခိုင်းလေသည်။

### နာဠာဂီရိဆင်နှင့်ဗုဒ္ဓ

နာဠာဂီရိဆင်ကြီးကား အလွန်ကြမ်းတမ်း၍ လူကို တိုးသတ် လေ့ရှိ၏။ ဗုဒ္ဓမြတ်စွာသည် ရဟန်းတော်များနှင့်အတူ ရာဇဂြိုဟ် မြို့သို့ ဆွမ်းခံဝင်လာသောအခါ၊ ရာထူးတိုးလိုသောဆင်ထိန်းတို့ သည်ဆင်ကြီးကိုဘုရားဆီသို့လွှတ်ပေးကြသည်။ ဘုရားရှင်လည်း နင်းမည်ဟု ပြေးလာသော ဆင်ကြီးအပေါ်မှာ မေတ္တာဖြန့်ကျက် တန့်ရပ်တော်မူလေသော်ဆင်ကြီးသည်၊ဗုဒ္ဓရှေ့တော်၌ငြိမ်သက် စွာရပ်ကာ၊ အဆုံးအမကိုနားစိုက်နေလေသည်။

## အခန်း ၅၀။

ပါယာသိ ဘုရင်ခံ၏ အယူကား နတ်ပြည်ဟူ၍ ငရဲဟူ၍မရှိ၊ ကောင်းမှုမကောင်းမှု၏အကျိုးသည်မရှိ၊ လူတယောက်သေလျှင် နောက်ထပ်၍ မဖြစ်ဟု အယူရှိ၏။ ဒီအယူကို အရှင်ကုမာရ ကဿပအား ပြောပြ၍၊ အရှင်ကုမာရ ကဿပမထေရ်က လနှင့် နေတို့ကို ညွှန်ပြပြီး၊ ''ထိုလနှင့်နေတို့သည် ဤလောကထဲမှာလား တခြားလောကထဲမှာလား၊ လ နေ မှာရှိသော သတ္တဝါသည်

လူတွေလား နတ်တွေလား" ဟု မေးရာ "တခြားလောကထဲ မှာပါ နတ်တွေပါ" ဟု ဖြေ၏။ ဤသို့စသည်ဖြင့် (၁၅-ချက် လောက်) မေး-ဖြေခြင်းဖြင့်၊ ပါယာသိ ဘုရင်ခံ အယူမှန်ရသွား လေသည်။

## အခန်း ၅၂။

ဗုဒ္ဓမြတ်စွာသည်၊ ဘုရားဖြစ်တော်မူသည်မှစ၍ (၄၅)နှစ်လုံး လုံး မနေမနား တရားဓမ္မများကို၊ ဟောကြား ပြသခြင်းဖြင့်၊ လောကသားတို့၏ အကျိုးကို သည်ပိုးဆောင်ရွက်တော်မူလျက်၊ သက်တော်(၈၀) ဝါတော်(၄၅) ဝါတွင် ကုသိနာရုံပြည်၊ မလ္လာမင် တို့၏အင်ကြင်းဥယျာဉ်၌၊ မဟာသက္ကရာဇ်(၁၄၈)ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့နံနက် အရုဏ်တက်ခါနီး အချိန်တွင် ပရိနိဗ္ဗာန် စံတော်မူလေသည်။ ထိုအခါ ကမ္ဘာမြေကြီးလည်း တုန်ဟီးသွားရှာလေသည်။

### ဗုဒ္ဓ၏ နောက်ဆုံးဝါဒ

"ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"

အကြောင်းကြောင့် ဖြစ်ပေါ်လာသော သင်္ခါရတို့သည်၊ ပျက်စီးခြင်းသဘော ရှိကုန်၏။ မမေ့သော သတိတရားဖြင့် အကျင့်သိက္ခာကို ပြည့်စုံစေရပ်ကြ။

### ဝါဆိုမှ မှာမှတ်စရာ

**သောင်။** သစ္စာ၊ တောင်းကုန်၊ စမ္မာလီ၊ ပိန္နဲမြွက်သံချိုလော ပါသို၊ ၁-ပေ၊ ၂-ပေ၊ စေနေပါ။ သုံးဖြာဖည့်ပျက် ဟူစေပို။

## ကဆုန်လမှာ မှတ်စရာ

**ဆောင်။** မွေးဖွားဘုရား၊ နိဗ္ဗာန်သွား၊ မှတ်သားလကဆုန်။
သောကြာ၊ဗုဒ္ဓဟူး၊ အင်္ဂါကျူး၊ နေ့ထူးစဉ်မှတ်ကုန်။
နိယတဗျာဒိတ်ခံယူသောလသည်ကဆုန်လဖြစ်သည်။

**ရှင်းကို။** ဗျာဒိတ်ခံဖွား၊ ဘုရားဖြစ်နေ့၊ နိဗ္ဗာန်မွေ့၊ လပြည့်နေ့ကဆုန်-ဟူသော ဆောင်ပုဒ်ဖြင့် မှတ်ထားရမည်။

### ဘုရားရှင်တိုင်းအဆုံးအမ

အကုသိုလ်မှု၊ မပြုရှောင်ခွာ၊
ကုသိုလ်ကောင်းမှု၊ ပြုကြစုံစွာ၊
စိတ်ထားဖြူဖွေး၊ ညစ်ကြေးကင်းပါ၊
ဤသုံးပါး၊ ဘုရားဆုံးမတာ။

(ရှင်းပါဠိဂါထာ ၁၁၈-ရှု)

## အခန်း ၅၄။

## ပဌမသံဂါယနာ တင်ရခြင်း အကြောင်းကား

သုဘဒ္ဒ တောထွက်ရဟန်းကြီးက "ငါ့ ရှင် တို့မ ငိုကြ နှင့်၊ ရဟန်းဂေါတမ၏ အချုပ်အချယ်ကိုခံခဲ့ရလှပါပြီ၊ယခုသူ့လက်မှ လွတ်ပြီ" ဟု ပြောဆိုသောကြောင့်ဖြစ်ပါသည်။

### ပဌမ သံဂါယနာတင်ပွဲတော်

| | |
|---|---|
| တိုင်းပြည် | ရာဇဂြိုဟ် |
| နေရာ | ဝေဘာရ တောင်နံပါး စရည်းပင်လိုဏ်၊ |
| ဒါယကာမင်း | အဇာတသတ်မင်း၊ |

ဦးစီးမထေရ် = အရှင်မဟာကဿပ၊
သံဃာအရေအတွက် = ရဟန္တာငါးရာ (၅၀၀)
သာသနာတော်နှစ် = (၁) ခုနှစ်။

## အခန်း ၅၅။

## ဒုတိယသံဂါယနာ တင်ရခြင်းအကြောင်း

ဝဇ္ဇီတိုင်းသား ရဟန်းတို့သည်၊ ဥပုသ်နေ့ လာသမျှလူတို့ထံ ငွေအလှူခံမှုကြောင့်ဖြစ်သည်။

### ဒုတိယ သံဂါယနာတင်ပွဲတော်

တိုင်းပြည် = ဝေသာလီပြည်၊
နေရာ ဝါလိကာရာမ၊
ဒါယကာမင်း = ကာလာသောကမင်း၊
ဦးစီးပထေရ် အရှင်ယသထေရ်၊
သံဃာအရေအတွက် ရဟန္တာ ခုနှစ်ရာ (၇၀၀)
သာသနာသက္ကရာဇ် = တရာ (၁၀၀)ပြည့်နှစ်။

## အခန်း ၅၆။

ဟောသူ နိဂြောဓသာမဏေ၊
နာသူ ဓမ္မာသောကမင်း၊
တရား အရာရာ၌သတိထားခြင်းသည်၊ မသေဘို အကြောင်း မေ့လျော့ခြင်းကား သေရဘို့ အကြောင်း ဖြစ် သည် ဟု ဟောပါသည်။

**ဆောင်ပုဒ်။** မခမေ့ခြင်းက၊ အမတနိဗ္ဗာန်
မေ့လျော့ခြင်းက၊ သေရဖန်ဖန်
မေ့လျော့မှု၊ မသေရပြန်၊
မသေရေး၊ ရှုပေးသတိပဋ္ဌာန်။

## အခန်း ၅၇။

### တတိယ သံဂါယနာတင်ရခြင်းအကြောင်း

မိစ္ဆာ အယူရှိနေသောသူတို့ ရဟန်း ယောင် ဆောင် ကာ သာသန သံဃကိစ္စတို့၌အနှောင့်အယှက် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

### တတိယ သံဂါတနာ တင်ပွဲတော်

| | | |
|---|---|---|
| တိုင်းပြည် | = | ပါဋလိပုတ်ပြည်။ |
| နေရာ | = | အသောကာရာမ။ |
| ဒါယကာမင်း | = | ဓမ္မာသောကမင်း။ |
| ဦးစီးမထေရ် | | အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်။ |
| သံဃာအရေအတွက် | | ရဟန္တာတထောင် (၁၀၀၀)။ |
| သာသနာသက္ကရာဇ် | | နှစ်ရာသုံးဆယ့်ငါး (၂၃၅)ခုနှစ်။ |

## အခန်း ၅၈။

### ဒုဋ္ဌဂါမဏီ မင်းကြီး၏ ဆောင်ပုဒ်စကားမှာ

"ငါ့ဒိုးသာဘို့ မဟုတ်ပါ၊ သာသနာတည်တံ့ဘို့ ဤမျှ လောက် ကြိုးစားနေပါသည်" ဟူ၏။

### ဆောင်ပုဒ်လင်္ကာ

ငါ့တွက်များမြောက်၊ ချမ်းသာရောက်ဘို့၊
ဒုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ဗုဒ္ဓမြတ်စွာ၊
သာသနာ၏၊ ရှည်စွာအဓွန့်၊ရောင်လျံကွန့်ဘို့၊စွန့်စွန့်စားစား၊
ငါကြိုးစားသည်၊ စိတ်ထားငါ့မှာ အမြဲတည်း။

## အခန်း ၅၉။

ရဟန်းတော်များ နှုတ်တက်မဆောင်နိုင်လျှင် ပိဋကတ်တော်များ ကွယ်ပျောက်သွားမည် စိုးရိမ်သောကြောင့် ပိဋကတ်တော်များ ပေရွက်ပေါ်ရေး၍ စတုတ္ထသံဂါယနာ တင်တော်မူသည်။

### စတုတ္ထသံဂါယနာ တင်ပွဲတော်

| | | |
|---|---|---|
| တိုင်းပြည် | = | သိဟိုဠ်ကျွန်း(ယခုသီရိလင်္ကာနိုင်ငံ)။ |
| နေရာ | = | မာတုလဇနပုဒ် အာလောကလိုဏ်။ |
| ဒါယကာမင်း | = | ဝဋ္ဋဂါမဏိမင်း။ |
| ဦးစီးမထေရ် | = | မဟာဓမ္မရက္ခိတမထေရ်။ |
| သံဃာအရေအတွက် | = | ရဟန္တာငါးရာ(၅၀၀)။ |
| သာသနာသက္ကရာဇ် | = | လေးရာ့ငါးဆယ်(၄၅၀)ပြည့်နှစ်။ |

## အခန်း ၆၄။

မန္တလေးမြို့ တည်ထောင်တော်မူသော မင်းတုန်းမင်းတရားကြီးသည်၊ ထင်ရှားကျော်ကြားတော်မူသော ဆရာတော်ကြီးများ ကြပ်မတ်စေလျက် ပိဋကတ်တော်များကို ကျောက်ပြား၌ ပေါင်းစေကာ ကျောက်ထက်အက္ခရာ တင်တော်မူ၏။ ယင်းကို

အကြောင်းပြု၍ "ပဥ္စမသံဂါယနာတင် မင်းတရား" ဟု ထင်ရှားလေသည်။

## ပဥ္စမသံဂါယနာတင်ပွဲတော်

| | | |
|---|---|---|
| တိုင်းပြည် | = | ရတနာပုံနေပြည်တော်။ |
| နေရာ | = | မန္တလေးမြို့ (မန္တလေးတောင်ခြေ) |
| ဒါယကာမင်း | = | မင်းတုန်းမင်းကြီး။ |
| ဦးစီးမထေရ် | = | အရှင်ဇာဂရမထေရ်။ |
| သံဃာအရေအတွက် | = | နှစ်ထောင့်လေးရာ (၂၄၀၀)။ |
| သာသနာသက္ကရာဇ် | = | (၂၄၁၅) ခုနှစ် ဖြစ်ပါသည်။ |

## ဗုဒ္ဓဝင်ပြန်လှန်ပေါင်းစပ်လေ့လာရန်

| | |
|---|---|
| ဘုရားဆုပန် သဒ္ဒေးသား | |
| ရသေ့အမည် | သုမေဓာ။ |
| ပါရမီဖြည့်ဘက်-အမျိုးသမီး | သုမိတ္တာ။ |
| ဗျာဒိတ်ပေးဘုရား | ဒီပင်္ကရာမြတ်စွာဘုရား။ |
| အလောင်းတော် | သိဒ္ဓတ္ထ။ |
| ခမည်းတော် | သုဒ္ဓေါဒန။ |
| မယ်တော် | သီရိမဟာမာယာ။ |
| မိထွေးတော် | မဟာပဇာပတိ ဂေါတမီ။ |
| ကြင်ယာတော်-မိဖုရား | ယသော်ဓရာ။ |
| သားတော် | ရာဟုလာ။ |
| တိုင်းပြည် | သက္ကတိုင်း၊ ကပိလဝတ်ပြည်။ |

| | | |
|---|---|---|
| သန္ဓေတည် | | (၆၇) ခု၊ ဝါဆိုလပြည့် ကြာသတေးနေ့၊ ညဦး သန်းခေါင်။ |
| မွေးဖွားသည့်နေ့ | | (၆၈) ခု၊ ကဆုန်လပြည့် သောကြာနေ့။ |
| နန်းသုံးဆောင် | | ရမ္မ၊ သုဘ၊ သုရမ္မ။ |
| (လက်ထပ်)နန်းသိမ်းပွဲခံယူသော အသက် | | (၁၆-နှစ်)။ |
| ကြင်ယာတော် | | |
| ယသော်ဓရာ၏ | ခမည်းတော် | သုပ္ပဗုဒ္ဓ။ |
| ״ | မယ်တော် | အမိတာဒေဝီ။ |
| ״ | မောင်တော် | ဒေဝဒတ်။ |
| ״ | တိုင်းပြည် | ဒေဝဒဟပြည်။ |
| နန်းစည်းစိမ်ခံစားသောနှစ် | | (၁၃-နှစ်)။ |
| နိမိတ်ကြီးလေးပါး | | သူအို၊ သူနာ၊ သူသေ၊ ရဟန်း။ |
| တောထွက်သောအသက် | | (၂၉-နှစ်)။ |
| တောထွက်သောနေ့ | | (၉၇) ခု၊ ဝါဆိုလပြည့် တနင်္လာနေ့၊ ည သန်းခေါင်ယံ။ |
| ဆံတော်ပယ်သောနေရာ | | အနော်မာမြစ် သဲသောင်ပြင်။ |
| တာဝတိံသာရှိစေတီ | | စူဠာမဏိစေတီ။ |
| ဗြဟ္မာပြည်ရှိစေတီ | | ဒုဿစေတီ။ |

| | |
|---|---|
| သင်္ကန်းလှူသူ | ဃဋိကာရဗြဟ္မာ။ |
| ဒုက္ကရစရိယာကျင့်သောနှစ် | (၆-နှစ်)။ |
| ဃနာနို့ဆွမ်းလှူဒါန်းသူ | သုဇာတာ-သဋ္ဌေးသမီး။ |
| ရွှေခွက်မျှောသောမြစ် | နေရဉ္ဇရာ။ |
| ဘုရားဖြစ်သောအသက် | ၃၅-နှစ်။ |
| ခုနှစ် | ၁၀၃-ခု။ |
| လ-နေ့ရက်-အချိန် | ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ နံနက် အရုဏ်မတက်မီ။ |
| ဘုရားသခင်ဘွဲ့တော် | ဂေါတမ-မြတ်စွာဘုရား။ |
| ပဌမဆုံး ဒွေဝါစိကသရဏဂုံ တည်သူ | တပုဿ နှင့် ဘလ္လိက။ |
| ပဌမဆုံး တေဝါစိကသရဏဂုံ တည်သူ | ယသ-တို့ မိသားစု။ |
| ဓမ္မစကြာဟောကြားသောနေ့ | ၁၀၃-ခု၊ ဝါဆိုလပြည့်၊ စနေနေ့ နေမဝင်မီအချိန်။ |
| ပရိနိဗ္ဗာန်စံသော သက်တော် ဝါတော် | သက်တော်(၈၀)၊ (၄၅) ဝါ။ |
| ပရိနိဗ္ဗာန်စံသော ခုနှစ်၊လ၊ နေ့ရက် | ၁၄၈-ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ နံနက် အရုဏ် မတက်မီအချိန်။ |

(ပဌမဆင့်နှင့် ဒုတိယဆင့်အတွက် ဗုဒ္ဓဝင်ကောက်နုတ်ချက် ပြီး၏။)

ရှေးဟိုင်းတွင်
**မပေါ်သေးသော ဗုဒ္ဓသာသနာဝင် အခန်းများ**

# နောက်ဆက်တွဲ

## အခန်း ၂၂။

### ဗိမ္ဗိသာရမင်းသည် သူပုန်ထသောနေရာသို့ စစ်ဗိုလ်များကိုစေလွှတ်ခြင်း

ဗိမ္ဗိသာရ မင်းကြီးသည် သောတာပန် တည်ပြီးသော ကျောင်းဒါယကာဖြစ်သော်လည်း တိုင်းပြည် အုပ်ချုပ်ရေး၌ စစ်တပ်ကိုသာ အားထားနေရပေသည်၊ တိုင်းစွန် ပြည်ဖျားသူပုန်များ ပုန်ကန် ထကြွသောအခါ စစ်ဗိုလ်များကို ခေါ်၍ သူပုန်ရှိရာသို့ သွားဖို့ရန် အမိန့်ပေးပုံမှာ (ဂစ္ဆထ ဘဏေ၊ အမောင်တို့ သွားကြချေ၊ ပစ္စန္တံ ဥဗ္ဗိတ္ထ၊ သူပုန်ဘေးကြောင့် ထွက်ပြေးနေရသော ရွာတို့ကို သိမ်းပြီး ယာခြေ တည်၍ စည်စည်ကားကားဖြစ်အောင် ယေဘုယျ ကိုင်းကျွန်းများ လုပ်ကိုင်နိုင်ကြအောင် စောင့်ရှောက်ကြ) ဤသို့ သတ်ဖြတ်တိုက်ခိုက်ဖို့ အမိန့်မပေးပဲ စောင့်ရှောက်ဖို့သာ အမိန့်ပေးလေသည်။

မင်းကြီး၏ အမိန့်အရ စစ်တပ်လည်း သူပုန်များကို ငြိမ်းအေးစေကာ ကောင်းမွန်စွာ ပြန်သွားကြလေသည်။

## အခန်း ၂၄။

## ဆွေတော်မျိုးတော်တို့အား တန်ခိုးပြတော်မူရကြောင်း

သာကီဝင်မင်းမျိုးတို့သည် လွန်စွာမာနကြီး၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ရောက်လာတော်မူသောအခါ ငယ်ရွယ်သူတို့ကိုသာ ရှိခိုးစေ၍ ဗုဒ္ဓထက်ကြီးသော မင်းတို့ကား ရှိမခိုးပဲထိုင်နေကြ၏။

ထိုအခြင်းအရာကို မြင်ရသော ဘုရားရှင်သည် ကောင်းကင်သို့တက်၍ မင်းကြီးတို့၏ ဦးထိပ်ထက်၌ စင်္ကြံကြွလျက် အထက်ပိုင်း ကိုယ်တော်မှ မီးအလျှံ၊ အောက်ပိုင်းကိုယ်တော်မှ ရေအလျှံ၊ လက်ဝဲမှမီး-လက်ျာမှရေ ဤသို့စသည် ရေမီးအစုံထွက်စေသော တန်ခိုးကို ပြတော်မူသည်။

### ပေါက္ခရဝဿ မိုးရွာချပုံ

ကိုယ်တော်မှ ရောင်ခြည်တော် ၆-သွယ်သည် တန်ခိုးပြ၍ လွှတ်တော်မူလေရာ တအံ့တသြဖြစ်ကာ သုဒ္ဓေါဒန မင်းကြီး ကိုယ်တိုင် ဘုရားခြေတော်ကို ဦးတိုက်ရှိခိုးလေသော် ဆွေတော်မျိုးတော်အားလုံး မနေသာတော့ပဲ ရှိသေစွာရှိခိုးကြလေသည်။

ထိုအခါ တိမ်တွေတက်လာ၍ စိုစေလိုသူကိုသာ စိုစေ၍ မစိုစေလိုသူများကို မစိုသော (ပေါက္ခရဝဿ) မည်သော မိုးကြီးရွာသဖြင့် သာ၍ အံ့သြကာ ဘုရားအပေါ် လေးစားကြလေသည်။

## အခန်း ၂၅။

### ဘုရားခြေတော်ကို ဦးခေါင်းဖြင့် ပွတ်တိုက်၍ ယသော်ဓရာ ရှိခိုးခြင်း

ဗုဒ္ဓမြတ်စွာသည် ယသော်ဓရာထံ ကြွတော်မမူလျှင် ပူပန်အားသဲ၍ ယသော်ဓရာ ရင်ကွဲမည်ကို မြင်တော်မူသောကြောင့် ငမည်းတော်အား သပိတ်ပေး၍ အဂ္ဂသာဝက နှစ်ပါးနှင့်အတူ ယသော်ဓရာ နန်းဆောင်သို့ ကြွတော်မူကာ ခင်းထားပြီး နေရာ၌ ထိုင်တော်မူလေသည်၊ ထိုအခါ ယသော်ဓရာသည် ကပျာကရာလာ၍ ခြေဖမျက်တော်နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ပွေ့ပြီးလျှင် မျက်နှာဦးခေါင်းကို ခြေဖမိုးပေါ်မှာ လှိမ့်ကာ လှိမ့်ကာ အားရအောင် ကန်တော့ရှာလေသည်။

## အခန်း ၂၆။

### တောထွက်လာသော ရှင်မဟာကဿပ အလောင်းအား ဘုရားကြိုဆိုတော်မူခြင်း

ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာတော်ကို စောင့်ရှောက်ရစ်မည့် ရှင်မဟာကဿပ အလောင်း (ပိပ္ပလိ) သတိုးသားသည် အလုပ်သမား ရွာပေါင်း ၁၄-ရွာနှင့် စစ်တပ်အစိတ်ကို ပိုင်ဆိုင်လျက် ကုဋေများစွာ ဥစ္စာကြွယ်ဖြိုး သဌေးမျိုးမှ သဌေးကတော်နှင့်အတူ ရဟန်းပြုလာခဲ့သည်။

သူတို့နှစ်ဦး လမ်းခွဲသောနေရာ၌ ကမ္ဘာမြေ တုန်လှုပ်သံကို အရှင်းခံ၍ ဆင်ခြင်တော်မူသော ဘုရားရှင်လည်း အကြောင်း အရာကို ကောင်းစွာ သိမြင်တော်မူနှင့်လေသည်၊ ထိုခဏ၌ပင် ဝေဠုဝန်ကျောင်းတော်မှ သုံးဂါဝုတ်မျှ ဝေးကွာသော ပင် ညောင်ပင်သို့ ကြွတော်မူ၍ ခရီးကြိုဆိုကာ ရောင်ခြည်တော် ခြောက်ဖြာ ထွက်စေကာဖြင့် ထိုင်နေတော်မူနှင့်လေသည်။

ကဿပအရှင်သည် ဘုရားကိုမြင်လျှင် "ငါ့ဆရာပင်တည်း" ဟု ဆုံးဖြတ်၍ ဘုရားခြေတော်တွင် ဦးခေါင်းတင်ကာ တပည့် ဖြစ်ပါကြောင်းကို လျှောက်ထားလေသည်။

ဘုရားရှင်လည်း သံဃာပရိသတ်အလယ်၌ မကြာ မကြာ တန်းတူထား၍ မြှောက်စားတော် မူလေသည်။

## အခန်း ၂၉။

## ဝေသာလီပြည်၌ ဘေးကြီးဆိုက်နေစဉ် အရှင်အာနန္ဒာ ရတနသုတ် ပရိတ်ရွတ်ဆိုခြင်း

ဝေသာလီပြည်၌ မိုးခေါင်သောကြောင့် ငတ်မွတ်ခြင်း ဘေးကြီးဆိုက်၍ လူအများသေကြ၏၊ သူသေကောင်တွေ၏ အနံ့ကြောင့် သားရဲဘီလူးတို့ မြို့တွင်းသို့ ဝင်လာသဖြင့် သာ၍ အသေများ၏။

ထိုအခါ ပလိပ်ရောဂါကဲ့သို့ ရောဂါမျိုး ဖြစ်ပြန်သဖြင့် သာ၍ အသေ များပြန်လေသည်၊ ထိုဘေးကြီးကို ကာကွယ်ဖို့ နည်းလမ်းရှာကြံလေရာ ဗုဒ္ဓမြတ်စွာကို ပင့်ဖိတ်ရန် သဘောတူကြ

သောကြောင့် ရာဇဂြိုဟ်မှ သံဃာတော်များနှင့်တကွ ပင့်ကြသေသည်။

ဗုဒ္ဓမြတ်စွာ၏ လေ့ဖေါင်တော်ကြီး ဆိုက်ချိန်မှာပင် မိုးကြီးသည်းထန်စွာရွာသောကြောင့် သူသေအလောင်းများ မျောပါသွားသဖြင့် သန့်ရှင်းနေနှင့်လေပြီ၊ မြို့တော်ပေါက်သို့ ရောက်သောအခါ အရှင်အာနန္ဒာသည် ရတနသုတ် ပရိတ်တော်ကိုသင်ယူ၍လိစ္ဆဝီမင်းသားတို့ကို ခြံရံစေလျက် ၎င်းပိတ်တော်မှရေကိုဖျန်းကာဖျန်းကာ မြို့ရိုးသုံးထပ်အကြား၌ လှည့်ပတ်ရွတ်ဆိုလေရာ မကောင်းဆိုးဝါးဟူသမျှ ပြေးကြ၍ ရောဂါအားလုံးကင်းငြိမ်းရလေသည်။

## အခန်း ၃၂။

### အနာထပိဏ်သဌေး ဇေတဝန်ကျောင်းတိုက်လှူဒါန်းခြင်း

ဗုဒ္ဓမြတ်စွာသည် ပထမဝါကျွတ်၍ ရာဇဂြိုဟ်မြို့သို့ရောက်နေတော်မူစဉ် အနာထပိဏ်သဌေးသည် ကူးသန်းရောင်းဝယ်ရေးကိစ္စဖြင့် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ ရောက်လာလေရာ ဘုရားရှင်ပွင့်တော်မူကြောင်းကို ကြား၍ ညဥ့်ကာလ၌ပင် ဗုဒ္ဓအထံသို့သွားလိုသော်လည်း အခွင့်မရသဖြင့် ဘုရားကိုစိတ်စွဲလျက် အိပ်မပျော် တပျော် ရှိလေရာဝယ် သူ၏ကိုယ်မှ ထွက်သော အရောင်တို့ကြောင့် လင်းပြီဟုထင်ကာ ဘုရားထံ လာခဲ့လေသည်။

ဘုရားထံရောက်၍သောတာပန်တည်ပြီးသောအခါ သာဝတ္ထိသို့ ချက်ခြင်းပြန်လာ၍ ကျောင်းတိုက် နေရာကို ရှာလေရာ သွားလမ်း ပြန်လမ်းကောင်း၍ မနီးမဝေးလွန်းသော လွန်စွာ

ဆိတ်ငြိမ်းသော ဇေတမင်းသား၏ ဥယျာဉ်ကို မြေကွက်ရှိသမျှ ငွေကျပ်ချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးသောအခါ သံဃာတော်များစွာနှင့် ဘုရားရှင်ကိုရာဇဂြိုဟ်ပြည်မှပင့်၍ လှူဒါန်းလေသည်။

## အခန်း ၃၃။

### တိတ္ထိဆရာကြီးများကို ဘုရားဟုတ်သလားဟု ကောသလမင်းက မေးမြန်းခြင်း

ဗုဒ္ဓမြတ်စွာမပွင့်မီကပင် တိတ္ထိဆရာကြီး ၆-ယောက်တို့သည် ဘုရားဟုဝန်ခံလျက် လူအများကိုလှည့်စား ဟောပြောကာထိုထိုမြို့ရွာသို့ လှည့်လည်နေကြလေသည်။

ထိုဆရာကြီးတို့သည် သာဝတ္ထိမြို့ သို့ ရောက်သော အခါ ယုံကြည်နေသော အမတ်ကြီးတို့သည် ကောသလမင်းအား မိမိဆရာ၏ ဗုဒ္ဓဖြစ်ကြောင်းကို သံတော်ဦးတင်ကြလေရာ "သင်တို့ကိုယ်တိုင်ပင် သင်တို့၏ ဆရာများကို နန်းတော်သို့ ပင့်ခဲ့ကြပါ" ဟုပြောဆိုလိုက်လေသည်။

ထို့နောက် နန်းတော်သို့ ရောက်လာကြသောအခါဘုရင်၏ ခမ်းနားကြီးကျယ်သောနေရာပေါ်မှာ မထိုင်ငံ့ကြသဖြင့် တချို့ဆရာကြီးက နန်းကြမ်းပြင်ပေါ် တချို့ပျဉ်ချပ်အခင်းပေါ်မှာ ထိုင်ကြလေသည်။

ထိုထိုင်ပုံကို မြင်ရုံမျှဖြင့် ဗုဒ္ဓမဟုတ်နိုင်ဟုရိပ်မိသောရှင်ဘုရင်က အသင်တို့ "ဘုရားဟုတ်ကြသလား၊ မဟုတ်ကြဘူးလား" ဟု တိုက်ရိုက် မေးမြန်းလေရာ၊ "ဘုရားမဟုတ်ကြပါ" ဟု ဝန်ခံ၍ အပြစ်ကင်းစွာ နန်းတော်မှ ထွက်လာနိုင်ကြလေသည်။

## အခန်း ၄၁။

### ဗိသောရမင်း၏ ခေမာမိဖုရားအား တရားဟောတော်မူခြင်း

သာဂလပြည် မဒ္ဒရာဇ်မင်း၏ ခေမာခေါ် သမီးတော်သည် ဗိမ္ဗိသာရ မင်းတရား၏ မိဖုရားတပါးဖြစ်၏၊ အလွန်အဆင်းလှသဖြင့် အဆင်းမာန်ယစ်နေရကား၊ ရုပ်အဆင်း၏ အပြစ်ကိုသာ ဟောတော်မူလေ့ရှိသော ဘုရားအထံသို့ သွားလိုစိတ်မရှိချေ။

သို့သော် ဝေဠုဝန်ကျောင်းတော်ကြီး၏ရှေးကထက် သာယာပုံနှင့် နတ်အများပင် လာရောက်ရှုစားရပုံကိုကြားရ၍ သွားလိုသောဆန္ဒပြင်းပြသဖြင့်ဘုရားရှိရာဝေဠုဝန်သို့လာခဲ့လေသည်။

မင်းမြတ်လည်း ကျောင်းတော်ရောက်လျှင် ဘုရားရှင်ကိုပဖူးပဲ မပြန်ခဲ့စေနှင့်ဟု နောက်လိုက်တို့အား မှာထားလိုက်၏၊ ထို့ကြောင့် မင်းအာဏာကြောက်၍ ပြန်ခါနီးမှ ဘုရားထံ ဝင်လေသော်၊ သူ့ထက်အဆင်းသာအောင် ဖန်ဆင်းထားသော အမျိုးသမီးက ဘုရားအား ယပ်ခတ်နေပုံ၊တဖြေးဖြေးအိုသွားပုံ၊ အိုနာစွဲ၍ လဲသွားပုံ၊ညည်းနေပုံ ဖန်ဆင်းပြသဖြင့် အလွန်ထိတ်လန့်နေခိုက်မှာ တရားဟောတော်မူလေရာ ရဟန္တာဖြစ်၍ ဘိက္ခုနီပြုလေသည်။

## အခန်း ၄၂။

### ကပိလနှင့် ကောလိယပြို့ စစ်ဖြစ်ခါနီးတွင် ကောင်းကင်မှ ငြိမ်းချမ်းရေးတရား ဟောတော်မူခြင်း

ကပိလဝတ်မြို့နှင့် ကောလိယမြို့၏အကြား၌ ရောဟိနီမြစ်ကို မှီ၍ ကောက်စပါးစိုက်ကြ၏၊ အခါတပါး၌ ကောက်ပင်များ

ညှိုးနွမ်းသဖြင့် ထိုနှစ်မြို့သားလယ်သမားတို့သည် တကြိမ်ယူရုံမျှဖြင့် ကုန်ခမ်းစရာမရှိသော မြစ်ရေကို(သူ့ဖက်ကယူမည်၊ငါ့ဖက်က ယူမည်)ဟု ငြင်းခုန်ရာမှ အစပြု၍ မင်းမျိုးများကို ထိခိုက်ကြုံးဝါးကြလေရာ၊စိုက်ပျိုးရေးဝန်ကြီးများနှင့် မင်းကြီးတွေပါ မခံချင်ကြသဖြင့် ရေပြဿနာကို စစ်ဖြင့်ဆုံးဖြတ်ဖို့ရာ ထွက်လာခဲ့ကြလေသည်။

ဗုဒ္ဓမြတ်စွာသည် နှစ်ဖက်သော ဆွေတော်အပေါင်း၏ သွေးချောင်းစီးမည့်စစ်ပွဲကို မြင်တော်မူသောကြောင့် တပါးတည်းကြွလာတော်မူ၍ နှစ်ဖက်သောစစ်တပ်၏ အလယ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေသည်၊ ထိုအခါ ဗုဒ္ဓကိုမြင်ရသဖြင့် လက်နက်ချ၍ ရှိခိုးနေကြသော ဆွေမျိုးတို့အား "အဖိုးမတန်သော ရေကလေးအတွက် အဖိုးမဖြတ်နိုင်သော မင်းတို့၏အသက်ကို ဖျက်ဆီးကြမလား"ဟု အပြစ်တင်ကာ ငြိမ်းချမ်းရေးတရားကို ဟောတော်မူလေသည်။

## အခန်း ၄၃။

## သားသေကို ဆေးကုလိုသော ကိသာဂေါတမီအား တရားဟောတော်မူခြင်း

သာဝတ္ထိမြို့၌ ကုဋေ(၄၀)ဥစ္စာကြွယ်သော သဌေး၏ ဇနီး ကိသာဂေါတမီမည်သော အမျိုးသမီးသည် သားဦးရတနာရ၍ မတ်တတ်သွားနိုင်သော အရွယ်မှာ သေဆုံးရှာ၏၊ သတိုးသမီးသည် လူသေကို မတွေ့ဘူးသောကြောင့် သားသေကိုပင်မကျန်းမမာဖြစ်နေသည်ဟု ထင်ကာ မီးသဂြိုဟ်ခြင်းမပြုပဲ သားသေကို

ပိုက်၍ ဆေးကုနိုင်မည့်သူကို လိုက်ရှာနေစဉ် မြော်မြင်တတ်သော လူတယောက်၏ ညွှန်ပြမှုကြောင့် ဗုဒ္ဓအထံသို့ ရောက်လာလေသည်။

ထိုအခါ သူ့သားသေကိုပြ၍ "ဆေးကုပေးပါ"ဟု တောင်းပန်လေရာ "ဆေးကုပေးမည်၊ လူမသေဘူးသော အိမ်မှ မုံညင်းစေ့ကိုရအောင်ရှာချေ"ဟု ခိုင်းသဖြင့် သားသေ ကလေးကို ပိုက်ကာ လိုက်၍ရှာလေသည်၊ ထိုသို့ရှာစဉ် လူမသေဘူးသော အိမ်ကို မတွေ့ရသောကြောင့် "သေခြင်းဆိုတာ ဘယ်အိမ်မှ မကင်းပါလား"ဟု သူ့ဘာသာနားလည်လာ၍ သားသေကို တော၌ စွန့်ပစ်ခဲ့ပြီးလျှင် ဘုရားရှင့်ထံ တရားနာပြန်ရာ သောတာပန်တည်၍ ဘိက္ခုနီပြုကာ ရဟန္တာ ဖြစ်လေသည်။

## အခန်း ၄၄။

### အာဠဝကနတ်ဘီလူးအား မေတ္တာဖြင့်ဆုံးမ၍ တရားဟောတော်မူခြင်း

အာဠဝီမြို့၏ အနီး တဂါဝုတ်ခန့်ဝေးသောအရပ်၌ ညောင်ပင်ကြီးတပင်ရှိ၏၊ ထိုညောင်ပင်၌ အာဠဝက နတ်ဘီလူး၏ ဗိမာန်ရှိ၏၊ တညဉ့်သ၌ အဠဝကသည် ဟိမဝန္တာနတ်အစည်းအဝေးသို့ သွား၏။

ထိုအချိန်မှာပင် ဗုဒ္ဓမြတ်စွာသည် အာဠဝက နတ်ကြမ်းကို ဆုံးမဖို့ရန် ဗိမာန်တွင်းသို့ဝင်တော်မူလေရာ ဘုရားကို ကြည်ညိုသောတံခါးစောင့်နတ်သည် "အာဠဝကထံခွင့်ပန်ပါရစေ"ဟု ခွင့်ပန်ကာ အစည်းအဝေးသို့သွား၍ ပန်ကြားလေသည်။

ထိုအချိန်က ဒေါသကို ချုပ်တည်း ထားရသော အာဠာဝကသည် တခြားနတ်မင်းတို့ထံမှ မိမိငမာန်၌ ဗုဒ္ဓ ရောက်နေကြောင်းကို ကြားရပြန်သဖြင့် ချက်ချင်း အစည်းအဝေးမှထွက်၍ ကေလာသတောင်ထွဋ်သို့ ခုန်တက်ကာ "ငါဟ, အာဠာဝကတဲ့" ဟု ကြုံးဝါးလေသည်၊ ထို့နောက် တညလုံးလက်နက်မျိုးစုံနှင့် ပစ်ခတ်သော်လည်း ဗုဒ္ဓ၏မေတ္တာကြောင့်မထိနိုင်မှ အနားချဉ်းကပ်လာသော အာဠာဝကအား တရားပြ၍ အေးမြစွာဆုံးမတော် မူလေသည်။

## အခန်း ၄၅။

## ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးခါစ ဖြစ်သော သီဟစစ်သူကြီး ဆွမ်းကပ်လှူခြင်း

ဝေသာလီပြည်၌ သီဟအမည်ရှိသော စစ်သူကြီးသည် နိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီး၏ အရေးပါ အရာရောက်သော ဒါယကာ တယောက်တည်း။

သူသည် လိစ္ဆဝီမင်း ပရိသတ်၌ ရတနာသုံးပါး၏ ဂုဏ်ကို ကြားသိရ၍ ဗုဒ္ဓအထံသို့ သွားလိုကြောင်း သူ့ဆရာကြီးအား ခွင့်တောင်းရာ သွားခွင့်မရချေ၊ ဒုတိယအကြိမ်လည်း ထို့အတူပင်တည်း၊ တတိယအကြိမ်၌ကား ခွင့်မတောင်းတော့ပဲ ရထားပေါင်းငါးရာ လူများစွာဖြင့် ဗုဒ္ဓအထံတော်သို့ သွားလေသည်။

အထံတော်ရောက်၍ မေးလျှောက်လိုသမျှ မေးမြန်းရာ လွန်စွာ ကျေနပ်သဖြင့် ယနေ့မှစ၍ ရတနာသုံးပါးကို အသက်အပ်လျက် ဆည်းကပ်ကိုးကွယ်သော **ဥပါသက** ဟု အသိအမှတ်

ပြုတော်မူပါရန် လျှောက်ထားလေသည်၊ ထို့နောက် သံဃာများနှင့်အတူ နက်ဖန်နံနက် ဆွမ်းဘုဉ်းပေး ကြွတော် မူပါရန် ဖိတ်မာန်ခဲ့ပြီးလျှင် မွန်မြတ်သော ဆွမ်းဟင်းလျာတို့ကို စီစဉ်ကာ အိမ်တော်မှာပင် ကောင်းစွာကြည်ဖြူ ဆွမ်းကပ်လှူလေသည်။

## အခန်း ၄၆။

## အဇာတသတ်နှင့် ပူးပေါင်း၍ လာဘ်ပေါများရန် ဒေဝဒတ်ကြံခြင်း

ရှင်ဒေဝဒတ်သည် ရဟန်းဖြစ်ခါစ၌ တရားအားထုတ်လေရာ စျာန်အဘိညာဉ်ကိုရ၍ တန်ခိုးကြီးမားသူ ဖြစ်၏၊ ထို တန်ခိုးကြောင့်ပင် ဘုရားကို တုပြိုင်ကာ ဘုရားတဆူ လုပ်ချင်သူလည်းဖြစ်၏၊ ဘုရားလုပ်ရာ၌ နောက်လိုက်သံဃာများဖို့ရာနှင့် လာဘ်များဖို့လည်း အရေးကြီးရကား၊ နောင်အခါ ဘုရင်ဖြစ်ဖို့သချာ၍ မလိမ်တမာအရွယ်သာရှိသေးသော အဇာတသတ် မင်းသားလေးကို မိမိအားကြည်ညိုအောင် တန်ခိုးပြ၍ သွေးဆောင်သည်မှာ မိမိကိုယ်ကို လူပျိုကလေးငယ်ဖန်ဆင်း၍ မြွေကိုခါးပတ်ကဲ့သို့ ပတ်ပြီးလျှင် အဇာတသတ်၏ရင်ခွင်၌ ဘွားကနဲပေါ်လာလေရာ မင်းသားကလေး အလွန်ထိတ်လန့်သွားလေသည်။

ထိုအခါ"မကြောက်ပါနဲ့ မင်းသား၊ အရှင် ဒေဝဒတ် ဆိုတာ ငါပါပဲ" ဟု ပြော၍ သပိတ်သင်္ကန်း အပြည့် အစုံနှင့် ရဟန်းအသွင်ပြောင်းကာ မင်းသားလေး ရှေ့၌ ရပ်နေသည်၊ ထိုတန်ခိုးကြောင့် အလွန်ကြည်ညိုကာ နေ့စဉ်လာ၍ ဆွမ်းအုပ်ငါးရာလှူဒါန်းသဖြင့် ရည်မှန်းတိုင်း လာဘ်ပေါလေသည်။

# အခန်း ၄၇။

## အဇာတသတ်မင်းကလေးက ခမည်းတော်၏ ခြေဖဝါးကိုဓားခွဲ ခိုင်းခြင်း

ရှင်ဒေဝဒတ်သည် အဇာတသတ် ဘုရင်ဖြစ်လျှင် သူလည်း ဘုရားလုပ်နိုင်မည် ထင်သောကြောင့် ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကို သတ်ဖို့ရန် အကြံပေးလေသည်၊ သူ့ဆရာပြောသမျှ ကို အကောင်းချည်းဟု ယူဆနေသော မင်းသားသည် ''ခမည်း တော်ကို လုပ်ကြံမည်''ဟု အသွားတွင် မင်းမှုထမ်း များက ဖမ်းဆီး၍ ခမည်းတော်အထံသို့ ပို့ကြလေသည်၊ခမည်းတော်က စစ်မေး၍ ဘုရင်လုပ်လိုကြောင်းသိသောအခါ အလိုပြည့်အောင် ဘုရင်အရာကို လွှဲပေးလေသည်။

ထို့နောက်''ခမည်းတော် မင်းကြီး မရှိမှ စိတ်ချရမည်''ဟု ရှင်ဒေဝဒတ် ပြောပြချက်ကြောင့် တိုက်ရိုက် မသတ်လိုသော အဇာတသတ်မင်းသည် ခမည်းတော်အား အစာဖြတ်၍သေစေ လိုသောကြောင့် ထောင်သွင်း အကျဉ်းထားလေသည်၊ ပထမ သော် မယ်တော်မိဖုရားကြီး ဝင်ခွင့်ရှိသောကြောင့်ပွဲတော်တည် ရသော်လည်း နောက်ဆုံး၌ မယ်တော်ဝင်ခွင့် မရတော့သဖြင့် စင်္ကြံကြွ၍ မျှတရှာသော ခမည်းတော်အား လမ်းမသွားနိုင် အောင် ခြေဖဝါးကို ဓားခွဲခိုင်း လေတော့သည်။

**မှတ်ချက်။** ။အဇာတသတ်မှစ၍ အဖသတ် မင်းဆက်မှာ-
၁။ အဇာတသတ်မင်း၊ ၂။ ဥဒယဘဒ္ဒမင်း၊
၃။ အနုရုဒ္ဓမင်း၊ ၄။ မုဏ္ဍမင်း၊ ၅။ နာဂ
ဒါသမင်း တို့ဖြစ်ကြသည်။

# အခန်း ၅၀။

## အဇာတသတ်မင်းသည် သံဃာတော်များနှင့် ဘုရားကို ဖူးမြော်ရန်ထွက်ခြင်း

အဇာတသတ်မင်းသည် ခမည်းတော် ကွယ်လွန်ပြီးနောက် အိပ်စက်၍မပျော်နိုင်ပဲ လန့်၍ လန့်၍ နိုးလာတတ်လေရာ စိတ်သက်သာမှုရအောင်ဘုရားအထံသို့သွားလိုပါသော်လည်းခမည်းတော်သတ်မှုက ကြီးကျယ်လှသဖြင့် မသွားဝံ့ သောကြောင့် တန်ဆောင်မုန်းလပြည့်အခါဝယ်'ဤကဲ့သို့ သာယာသောအချိန်မှာ ငါ၏စိတ်တော်ကြည်လင်လာအောင် ဘယ်သူ့ထံချဉ်းကပ်ရပါ့မလဲ'ဟု မှူးမတ်များ၏အလယ်မှာ ညည်းညူရှာလေသည်။

အမတ်ကြီးများက အမျိုးမျိုး အကြံပေးကြ သော်လည်း လက်မခံပဲ ဇီဝက၏အကြံဖြင့် ဘုရားထံသွားဖို့ရာ ဆင်မငါးရာကို ကကြိုး တန်ဆာဆင်စေ၍ စစ်သားဟန် ဆောင်ထားသော မိန်းမငါးရာကို စီးစေလျက် မီးရှူးတိုင်များကို ညှိထွန်းစေကာ မြို့တော်မှ ထွက်လှာခဲ့ပေသည်၊ ဇီဝက၏သရက်ဥယျာဉ်သို့ရောက်လတ်သော် အလွန်ငြိမ်သက်သော သံဃာတော်တထောင်ကျော်နှင့် ဗုဒ္ဓကို ဖူးမြင်လိုက်ရလျှင်ပင် ကြည်လင်ရွှင်ပျလာလေသည်။

## ရှစ်ပြည်ထောင်သော မင်းတို့အား ဒေါဏပါမောက္ခကြီး ဓာတ်တော်ဝေခြင်း

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပါမှး၍ နေ့ခင်းလာ နောက်သာ မှ ကိုးကွယ်ရစ်ကြဖို့ရာ အရိုးသော် ဓာတ်တော်များသည် အစိပ်အစိပ် ဖြစ်ရစ်စေ သတည်းဟု မိန့်ခွန်းတော် မှူခဲ့သည်၊

ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူကြောင်းကို ကြားရသော အဇာတသတ် စသော မင်းတို့သည် ဓာတ်တော်များကိုအနန္တရှင့်မရလျှင်အကြမ်း လုယူကြဖို့ရန် စစ်တပ်ကိုယ်စီဖြင့် ရောက်လာကြ၏၊ဒေါဏပုဏ္ဏား သည် ထို မင်းများ၏ ဆရာ ဖြစ်ဘူးသော သူတော်ကောင်း ပါမောက္ခကြီးတည်း။

ထိုဆရာကြီးသည် ဓာတ်တော် လုဖို့ရန် ဆူညံ နေကြစဉ် မြင့်သောအရပ်သို့တက်၍ကြုံးဝါးလိုက်ရာ ဆူညံမှုတိတ်သွားလေ သည်၊ထိုအခါ "ဆရာ့စကားကို နားထောင်ကြ၊ ငါတို့ဗုဒ္ဓသည် သည်းခံခြင်းကို ဟောတော်မူလေ့ ရှိပါသည်" စသောစကားကို ပြောဆိုလေသည်၊ ထို့နောက် ရှစ်ပြည်ထောင်မင်းများကျေနပ် ကြသဖြင့် ဆရာကြီးကိုယ်တိုင် ရှစ်ပုံဝေပေးလိုက်ရာ စေတီတော် စသည် အကွင်းသို့ ထည့်သွင်း ကိုးကွယ်ကြလေသည်။

## အခန်း ၆၀။

## ပုဂံပြည် အနော်ရထာမင်းစော ပိဋကတ်တော်များ ပင့်ဆောင်ခြင်း

ပုဂံပြည်အနော်ရထာ မင်းစောသည် ခပ်သိမ်းသောသတ္တဝါ တို့၏ ကောင်းစီးပွားအလို့ငှာ သထုံပြည်မှပိဋကတ်တော်များကို ပင့်ဆောင်တော်မူပြီးသောအခါ သရေခေတ္တရာပြည်ရှိဒွတ္တပေါင် မင်းကြီး၏ကောင်းမှုတော်စေတီမှ ဘုရားတဆူ၏ နဖူးသင်းကျစ် တော် ဓာတ်ကို ပုဂံပြည်သို့ ပင့်ဆောင်တော်မူသည်။

ပုဂံပြည်သို့ရောက်သော် ပုဂံမြို့အရှေ့ ဧရာဝတီ မြစ်ကမ်းပါး သဲချည်းဘိုတွင် စေတီတည်တော်မူ၍ သင်းကျစ်တော်ကိုဌာပနာ

တော်မူသည်၊ ပစ္စယာသုံးဆင့်သို့ ရောက်သောအခါ သီဟိုဠ်ကျွန်းမှ စွယ်တော်ပွားတဆူကို ပင့်ဆောင်ပြန်၍ ဤစေတီ၌ပင် ဌာပနာတော် မူပြန်သည်၊ စေတီမပြီးမီ အနော်ရထာမင်းစောလည်း နတ်ပြည်စံတော်မူလေ၏။

ထို့နောက် ကျန်စစ်သားမင်းကြီး နန်းတက်သောအခါ ရှင်အရဟံ တိုက်တွန်းသောကြောင့် စေတီတော်ကို ဆက်လက်တည်တော်မူသည်။ သဲစည်းခုံတွင် တည်သည်ဖြစ်၍ ရွှေစည်းခုံစေတီဟုထင်ရှားသည်။ သက္ကရာဇ် ၃၉၃ ခုနှစ်တွင် အနော်ရထာမင်းစော စ၍တည်သည်၊ ၄၅၂- ခုနှစ်တွင် ကျန်စစ်မင်းကြီး ဆက်လက်တည်တော်မူ၍ ရွှေထီးအထွဋ်ကို တင်လှူတော်မူသည်။

## အခန်း ၆၁။

### ပုဂံမြို့အာနန္ဒာဘုရား

တရံရောအခါ ရဟန္တာ ၈- ပါးတို့သည် ပုဂံပြည် ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး၏ နန်းတော်၌ ဆွမ်းရပ်လာ၏။ မင်းကြီးလည်း သပိတ်ကိုယူတော်မူ၍ ဆွမ်းလုပ်ကျွေးတော် မူပြီးသော် "အဘယ်အရပ်က ကြွလာတော်မူပါသနည်း" ဟု မေးတော်မူ၏၊ ရဟန္တာမြတ်တို့လည်း ဂန္ဓမာဒနတောင်မှ ကြွလာတော်မူကြကြောင်း ပြန်ကြားတော်မူကြသည်။

ထီးလှိုင်ရှင် မင်းကြီးလည်း အလွန်သဒ္ဒါတော် မူသည်ဖြစ်၍ ရဟန္တာတို့အား ဝါဆိုကျောင်း ဆောက်လုပ် လှူဒါန်းတော်မူ၏။ နန်းတော်သို့ ပင့်၍လည်း ဝါတွင်း ၃- လပတ်လုံး ဆွမ်းမပြတ်လုပ်ကျွေးတော်မူ၏။ တနေ့သောအခါ ရဟန္တာမြတ်တို့

အား "ဂန္ဓမာဒနတောင်၌ နန္ဒမူလိုဏ်ကဲ့သို့ သဏ္ဌာန်တူစွာ တန်ခိုးဖြင့်ပြုတော်မူပါ" ဟူ၍ တောင်းပန်တော်မူ၏။ ရဟန္တာမြတ်တို့လည်း ထိုနှင့်တူစွာ တန်ခိုးဖြင့်ဖြစ်စေ၏။ ထီးလှိုင်ရှင်မင်းကြီးလည်း ထိုနန္ဒလိုဏ်သဏ္ဌာန်ဂူ ကြီးစွာတည်တော်မူ၍ နန္ဒာဟူသောအမည်ကို သမုတ်တော်မူ၏။ ယခုအခါ အာနန္ဒာဘုရားဟုတွင်သည်။

ဘုရားတည်သော သက္ကရာဇ်မှာ (ရှေးပွင့်ကြာ နန္ဒာစိန္တေတည်) ဟူသော သက္ကရာဇ်အရ (၄၅၂)ခုနှစ်ဖြစ်သည်၊ အာနန္ဒာဘုရားကားအကောင်းဆုံးသောမြန်မာဗိသုကာလက်ရာဖြစ်သည်ဟု ကမ္ဘာပေါ်တွင် ထင်ရှားပေသည်။

## **အခန်း ၆၂။**

### ရန်ကုန်မြို့ ရွှေတိဂုံစေတီ

ရှေးသရောအခါက ဥက္ကလာပမြို့မှ တပုဿနှင့်ဘလ္လိကအမည်ရှိကုန်သော ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားသခင်ပေးသနားတော်မူသော ဆံတော်မြတ်တို့ကို မဇ္ဈိမဒေသမှ ပင့်ဆောင်ခဲ့ကြ၍ သိင်္ဂုတ္တရကုန်းတော် ရှေးဘုရားသုံးဆူတို့၏ ဓာတ်တော်ပွေတော်များ ကိန်းဝပ်ရာ ရွှေကညင်ပင်ရင်း၌ ဌာပနာကာ စေတီတည်ကြသည်၊ ဤစေတီ၌ (ကံ-ဂုံ-ပ-မ) ဟူသော ဘုရားလေးဆူတို့၏ ဓာတ်တော်ပွေတော်များစုပေါင်း ကိန်းဝပ်တော်မူကြသဖြင့် လေးဆူဓာတ်ပုံ- ဟု ခေါ်ဆိုကြသည်။ တိဂုံမှနဂရခေါ် တိဂုံမြို့ကိုစွဲ၍ ရွှေတိဂုံ စေတီဟု တွင်သည်။

ဤစေတီကို မွန်မင်းအဆက်ဆက် မြန်မာမင်းအဆက်ဆက်တို့ ဆက်လက် ပြုပြင်မွမ်းမံကြရာ ယခုအခြေသို့ ရောက်ခဲ့သည်။

အထူးသဖြင့်ကား ဟံသာဝတီ ဘုရင်မကြီး ရှင်စောပုသည် အရွယ်တော် ကြီးရင့်သောအခါ ထီးနန်း စည်းစိမ်ကို စွန့်ခဲ့၍ စေတီ၏ အနောက်မြောက်ဘက် သာယာသော မြေအရပ်၌ မြို့နန်းတည်ကာ စေတီတော်ကို မပြတ်ဖူးမြော် ပူဇော်လျက် စံနေတော်မူသည်။

သက္ကရာဇ် ၈၃၁-ခုနှစ်၊ သက်တော် ၇၆- နှစ်တွင် ဘုရင်မ ရှင်စောပုသည် စေတီတော်ကို ဦးခိုက်၍ ကံကုန်တော်မူရှာ သည်။ ဘုရင်မကြီးစံရာ မြို့နန်း နေရာကို ယနေ့တိုင် ရှင်စောပု မြို့ကုန်းဟု ခေါ်ကြသည်။

## အခန်း ၆၃။

### ပဲခူးမြို့ ကလျာဏီသိမ်

ရှေးအခါက ရာမညတိုင်းနှင့် မြန်မာပြည်တွင် သံဃာတော်တို့ သည် ဂိုဏ်းအသီးသီး ကွဲ၍အယူအမျိုးမျိုးယူကြကုန်၏၊ဘုရားရှင် သာသနာတော်သည် ညစ်နွမ်းခဲ့၏။ ထိုအခါ ဟံသာဝတီဘုရင် ရာမာဓိပတိ ဘွဲ့မည်ရှိသော ဓမ္မစေတီ ပင်းတရားသည် သာသနာ တော်မြတ်သန့်ရှင်းစင်ကြယ်ရာ အကြောင်းကို ရှေးရှု၍သက္ကရာဇ် ၈၃၇-ခုနှစ်၌ ရဟန်းတော် (၄၄) ပါးတို့ကို သီဟိုဠ်ကျွန်းသို့ ပို့ဆောင်ပြီး ကလျာဏီမြစ်အတွင်း ရေသိမ်၌ ဥပသမ္ပဒကံ ပဥ္စင်းသစ် ခံယူစေသည်။ ထိုရဟန်းတော်များ ပြန်ကြလာသော အခါ ဟံသာဝတီ ပဲခူးပြည်၌ သိမ်အသစ် သမုတ်စေ၍ စင်ကြယ် သော သာသနာအသစ်ကို ပြုစုတော်မူသည်။

ထိုသိမ်တော်သစ်ကို သီဟိုဠ်ကျွန်း၌ ကလျာဏီမြစ်ကို မှီ၍ 'ကလျာဏီသိမ်တော်ကြီး' ဟုတွင်စေ[illegible]ည်၊ သာသနာဝင်နှင့်တကွ

သိမ်တော်ကြီးသမိုင်းကို မွန် ဘာ သာ ပါဠိ ဘာသာ တို့ဖြင့် ကျောက်အက္ခရာ တင်ထားသည်မှာ ယနေ့တိုင် ထင်ရှားတည်ရှိ ပေသေးသည်။

## အခန်း ၆၅။

### ရှေးမြန်မာမင်းများလက်ထက်၌ အလှူဒါနဖြင့်ပျော်ရွှင်ကာ ပဒေသာပင် လှည့်လည်ကြခြင်း

ရှေးမြန်မာမင်းများ လက်ထက်၌မင်းတို့သည် တရားစောင့်သော မင်းကောင်းများဖြစ်၍ မှူးမတ်တို့လည်း အများအားဖြင့် တရားစောင့်ကြကုန်၏။ ထိုမှူးမတ်တို့၏ လက်အောက် အမှုထမ်း များလည်း မတရားမှုကို မပြုကြရကုန်၊ တိုင်းသူ ပြည်သား လူအများတို့လည်း တရားစောင့်ကြရာ၊ အလွန်မကြာသေးသော ထိုအချိန်ခါ၌ မိုးတို့သည် မှန်ကုန်၏၊ ကုန်းခေါင်ခေါင် လယ် များ၌ပင် အောင်မြင်စွာ လယ်လုပ်နိုင်ကြကုန်၏။ နိုင်ငံခြားမှ အဝတ် နှင့်စားသောက်ကုန် အလှကုန်လည်းယခုလို မဝင် လာသောကြောင့် နိုင်ငံခြားသို့ ငွေမထွက်ချေ၊ ဆီ ဆန် စပါး တို့မှာ မကုန်နိုင်အောင် ပေါများခဲ့လေ၏။

လူတို့သည် သူခိုးဓားပြ ဘေးမှကင်းဝေးကာ ချမ်းသာပျော် မွေ့ကြသောကြောင့် ဘုရားပွဲစသော အလှူဒါန အခန်းတို့ဝယ် တိုင်းရင်းဖြစ် မုန့်ပဲ ငှက်ပျော အုန်း စသည်တို့ကို ပဒေသာပင် ဆွဲ၍ ပျော်ပွဲ တခု အနေဖြင့် လှည့်လည် တတ်ကြပေသည်။

(ဤတွင်ဗုဒ္ဓသာသနာဝင်ပြီး၏။)

# ပညာရှင်များသို့ ပန်ကြားလွှာ

ဗဟုသုတ၊ ကုံလောက်စွာ၊ ပညာဝါတို့၊
ဤမှာဤနှိုက်၊ ဤမထိုက်ဟု၊ အဆိုက်အသွား၊
စကားရှေ့နောက်၊ နှိုင်းညှိထောက်၍၊ ကျရောက်မှုသွင်၊
အပြစ်မြင်က၊ တင်၍နှုတ်သာ၊ ကဲ့ရဲ့ပါနှင့်၊
လျှင်စွာလှော်ကူ၊ ပြင်တော်မူရှင့်၊ အယူမှိုဟ၊
မကျနမှု၊ မောဟဆို့ပိတ်၊ ကုသိုလ်ဟိတ်ဖြင့်၊
ဉာဏ်စိတ်ထောက်ဆပါစေသော်။

(ရှင်ပညာတိက္ခ)

(သုဝဏ္ဏသာမဇာတ်တော်ကြီး ဝတ္ထုမှ)

## ဆန္ဒမွန်

၁။ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာ၊ ကမ္ဘာအနှံ့ပြန့်ပါစေ။
၂။ မင်္ဂလာတရား၊ လူအများ၊ လိုက်စားကျင့်ကြံကြပါစေ။
၃။ ကျင့်သည့်အလျောက်၊ ကျိုးသက်ရောက်၊
မျက်မှောက်သုခရနိုင်ပေ။

(ဤတွင် မင်္ဂလာတရားတော်နှင့် ဂြဟ်ဗုဒ္ဓဝင် ပန်းဥယျာဉ်ပြီး၏)

အရှင်သုန္ဒရ (အဂ္ဂိ ရ ပွာစရိယ)
အဒလောက် ကျောင်းတိုက်၊ ရုပ်ပညာရပ်ကွက်၊
ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

# ကျေးဇူးဆပ်

ဤသာသနာပြုလုပ်ငန်းရပ် အကျင့်မြတ်ဖြင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ခမည်းတော်-မယ်တော်များအား၎င်း၊ ငယ်စဉ်အခါမှစ၍ သွန်သင်ပြသ ချီးမြှောက်ခဲ့ကြသော တောင်တွင်းကြီးမြို့ ရွှေမော်ဓောတိုက် ဆရာတော်များ၊ မင်းကွန်းမဟာဗောဓိဝိုင်းတိုက်ဆရာတော်၊ မင်းကွန်းငှက်တွင်းချောင်း ဆရာတော်၊ နတ်မောက်ဖျောက်ဆိပ်ပင်တိုက် ဆရာတော်များ၊ နတ်မောက်သာသနာ့ရိပ်သာဆရာတော်၊ မန္တလေးမြို့ မစိုးရိမ်တိုက်နာယက ဆရာတော်များ၊ ချမ်းသာကြီးတိုက် ရတနာ့ဗိမာန်ဆရာတော် အစရှိသော ဆရာတော်သခင် အရှင်သူမြတ်တို့အား၎င်း၊ ကျေးဇူးတုံ့ဆပ်ပါ၏။

သုန္ဒရ
အဒလောက်ကျောင်းတိုက်၊ ပုသိမ်မြို့။

အရှင်သုန္ဒရ (အစိုးရဓမ္မာစရိယ)

စီစဉ်သော

# လူတို့လမ်းညွှန် နည်းအမွှန်များ

ဆက်လက်ထွက်ပေါ်လာဦးမည်

မျှော်